# သောင်းဝေဦး

ထင်ရှားကျော်ကြား ဗိုလ်ချုပ်ကြီးများနှင့်
သူတို့၏ တိုက်ပွဲကွပ်ကဲမှုများ အမှတ် (၇)

## ဗိုလ်ချုပ်ကြီးရွမ်းမဲလ် နှင့် ဂါဇာလာတိုဘာရုပ်တိုက်ပွဲ



ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၀၁၁၂၀၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၁၀၁၅၁၁၂၁၀ |
| ပထမအကြိမ် | - | ၂၀၁၁ ခုနှစ်၊ ဧပြီလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ

ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)

သီရိမြင်သာရေးအတွင်း

မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)

မြရတနာပုံနှိပ်တိုက်

အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကတ်တာလောက်အညွှန်း (CIP)

သောင်းဝေဦး ၉၂၃.၂

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်နှင့် ဂါဇာလာတို့ဘရပ်တိုက်ပွဲ၊

သောင်းဝေဦး။ ရန်ကုန်၊

မြရတနာစာပေ၊ ၂၀၁၁၊

၃၄၀ - စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ၊

(၁) ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်နှင့် ဂါဇာလာတို့ဘရပ်တိုက်ပွဲ

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# သောင်းဝေဦး



# သောင်းဝေဦး

ထင်ရှားကျော်ကြားဗိုလ်ချုပ်ကြီးများ
နှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများ
အမှတ် (၇)

# ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်
# နှင့်
# ဂါဇာလာတိုဘာရပ်တိုက်ပွဲ

## မာတိကာ

### ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်နှင့်ဂါဇာလာတိုဘရုပ်တိုက်ပွဲ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ရွှမ်းမဲလ်၏ငယ်ဘဝ | ၁၃ |
| (၂) | ပထမကမ္ဘာစစ်ကြီးနှင့် အာဖရိကရှိငယ်ရွှမ်းမဲလ် | ၁၅ |
| (၃) | ပထမကမ္ဘာစစ်အတွင်းက ရွှမ်းမဲလ်၏တိုက်ပွဲအတွေ့အကြုံများ | ၄၃ |
| (၄) | နာဇီဂျာမနီနှင့် ဒုတိယကမ္ဘာစစ်ကြီး | ၆၃ |
| (၅) | ရွှမ်းမဲလ်နှင့် ဒုတိယကမ္ဘာစစ် | ၇၃ |
| (၆) | ရွှမ်းမဲလ်၏ ဂါဇာလာတိုဘရုပ်တိုက်ပွဲ | ၉၃ |
| (၇) | ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ဂါဇာလာတိုဘရုပ်တိုက်ပွဲတွင်ကဲ့မှုများ | ၁၀၇ |
| (၈) | အယ်လ်အာလာမိန်းတိုက်ပွဲ | ၁၀၉ |
| (၉) | နော်မန်ဒီကမ်းတက်တိုက်ပွဲကြီး | ၂၀၅ |
| (၁၀) | ရွှမ်းမဲလ်၏ဘဝနိဂုံး | ၂၃၃ |
| (၁၁) | ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အပေါ် ရှုမြင်သုံးသပ်ချက်များ | ၂၃၇ |


## စာရေးသူ၏အမှာ

စာရေးသူလေးစားအားကျချစ်ခင်သော ကမ္ဘာ့စစ်ခေါင်းဆောင်ကြီးများထဲ၌ ဂျာမန်ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်သည် ထိပ်ဆုံးက ပါဝင်ပါသည်။

အဘယ်ကြောင့်နည်းဟူမူကား

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ရိုးသားဖြောင့်မတ်၍ တကယ့်စစ်သားပီသသူ ဖြစ်၏။ စစ်သားကောင်းတစ်ယောက်တွင် ရှိရမည့်

မြရတနာစာပေ

| | |
|---|---|
| **Smart:** | စမတ်ကျခြင်း |
| **Obedient:** | အမိန့်နာခံတတ်ခြင်း |
| **Loyality:** | သစ္စာစောင့်သိရှိသေခြင်း |
| **Discipline:** | စည်းကမ်းကောင်းမွန်ခြင်း |
| **Industrious:** | လုံ့လဝီရိယရှိခြင်း |
| **Effiency:** | စစ်အတတ်ပညာများပြည့်စုံလုံလောက်ခြင်း |
| **Readiness:** | တာဝန်ထမ်းဆောင်ရန် အမြဲတမ်း အဆင်သင့်ရှိခြင်း |

စသော အချက်အလက်များ သူမတူအောင် ပြည့်စုံသူဖြစ်ပေသည်။ ပထမကမ္ဘာစစ်က အရာရှိငယ်လေးဘဝ၌ လူသိမများခဲ့သော ရွှမ်းမဲလ်သည် ဒုတိယကမ္ဘာစစ်ကာလ၌ မူကား မဟာမိတ်တပ်များ ဖိန့်ဖိန့်တုန်အောင် ကြောက်ခဲ့ကြရသည့် စစ်သူကြီးတစ်ဦးဖြစ်လာခဲ့လေသည်။ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်သည် အနှစ် ၂၀ ကျော် ၃၀ နီးပါး ကွာခြားခဲ့၏။ ၁၉၁၂ ခုနှစ်တွင် ရွှမ်းမဲလ်သည် သူ့ အသက် ၂၀ ၌ ဂျာမန်တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိ ဖြစ်ခဲ့လေသည်။

မြရတနာစာပေ



ပထမကမ္ဘာစစ်၌ ရွှမ်းမဲလ်သည် တောက်မည့်မီးခဲ တရဲရဲဆိုသည့်စကားနှင့်အညီ စွမ်းရည်ဘွဲ့တံဆိပ် နှစ်ခု ရရှိခဲ့၏။ တစ်ခုမှာ **Iron Cross** သူရဲကောင်းဘွဲ့တံဆိပ်ဖြစ်ပြီး နောက်တစ်ခုမှာ ဗိုလ်ချုပ်ကြီးများအဆင့်ကိုသာ ဂျာမန်တပ်မတော်မှ ပေးအပ်ချီးမြှင့်သည့် ပိုလာ မဲရစ် **Pourle Merit** တံဆိပ်ဖြစ်၏။ စစ်မြေပြင်တွင် စွမ်းစွမ်းတမံ အသက်ကို ပဓာနမထားဘဲ အမှုထမ်းခဲ့သောကြောင့် သူရခဲ့သော တံဆိပ်များပါပေ။

ပထမကမ္ဘာစစ်ကြီး၌ ဂျာမန်တွေ စစ်ရှုံးသွားသောကြောင့် ဂျာမန်တပ်မတော်အား အင်အားအကြီးအကျယ် လျှော့ချလိုက်ကြရ သည်။ သို့ရာတွင် စစ်ရေးစွမ်းရည်ရှိသော ရွှမ်းမဲလ်မှာ ဂျာမန်တပ်မတော်၏ အမာခံအင်အားစုထဲ၌ ပါဝင်သဖြင့် တပ်မှမထွက်ရဘဲ စစ်တပ်တွင် ဆက်လက် တာဝန် ထမ်းဆောင်ရလေသည်။

ကမ္ဘာစစ်နှစ်ခုကြား၌ ရွှမ်းမဲလ်သည် ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ရာ စစ်ကျောင်း နည်းပြဆရာအဖြစ် ကိုးနှစ်ကြာ တာဝန်ယူခဲ့ရ၏။ ထိုကျောင်း၌ အမြောက်သံချပ်ကာနှင့် ခြေလျင်တပ်ပူးပေါင်း စစ်ဆင်ရေး

မြရတနာစာပေ

များကို သူ အထူးပြုလေ့လာခဲ့သည်။ သူ၏ ပထမကမ္ဘာစစ် တိုက်ပွဲ အတွေ့အကြုံများကို အခြေခံပြီး ခြေလျင်တပ်များ အတွက် လက်စွဲကျမ်းတစ်စောင်အား သူ ပြုစုခဲ့၏။ ရွမ်းမဲလ် သည် ထိုစဉ်ကတည်းကပင် အဆင့်မြင့် စစ်နည်းဗျူဟာများကို ကောင်းစွာစဉ်းစားတွေးခေါ်နိုင်ခဲ့ပြီ ဖြစ်ပေသည်။

၁၉၃၃ ခုနှစ် ဟစ်တလာအာဏာရလာချိန်တွင် ရွမ်းမဲလ်သည် ဒန်းဇစ်စစ်တက္ကသိုလ်၌ နည်းပြတာဝန် ထမ်းဆောင်လျက် ရှိ၏။ သူ၏ ခြေလျင်တပ် လက်စွဲကျမ်းကို ဖတ်ရှုသဘောကျခဲ့သော ဟစ်တလာက ရွမ်းမဲလ်အား အနီးကပ် ခေါ်ယူပြီး ကိုယ်ရံတော်တပ်မှူးကြီးအဖြစ် တာဝန် ပေးခဲ့ရာမှ ဟစ်တလာနှင့် စတင်ရင်းနှီးခဲ့လေသည်။ ထိုအချိန် မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီး ၁၉၃၈ ခုနှစ် ကုန်စကာလ ပင် ဖြစ်၏။ ဟစ်တလာနှင့်အတူနေရစဉ် သူ၏ ပြောင်မြောက် သော စစ်ရေးအတွေးအခေါ်နှင့် စွမ်းဆောင်ချက်များကြောင့် ဗိုလ်မှူးကြီးဘဝမှ ဗိုလ်ချုပ်အဆင့် ထိ ရာထူးများ လျင်မြန်စွာ တက်ခဲ့လေသည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီး တစ်နှစ်ကျော်ခန့်အကြာ ၁၉၄၁ ခုနှစ် နှစ်ဦး၌ မြောက်အာဖရိကတိုက်ပွဲစဉ်များတွင်





အီတလီတို့ အရှုံးကြီးရှုံးပြီး နယ်မြေအမြောက်အမြား ဗြိတိသျှ တို့လက်ထဲ ကျရောက်ခဲ့၏။ ဟစ်တလာ၏ ဝန်းရိုးတန်း မဟာ မိတ် အီတလီခေါင်းဆောင်ကြီး မူဆိုလီနီက ဟစ်တလာထံ စစ်ကူတောင်းရာ ဟစ်တလာက ရွမ်းမဲလ်အား ရွေးချယ် လိုက်ပြီး

"ကဲ . . . မူဆိုလီနီကို ကူညီဖို့ အာဖရိကားကို မင်းပဲသွားတော့"

ဟုဆိုကာ ဂျာမန်ပန်ဇာတပ်မ နှစ်ခု၊ ခြေလျင် တပ်မဟာ တစ်ခု၊ အမြောက်တပ်ရင်းနှစ်ရင်း၊ သံချပ်ကာ တပ်မဟာ တစ်ခုတို့ ပေးပြီး စေလွှတ်လိုက်၏။ ထိုကိစ္စနှင့် ပတ်သက်သော စစ်ဆင်ရေးအစည်းအဝေးတွင် ရွမ်းမဲလ်က ဟစ်တလာအား အာဖရိကစစ်မျက်နှာ၏ အရေးပါပုံကို တင်ပြခဲ့ခြင်းကြောင့် ထိုသို့တာဝန်ပေးခံရခြင်း ဖြစ်လေသည်။

ရွမ်းမဲလ်သည် အာဖရိကားသို့ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ရောက်သွား၏။

"မင်းဟိုရောက်ရင် အီတာလီတွေနဲ့ပေါင်းပြီး မင်း ကွပ်ကဲရမယ့် **Africa Corp** အာဖရိကတပ်မကြီးကို ဖွဲ့ပါ။ ဆုံးရှုံးသွားတဲ့ ဒေသတွေကို ပြန်သိမ်းပိုက်ဖို့ တိုက်စစ်စီမံ

ချက်ကို ဧပြီ ၂၀ ရက်အရောက် ဒို့ဆီ တင်ပြပါ။ ဒီရက်ထက် စောပြီး ထိုးစစ်မဆင်ပါနဲ့"

ဟု ဂျာမန်စစ်ဦးစီးအဖွဲ့က မှာလိုက်လေသည်။ ဥရောပစစ်မျက်နှာတွင် တိုက်ပွဲများ ပြင်းထန်နေသဖြင့် ဂျာမန်စစ်ဦးစီးအဖွဲ့သည် အာဖရိက စစ်မျက်နှာအား သိပ်စိတ်မဝင်စားကြချေ။ ထို့ကြောင့် ရွှမ်းမဲလ်အား ဝတ်ကျေ တန်းကျေသာ မှာလိုက်ခြင်းဖြစ်၏။ သို့ရာတွင် ရွှမ်းမဲလ်က လက်မြန်ခြေမြန်ပင် ဧပြီလဆန်းတွင် တိုက်စစ်စီမံချက် မတင်ဘဲ ဆိုင်ရင်နိကာဒေသ ကို အငိုက်ဖမ်းကာ လျှင်မြန်စွာ လှုပ်ရှားစစ်ကစားပြီး ဝင်တိုက်တော့ရာ ဗြိတိသျှတို့ လုံးဝမထင်မှတ်ဘဲ မမျှော်လင့်သော အရှုံးကြီးနှင့် ရင်ဆိုင်သွားရတော့၏။ ရွှမ်းမဲလ်သည် တိုက်ပွဲတွင် ကိုယ်တိုင်ကွပ်ကဲကာ အီဂျစ်ပြည်တံခါးဝသို့တိုင် မိုင်ပေါင်း ၆၅၀ မျှ ဗြိတိသျှတို့ကို တိုက်ထုတ်ပြီး ချီတက်နိုင်ခဲ့လေသည်။

ဗြိတိသျှတွေ အလွန်အံ့သြသွားကာ

"ဟ . . . သဲကန္တာရကြီးထဲမှာ ဒီလောက်ချီတက်လာနိုင်တာ ဒီဂျာမန်ဗိုလ်ချုပ်ဟာ လူမှဟုတ်ရဲ့လား။ နတ်ဒေဝတာများလေလား"

မြရတနာစာပေ



ဟုပင် ဆိုစမှတ်ပြုကြရ၏။

ဗြိတိသျှတို့အင်အားမှာ ထိုစဉ်က ဂျာမန်တို့၏ အာဖရိကားကိုး **Africa Corp** ခေါ် အာဖရိကတပ်မကြီးထက် အင်အား လေးငါးဆမျှ သာလွန်လေသည်။ ဗြိတိသျှ တပ်မှူးကြီးမှာ ဗိုလ်ချုပ်ကြီး ဝေဗယ်လ်ဖြစ်၏။ နောင်တွင် ဗိုလ်ချုပ်ကြီး အောချင်လက်နှင့် တာဝန်လွှဲခဲ့၏။ ဝေဗယ်လ်က အိန္ဒိယသို့ ပြောင်းရွှေ့သွားခဲ့သည်။ ပထမထိုးစစ်၌ ဗြိတိသျှတို့၏ အုပ်ချုပ်ထောက်ပံ့မှု **Logistics** များပြုလုပ်ပေးနေသည့် တိုဘရုပ်ခံတပ်ကြီးအား ရွှမ်းမဲလ်မသိမ်းနိုင်ခဲ့ပါ။ ထို့ကြောင့် ရွှမ်းမဲလ်သည် တပ်အင်အားများ ထပ်ဖြည့်ကာ တိုဘရုပ်ကို အကြိမ်ကြိမ်လုပ်ကြံခဲ့ရာ ၁၉၄၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့၌ တိုဘရုပ်မြို့ကို လှုပ်ရှားစစ်ကစားပြီး ပြင်းထန်သောတိုက်စစ်အဟုန်ဖြင့် တရကြမ်းထိုးဖောက်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့၏။ တိုက်ပွဲကို သူကိုယ်တိုင်ရှေ့မှ ခေါင်းဆောင်ခဲ့၏။ သုံ့ပန်း ၃၃၀၀၀ ကျော်နှင့် သံချပ်ကား တစ်ထောင်ကျော်၊ အမြောက်အလက်ပေါင်းလေးရာခန့် သိမ်းဆည်းရမိပြီး တိုဘရုပ် ခံစစ်တပ်မှူးကြီး ဗြိတိသျှဗိုလ်ချုပ်ကြီး ကလော့ပါးကိုပါ အရှင်ဖမ်းမိခဲ့လေသည်။

မြရတနာစာပေ

နောက်တစ်ရက်တွင် အလွန်အားရလှသဖြင့် ဟစ်တလာက ရွှမ်းမဲလ်ကို စစ်သူကြီး **Field Marshal** အဆင့်သို့ တိုးမြှင့်ပေးလိုက်လေသည်။ ဤအောင်ပွဲအတွက် ဂျာမန်စစ်ဦးစီးတစ်ဖွဲ့လုံး လုံးဝအံ့အားသင့်သွားပြီး ဗြိတိသျှတွေကလည်း ရွှမ်းမဲလ်ဆို တစ်ခါတည်း အသံကြားသည်နှင့် ဖျားသွားကြလေတော့သည်။

အာဖရိကသည် ဗြိတိသျှတို့အဖို့ အလွန်အရေးကြီး၏။ ဗြိတိသျှတို့သည် အရှေ့အလယ်ပိုင်းမှ စက်သုံးဆီများကိုသာ လုံးဝမှီခိုနေရရာ မြောက်အာဖရိကသာ ဝန်ရိုးတန်းနိုင်ငံများလက် ကျဆုံးသွားပါက သူတို့အတွက် ဓာတ်ဆီစက်ဆီ လုံးဝပြတ်သွားနိုင်ပြီး စစ်ဆင်ရေးကိစ္စများကို အကြီးအကျယ် ထိခိုက်နိုင်လေသည်။ ဤသည်ကို ကောင်းစွာနားလည်သော ဝန်ကြီးချုပ်ချာချီက တိုဘရုပ်တိုက်ပွဲအပြီး၌ ဗိုလ်ချုပ်ကြီး အောချင်လက်နေရာတွင် ပို၍စနစ်ကျပြီး ခေါင်းအေးသော ခံစစ်အလွန်ကျွမ်းကျင်သော လူကဲခတ်ကောင်းသော ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကို စေလွှတ်တာဝန်ပေးခဲ့လေသည်။ မောင်ဂိုမာရီလိုအပ်သော လူနှင့်လက်နက်အင်အားလည်း ဖြည့်တင်းပေးခဲ့၏။ အုပ်ချုပ်ထောက်ပံ့မှု





များကိုလည်း ပြည့်စုံစွာ ဆောင်ရွက်ပေးခဲ့လေသည်။

၁၉၄၂ ခုနှစ် အောက်တိုဘာလ၌ ဖြစ်ပွားသော အယ်လ်အာလာမိန်းတိုက်ပွဲတွင် ပထမဆုံးအကြိမ် ရွှမ်းမဲလ်နှင့် မောင်ဂိုမာရီတို့ တွေ့ဆုံကြရာ သဲကန္တာရမြေခွေးကြီး ရွှမ်းမဲလ်၏ ထိုးစစ်ကို မောင်ဂိုမာရီက ကောင်းစွာတွန်းလှန်နိုင်ပြီး နောက်တိုက်ပွဲများတွင် အုပ်ချုပ်ထောက်ပံ့မှု မပြည့်စုံသောကြောင့် ရွှမ်းမဲလ်ဆက်တိုက်အရေးနိမ့်ပြီး မောင်ဂိုမာရီကို အရှုံးပေးခဲ့ရလေသည်။

များမကြာမီ ဟစ်တလာကရွှမ်းမဲလ်ကို အာဖရိကမှ ပြန်ခေါ်၍ ၁၉၄၃ ခုနှစ်ကုန်တွင် နော်မန်ဒီကမ်းခြေကို ကာကွယ်ရန် တာဝန်ပေးလေသည်။ ဟစ်တလာက ရွှမ်းမဲလ်ကို တိုက်စစ်တွင်သာမက ခံစစ်တွင်လည်း ကျွမ်းကျင်သူအဖြစ် ရှုမြင်ထားလေသည်။ ထို့ကြောင့် နော်မန်ဒီကမ်းခြေကို ကာကွယ်ရန် စစ်သူကြီးဗွန်ရမ်းစတက်ကို တာဝန်ပေးသွားပါလျက် ရွှမ်းမဲလ်အား ထပ်မံအားဖြည့်စေလွှတ်ခဲ့ခြင်းဖြစ်လေသည်။ ရာထူးအားဖြင့် ရမ်းစတက်က တပ်တော်ဥမှူးကြီးဖြစ်ပြီး ရွှမ်းမဲလ်က တပ်တော်စုမှူးသာဖြစ်၍ ရမ်းစတက်က ပိုမြင့်ပေသည်။ သို့ရာတွင် ရမ်းစတက်က ရွှမ်းမဲလ်

ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးခဲ့၏။

ဂျာမန်တို့ မျှော်လင့်ထားသည့်အတိုင်း ၁၉၄၄ ခုနှစ် ဇွန်လတွင် မဟာမိတ်တို့ နော်မန်ဒီကို ကမ်းတက် တိုက်ခိုက်ခဲ့ကြ၏။ ထိုကာလမှာပင် တိုက်ပွဲများ တစ်ပွဲပြီးတစ်ပွဲ အရေးနိမ့်နေပြီး မကြာမီ ဂျာမနီတစ်နိုင်ငံလုံး မဟာမိတ်တို့လက်ထဲ ကျသွားနိုင်သည်ကို သုံးသပ်မိသည့် ဂျာမန်အထက်တန်း စစ်အရာရှိကြီးများက မဟာမိတ်တို့နှင့် စစ်ပြေငြိမ်းရန်အတွက် ဟစ်တလာအား လုပ်ကြံရန် ကြိုးပမ်းခဲ့၏။ ကြိုးပမ်းမှု အောင်မြင်ပါက ရန်သူဘက်ကရော မိမိတို့ဘက်ကပါ လေးစားသည့် စစ်သူကြီးရွှမ်းမဲလ်ကို ခေါင်းဆောင်တင်ရန် လျာထားခဲ့ကြ၏။

သို့ရာတွင် ဟစ်တလာမှာ ဗုံးခွဲလုပ်ကြံခံရသော်လည်း မသေဘဲ လွတ်မြောက်သွားပြီး သူ့ကို သေကြောင်းကြံသူများအား ရက်စက်စွာနှိမ်နင်းလေသည်။ သူ့နေရာကို လျာထားခြင်းခံရသည့် ရွှမ်းမဲလ်အားလည်း အဆိပ်စား၍ သတ်သေရန် ညွှန်ကြားခဲ့၏။

စစ်သားကောင်းပီသသော ရွှမ်းမဲလ်သည် တစ်လုံးတစ်ပါဒမှ ငြင်းဆန်ခြင်းမပြုဘဲ ခေါင်းဆောင်ကြီး၏ ညွှန်ကြား





ချက်အတိုင်း သူ့ကိုယ်သူ အဆိပ်စားကာ သတ်သေလိုက်တော့၏။ သူ၏အမိန့်နာခံမှုကား အံ့ဩဖွယ်ကောင်းလေစွ။

ဤသည်မှာ သဲကန္တာရမြေခွေးကြီးဟု ကမ္ဘာကျော်ခဲ့သော ဂျာမန်စစ်သူကြီး ရွှမ်းမဲလ်၏ ဘဝဇာတ်သိမ်းပါခင်ဗျား။

ဤစာအုပ်ငယ်မှာ အဓိကအားဖြင့် ရွှမ်းမဲလ်အောင်ပွဲခံခဲ့သော ဂါဇာလာ တိုဘရုပ်မြို့သိမ်းတိုက်ပွဲနှင့် ထိုတိုက်ပွဲများကို ကွပ်ကဲခဲ့သည့် ရွှမ်းမဲလ်၏တိုက်ပွဲကွပ်ကဲမှုများအား အဓိက သုံးသပ်သောစာအုပ်ဖြစ်ပါသည်။ သို့ရာတွင် ယခင်ယခင် စာအုပ်များနည်းတူ ကာယကံရှင် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းကိုပါ ထည့်သွင်းဖော်ပြပေးလိုက်ရာ စာရှုသူများအနေဖြင့် ရွှမ်းမဲလ်မွေးဖွားသည်မှ သေဆုံးချိန်အထိ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိကိုပါ သိခွင့်ရရှိသောကြောင့် ကျေနပ်နှစ်သက်ကြလိမ့်မည်ဟု ယုံကြည်ယူဆမိကြောင်းပါ ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

နေရာ - ရန်ကုန်မြို့

ရက်စွဲ - ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ( ၃၁ ) ရက်

# အခန်း ( ၁ )

## ရွမ်းမဲလ်၏ဘဝ

### သချာ်ပါမောက္ခ၏သားရွမ်းမဲလ်

ဒုတိယကမ္ဘာစစ်တွင် **Desert Fox** ဟု ထင်ရှား ကျော်ကြားလာမည့် ရွမ်းမဲလ်အား ၁၈၉၁ ခုနှစ် နိုဝင်ဘာ လ ၁၅ ရက်နေ့၌ ဖခင်သင်္ချာပါမောက္ခ အာဝင်ရွမ်းမဲလ်နှင့် မိခင် ဟယ်လီနာရွမ်းမဲလ်တို့မှ ဂျာမနီနိုင်ငံ ဝူတင်းဘတ် ပြည်နယ် ဟောဒင်ဟိန်မြို့တွင် မွေးဖွားခဲ့လေသည်။ ငယ်နာမည်မှာ **Erwin Johannes Eugen Rommel**

မြရတနာစာပေ

အာဝင်ဂျိုဟန်းနိစ်ယူဂျင်းရွှမ်းမဲလ်ဖြစ်၏။

ရွှမ်းမဲလ်တို့တွင် ညီအစ်ကိုမောင်နှမ ငါးယောက်ရှိပြီး ရွှမ်းမဲလ်သည် တတိယမြောက်ဖြစ်၏။ သူ့အထက်၌ အစ်ကိုတစ်ယောက်နှင့် အစ်မတစ်ယောက်ရှိ၏။ သူ့အောက်တွင် ညီနှစ်ယောက်ရှိလေသည်။ အစ်ကိုဖြစ်သူမန်းဖရက်သည် ငယ်စဉ်ကပင် သေဆုံးသွားခဲ့လေ၏။ အစ်မအပျိုကြီးက ကျောင်းဆရာမအဖြစ် အသက်မွေးသည်။ ညီနှစ်ဦးအနက်တစ်ဦးက ပထမကမ္ဘာစစ်တွင် လေယာဉ်မောင်းရင်း မက်ဆိုပိုးတေးမီးယား စစ်မြေပြင်တွင် ကွယ်လွန်ခဲ့၏။ ညီအငယ်ဆုံးမှုကား ဂီတနယ်ပယ်တွင် ကျင်လည်ကျက်စားခဲ့လေသည်။

ရွှမ်းမဲလ်သည် ငယ်စဉ်က ဖြူဖြူသေးသေးသွယ်သွယ်နှင့် သိမ်မွေ့နူးညံ့သူဖြစ်၏။ ဆံပင်ကလည်း ဖြူဖြူလေးမို့ သူ့အား အများက ဝက်ဝံဖြူကလေးဟု ချစ်စနိုးခေါ်ဝေါ်ခဲ့ကြ၏။ ဉာဏ်ထက်မြက်သော မိဘများက မွေးဖွားလာသောကြောင့် ရွှမ်းမဲလ်သည်လည်း ဉာဏ်ပညာထက်မြက်သူဖြစ်၏။ စိတ်သဘောထားလည်း ကောင်းမွန်ပြီး ရဲစွမ်းသတ္တိရှိသူဖြစ်လေသည်။





သူငယ်စဉ်က သူတို့မြို့ကလေး၌ မီးခိုးခေါင်းတိုင်အလုပ်သမားများ အလုပ်ကပြန်ချိန် မည်းညစ်ပေပွနေသောမျက်နှာကြီးများနှင့် ကြောက်စရာ လန့်စရာအသွင်အားမြင်ရချိန်တွင် သူ့ကစားဖော်ကလေးများက ကြောက်လန့်ပြီး ထွက်ပြေးကြသောအခါများ၌ ရွှမ်းမဲလ်က ထိုသူများကို မကြောက်မလန့်ဘဲ တွေ့ဆုံနှုတ်ဆက်တတ်၏။ အလုပ်သမားကြီးများက သူ့ကို သဘောကျကြလေသည်။ ရွှမ်းမဲလ်သည် သတ္တိရှိသူအဖြစ် ငယ်စဉ်ကပင် ပြသခဲ့၏။

မိဘနှစ်ပါးမှာ ယဉ်ကျေးသိမ်မွေ့သော ပညာတတ်များဖြစ်ကြ၍ သားသမီးများကို ချစ်ခင်ယုယကြသောကြောင့် ရွှမ်းမဲလ်၏ငယ်စဉ် ဘဝမှာ သာယာဖြောင့်ဖြူးခဲ့လေသည်။ သို့ရာတွင် ဖခင်ကြီးမှာ ၁၉၁၃ ခုနှစ် ရွှမ်းမဲလ် ၂၂ နှစ်အရွယ်တွင် ခွဲစိတ်ကုသမှုတစ်ခုခံယူရင်း ကွယ်လွန်သွားခဲ့ရှာလေသည်။ မိခင်ကြီးမှာမူ ၁၉၄၀ ပြည့်နှစ် ရွှမ်းမဲလ် ဗိုလ်ချုပ်ကြီးဖြစ်မှ ကွယ်လွန်သွားခဲ့၏။

**ဘာလင်တွင်ကျောင်းနေခြင်း**

ကလေးဘဝတွင် ဟောဒင်ဟိန်မြို့ကလေး၌ ဆော့ကစားနေခဲ့သော ရွှမ်းမဲလ်အား မိဘများက ဘာလင်မြို့ကြီးသို့ပို့ကာ ကျောင်းထားပေး၏။ မိမိဇာတိမြို့ကလေးတွင် လွတ်လွတ်လပ်လပ်နေခဲ့ရသော ရွှမ်းမဲလ်သည် ဘာလင်မြို့တော်ကြီးတွင် သိပ်ပျော်ပိုက်ခြင်းမရှိ။ ထို့ကြောင့် စာမကြိုးစားခဲ့။ အတန်းထဲတွင် စာတော်သူ မဟုတ်ခဲ့။ သို့ရာတွင် တစ်ရက်၌ အတန်းပိုင်ဆရာက အပြောင်အပြက်သဘောမျိုးဖြင့်

"ဟော့ကောင်တွေ မင်းတို့ ဒီနေ့သတ်ပုံကို တစ်လုံးမှ အမှားမပါအောင်ရေးကြ။ မင်းတို့ထဲက ရေးနိုင်တဲ့သူရှိရင် ငါတို့ ကျောင်းတစ်ရက်ပိတ်ပြီး တီးဝိုင်းတစ်ဝိုင်းငှားပြီး တစ်ရက် အပျော်ခရီးသွားဖို့စီစဉ်ပေးမယ်" ဟု ဆိုခဲ့ရာ ရွှမ်းမဲလ်သည် အဟုတ်မှတ်၍ ထိုနေ့က သတ်ပုံကို တစ်လုံးမှမမှားရအောင် ကြိုးစားပြီးရေးပြနိုင်ခဲ့၏။

ထိုအခါမှ ဆရာလုပ်သူက

"မင်းတို့စာကြိုးစားအောင် ပြောတာ။ ရွှမ်းမဲလ်မင်း တစ်ယောက်ပဲ အားလုံးမှန်တယ်။ မင်းကြိုးစားရင်





ထူးချွန်မယ်"

ဟု မှတ်ချက်ပြုခဲ့၏။

ရွှမ်းမဲလ်သည် ကလေးဘဝမှာပင် ကြိုးစားက အောင်မြင်သည့်အစွမ်းရှိသူဖြစ်ကြောင်း သိသာလေသည်။

လူပျိုပေါက်အရွယ် အထက်တန်းကျောင်းသားဘဝ ရောက်သောအခါတွင်ကား ရွှမ်းမဲလ်သည် စိတ်နေစိတ်ထားများ ပြောင်းလဲလာခဲ့၏။ စာကို ကြိုးစားလာခဲ့သည်။ ဖခင်ခြေရာကို နင်းကာ သင်္ချာဘာသာများအား အထူးပြုလိုက်စားသဖြင့် ဂုဏ်ထူးများရရှိခဲ့၏။ အင်ဂျင်နီယာဘာသာရပ်များကို ပိုစိတ်ဝင်စားလာပြီး လေယာဉ် တည်ဆောက်ခြင်းအတတ်ပညာကို လေ့လာခဲ့၏။ သူနှင့်သူ၏ သူငယ်ချင်း ကိုင်တဲလ်တို့သည် ဂလိုက်ဒါများ ပြုလုပ်ခြင်းကို ကြိုးစားစမ်းသပ်ခဲ့ကြ၏။ ကျောင်းကထွက်လျှင် လေယာဉ်စက်ရုံကြီးများတွင် အင်ဂျင်နီယာအဖြစ် အမှုထမ်းကြရန် စိတ်ကူးယဉ်ခဲ့ကြလေသည်။ သူတို့သည် ဇက်ပလင်ခေါ် လေသင်္ဘောကို အထူးစိတ်ဝင်စားခဲ့ကြ၏။

(ရွှမ်းမဲလ်၏ ငယ်သူငယ်ချင်း ကိုင်တဲလ်မှာ ဂျာမန်တပ်မတော်တွင် ရွှမ်းမဲလ်နှင့်မတည့်သဖြင့် ခါးခါးသီးသီး

ရန်သူကြီးများဖြစ်သွားသော စစ်သူကြီးကိုင်တဲလ်နှင့် မည်သို့မှ သက်ဆိုင်မှုမရှိပါ။ စာရေးသူ)

**ဂျာမန်တပ်မတော်သို့ဝင်ရောက်ပြီ**

လေယာဉ်တည်ဆောက်ရေး အင်ဂျင်နီယာလုပ်လိုသည့် ရွမ်းမဲလ်အား သူ၏ဖခင်ကြီးက

''မင်း လေယာဉ်ဆောက်တဲ့အင်ဂျင်နီယာ မလုပ်ပါနဲ့ကွာ။ စစ်တပ်ထဲသာ ဝင်စမ်းပါ။ ဒါမှ မင်း ပိုပြီး တောင့်တောင့်တင်းတင်းလည်း ဖြစ်လာမယ်၊ မင်းက ကြိုးကြိုးစားစားလည်း အလုပ်လုပ်တော့ တပ်ထဲမှာ အောင်မြင်မှာပါ'' ဟု တိုက်တွန်းလေသည်။

သူ့ဖခင်၏တိုက်တွန်းစကားကြောင့် ၁၉၁၀ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗိုလ်လောင်းအဖြစ် ဝိန်းကာတင်မြို့ရှိ အမှတ် (၁၂၄) ခြေလျင်တပ်ရင်းသို့ စတင်ဝင်ရောက်အမှုထမ်းလေသည်။ တပ်ထဲဝင်လျှင်ဝင်ချင်း ဗိုလ်လောင်းမဖြစ်သေးဘဲ သာမန်ရဲဘော်အဖြစ် စတင် အမှုထမ်းရ၏။ သုံးလအကြာတွင် တပ်ကြပ်ရာထူးရရှိသည်။ နောက်ထပ်သုံးလ အကြာ၌ တပ်ကြပ်ကြီးရာထူးကို ရရှိလေသည်။





၁၉၁၁ ခုနှစ် မတ်လတွင် ရွမ်းမဲလ်သည် ဒန်းဇစ်မြို့ရှိ ဂျာမန်စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ရလေသည်။ ဤသည်မှာ ဂျာမန်တပ်မတော်၏ လုပ်ထုံး လုပ်နည်း ဖြစ်ပါသည်။

ရွမ်းမဲလ်တို့မိသားစုတွင် ဟုတ်တိပတ်တိ စစ်မှုထမ်းဖူးသူ မရှိချေ။ ဖခင်ကြီးသာလျှင် ငယ်ရွယ်စဉ်က အမြောက်တပ်၌ ဗိုလ်အဖြစ် ခေတ္တအမှုထမ်းခဲ့ဖူးလေသည်။ ကိုယ်တိုင်အရာရှိကြီး မဖြစ်ခဲ့ရသော ဖခင်က ရွမ်းမဲလ်အား တပ်ထဲဝင်ရန် တွန်းအားပေးခဲ့ခြင်းဖြစ်၏။ ဖြစ်နိုင်က သူ့သားအား တပ်ထဲတွင် အရာရှိကြီး ဖြစ်စေလို လေသည်။

ရွမ်းမဲလ်တို့မိသားစုသည် ဂျာမန်စစ်ဘက်အရာရှိကြီးတိုင်းနှင့် ခပ်ကင်းကင်းနေခဲ့ကြသော ပညာရေးသက်သက်ကိုသာ လေ့လာလိုက်စားသည့် ရိုးရိုးသားသားမိသားစုတစ်ခု ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ် အာဖရိကစစ်မြေပြင်၌ ရွမ်းမဲလ် တပ်မှူးကြီးဖြစ်လာသောအခါ ကြုံတွေ့ရသည့် သူ့ကွပ်ကဲမှုအောက်မှ ဂျာမန် ဗိုလ်ချုပ်များကား ဆွေကြီးမျိုးကြီး တကယ့် ပရပ်ရှင်းအထက်တန်းစားများ ဖြစ်ကြ၏။ သူလို ငါလို အရည်အချင်းရှိလျှင်ပင်

လျှင်မြန်စွာ ရာထူးတက်လာကြသူများဖြစ်ကြ၏။ ရွှမ်းမဲလ်ကား လက်ရှိရာထူးသို့ ကိုယ့်ဒူးကိုယ်ချွန်ကာ ရရှိလာခြင်းဖြစ်ပေသည်။

## ဗိုလ်လောင်းမှသည် အရာရှိအဖြစ်သို့

၁၉၁၁ ခုနှစ်၌ ဒန်းဇစ်မြို့ရှိ ဂျာမန်စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း တက်ရောက်နေစဉ်တွင် ရွှမ်းမဲလ်သည် စစ်ပညာများကို ကြိုးကြိုးစားစား သင်ယူခဲ့၏။ လက်တွေ့လေ့ကျင့်ခန်းများတွင် ရွှမ်းမဲလ် အမှတ်ကောင်းခဲ့သော်လည်း ကျက်စာများတွင်မူ သာမန်မျှသာဖြစ်ခဲ့၏။ ထို့ကြောင့် ကျက်စာများကို အပတ်တကုတ် ပိုမိုအားထုတ်ခဲ့ရ၏။ ရေးဖြေစာမေးပွဲများ၌ အမှတ်ကောင်းအောင် အထူးဝါယမစိုက်ထုတ်ခဲ့ရ၏။ သင်တန်းကာလမှာ တစ်နှစ်ခန့်ဖြစ်ရာ ထိုတစ်နှစ်တာအတွင်း အထူးကြိုးစားခဲ့မှုကြောင့် ဗိုလ်သင်တန်းကို သာမန်အထက်မှ အောင်မြင်ခဲ့လေသည်။

၁၉၁၂ ခုနှစ် ဇန်နဝါရီလ၌ ဗိုလ်သင်တန်းဆင်းပြီး မိခင်တပ် **Mother Unit** ဖြစ်သော အမှတ် (၁၂၄) ခြေလျင်တပ်ရင်းတွင် ဒုဗိုလ်အဆင့်ဖြင့် ပြန်လည်နေရာ





ချထားခံရလေသည်။ ရွှမ်းမဲလ်သည် အသက် ၂၀ သာသာ၌ ပြန်တမ်းဝင်အရာရှိဖြစ်လာခဲ့လေသည်။

## ချစ်သူနှင့်တွေ့ဆုံခြင်း

ရွှမ်းမဲလ်သည် ၁၉၁၁ ခုနှစ် ဒန်းဇစ်တွင် ဗိုလ်သင်တန်းတက်နေစဉ်၌ စစ်တက္ကသိုလ်အတူတက်ဖက်သူငယ်ချင်း၏ညီမဝမ်းကွဲဖြစ်သူ **Lucie Maria Mollin** လူစီမာရီယာ မော်လင်ဆိုသူကလေးနှင့် လူငယ်တို့ဘာသာဘာဝ ချစ်ကျွမ်းဝင်ခဲ့လေသည်။ ရွှမ်းမဲလ်သည် သူငယ်ချင်းကို အကြောင်းပြုပြီး ဆရာဖြစ်သင်တန်း တက်နေသူ မော်လင်ထံသွားရောက်လည်ပတ်ရာမှ တွေ့ဆုံကြပြီး ချစ်သူဘဝ ကျရောက်ခဲ့ကြလေသည်။

လူစီမာရီယာမော်လင်သည် ထိုအချိန်က ဆယ်ကျော်သက်အရွယ် လှသွေးကြွယ်သည့် သမီးပျိုလေး ဖြစ်၏။ ၁၃ ရာစုခန့်မှစ၍ အနောက်ပရပ်ရှား၌ အခြေစိုက်ခဲ့ကြသော အီတာလျံအမျိုးနွယ်ဝင်ဖြစ်၏။ ကပြားသွေးပါ၍ အလှတွင် အယဉ်ဆင့်ပြီး အသွင်တင့်လေသည်။

မော်လင်တို့မိသားစုသည် ကြွယ်ဝချမ်းသာသော

မြေပိုင်ရှင်မျိုးရိုးဖြစ်ခဲ့သော်လည်း သူမအရွယ်မရောက်မီ ဖခင် ကွယ်လွန်သွားခဲ့သဖြင့် စီးပွားရေးယိမ်းယိုင်ခဲ့ရှာ၏။ ဖတဆိုးလေး မော်လင်သည် ဘဝကို ကြိုးစားရုန်းကန်ခဲ့ရ၏။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင် အားထုတ်ခဲ့ရ၏။ ဒန်းဇစ်၌ ဘာသာဗေဒဆိုင်ရာ ဆရာဖြစ်သင်တန်းလာတက်ရင်း ရှမ်းမဲလ်နှင့် တွေ့ဆုံကြခြင်းပင်။

ဒန်းဇစ်တွင်ရှိနေစဉ်ကာလများတွင် ချစ်သူနှစ်ဦးသည် သင်တန်းနားရက်များ၌ မြို့ပြင်သို့ အပျော်ခရီးထွက်ခြင်း၊ ကပွဲများတက်ရောက်ခြင်း၊ အနားယူအပန်းဖြေစခန်းများသို့ သွားရောက်လည်ပတ်ခြင်း စသည်တို့ ဖြင့် ပျော်ရွှင်စွာ သင်တန်းကာလများကို ဖြတ်ကျော်ခဲ့ကြလေသည်။

သင်တန်းပြီးဆုံး၍ တစ်ဦးနှင့်တစ်ဦး ခွဲခွာသွားကြရသော်လည်း ချစ်သူနှစ်ဦး စာမှန်မှန်ရေးသားကာ သူတို့၏ခိုင်မြဲသော အချစ်ကို ပိုမိုလေးနက်စေခဲ့လေသည်။

၁၉၁၆ ခုနှစ် နွေဝင်ကာလတွင် ရှမ်းမဲလ်နှင့် မော်လင်တို့ ဒန်းဇစ်မြို့မှာပင် လက်ထပ်ခဲ့ကြ၏။

မော်လင်သည် စာပေဝါသနာပါ၍ အေးဆေးတည်





ငြိမ်ပြီး အကျင့်စာရိတ္တကောင်းမွန်သောကြောင့် စည်းကမ်းရှိသော တပ်မတော်အရာရှိ ရှမ်းမဲလ်နှင့် လိုက်ဖက်လှသည်။ သူတို့နှစ်ဦးသည် တစ်ဦးပေါ်တစ်ဦး သစ္စာတရားလည်း ကြီးမားသူများဖြစ်ကြ၏။ ရှမ်းမဲလ်က ရောက်လေရာမှနေပြီး ဇနီးသည်ထံ စာများရေးလေ့ ရှိ၏။ သူအသက်ကြီးသည်အထိ ဇနီးသည်ထံစာများရေးသားခဲ့ရာ ထိုစာများသည် နောင်တွင် သမိုင်းဝင်မှတ်တမ်းမှတ်ရာများဖြစ်လာခဲ့လေသည်။ ရှမ်းမဲလ်တို့ ဇနီးမောင်နှံ၌ ရှားရှားပါးပါး မန်းဖရက်အမည်ရ သားတစ်ဦးသာ ထွန်းကားခဲ့လေသည်။ သူတို့မိသားစုကား တစ်ဦးပေါ်တစ်ဦး သံယောဇဉ်ကြီးမားသည့် မိသားစုဖြစ်ကြောင်း ယုံမှားဖွယ်မရှိပါပေ။

❖

## အခန်း ( ၂ )

## ပထမကမ္ဘာစစ်ကြီးနှင့် အရှေ့ရှိုင်ယ်ရှမ်းမဲလ်

**ပထမကမ္ဘာစစ်ဖြစ်ရသောအကြောင်းရင်းများ**

၁၉၁၄ ခုနှစ်၌ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့လေသည်။ ပထမကမ္ဘာစစ်ကြီး၌ ဂျာမနီကတစ်ဖက် အင်္ဂလိပ်၊ ပြင်သစ်နှင့် ရုရှားတို့ကတစ်ဖက် ဖြစ်ပွားခဲ့ကြပြီး စစ်ပွဲ သုံးနှစ်အကြာ ၁၉၁၇ ခုနှစ်တွင် အမေရိကန်က စစ်ထဲ ဝင်ပါလာ၍ အင်္ဂလိပ်နှင့်ပြင်သစ်တို့ဘက်မှနေပြီး ဂျာမနီကို တိုက်ခိုက်လေတော့သည်။

မြရတနာစာပေ

ထိုစစ်ပွဲကြီး၌ ရွမ်းမဲလ်သည် သူ့ တာဝန်ကျရာတပ်နှင့်အတူ စစ်မြေပြင်တွင် ပါဝင်တိုက်ခိုက်ခဲ့၏။

ရှေးဦးစွာ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားရခြင်းအကြောင်းကို ရှင်းလင်းတင်ပြရန် လိုမည်ဖြစ်ပါသည်။

ပထမကမ္ဘာစစ်ကြီးသည် ၁၉၁၄ ခုနှစ် ဩဂုတ်လမှ ၁၉၁၈ ခုနှစ် နိုဝင်ဘာလအထိ လေးနှစ်တာမျှ ကြာညောင်းခဲ့၏။

စက်မှုလက်မှုသို့ ပြောင်းလဲလာသောခေတ်ကြီးသည် (၂၀) ရာစုတွင် ဥရောပတိုက်၌ အလွန်အမင်းတိုးတက်လျက်ရှိ၏။ ထိုသို့ စက်မှုတိုးတက်လာခြင်းကို အကြောင်းပြု၍ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှား စသော ကမ္ဘာ့လက်နက်နိုင်ငံကြီးများသည် ပင်လယ်သမုဒ္ဒရာများကို ဖြတ်ကျော်၍ အာရှနှင့် အာဖရိကတိုက်ရှိနိုင်ငံငယ်ကလေးများကို လက်အောက်ခံကိုလိုနီများအဖြစ် သိမ်းသွင်းရန် ကြံစည်အားထုတ်ကြလေသည်။

ယင်းသို့ အနောက်အင်အားစုများသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ဈေးကွက်များ အပြိုင်အဆိုင် လုယက်၍ ရှာဖွေကြရာတွင် ရုရှားသည် တူရကီနိုင်ငံမှ





"ဘော်လကန်" နယ်ပယ်များကို သိမ်းယူပြီးလျှင် မြေထဲပင်လယ်အထိ နယ်ချဲ့ရန် လိုလားလေသည်။ ဂျာမနီကလည်း တူရကီနှင့်မဟာမိတ်ဖွဲ့၍ "ဘာလင်" မှ "ဘက်ဂဒက်" အထိ မီးရထားလမ်းဖောက်လုပ်ပြီးလျှင် ဂျာမနီထွက်ကုန်ပစ္စည်းများကို "ပါရှန်ပင်လယ်ကွေ့မှ အရှေ့အာရှနိုင်ငံများသို့" တင်ပို့ရန် ကြံရွယ်လေသည်။ ထိုအချိန်တွင် ဂျာမနီနိုင်ငံသည် ဥရောပတွင် အင်အား အတောင့်တင်းဆုံးနိုင်ငံတစ်ခုဖြစ်လာပြီးလျှင် ဂျာမန် ကုန်သင်္ဘောများသည် ကမ္ဘာ့ရောင်းဝယ်ရေး၌ တွင်ကျယ်လျက်ရှိ၏။ ထို့ကြောင့် ပင်လယ်ကူးသင်္ဘောကြီးများကို အမှီပြု၍ ကမ္ဘာနှင့်အဝန်း ကျယ်ပြန့်သောအင်ပါယာကို ထူထောင်လျက်ရှိသော ဗြိတိန်သည်လည်းကောင်း၊ ပြင်သစ်၊ ရုရှား စသောလက်နက်နိုင်ငံကြီးများသည်လည်းကောင်း၊ အင်ပါယာချဲ့ထွင်မှု အပြေးပြိုင်ပွဲကြီးတွင် တစ်စတစ်စ ဂျာမနီခြေသွက်လာမည်ကို စိုးရိမ်မကင်း ဖြစ်လာကြလေသည်။

ဂျာမန်ဘုရင် ဒုတိယမြောက် ဝီလျံကိုင်ဇာ၏ **Chancellor policy** ခေါ် အုပ်ချုပ်ရေးအခြေခံဝါဒသည် ပင်လယ်ရပ်ခြားဒေသများတွင် ဂျာမနီအတွက် နယ်ပယ်

စိုက်ထူရန်ဖြစ်၍ ကမ္ဘာ့ရေးရာများတွင် ဂျာမန်သည် ခေါင်းဆောင်နေရာယူရန်ဖြစ်လေသည်။ ထိုကိစ္စများကို ဆောင်ရွက်ရန် ဂျာမနီသည် ကြီးမားသောရေတပ်နှင့် ကြည်းတပ်များကို ဖွဲ့စည်းကာ လက်နက်များ တပ်ဆင်လေသည်။ ကိုင်ဇာ၏ဝါဒသည် ဗြိတိန်၊ ပြင်သစ်၊ ရုရှားတို့နှင့် ဆန့်ကျင်လျက်ရှိရာ ဥရောပနိုင်ငံအသီးသီးသည် လက်နက်များကို အပူတပြင်း စုဆောင်းကြလေတော့သည်။ ထို့ကြောင့် တစ်နှစ်ထက်တစ်နှစ် စစ်လက်နက်များ၊ စစ်သုံးပစ္စည်းများ၊ စစ်သင်္ဘောများ၊ စစ်သားများသည် တိုးတက်များပြားလျက်ရှိ၏။ တစ်နှစ်ထက်တစ်နှစ် ဖြစ်ပျက်လျက်ရှိသော ဖြစ်ရပ်များသည် စစ်ဖြစ်မည့်နိမိတ်ကိုသာ ပြလျက်ရှိ၏။ ဂျာမနီအင်ပါယာအသစ် ပေါ်ထွက်ကာ ဂျာမနီ၏ စစ်ဝါဒကြောင့် ဥရောပတိုက်တစ်ခုလုံး ဂျာမနီ၏ ခေါင်းဆောင်မှုအောက်သို့ ကျရောက်မည့်အရေးကို တွေးကာ လူတို့၏ စိတ်တွင် စိုးရိမ်ကြောက်ရွံ့ခြင်းဖြစ်ပေါ်လျက်ရှိ၏။ သို့သော် စစ်ကြီးကို ရှောင်တိမ်းနိုင်လိမ့်မည်ဟု အများက မျှော်လင့်ချက် ရှိကြလေသည်။

ပထမကမ္ဘာစစ်ကြီးဖြစ်အောင် ဖန်တီးမည့် အခြား





အကြောင်းရင်းတစ်ရပ်မှာ ပြင်သစ်သည် ဥရောပတွင် ပထမတန်းနေရာကို ရနိုင်ရန် ၁၈၇၁ ခုနှစ်က ဂျာမန်ကို စစ်ရှုံး၍ပေးအပ်ခဲ့သော ''အဲလ်ဆက်လောရိမ်း'' **Alsace Lorraine** နယ်ကို ပြန်၍ရယူရန် ကြိုးစားလေသည်။ ထိုအခါမှစ၍ ပြင်သစ်သည် ဂျာမနီ၏ရန်သူ ဖြစ်လာလေသည်။ ထို့ကြောင့် ဂျာမနီသည် ၁၈၇၉ ခုနှစ်တွင် မဟာမိတ်ဖြစ်ခဲ့သော ဩစတြီးယားနှင့်အတူ ၁၈၈၂ ခုနှစ်တွင် အီတလီနိုင်ငံနှင့် သုံးနိုင်ငံမဟာမိတ်စာချုပ်ကို ချုပ်ဆို၍ သွေးစည်းလိုက်လေသည်။ ထိုအခါ ပြင်သစ်ကလည်း မိမိအင်အား ပိုမိုတောင့်တင်းရန် ရုရှားနှင့် ၁၈၉၁ ခုနှစ်တွင် မဟာမိတ်ပြုလုပ်လိုက်လေသည်။ အစပထမတွင် ဗြိတိန်သည် ဥရောပအရေးတော်ပုံ အရှုပ်အထွေးတွင် ပါဝင်စွက်ဖက်ခြင်း မပြုခဲ့သော်လည်း ဂျာမနီသည် မိမိ၏ ရေတပ်အင်အားကို ပြိုင်ဆိုင်၍လာသောကြောင့် ၁၉၀၇ ခုနှစ်တွင် ပြင်သစ်၊ ရုရှားတို့နှင့် ချစ်ကြည်ရေးစာချုပ်များ ချုပ်ဆိုကာ ဂျာမနီ၊ အီတလီ၊ ဩစတြီးယားတို့ ပူးပေါင်းထားသည့် အင်အားကို ဖက်ပြိုင်လိုက်လေသည်။

ဂျာမနီနှင့်ပြင်သစ်သည် ၁၈၇၀ ခုနှစ်ကစ၍ ရန်စ

ရှိခဲ့သောကြောင့် တစ်ဦးနှင့်တစ်ဦး ''တစောင်းစေးနှင့် မျက်ချေး'' ပမာ မကြည့်မမြင်ချင်အောင် မုန်းတီးနေချိန်တွင် ဂျာမနီသည် ရန်စသောသဘောဖြင့် အာဖရိကတိုက်ရှိ ပြင်သစ်ပိုင် ''မော်ရိုကို'' **Morocco** မြောက်ပိုင်းသို့ ကျူးကျော်ခဲ့လေသည်။ ထိုနည်းတူစွာ ဂျာမနီ၏ မဟာမိတ်ဖြစ်သော ဩစတြီးယားကလည်း တူရကီပိုင် ''ဘော့စ်နီးယား'' နှင့် ''ဟာဇီဂိုဗီးနား'' နယ်များကို ၁၉၀၈ ခုနှစ်တွင် သိမ်းယူခဲ့၏။ ''ဆလပ်'' လူမျိုးချင်းတူသဖြင့် ''ဆားဗီးယားသည်'' ဩစတြီးယားနှင့် တူရကီ လက်အောက်ရှိ ''ဆလပ်'' လူမျိုးများ၏ လွတ်မြောက်ရေးကို လိုလားလျက်ရှိ၏။ ထို့ကြောင့် ဩစတီးယားသည် ဆားဗီးယားကိုပါ ချေမှုန်းပစ်လို၏။ ဤသို့ ဆားဗီးယားနှင့် ဩစတြီးယားတို့ ရန်စောင်နေကြခြင်းသည် ကမ္ဘာစစ်ကြီး ဖြစ်ပွားစေရန် ဖန်တီးမည့် အခြေခံအကြောင်းတစ်ရပ် ဖြစ်ချေသည်။

ယင်းသို့ ဩစတြီးယားနှင့် ဆားဗီးယားတို့ တစ်ဦးကိုတစ်ဦး ရန်စောင်လျက်ရှိစဉ် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားရန် ရုတ်တရက်ဖြစ်ပေါ်လာသည့်အကြောင်းတစ်ရပ် ပေါ်ပေါက်လာလေသည်။

မြရတနာစာပေ



၁၉၁၄ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ဩစတြီးယား အိမ်ရှေ့မင်းသား ဖာဒီနန်နှင့် ကြင်ယာတော်တို့သည် တိုင်းခန်းလှည့်လည်ရာ ''ဘော့စ်နီးယား'' ပြည်နယ်၏ မြို့တော် ''ဆရာဂျီဗို'' **Sarrajevo** မြို့တွင် ဆားဗီးယားအမျိုးသားလူငယ် ''ဂါဗရီလိုပရင့်စ်'' ၏ လက်ချက်ဖြင့် လုပ်ကြံခံရ၏။ ထိုအခါ ဩစတြီးယားက အိမ်ရှေ့မင်းအား လုပ်ကြံရန် ဆားဗီးယားနိုင်ငံက စီစဉ်ပေးသည်ဟု စွပ်စွဲကာ ၁၉၁၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ဆားဗီးယားကို စစ်ကြေညာလေသည်။

ဂျာမနီသည် ဩစတြီးယားဘက်မှ ဆားဗီးယားကို တိုက်ခိုက်သိမ်းယူပါက မိမိမျက်စိကျနေသော ''ဘောလ်ကန်'' နယ်များတွင် ဂျာမနီသည် မုချဩဇာလွှမ်းမိုးလာလိမ့်မည်ဟု ရုရှားက စိုးရိမ်မကင်း ဖြစ်လေသည်။ ထို့ကြောင့် ရုရှားသည် ဆားဗီးယားဘက်မှ အရေးရှိက အသင့်ဖြစ်ရန် စစ်ပြင်ဆင်လေသည်။ ထိုအခါ ဂျာမနီက ရုရှားအား စစ်မပြင်ရန် ကန့်ကွက် ပြောဆိုလေသည်။ မရသဖြင့် ဂျာမနီသည် ၁၉၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ရုရှားအားလည်းကောင်း၊ ရုရှား၏မဟာမိတ်

မြရတနာစာပေ

ဖြစ်သော ပြင်သစ်အား ဩဂုတ်လ ၃ ရက်နေ့တွင်လည်း ကောင်း အသီးသီးစစ်ကြေညာလေသည်။

ထို့နောက် ဂျာမနီသည် ပြင်သစ်ကိုတိုက်ရန် ကြားနေနိုင်ငံဖြစ်သော ဘယ်လ်ဂျီယန်နိုင်ငံကို ဖြတ် အတင်းကျူးကျော်ဖြတ်သန်း၍ ချီတက်လေသည်။ ထိုအခါ ဗြိတိန်သည် ဘယ်လ်ဂျီယန်၌ ဂျာမန်စစ်သားများရှိနေသ၍ မိမိကျွန်း၏လုံခြုံမှုကို စိတ်မချရသောကြောင့် ကြားနေ နိုင်ငံ ဘယ်လ်ဂျီယန်ကို အကာအကွယ်ပေးရန် ဟူသော အကြောင်းပြချက်ဖြင့် ဂျာမနီကို စစ်ကြေညာ၍ စစ်ထဲသို့ ပါဝင်ခဲ့လေသည်။ ဤသို့လျှင် ဗြိတိန်၊ ပြင်သစ်၊ ရုရှား စသော မဟာမိတ်နိုင်ငံများက တစ်ဖက်၊ ဂျာမနီ၊ ဩစတြီးယား၊ ဟန်ဂေရီ၊ တူရကီ စသော ဥရောပ အလယ်ပိုင်း နိုင်ငံများက တစ်ဖက် ယှဉ်ပြိုင်ကာ တိုက်ခိုက်ရာမှ ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပွားရလေတော့သည်။

**စစ်ဖြစ်ဖုံ့ဆဲဆဲကာလက ရွှမ်းမဲလ်**

ရွှမ်းမဲလ်အရာရှိဖြစ်ပြီး ၂ နှစ်ခွဲခန့်အကြာတွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ခဲ့၏။





ထိုကာလမတိုင်မီ ရွှမ်းမဲလ်၏ ဘဝအကြောင်း တစေ့တစောင်းမှာ အောက်ပါအတိုင်းဖြစ်ပေသည်။

သူ ပထမဆုံးတာဝန်ထမ်းဆောင်ခဲ့ရသော မိခင်တပ်ရင်း **Mother Unit** အမှတ် (၁၂၄) ခြေလျင် တပ်ရင်းသည် ဝိန်းကာတင်မြို့ ဘုရားကျောင်းအိုကြီးထဲ၌ စခန်းချထားခဲ့၏။ ရွှမ်းမဲလ်၏ တာဝန်မှာ တပ်သားသစ် များကို လေ့ကျင့်ပေးရသည့် သင်တန်းနည်းပြဆရာ ဖြစ်၏။ ထိုတာဝန်ကို သူ နှစ်နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့ရ၏။ သူသည် တပ်သားသစ်များကို ကိုင်တွယ်လေ့ကျင့်ရာတွင် လည်းကောင်း၊ ပြောဆိုဆုံးမရာတွင်လည်းကောင်း၊ အုပ်ချုပ်မှုကိစ္စအဝဝအား စီမံခန့်ခွဲရာတွင်လည်းကောင်း ကျွမ်းကျင်သူအဖြစ် ပြသနိုင်ခဲ့လေသည်။ သူ၏ တပ်သား သစ်သင်တန်းမှာ အောင်မြင်သော သင်တန်းအဖြစ် ရပ်တည်နိုင်ခဲ့၏။ ထိုစဉ်က စစ်ရိပ်စစ်ငွေ့ သန်းနေသဖြင့် ဂျာမနီသည် ကြည်းရေလေတပ်များကို တိုးချဲ့ပြီး စစ်ပြင် နေစဉ်ကာလဖြစ်ပေသည်။

၁၉၁၄ ခုနှစ် မတ်လတွင် ရွှမ်းမဲလ်သည် မိခင် တပ်ရင်းမှ ဘွမ်းမြို့ရှိ မြေပြင်ပစ်အမြောက်တပ်ရင်းသို့

ပြောင်းရွှေ့ခဲ့ရ၏။ ခြေလျင်တပ်နှင့် အမြောက်တပ်တို့၏ သဘောသဘာဝမှာ များစွာကွာခြားသဖြင့် ရွှမ်းမဲလ်အတွက် စိတ်ဝင်စားစရာ အတွေ့အကြုံသစ်များကို ရရှိလေသည်။ အမြောက်တပ် ယူနီဖောင်းမှာလည်း ခြေလျင်တပ်နှင့် ကွာခြား၏။ ထို့ပြင် အမြောက်တပ်က အရာရှိများက မြင်းစီးကြရ၏။ ရွှမ်းမဲလ်သည် မြင်းစီးရသည်ကို နှစ်သက်သဘောကျသဖြင့် ညနေတိုင်း ပုံမှန် မြင်းစီးလေ့ရှိခဲ့၏။

၁၉၁၄ ခုနှစ် ဇူလိုင်လ နောက်ဆုံးနေ့တွင် ညနေခင်းမြင်းစီးရာမှ တပ်တွင်းသို့ ပြန်ရောက်လာသော ရွှမ်းမဲလ်သည် တပ်ရင်းတန်းစီကွင်းကြီးထဲ၌ မြင်းများအားလုံး စုစည်းထားသည်ကို အံ့ဩဖွယ်ရာ တွေ့ရ၏။ တစ်ခုခုတော့ ထူးခြားပေပြီ။

ဒါထက်ပို၍ ထူးခြားသည်ကား သူ့ကို မိခင်ခြေလျင်တပ်ရင်းသို့ ပြန်လည်ဆင့်ခေါ်သည့် အမိန့်စာရောက်နေခြင်းပင် ဖြစ်၏။ ချက်ချင်း လာရောက်ရန် ဆင့်ခေါ်လိုက်ခြင်းပင်။

"ဤညွှန်ကြားချက်ရလျှင်ရခြင်း သင်သည် မိခင်





ဇနီး လူစီ နှင့် သားငယ် မန်းဖရက် တို့ အပေါ် သံယောဇဉ်ကြီး သည့် ရွှမ်းမဲလ်



အရာရှိငယ်ဘဝက ရှမ်းမဲလ်



တပ်ရင်းဖြစ်သည့် အမှတ် (၁၂၄) ခြေလျင်တပ်ရင်းသို့ အမြန်ဆုံးပြန်လည်သတင်းပို့ရန်''

ရှမ်းမဲလ်သည် ချက်ချင်းပင် ဝိန်းကာဘင်မြို့ရှိ မိခင်တပ်ရင်းသို့ ပြန်ခဲ့၏။ ရောက်ရှိသတင်းပို့သည်နှင့် သတင်းထူးကြီးက သူ့ကိုစောင့်ကြိုနေပေပြီ။

စစ်ဖြစ်ပြီတဲ့။ ဂျာမနီက ရုရှားနှင့် ပြင်သစ်ကို စစ်ကြေညာလိုက်လေပြီ။

နောက်တစ်နေ့၌ စစ်ထွက်ရန် တပ်ရင်းတစ်ရင်းလုံး စစ်ထွက်ဝတ်စုံအပြည့်ဖြင့် တန်းစီကြရ၏။ တပ်ရင်းမှူးက စစ်သည်အားလုံးသို့ စစ်ထွက်မိန့်ခွန်းမြွက်ကြား လေသည်။ တပ်ရင်းမှူး၏ မိန့်ခွန်းအဆုံး၌ စစ်သွေးစစ်မာန်ပြည့်ဝနေသော ဂျာမန်လူငယ်စစ်သည်များ၏ တိုက်ပွဲအတွက် ကြွေးကြော်သံက အထက်ဘဝဂ်မိုးယံအထိ ပဲ့တင်ထပ်မျှ ဆူညံမြည်ဟိန်းသွားခဲ့လေသည်။

ဤသို့ဖြင့် ပထမကမ္ဘာစစ်ကြီးစဖြစ်သည့်နေ့မှာပင် ရှမ်းမဲလ်သည် စစ်မြေပြင်သို့ ချီတက်ခဲ့ရလေသည်။

❖

## အခန်း ( ၃ )

## ပထမကမ္ဘာစစ်အတွင်းက ရှမ်းမဲလ်၏တိုက်ပွဲအတွေ့အကြုံများ

**ပထမဆုံးအကြိမ်ရန်သူနှင့်တွေ့ဆုံခြင်း**

၁၉၁၄ ခုနှစ် ဩဂုတ်လ ၁၂ ရက် အရုဏ်ကျင်းသင်းစအချိန် နံနက် ငါးနာရီခန့်တွင် ရှမ်းမဲလ်သည် ပထမဆုံးအကြိမ် ရန်သူပြင်သစ်များနှင့် တွေ့ဆုံတိုက်ပွဲဖြစ်လေသည်။

လောင်ဝီမြို့ကလေးအနီးက ဘလိဒ်ရွာကလေး

မြရတနာစာပေ

တွင် ပြင်သစ်များနှင့် ပထမဆုံးအကြိမ် စတင်ထိတွေ့ရခြင်း ဖြစ်၏။ ရှမ်းမဲလ်သည် ထိုနေ့က သူ၏တပ်စုနှင့်အတူ တိုက်ကင်း **Fighting Patrol** တာဝန်ထမ်းဆောင်ရင်း နံနက်ဝေလီဝေလင်း အချိန်၌ ရွာတွင်းတွင် ရန်သူပြင်သစ် များကို ခပ်လှမ်းလှမ်းမှ စမြင်ရ၏။

ရန်သူများက သေနတ်များ ပစ်ဖောက်နေကြ၏။

ရှမ်းမဲလ်က အခြေအနေပိုသေချာအောင် သူ၏ တပ်စုကို ထားခဲ့ပြီး တပ်ကြပ်တစ်ဦး စစ်သည်နှစ်ဦး ပေါင်းသုံးဦးကို ခေါ်ဆောင်၍ ရွာကို တိတ်တဆိတ် ချဉ်း ကပ်ကာ ရန်သူ့အခြေအနေကို ထောက်လှမ်းလေသည်။ ထိုအချိန်က ရာသီဥတုမှာ နှင်းမြူများ ကျနေချိန်ဖြစ်၏။

ရွာခြံစည်းရိုးကိုကျော်ပြီး ရွာလယ်လူသွားလမ်းပေါ် ၌ ရန်သူ ၁၅ ယောက် ၂၀ ခန့်သည် မိုးတိုးမတ်တတ် ရပ်လျက်ရှိနေကြသည်။ လက်နက်ငယ်တစ်ကမ်းသို့ ရှမ်းမဲလ်တို့ ရောက်သွားကြသည်။

ရန်သူ အစုလိုက်အပြုံလိုက်ကို ရှမ်းမဲလ် ပထမဆုံး အကြိမ် တွေ့ရပေပြီ။ ရှမ်းမဲလ်အနေဖြင့် မိမိထက် လေး, ငါးဆ သာသည့် ရန်သူကို တိုက်မည်လော သို့မဟုတ်





မိမိတစ်စုကို ပြန်ခေါ်မည်လော။ ချက်ချင်းလက်ငင်း ဆုံး ဖြတ်ရမည့်အခြေအနေဖြစ်၏။ ရှမ်းမဲလ်ကား ပါရမီရှင် စစ်သားဖြစ်၏။ ထို့ကြောင့် **Surprise** ခေါ် အငိုက်ဖမ်း နိုင်ခြင်း၏တန်ဖိုးကို သိမြင်ပြီး ချက်ချင်းပင် ထိုလမ်းပေါ်ရှိ ရန်သူများကို သူ့ပါလာသည့် သူသုံးဦးနှင့်ပင် အတင်း ဝင်ရောက်ပစ်ခတ်တိုက်ခိုက်လေတော့သည်။

ရန်သူများအငိုက်မိသွားပြီး အတုံးအရုံးကျဆုံးကြ တော့၏။ သေနတ်သံများကြားသဖြင့် နောက်တွင် ကျန်ရစ် သည့် သူ့တပ်စုကလည်း အပြေးအလွှား ရောက်လာလေ သည်။ ကောက်ရိုးထုံးများကို အကာအကွယ်ယူကာ ရွာတွင်းရှိ ရန်သူအားလုံးကို ရှင်းလင်းလိုက်နိုင်၏။

ရှမ်းမဲလ်သည် ပထမဆုံးတိုက်ပွဲကို အငိုက်ဖမ်း ခြင်း နည်းဗျူဟာကျင့်သုံးပြီး လုံးဝအောင်ပွဲဆင်လိုက် နိုင် ၏။ နောင်တွင် သူ တပ်မှူးကြီးဖြစ်လာသောအခါ သူသည် စစ်မြေပြင်၌ မကြာခဏ ရန်သူကို အငိုက်ဖမ်းကာ တိုက် နိုင်ခဲ့လေသည်။

ဤကား ရှမ်းမဲလ်၏ အရာရှိငယ်ဘဝတွင် ပထမ ဆုံး တိုက်ပွဲပါတည်း။

**ပထမအကြိမ်စွမ်းရည်တံဆိပ်ရရှိခြင်း**

ဘလိဒ်ရှာတိုက်ပွဲကြောင့် ဒုဗိုလ်ရှမ်းမဲလ်အား တပ်ရင်းမှူးက များစွာ အားရကျေနပ်သွား၏။

တစ်လခန့်အကြာ စက်တင်ဘာလအတွင်း၌ ဒုဗိုလ်ရှန်းမဲလ်သည် သူတစ်ဦးတည်း မြေအခြေအနေကြည့်ရင်း ရန်သူပြင်သစ်သုံးဦးနှင့် မမျှော်လင့်ဘဲ ရင်ဆိုင်တိုး၍ သူပစ်ကိုယ်ပစ် ပစ်ကြရာ သူ့ပေါင်တွင် ဒဏ်ရာရရှိ ခဲ့လေသည်။ ကံကောင်း၍ အသက်မသေခဲ့။ သို့ရာတွင် ဆေးရုံသို့ တင်ပို့လိုက်ရ၏။

သူ၏စွန့်စားမှုများကြောင့် တပ်ရင်းမှူးက ရှမ်းမဲလ်အား ဂျာမန်တပ်မတော်၏ စွမ်းရည်ဘွဲ့တံဆိပ် **Iron Cross** တတိယတန်းကို တင်ပေးခဲ့လေသည်။ စွမ်းရည်ဘွဲ့တင်ထားဆဲမှာပင် ရှမ်းမဲလ် ဆေးရုံက ဆင်းလာ၏။ ဆေးရုံတွင် သုံးလကြာခဲ့၏။

ရှမ်းမဲလ် တပ်ပြန်ရောက်ပြီး မကြာမီမှာပင် တာဝန်တစ်ခုပေးခံရ၏။ အာဂွန်းစစ်မျက်နှာရှိ ရန်သူတပ်ရင်းတစ်ရင်း အခြေပြုနေသည့် **Outpost** တပ်စခန်းတစ်ခုအား စီးနင်းတိုက်ခိုက်ရန် ဖြစ်လေသည်။





ရှမ်းမဲလ်သည် လက်ရွေးစင်တပ်စုတစ်စုဖြင့် ရန်သူ့တပ်စခန်းအား ချဉ်းကပ်၍ စခန်းအရံအတား သံဆူးကြိုးများကို လျှို့အတွင်းဆင်းကာ ဖြတ်တောက်ပြီး ရန်သူ့နောက်အဦးများထိ တွားတက်၍ အငိုက်ဖမ်းကာ တိုက်ခိုက်တော့သည်။ အငိုက်ခံလိုက်ရ၍ ရန်သူ့တပ်ရင်းတစ်ရင်းလုံး ကစဉ့်ကလျားဖြစ်သွားပြီး အကျအဆုံး များစွာနှင့် တပ်ပျက်သွားတော့၏။ ရန်သူက တန်ပြန်တိုက်စစ်ဆင်နိုင်မီမှာပင် ရှမ်းမဲလ်သည် ရသမျှလက်နက် ပစ္စည်းများကို သိမ်းဆည်းယူငင်ကာ လျင်မြန်စွာ ခွာစစ်ဆင်ခဲ့တော့၏။

တိုက်ပွဲတွင် ရှမ်းမဲလ်၏ဘက်မှ အနည်းငယ်သာကျဆုံးခဲ့သည်။ ကျဆုံးသူများ၏အလောင်းကို အပါယူကာ မိမိတပ်စခန်းသို့ အရောက် ဆုတ်ခွာနိုင်ခဲ့သည်။ ဤတိုက်ပွဲတွင် ရှမ်းမဲလ်၏ အခြေအနေကို သုံးသပ်နိုင်မှုရှိသော အခွင့်အရေးအား အမြတ်ထုတ်တိုက်ခိုက်နိုင်မှု အသက်အန္တရာယ်နှင့် ရင်ဆိုင်ရသော်လည်း ထိတ်လန့်တုန်လှုပ်ခြင်း ကင်းမှုတို့ကို ပြသနိုင်ခဲ့၏။ ထိုတိုက်ပွဲတွင် ရှမ်းမဲလ်ကိုယ်တိုင်လည်း ပေါင်တွင် ထပ်မံ ဒဏ်ရာရရှိခဲ့လေ

သည်။

ဤစွန့်လွှတ်စွန့်စားမှုများကြောင့် **Iron Cross** ပထမဆင့် သူရဲကောင်းဘွဲ့ကို ရွမ်းမဲလ် ချီးမြှင့်ခြင်း ခံရလေသည်။ များမကြာမီ ဒုဗိုလ်အဆင့်မှ ဗိုလ်အဆင့်သို့ တိုးမြှင့်ရှိသည်။

**ရွမ်းမဲလ်တပ်ပြောင်းရွှေ့ရခြင်း**

ရွမ်းမဲလ်တွင် အသက်ကို ပဓာနမထားဘဲ စစ်ပွဲအောင်မြင်ရေးသည်သာ အဓိကဟု စွဲမှတ်ယူထားသည့် စိတ်ဓာတ်ရှိကြောင်း ထင်ရှားလာခဲ့ပြီ။ စွန့်လွှတ်စွန့်စားရန် လုံးဝဝန်မလေးသူတစ်ဦးဖြစ်သကဲ့သို့ စွမ်းပကား ရှိသမျှအားလုံး ထုတ်ပြီး တိုက်တတ်သူလည်း ဖြစ်သည်။ သို့အတွက်ကြောင့် ရွမ်းမဲလ်ကို အသစ်စက်စက် ဖွဲ့စည်းလိုက်သည့် တောင်ပေါ်တပ်ရင်းတစ်ရင်းဖြစ်သည့် **Mountain Battalion -W.G.B** သို့ ပို့ဆောင် တာဝန်ပေးလိုက်ကြတော့သည်။

ရွမ်းမဲလ်ရောက်ရှိသွားသည့် တောင်ပေါ်တပ်ရင်းဖွဲ့စည်းပုံမှာ သာမန်တပ်ရင်းနှင့် မတူပေ။ ရိုင်ဖယ်တပ်ခွဲ





ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်



ရွှမ်းမဲလ်၏ဇနီး ဇရော ရွှမ်းမဲလ်



ခြောက်ခွဲ၊ စက်သေနတ်ကြီးကိုင် တပ်စုခြောက်စုဖြင့် ဖွဲ့စည်းထားသော တပ်ရင်းဖြစ်သည့်အတိုင်း သာမန်တပ်ရင်းတစ်ရင်းထက် လူအင်အား၊ လက်နက်အင်အား ပိုမိုများပြားသည်။ အဆိုပါတပ်ရင်းသည် သမရိုးကျတာဝန်များကို ထမ်းဆောင်ရန်မဟုတ်။ အလုံးအရင်းနှင့် စစ်ဆင်လေ့မရှိဘဲ တိုက်ပွဲတွင် တပ်ခွဲလိုက် သို့မဟုတ် လိုအပ်ပါက တပ်စုသုံးလေးငါးစုအထိ တပ်စုများ ခွဲပြီး တိုက်ခိုက်လေ့ရှိသည်။ တပ်စုများ ခွဲခြားခြင်းသည် ရင်ဆိုင်ရသည့် ရန်သူ့အခြေအနေပေါ်တွင် မူတည်လေ့ရှိသည်။

တိုက်ပွဲဝင်တပ်စုများ၏ ရည်မှန်းချက်တာဝန်မှာ တပ်စုခေါင်းဆောင်များ၏ ဦးဆောင်မှုအတိုင်း ဖြစ်သည်။ တိုက်ပွဲဝင်ရာတွင် တစ်နေ့လျှင် တစ်ကြိမ်သာ တပ်ရင်းသို့ သတင်းပို့ရသည်။ တပ်စုခေါင်းဆောင်များအနေနှင့် မိမိတာဝန်ယူရသော တပ်စုများကို လွတ်လပ်စွာ အုပ်ချုပ်နိုင်ပြီး တိုက်ပွဲတွင် မိမိကိုယ်ပိုင်ထိုးထွင်းဉာဏ်ဖြင့် စိတ်ကြိုက်ဆုံးဖြတ် စစ်ကစားနိုင်ကြသည်။

အဆိုပါတောင်ပေါ်တပ်ရင်းသည် တောင်ပေါ်စစ်ဆင်နည်းများကို ဩစတြီးယားတွင် လေ့ကျင့်ခဲ့သည်။

စစ်ပွဲမစခင်ကာလကတည်းက ဗိုဂျက်(စ်)မြို့၏ အေးချမ်းသော နယ်မြေတစ်ခုတွင်လည်း တစ်နှစ်နီးပါးခန့် ပြင်းပြင်းထန်ထန် လေ့ကျင့်လာခဲ့သည့် တပ်ရင်းဖြစ်သည်။ ယခုအခါ ရှမေးနီးယားစစ်မျက်နှာတွင် တိုက်ပွဲဝင်နေရသော နာမည်ကျော်အော်လ်ပင်ကိုး တပ်မကြီးနှင့် လာရောက်ပေါင်းစည်းခဲ့ခြင်း ဖြစ်သည်။

ဗိုလ်ရွှမ်းမဲလ်သည် ရှမေးနီးယားစစ်မျက်နှာတွင် တောင်ပေါ်တပ်ရင်း၏ တိုက်ပွဲဝင်တပ်စုတစ်စုကို ကွပ်ကဲခွင့်ရရှိခဲ့သည်။ အဆိုပါတိုက်ပွဲဝင်တပ်စုများသည် ရည်မှန်းချက်တာဝန်နှင့် လိုက်လျောညီထွေစွာ ဖွဲ့စည်းထားခြင်းဖြစ်ရာ တပ်ခွဲတစ်ခွဲအင်အားမှ တပ်ရင်းတစ်ရင်း အင်အားမျှတောင့်တင်းခိုင်မာနေတတ်သည်။ ရွှမ်းမဲလ်သည် ရှမေးနီးယားနှင့် အီတလီစစ်မျက်နှာတွင် သူမတူအောင် စွမ်းစွမ်းတမံအမှုထမ်းခဲ့သည်။

ရွှမ်းမဲလ်ကျင့်သုံးသည့် နည်းဗျူဟာမှာ လူအင်အားအနည်းငယ်နှင့် ရန်သူ့စစ်ကြောင်းထဲသို့ လျှပ်တစ်ပြက်ထိုးဖောက်ဝင်ရောက်ခြင်း ဖြစ်သည်။ ရန်သူ့ စစ်ကြောင်းထဲသို့ ထိုးဖောက်သွားစဉ် လမ်းတစ်လျှောက်





တယ်လီဖုန်းလိုင်းကြိုးများ ချသွားခဲ့ပြီး ဆက်သွယ်ရေးမပြတ်အောင် စီမံလေ့ရှိသည်။

စစ်ဆင်ရေးနယ်မြေသည် မြင့်မားမတ်စောက်သောတောင်ထွတ်များ၊ တောင်ကြားများနှင့် လျှိုမြောင်များပေါများသည်။ ရွှမ်းမဲလ်သည် မြင့်မားလှသည့် တောင်ထွတ်များပေါ်တွင် မကြာခဏ တက်ရောက်နေရာယူ ခဲ့ရသည်။ ရန်သူ့နေရာယူထားသည့် တောင်ထိပ်များအထိ တက်ရောက်ပြီး တိုက်ခိုက်ခြင်းများလည်း ပြုလုပ်ခဲ့ရသည်။ တစ်ခါတစ်ရံ ကျွမ်းကျင်သော တောင်တက်သမားများပင်သက်စွန့်ဆံဖျားတက်ရသည့် တောင်ထိပ်များအထိ ဝွန့်စားစွာတက်ရောက်တိုက်ခိုက်ခဲ့ရသည်။ သွေးခဲမတတ်အေးသော ဆီးနှင်းဒဏ်ကို လည်းကောင်း၊ ချစ်ချစ်တောက်ပူနေသော နွေရာသီ၏အပူဒဏ်ကိုလည်းကောင်း အမှုထားသူ မဟုတ်။ မည်မျှကြမ်းတမ်းသည့် ရာသီဥတုတွင်ဖြစ်စေ နေ့ရောညပါ တူညီသောချီတက်နှုန်းဖြင့် ချီတက်နိုင်စွမ်းရှိခဲ့သည်။

မြေအနေအထား မှတ်သားရာတွင်လည်း မှတ်ဉာဏ် အလွန်ကောင်းသည်။ တွေ့မြင်ရသမျှ မြေအနေ

အထားကို ချက်ချင်းသုံးသပ်ဆုံးဖြတ်နိုင်သည်။ မျက်စိရှင်သည်။ အစွန်းရောက်သော ရာသီဥတု၏ဒဏ်များကို ခံနိုင်ရုံသာမက အအိပ်ပျက်ခြင်း၊ အစားပျက်ခြင်း၊ ပင်ပန်းခြင်းဒဏ်များကိုလည်း ခံနိုင်စွမ်းရည်ရှိသည်။ ရန်သူနောက်ပိုင်းသို့ ဝင်ရောက်မိလျှင် မိမိတပ်အင်အား မည်မျှနည်းပါးသည်ဖြစ်စေ တွန့်ဆုတ်ခြင်းမရှိ ချက်ချင်း တိုက်ခိုက်တတ်သည်။

၁၉၁၇ ခုနှစ် ဇန်နဝါရီလတွင် ရန်သူ့အချက်အချာတပ်စခန်းတစ်ခုဖြစ်သည့် ဂါဂတ်စတီရွာကို ရွှမ်းမဲလ်သိမ်းပိုက်ခဲ့ရသည်။ ရာသီဥတုမှာ အလွန်ကြမ်းတမ်းသောဆောင်းရာသီဖြစ်သည်။ ရွှမ်းမဲလ်သည် ရှမေးနီးယားကင်းစခန်းခံစစ်စည်းအတွင်း၌ တပ်ဖျောက်ပြီး အလစ်အငိုက်ရရှိရန် ညဆယ်နာရီအထိ စောင့်ဆိုင်းနေခဲ့သည်။ စခန်းတန်းလျားများထဲတွင် ရန်သူများ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျလောက်မည့်အချိန်တွင်မှ ရွာကို ဝင်စီးခဲ့သည်။

ရိုင်ဖယ်နှင့်စက်သေနတ်ပစ်အား တစ်ဝက်ကိုရွာထဲသို့ တရစပ်ပစ်ထားစေပြီး ကျန်အင်အားတစ်ဝက်ဖြင့်ရွာအတွင်းသို့ ဝင်ရောက်ချေမှုန်းစေခဲ့သည်။ ရွာထဲသို့

မြရတနာစာပေ



ရောက်သွားသောအခါ စစ်တန်းလျားများထဲမှ ကစဉ့်ကလျားဖြင့် ပြေးထွက်လာကြသော ရန်သူများကို အစုလိုက်အပြုံလိုက်ဖမ်းဆီးလိုက်နိုင်တော့သည်။

ဤနည်းဖြင့် အချိန်အနည်းငယ်အတွင်းတွင် ရန်သူ့စစ်သုံ့ပန်း (၄၀၀) ခန့်ကို ရွာဦးဘုရားရှိခိုးကျောင်းထဲတွင် ဘိန်းသိမ်းထားလိုက်နိုင်သည်။ ရွှမ်းမဲလ်ဘက်မှ ထိခိုက်ကျဆုံးမှုမှာ ပြောပလောက်ဖွယ် အရေအတွက် မရှိခဲ့ပေ။

၁၉၁၇ ခုနှစ် ဩဂုတ်လတွင် ရှမေးနီးယားတို့၏ မောင့်ကော(စ်)နာခံတပ်ကို ရွှမ်းမဲလ် သိမ်းပိုက်ခဲ့သည်။ မောင့်ကော(စ်)နာခံတပ်သည် အခိုင်အခံ့ဆောက်ထားသော ခံတပ်ကြီးတစ်ခု ဖြစ်သည်။

ဗိုလ်ရွှမ်းမဲလ်သည် ရန်သူ့တပ်စခန်းနှစ်ခုအကြားမှ ကိုက် ၁၅၀ ခန့်မျှသာ ကွာဝေးသောလမ်းကြောင်းအတိုင်း သူ၏တပ်ခွဲလေးခွဲကို ဦးဆောင်ကာ ရန်သူမမြင်အောင် ချီတက်သွားခဲ့သည်။ ချီတက်ရာ လမ်းတစ်လျှောက် တယ်လီဖုန်းလိုင်းများကို ချသွားခဲ့သည်။ ဦးတည်ရာဖြစ်သည့် ရန်သူ့စခန်းကုန်းပေါ်သို့ ချီတက်သွားနေစဉ် ရွှမ်းမဲလ် အိပ်ရေးပျက်ခဲ့သည်မှာ ရက်သတ္တတစ်ပတ်မျှ ရှိနေခဲ့ပြီ။

မြရတနာစာပေ

လွန်ခဲ့သော ရက်အတန်ကြာက ရရှိခဲ့သည့် လက်မောင်း ဒဏ်ရာမှာလည်း မခံမရပ်နိုင်အောင် နာကျင်လျက် ရှိနေခဲ့သည်။ သို့သော် မောင့်ကော(စ်) နာခံတပ်ကို ရွမ်းမဲလ် မရ,ရအောင် သိမ်းပိုက်နိုင်ခဲ့သည်သာ ဖြစ်ပါ၏။

**ဒုတိယအကြိမ်စွမ်းရည်ဘွဲ့ ရရှိပြန်ခြင်း**

ရွမ်းမဲလ်သည် ပထမအကြိမ် **Iron Cross** ဆု တံဆိပ်ရရှိပြီး သိပ်မကြာမြင့်မီမှာပင် ဗိုလ်ချုပ်ကြီးများ အဆင့်ကိုသာ ချီးမြှင့်သည့် ပိုလာမဲရစ် **Pourle Merite** ဆုတံဆိပ်ကြီးကို ရရှိပြန်လေသည်။

ထိုစွမ်းရည်ဘွဲ့ကြီးကို ရရှိပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

ဂျာမန်တို့၏ မဟာမိတ် ဩစတြီးယားများသည် အီတလီတပ်များနှင့် ရင်ဆိုင်တိုက်ပွဲဝင်လျက်ရှိရာ အရေးနိမ့်နေ၏။ နေရာမှာအိုင်ဇိုနိုတောင်ကြားဒေသတွင် ဖြစ်၏။ ဩစတြီးယားတို့က ဂျာမန်တို့ထံ စစ်ကူ တောင်းခံလေသည်။ ထိုဒေသမှာ စစ်ရေးအရ အချက်အချာဒေသ ဖြစ်သဖြင့် ဂျာမန်တို့က တပ်အင်အားထုတ်နုတ်ရန် အခက်





အခဲရှိသည့်ကြားမှ တပ်မခြောက်ခုပါဝင်သော အမှတ် ၁၄ တပ်တော်ကို စေလွှတ်ကူညီလေသည်။ ထိုတပ်တော်၌ ရွမ်းမဲလ်ပါဝင်သော အထူးတောင်ပေါ်တပ်ရင်းလည်း ပါဝင်လေသည်။

ရွမ်းမဲလ်၏ တပ်ရင်းကြီးသည် ရန်သူသိမ်းထားသော မွန်တီမာဂျူတောင်ကုန်းကို သိမ်းရန်တာဝန်ကျ၏။ ထိုတောင်ကုန်းကို သိမ်းပိုက်ရန် အောလ်ပင်လိုတပ်မနှင့် အတူ ပူးတွဲတာဝန်ပေးခြင်း ခံရသည်။ စစ်ဆင်ရေး စီမံချက်အရ ရွမ်းမဲလ်တို့၏ ဂူတင်းဘတ်တောင်ပေါ်တပ်ရင်းသည် ပံ့ပိုးမှ ချီတက်သွားသည့် ဘာဘေးရီးယန်း တပ်မဟာ၏ နောက်ရံတပ်ဖြစ်၏။

ရွမ်းမဲလ်က ဘာဘေးရီးယန်းတပ်မဟာ၏ နောက်ရံတပ်အဖြစ် လိုက်ချီတက်မည့်အစား တပ်မဟာ၏ ညာတောင်ပံမှ ပန်းတက်ကာ အီတလီတပ်များကို လွတ်လပ်စွာ တိုက်ခွင့် တပ်မမှူးထံ ခွင့်တောင်းလေသည်။

ရန်သူနှင့် မိမိရှေ့ဖျားတပ်များ တိုက်ပွဲဖြစ်ပွားကြရာ ဘာဘေးရီးယန်း တပ်မဟာမှာ ရှေ့သို့ မတိုးနိုင်တော့ဘဲ ရပ်တန့်သွားတော့၏။ ရွမ်းမဲလ်က တိုက်ပွဲဖြစ်ပွားသည့်

ညမှာပင် ရန်သူ့ခံစစ်ကြောင်းအတွင်းသို့ စိမ့်ဝင်၍ ရန်သူများကို သူ၏တပ်နှင့်အတူ အရဏ်ဦးတိုက်ပွဲဆင်နွှဲခဲ့ရာ လုံ့စွပ်ထိုးတိုက်ပွဲ အနီးကပ်ဆင်နွှဲ၍ ရန်သူအား သေနတ်တစ်ချက်မှ မဖောက်ရဘဲ ချေမှုန်းလိုက်နိုင်တော့၏။

ရွမ်းမဲလ်က သူ့စစ်ကြောင်းတွင်ပါလာသည့် တပ်ခွဲတစ်ခွဲအား သိမ်းမိသည့်နေရာ၌ အခြေပြုထားရစ်ခဲ့ပြီး ကျန်တပ်ခွဲတစ်ခွဲနှင့်အတူ ရန်သူ့စစ်ကြောင်း နောက်ပိုင်းအထိ နက်ရှိုင်းစွာထိုးဖောက်ဝင်ရောက်၍ တိုက်ခိုက်တော့ရာ ရန်သူများ အငိုက်မိ အံ့အားသင့်သွားပြီး ၎င်းတို့ကို အဘက်ဘက်မှ ဂျာမန်ဝိုင်းထားပြီဟု ယူဆကာ လက်နက်ချအညံ့ခံတော့၏။

ရွမ်းမဲလ်က သူ၏တိုက်စစ်အဟုန်ကို မရပ်မနားဘဲ ရည်မှန်းချက် မွန်တီမာဂျူတောင်ကုန်းကို ဆက်လက်ချီတက်ခဲ့၏။ သူ၏တပ်ရင်းမှူးက သူ့အား နောက်ထပ်တပ်ခွဲလေးခွဲ ဖြည့်တင်းပေးခဲ့လေသည်။ ရန်သူ့နောက် ကျောရှိ အုပ်ချုပ်ထောက်ပံ့မှု ပြုလုပ်ပေးနေသည့် တပ်ဖွဲ့အား ဝိုင်းမိရာ ရန်သူတို့ အသုံးပြုနေသော စစ်ယာဉ်များနှင့် အရာရှိ ၅၀၊ အခြားအဆင့် ၂၀၀၀ ကို လက်ရဖမ်းဆီး





သဲကန္တာရအတွင်း တိုက်ပွဲဝင်နေသော ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်



တပ်မှူးကြီးများနှင့်တွေ့ဆုံနေသည့်ဂျာမန်ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်



မိတော့၏။ ဖမ်းဆီးရမိ မော်တော်ယာဉ်များကို အသုံးပြု ကာ ရည်မှန်းချက် မွန်တီမာဂျူသို့ မအိပ်မနေ ချီတက် သွားကြရာ နောက်တစ်နေ့ မိုးလင်းခါနီးတွင် ရောက်ရှိ သွားပြီး ရန်သူ့ပင်မတပ်စခန်းကို ဝိုင်းမိတော့၏။ ဤ တစ်ကြိမ်တွင်လည်း ရန်သူ အီတာလျံတို့ အငိုက်မိသွား ပြန်၏။

ပင်မတပ်စခန်းအဝိုင်းခံရသဖြင့် ရန်သူအရာရှိ ၄၃ ဦးနှင့် စစ်သည် ၁၅၀၀ တို့က အညံ့ခံပြီး သုံ့ပန်းအဖြစ် အဖမ်းခံလေသည်။ ဆက်လက်၍ မွန်တီမာဂျူတောင်ထိပ်ရှိ ရန်သူ့ဒုံးပျံစခန်းကို တစ်ရှိန်ထိုးဝင်တိုက်ပြန်ရာ ရန်သူ အရာရှိ ၁၅၀ နှင့် စစ်သည် ၉၀၀ တို့ကို အမြောက် ၈၁ လက်နှင့်အတူ ဖမ်းဆီးရမိလေတော့သည်။

ရွှမ်းမဲလ်သည် တိုက်ပွဲစတင်ချိန်မှ ပြီးဆုံးသွားချိန် အထိ နာရီ ၅၀ ကြာ မအိပ်မနေ မရပ်မနား ရည်မှန်း ချက်ကို ချီတက်ခဲ့ရာ တောင်ပေါ်ခရီးကြမ်း ၁၂ မိုင်ကို ခြေလျင်ချီတက်ခဲ့ပြီး အမြင့်ပေ ၇၀၀၀ အထိ တက်ခဲ့ရ၏။

ဤအောင်ပွဲမှာ ရွှမ်းမဲလ်၏ မအိပ်မနေ ဇွဲနဘဲနှင့် အငိုက်ဖမ်းနိုင်မှု၊ သူရသတ္တိပြောင်မြောက်မှု၊ ရဲဝံ့ စွန့်စားမှုတို့

ကြောင့်သာ ရရှိခဲ့သည့် အောင်ပွဲကြီးဖြစ်ပေသည်။

ဤတိုက်ပွဲစဉ်ကြီးတစ်ခုလုံးတွင် ရန်သူအင်အား ၉၀၀၀ ခန့်ကို လက်နက်ချ အညံ့ခံစေပြီး လက်နက်ငယ် အလက် ၉၀၀၀ နှင့်အတူ အမြောက် ၈၁ လက်ကိုပါ သိမ်းဆည်းရမိခဲ့ခြင်းကြောင့် ရွှမ်းမဲလ်အား အရာရှိကြီးများအဆင့်ကိုသာ ချီးမြှင့်သည့် ဂျာမန်တပ်မတော်၏ အမြင့်ဆုံး စွမ်းရည်ဘွဲ့ဖြစ်သည့် ပိုလာမဲရစ် **Pourle Merite** ဆုတံဆိပ်ကို ချီးမြှင့်ခဲ့ခြင်းဖြစ်ပေသည်။

ဤတိုက်ပွဲကြီး ပြီးဆုံးသောအခါ ရွှမ်းမဲလ်အား သူ့အထက်မှ ဆုလာဘ်အဖြစ် ခွင့်ရက်ရှည်ပေးလိုက်တော့၏။ ခွင့်ရ၍ အပြန်၌ သူသည် ဒန်းဇစ်မြို့တွင် ဇနီးသည်နှင့် နေထိုင်ခွင့်ရခဲ့လေသည်။ သူ့အိမ်ထောင်ကျခါစ အခြေအနေကို သိရှိသည့် လူကြီးများက ရွှမ်းမဲလ်အား စစ်မြေပြင်သို့ ပြန်လည်စေလွှတ်ခြင်းမပြုဘဲ ဂျာမန်စစ်ရုံးချုပ်၌ ဦးစီးအရာရှိတာဝန် ထမ်းဆောင်စေလေသည်။ ထိုတာဝန်ကို စစ်ကြီးပြီးဆုံးသည်အထိ ရွှမ်းမဲလ် ထမ်းဆောင်ခဲ့ရ၏။

ဤကား ရွှမ်းမဲလ်၏အရာရှိငယ်ဘဝက စွန့်စားခန်းများပါ ခင်ဗျား။





**စစ်နှစ်စုကြားကာလမှ ရွှမ်းမဲလ်**

ပထမကမ္ဘာစစ်တွင် အမေရိကန်တို့ပါဝင်လာပြီးနောက် ၁၉၁၈ ခုနှစ်တွင် ဂျာမန်တို့ လက်နက်ချအညံ့ခံခဲ့ရ၏။ ဂျာမန်စစ်တပ်ကို မဟာမိတ်တို့က အင်အားအကြီးအကျယ် လျှော့ပစ်လိုက်၏။ အသစ်ပြန်လည်ဖွဲ့စည်းစေသည်။ ရွှမ်းမဲလ်သည် တပ်တွင် အမာခံအဖြစ်ကျန်ရစ်ခဲ့၏။ ၁၉၁၉ ခုနှစ်၌ ပြည်တွင်းလုံခြုံရေးတပ်ခွဲတစ်ခွဲကို အုပ်ချုပ်ရ၏။ ၁၉၂၁ ခုနှစ်တွင် အမှတ် (၁၃) ခြေလျင်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ရရာ ၈ နှစ်တာမျှ ကြာညောင်းခဲ့၏။ ၁၉၂၉ ခုနှစ်တွင်မူ ဒရက်စ်ဒင် မြို့ရှိ ခြေလျင်စစ်ကျောင်းသို့ နည်းပြအဖြစ်ပြောင်းရွှေ့ရသည်။ ထိုစစ်ကျောင်းတွင်လည်း ၉ နှစ်တာမျှ တာဝန်ထမ်းဆောင်ရ၏။

ထိုစစ်ကျောင်းတွင် တာဝန်ထမ်းဆောင်နေစဉ် ပထမကမ္ဘာစစ်က သူ၏တိုက်ပွဲအတွေ့အကြုံများကို အခြေခံကာ ခြေလျင်တပ်များအတွက် တိုက်စစ်ဆင်နွှဲနည်း စစ်ကျမ်းကြီးတစ်စောင်ကို သူ ပြုစုထုတ်ဝေခဲ့လေသည်။ သူ့စာအုပ်ကို ၁၉၃၃ ခုနှစ်၌ အာဏာရလာသည့် ဂျာမန် ခေါင်းဆောင်ကြီး ဟစ်တလာက အထူးသဘောကျခဲ့၏။

ရွှမ်းမဲလ်သည်လည်း တဖြည်းဖြည်း ရာထူးများတိုးတက်လာခဲ့ရာ ၁၉၃၃ ခုနှစ်တွင် အမှတ် (၁၇) ခြေလျင် တပ်မဟာမှ တပ်ရင်း ၃ တပ်ရင်းမှူးတာဝန်နှင့် ဒုဗိုလ်မှူးကြီး ရာထူးကို ရရှိခဲ့၏။ ၁၉၃၅ ခုနှစ်တွင် နိုင်ငံတော်စစ်တက္ကသိုလ်သို့ နည်းပြမှူးချုပ်တာဝန်ဖြင့် ပြောင်းရွှေ့ရပြန်ရာ ဗိုလ်မှူးကြီးအဆင့်သို့ တိုးမြှင့် ရရှိခဲ့ပြန်သည်။

ထိုအချိန်မှာ ခေါင်းဆောင်ကြီး ဟစ်တလာက ဂျာမန်တပ်မတော်ကို အဖက်ဖက်မှ တိုးချဲ့နေချိန်ဖြစ်၏။ ၁၉၃၈ ခုနှစ်တွင် ဟစ်တလာ၏ ကိုယ်ရံတော်တပ်ရင်းအတွက် တပ်မှူးကြီးတစ်ဦး လစ်လပ်သွားလေသည်။ ဟစ်တလာက သူ့အနီးကပ်ထားချင်သော စစ်ရေးအတွေးအခေါ်ကောင်းပြီး လုပ်ရဲကိုင်ရဲမည့် တပ်မှူးတစ်ဦးကို ရှာဖွေခဲ့ရာ ခြေလျင်စစ်ကျမ်းကြီး ပြုစုခဲ့သည့် ရွှမ်းမဲလ်ကို နှစ်သက်သဘောကျ၍ ၁၉၃၈ ခုနှစ်၌ ရွှမ်းမဲလ်အား ခေါ်ယူခဲ့လေသည်။

ဟစ်တလာသို့ ရွှမ်းမဲလ်မှ စစ်ရေးအကြံဉာဏ်များ ပေးနိုင်ခဲ့၏။ ရွှမ်းမဲလ်၏ ရဲရင့်သော စစ်ရေး အတွေးအခေါ်နှင့် အကြံဉာဏ်များကို ခေါင်းဆောင်ကြီး ဟစ်တလာက





သဘောကျသဖြင့် ရွှမ်းမဲလ်သည်လည်း ရာထူးများ လျင်မြန်စွာ တိုးတက်ရရှိခဲ့ရာ ၁၉၄၂ ခုနှစ် သူ့အသက် ၄၉ နှစ်တွင် မြောက်အာဖရိက တိုဘရုပ်အောင်ပွဲကြောင့် **Field Marshal** စစ်သူကြီးအဆင့်သို့ ရောက်ရှိခဲ့လေသည်။

❖

# အခန်း ( ၄ )

## နာဇီဂျာမနီနှင့် ဒုတိယကမ္ဘာစစ်ကြီး

**ဂျာမနီပြည်တွင် ဟစ်တလာအာဏာရလာခြင်း**

ဒုတိယကမ္ဘာစစ်ကြီး၏ နံပါတ်တစ်တရားခံမှာ ဂျာမနီအာဏာရှင်ကြီး ဟစ်တလာပင်။ သူသည် ၁၉၃၉ က စတင်ဖြစ်ပွားခဲ့သည့် ဒုတိယကမ္ဘာစစ်ကြီးကို စတင်မီးမွှေးခဲ့သူကြီး ဖြစ်၏။

ဤတွင် ဟစ်တလာအကြောင်း အတန်အသင့် ဖော်ပြရန် လိုပေလိမ့်မည်။ သို့မှသာ ဟစ်တလာ၏ စိတ်နေသဘောထားနှင့် နောက်ပိုင်းတွင် ရှမ်းမဲလ်အား သုတ်သင်သည့်အဆင့်ထိ ဟစ်တလာ အဘယ်ကြောင့် ဆောင်ရွက်ခဲ့သည်ကို သဘောပေါက်ကြပေလိမ့်မည်။

ဟစ်တလာသည် ဩစတြီးယားနိုင်ငံသားဖြစ်၍ ပထမကမ္ဘာစစ်ကြီးအတွင်း၌ တပ်ကြပ်ကလေးအဖြစ် ပါဝင်အမှုထမ်းခဲ့သည်။ ၎င်းသည် ၁၉၂၃ ခုနှစ်တွင် ဘာဗေးရီးယန်းအစိုးရကို ဖြုတ်ချရန် ကြိုးစားသော လူဒင်ဒေါ့ဖ် ခေါင်းဆောင်သည့်အဖွဲ့၌ ပါဝင်လှုပ်ရှားခြင်းကြောင့် ထောင်ကျခဲ့သည်။

ထောင်ကျစဉ် ဟစ်တလာသည် မိန်းကမ့်ဖ် **Mein Kampf** ခေါ် ''ကျွန်ုပ်၏ ကြိုးပမ်းချက်များ'' ဟူသော စာအုပ်ကို ရေးသားခဲ့သည်။ တစ်နှစ်ခန့်ထောင်ကျပြီးနောက် ထောင်မှလွတ်လာသောအခါ နာဇီပါတီ ခေါ် အမျိုးသား ဆိုရှယ်လစ်ပါတီနှင့် အဆက်ရကာ ထိုပါတီတွင် ခေါင်းဆောင် ဖြစ်လာခဲ့သည်။

ဟစ်တလာက တတိယ ဂျာမန်နိုင်ငံကြီး ပြန်လည်





တည်ဆောက်ရန်ဟူသော ကြွေးကြော်ချက်ဖြင့် ဟောပြောစည်းရုံးလာသည်။ ၎င်း၏တတိယ ဂျာမန်နိုင်ငံကြီးတွင် ဩစတြီးယား၊ ချက်ကိုစလိုဗားကီးကားနှင့် ပိုလန်တို့ကို ပါဝင်စေရမည်ဟု ဆို၏။ ထို့ပြင် နယ်သာလန်နိုင်ငံကိုပင် အနာဂတ် ဂျာမန်နိုင်ငံတွင်း၌ ပါဝင်စေရမည်ဟု ဆိုသည်။

ဟစ်တလာသည် ဂျာမန်လူမျိုးတို့၏ ဂုဏ်သိက္ခာကို ဖော်ထုတ်လာသည်။ ပထမကမ္ဘာစစ်ကြီးတွင် ဂျာမန်စစ်တပ်သည် မရှုံးခဲ့ကြောင်း၊ စစ်ရှုံးရခြင်းသည် ပြည်တွင်းပုန်ကန်မှုကြောင့်သာလျှင် ဖြစ်ကြောင်း စသည်ဖြင့် အမျိုးသားစိတ်ကို လှုံ့ဆော်လာသည်။ ပထမကမ္ဘာစစ်ဖြစ်ပွားခြင်းကို ဂျာမန်တို့အပေါ်၌ မဟာမိတ်တို့၏သမိုင်းဆရာတို့က အပြစ်ဖို့ခြင်းမှာ မတရားဟု ကြေညာသည်။ ထို့ပြင် ဗာယ်ဆိုင်းစာချုပ်သည် ဂျာမနီပြည်အား အထူးနစ်နာစေသဖြင့် ထိုစာချုပ်ကို ဖျက်သိမ်းပစ်မည်ဟု ဟစ်တလာက နိုင်ငံသားများအား ကတိပြုလေသည်။ အမျိုးသားရေးနှင့်ပတ်သက်၍လည်း ဂျူးလူမျိုးများသည် နိုင်ငံခြားသားများ ဖြစ်၍ တတိယဂျာမန်နိုင်ငံတွင် ပါဝင်ခွင့်

မရှိစေရဟူ၍လည်း အတိအလင်း ငြင်းပယ်ဆန့်ကျင်လေသည်။

ထိုအချိန်တွင် ဂျာမန်အစိုးရမှာလည်း စစ်ဒဏ်ပိနေသော ဂျာမနီပြည်၏အခြေအနေကို တိုးတက်အောင် မဆောင်ရွက်နိုင်ခဲ့ပါ။ ဟစ်တလာက စက်မှုကုန်ထုတ်လုပ်ငန်းပိုင်ရှင်များကို ၎င်းသာ အာဏာရလျှင် လက်ရှိအစိုးရထက် ပိုမိုတိုးတက်အားပေးမည်၊ နိုင်ငံတွင်း ဆူပူမှုများကိုလည်း နှိမ်နင်းပေးမည်ဟု ကတိပြု၏။ တစ်ဖက်မှ အလုပ်သမားနှင့် ဆင်းရဲသားများကိုလည်း အလုပ်အကိုင်ရရှိရေး စီးပွားတိုးတက်ရေးအတွက် ဟစ်တလာက ဆောင်ရွက်ပေးမည်ဟု သိမ်းသွင်းစည်းရုံးလေသည်။

ဤနည်းဖြင့် ဟစ်တလာ၏ နာဇီပါတီသည် ရေ့တန်းသို့ထွက်လာနိုင်ခဲ့လေသည်။ ၁၉၃၃ ခုနှစ်တွင် သမ္မတဟင်ဒင်ဘာ့ခ်က ဟစ်တလာအား ချန်ဆယ်လာခေါ် အစိုးရအဖွဲ့၏ အကြီးအကဲရာထူးကို အပ်နှင်းလိုက်၏။ ရွေးကောက်ပွဲကိုလည်း အသစ် ပြန်လည်ကျင်းပရာ ဟစ်တလာ၏ နာဇီပါတီနှင့် ၎င်း၏မဟာမိတ်အဖွဲ့များမှပင် အမတ်အများဆုံးအရွေးခံရပြီး ဟစ်တလာအား အာဏာရှင်





အဖြစ် တင်မြှောက်၍ နိုင်ငံ၏အုပ်ချုပ်ရေး ကိစ္စအဝဝ ဆောင်ရွက်ရန် အာဏာကုန်အပ်နှင်းလိုက်ကြတော့၏။

ဟစ်တလာ၏ အာဏာရှင်စနစ်အောက်တွင် အတိုက်အခံ နိုင်ငံရေးပါတီအားလုံးကို ဖျက်သိမ်းလိုက်ပြီး ၁၉၃၃ ခုနှစ် ဇူလိုင်လတွင် နာဇီပါတီတစ်ခုတည်းသာလျှင် တရားဝင်ပါတီဖြစ်ကြောင်း ကြေညာလိုက်၏။ ဂျူးလူမျိုး စီးပွားရေးကုန်သည်များနှင့် ပညာရှင်များ၏ သပိတ်မှောက်မှုကြောင့် ဂျူးလူမျိုး အများအပြားကို နာဇီအစိုးရက ဖမ်းဆီးနှိပ်ကွပ်သတ်ဖြတ်လေသည်။

ဟစ်တလာ၏ နာဇီအစိုးရသည် ဘာသာရေး၌လည်း ပရိုတက်စတင့်နှင့် ကက်သိုလစ်ဂိုဏ်းကို ဆန့်ကျင်သည့် ရှေးဟောင်းရုပ်တုကိုးကွယ်ရေးမျိုးကို အားပေး အားမြှောက်ပြုလာ၏။ တက္ကသိုလ်များ၌လည်း ၁၉၃၅ ခုနှစ်မှစ၍ စစ်ပညာကို မသင်မနေရ ပြဋ္ဌာန်းလိုက်လေသည်။

**ဟစ်တလာနှင့် မူဆိုလီနီ**

၁၉၃၃ ခုနှစ် ဂျာမနီသည် လက်နက်ဖျက်သိမ်းရေး အစည်းအဝေးမှလည်းကောင်း၊ ကမ္ဘာ့နိုင်ငံပေါင်းချုပ် အသင်းကြီးမှလည်းကောင်း နုတ်ထွက်လိုက်လေသည်။ ၁၉၃၄ ခုနှစ်တွင် ပိုလန်နှင့် စာချုပ်လိုက်သည်။ ဗင်းနစ်မြို့တွင် ဟစ်တလာသည် မူဆိုလီနီနှင့် တွေ့ဆုံဆွေးနွေးပြီး အာဏာရှင်နိုင်ငံနှစ်ခုတို့၏ မဟာမိတ်ဖွဲ့စည်းရေးကို လမ်းစထွင်ခဲ့၏။ မဟာမိတ်အဖြစ်လည်း ဖွဲ့စည်းခဲ့လေသည်။

၁၉၃၄ ခုနှစ် ဇွန်လ၌ ဟစ်တလာသည် ၎င်း၏ နာဇီပါတီကိုပင် ပြန်လည်စိစစ် ဖွဲ့စည်းပြီး ပါတီဝင် ၇၄ ဦးကို ၎င်းအားလုပ်ကြံမှု၌ ပါဝင်သည်ဟူသော စွပ်စွဲချက်ဖြင့် သေဒဏ်ပေးလိုက်သည်။ ဟစ်တလာ၏ တန်ခိုးအာဏာသည် များစွာကြီးမားလာခဲ့လေတော့သည်။

ဟစ်တလာသည် လောဘကြီးပြီး၊ ရည်မှန်းချက်ကြီးမားသူဖြစ်၏။ ကြမ်းကြုတ်ရက်စက်သူလည်း ဖြစ်၏။ ကမ္ဘာကို စိုးမိုးရန် ကြံရွယ်သူလည်း ဖြစ်၏။

ပထမခြေလှမ်းအနေဖြင့် ဂျာမနီပြည်ပရှိ ဂျာမန်စကားပြောသူအားလုံး၏ နေရာဒေသများကို ဂျာမနီ





ပြည်တွင်းသို့ စည်းရုံးသိမ်းသွင်းရန် ကြိုးစားခဲ့၏။

ထို့ကြောင့် ၁၉၃၆ ခုနှစ်တွင် ဂျာမန်စကားပြောသော ရိုင်းလန်း **Rhine Land** နယ်ကိုလည်းကောင်း၊ ၁၉၃၈ ခုနှစ်တွင် ဩစတြီးယားနိုင်ငံနှင့် ချက်ကိုစလိုဗက်ကီးယားပြည်နယ်အချို့ကိုလည်းကောင်း၊ လက်နက်အားကိုးနှင့် သိမ်းယူခဲ့၏။ အီတလီကလည်း မူဆိုလီနီနှင့် သူ၏ ရှပ်နက်တပ်က ဖက်ဆစ်ဝါဒကို ကောင်းစွာ ထူထောင်နိုင်သောအခါ အာဖရိကတိုက်ရှိ အီသီအိုးပီးယားကို ဗြိတိသျှနှင့် ပြင်သစ်တို့ အလစ်၌ သိမ်းယူလိုက်၏။ သူတို့၏ ဝန်ရိုးတန်းမိတ်ဆွေကြီး ဂျပန်ကလည်း ၁၉၃၁ ခုနှစ်၌ မန်ချူးရီးယားကို သိမ်းယူပြီး ၁၉၃၇ ခုနှစ်တွင် တရုတ်ပြည်ကြီးကိုပါ ကျူးကျော်တိုက်ခိုက်ခဲ့လေသည်။

၁၉၃၆ ခုနှစ်တွင် စပိန်တော်လှန်ရေးဖြစ်သောအခါ ဂျာမနီနှင့် အီတလီတို့က ဗိုလ်ချုပ်ကြီးဖရန်ကိုအား ကူညီပြီး စပိန်အစိုးရကို ဖြုတ်ချခဲ့၏။ ရုရှားက စပိန်လက်ရှိအစိုးရကို ကူညီ၏။ ကျန်ဥရောပနိုင်ငံများက မသိကျိုးကျွံ ပြုနေကြသည်။ ဥရောပ၏အခြေနေမှာ ရှုပ်ထွေးလျက် ရှိပြီး စစ်ဖြစ်မည့်အလားအလာ ပေါ်ပေါက်လျက် ရှိလေသည်။

နိုင်ငံပေါင်းချုပ် အသင်းကြီးကလည်း ဘာမျှမတတ်နိုင် ဖြစ်နေ၏။

**ဒုတိယကမ္ဘာစစ်ဖြစ်ပွားခြင်း**

ဟစ်တလာ၏လက်ထက်တွင် ဂျာမနီသည် စက်မှုလက်မှုထွန်းကားပြီး အင်အား တောင့်တင်းလာ၏။ ဟစ်တလာသည် ပတ်ဝန်းကျင်နိုင်ငံများကို အမျိုးမျိုးအကြောင်းရှာ၍ သိမ်းပိုက်လျက်ရှိ၏။ စစ်တိုက်ရန် တပ်အင်အားများ အမျိုးမျိုးတိုးချဲ့ကာ ပြင်ဆင်ထား၏။ ကျန်နိုင်ငံများမှာ ဂျာမနီလို အသင့်မရှိကြချေ။ ၁၉၃၈ ခုနှစ်၌ ဟစ်တလာက ချက်ကိုစလိုဗေးကီးယား တစ်နိုင်ငံလုံး ဝင်သိမ်းသောအခါ ဗြိတိသျှနှင့် ပြင်သစ်တို့က မြူးနစ်ညီလာခံကျင်းပပြီး ဟစ်တလာနှင့် ဖေ့စပ်ဆွေးနွေး၍ ချက်ကိုစလိုဗေးကီးယားနိုင်ငံကို ဟစ်တလာ သိမ်းယူခြင်းအား အသိအမှတ်ပြုပေးကြ၏။

သို့ရာတွင် ဟစ်တလာကား ဤမျှနှင့် ရောင့်ရဲသူမဟုတ်။ ရုရှားနှင့် တိတ်တဆိတ်ဆွေးနွေးကာ ပိုလန်လမ်းကြားကို အကြောင်းပြု၍ ၁၉၃၉ ခုနှစ် စက်တင်ဘာ





၁ ရက်၌ ပိုလန်ပြည်ကို စစ်မကြေညာဘဲ ဝင်ရောက်တိုက်ခိုက်လေတော့သည်။

ထိုအခါကျမှ ဟစ်တလာအား မည်သို့မျှ အလိုလိုက်မရမှန်း သိကြပြီး ဗြိတိသျှနှင့်ပြင်သစ်တို့က ပိုလန်ဘက်မှနေပြီး ဝင်ရောက်ကူညီကာ ဂျာမနီကို စစ်ကြေညာရလေတော့သည်။ ဗြိတိသျှနှင့် ပြင်သစ်တို့က ပိုလန်နှင့် မဟာမိတ်စာချုပ်ချုပ်ဆိုထားသည့် နိုင်ငံများ ဖြစ်ကြ၏။

ပိုလန်မှစ၍ ဒုတိယကမ္ဘာစစ်မီးကြီးသည် တရားဝင်စတင်ပြီးဖြစ်ပွားလေတော့သည်။ ဗြိတိသျှနှင့် ပြင်သစ်တို့ ဂျာမနီကို စစ်ကြေညာသောနေ့ကား ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့ပင်တည်း။

ဥရောပတွင် ဒုတိယကမ္ဘာစစ်မီးကြီး တရားဝင်လောင်ကျွမ်းခဲ့လေပြီ။

ဤတွင် ထိုစဉ်က ကျွန်တော်တို့၏ အဓိကဇာတ်ဆောင်ဖိုလ်ချုပ်ကြီး ရှမ်းမဲလ်၏အနေအထားကို ပြန်လည်ကြည့်ကြပါစို့ခင်ဗျာ။

❖

# အခန်း ( ၅ )

## ရှမ်းမဲလ်နှင့် ဒုတိယကမ္ဘာစစ်

**အစကာနဦးပိုင်းကာလများ**

ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားချိန်၌ ရှမ်းမဲလ်သည် ဟစ်တလာ၏ ဂျာမန်စစ်ဌာနချုပ်၌ ဗိုလ်ချုပ်အဆင့်ဖြင့် ဟစ်တလာ၏စစ်ဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိလေသည်။ ဟစ်တလာသည် သူ၏ အကြံအစည်များကို မည်သူ့ကိုမျှ အကုန်အစင်ပြောလေ့

မြရတနာစာပေ

ပြောထမရှိပေ။ ထို့ကြောင့် စစ်ကြီးဖြစ်မည်ကိုလည်းကောင်း။ ပိုလန်ကို အလစ်အငိုက် ဂျာမန်တို့ဝင်တိုက်မည်ကိုလည်းကောင်း ရွမ်းမဲလ် မသိရှိခဲ့ပေ။

သို့ရာတွင် ရုရှား ဂျာမန်စာချုပ်အရ ပိုလန်ကို ခွဲဝေယူရန် ရုရှားနှင့် သဘောတူညီချက်ရပြီးသည်နှင့် ဟစ်တလာက ပိုလန်ကို လျှပ်တစ်ပြက် ဝင်တိုက်လေတော့သည်။ ထိုအခါမှ ရွမ်းမဲလ်သည် အခြေအနေမှန် သိရတော့၏။ ဟစ်တလာက သူ၏စစ်ဦးစီးအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးများအား တိုက်ပွဲခွင်ကို လေ့လာရန် ရှေ့တန်းသို့ စေလွှတ်လေသည်။ စက်တင်ဘာ ၁ ရက်နေ့တွင် ကျူးကျော်စစ်ဆင်နွှဲခဲ့သည့် ဂျာမန်တို့သည် တစ်လကျော်အကြာ၌ ပိုလန်တစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့လေသည်။

ပိုလန်ပြည်သိမ်းတိုက်ပွဲကို အနည်းငယ် ဖော်ပြလိုပါသည်။

တိုက်ပွဲစတင်ချိန်တွင် ဂျာမန်တို့၏အင်အားမှာ စစ်သည်တစ်သန်းခွဲမျှရှိ၏။ ပိုလန်တို့တွင်လည်း ထိုအင်အားဆတူကျော်ကျော်မျှ ရှိလေသည်။ သို့ရာတွင် ပိုလန်တို့၏ မဟာဗျူဟာမှာ ခံစစ်သက်သက်သာ ဖြစ်၏။ ဂျာမန်တို့

မြရတနာစာပေ



ား ထိုးစစ်အတွက် ကြိုတင်ပြင်ဆင်ထားသည့် တပ်စုဖွဲ့ဖြစ်ခဲ့သည်။

ဂျာမန်တို့တွင် ပန်ဇာသံချပ်ကား တပ်မ ၆ ခု၊ မော်တော်ယာဉ်တင်တပ်မ ၄ ခု ရှိသည်။ လေတပ်အနေ နှင့် နောက်ဆုံးပေါ်ခေတ်မီ တိုက်လေယာဉ်အစင်း ၁၆၀၀ ရှိသည်။ ပိုလန်တို့ဘက်၌မူကား သံချပ်ကာ တပ်မတစ်ခု၊ မော်တော်ယာဉ်တင်တပ်မတစ်ခုနှင့် တင့်ကားတပ်ရင်း အနည်းငယ်မျှသာရှိ၏။ လေယာဉ်အစီး ၁၀၀၀ နီးပါး ရှိသော်လည်း ထက်ဝက်ခန့်မှာ ခေတ်နောက်ကျနေသည့် လေယာဉ်များသာဖြစ်လေသည်။

တိုက်ပွဲစတင်ဖြစ်ပွားသည်နှင့် ဂျာမန်ဗုံးကြဲလေယာဉ်များက အသုတ်လိုက် အသုတ်လိုက် ပျံသန်းလာပြီး ပိုလန်တို့၏ မီးရထားလမ်း၊ ကားလမ်းများကို ဗုံးကြဲဖျက်ဆီးပစ်လိုက်၏။ ပိုလန်တပ်များ ရွှေ့ပြောင်းသွားလာ မရအောင် လုပ်လိုက်ခြင်းပင်။ ပိုလန်တို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေစဉ်မှာပင် ဂျာမန်စစ်ကြောင်းကြီး နှစ်ကြောင်းက တောင်မြောက်ခွဲ၍ ပိုလန်နယ်မြေကို ဝင်ရောက် တိုက်ခိုက်တော့၏။ ဂျာမန်တို့သည် **Blitz Krieg**

မြရတနာစာပေ

ဘလစ်ကရီခေါ် မိုးကြိုးမုန်တိုင်းလို လျင်မြန်ပြီး ပြင်းထန်သည့် လျှပ်တစ်ပြက် စစ်ဆင်ရေးအား ပန်ဇာ သံချပ်ကာတပ်မများ အမြန်ရွေ့လျားနိုင်သည့် မော်တော်ဆိုင်ကယ်စီးခြေလျင်တပ်ဖွဲ့များနှင့် လေကြောင်းတိုက်ခိုက်မှုများကို အသုံးပြုပြီး ကဏန်းလက်မသဏ္ဍာန် နှစ်ဖက်ညှပ်၍ ရန်သူကို ဝိုင်းပတ်ထိုးစစ်ဆင်ခဲ့လေသည်။

ပိုလန်ပြည်တွင်းသို့ ဝင်ရောက်ရာ၌ စစ်ကြောင်းကြီးတစ်ကြောင်းက အရှေ့ပရပ်ရှားကို ဖြတ်ပြီး မြောက်ဘက်မှ ဝင်တိုက်၏။ အလားတူပင် နောက်ထပ်စစ်ကြောင်းကြီးတစ်ကြောင်းက ဆိုင်လီရှားကို ဖြတ်ပြီး တောင်ဘက်မှ ဝင်ခဲ့၏။ ထိုစစ်ကြောင်းများ၌ ရှေ့ဆုံးမှ သံချပ်ကာတပ်ဖွဲ့များကမြားဦးသဏ္ဍာန် ထိုးဖောက်ဝင်ရောက် သွားပြီး ကျန်တပ်ဖွဲ့များက နောက်မှလိုက်ပါ၍ ပိုလန်တို့၏ မြို့တော်ဝါဆောနှင့် ဘရက်စ်မြို့များဆီသို့ ချီတက်သွားကြလေသည်။ ဂျာမန်တို့၏ ပန်ဇာတပ်မများက ပိုလန် ခံစစ်ကြောင်းများကို လွယ်ကူစွာ ထိုးဖောက်၍ အတွင်းသို့ နက်ရှိုင်းစွာ ဝင်ရောက်နိုင်ခဲ့လေသည်။ ရက်သတ္တတစ်ပတ်အတွင်း ဂျာမန်စစ်ကြောင်း နှစ်ခုသည် ဝါဆောမြို့တော်ကို





တောင်ဘက်နှင့်မြောက်ဘက်မှ ပိတ်၍ ဝိုင်းပင်မိပြီး ဖြစ်တော့၏။ ပိုလန်တပ်များမှာ အနောက်ဘက်သို့ ဆုတ်ခွာခဲ့ရ၏။ သို့ရာတွင် စစ်ကြောင်း နှစ်ဖက်ညှပ်ပြီး အဝိုင်းခံရ၍ ပိုလန်တပ်များ မလှုပ်နိုင် မရှားနိုင် ဖြစ်နေချိန်မှာပင် ရုရှားတပ်နီများကလည်း ပိုလန်နယ်စပ်ကိုဖြတ်ပြီး အရှေ့ဘက်မှ ဝင်ရောက်လာကြရာ အောက်တိုဘာ ၆ ရက်နေ့၌ ပိုလန်တပ်မတော်တစ်ခုလုံး လက်နက်ချလိုက်ရတော့၏။

ဗြိတိသျှစစ်ကူများကလည်း အချိန်မီ မရောက်လာခဲ့ပေ။ ပြင်သစ်တပ်များလည်း ထိုးစစ်မဆင်ခဲ့နိုင်သဖြင့် ိလန်တစ်နိုင်ငံလုံး လျှပ်တစ်ပြက် စစ်ဆင်ခဲ့သည့် ဂျာမန်နှင့် ရှားတို့အောက် ကျရောက်ခဲ့ရလေတော့သည်။

တိုက်ပွဲကာလတစ်လကျော်အတွင်း ပိုလန် တစ်နိုင်ငံလုံး ကျဆုံးသွားသည်ကို တစ်ကမ္ဘာလုံးက အံ့သြကြ၏။

ဂျာမန်တပ်များ ပိုလန်ကို ဝင်တိုက်သည်နှင့် ာစ်တလာက ရွှမ်းမဲလ်အား

"ကဲ ... ဒို့ဂျာမန်တပ်တွေ ပိုလန်ကိုဝင်တိုက်ပြီ။ ဒါဒီတော့ မင်းက ဝါ့ဘေးမှာနေတဲ့သူ။ ရှေ့တန်း စစ်မြေပြင်

သွားပြီး မင်းလေ့လာပါ။ တွေ့တာမြင်တာတွေ မှတ်သား လာပြီး ငါ့ပြန်ပြောကွာ။ လေ့လာရေးပေါ့''

ဟုဆိုကာ ပြောတော့သည်။

ရွှမ်းမဲလ်ကလည်း မဆိုင်းမတွပင် ရှေ့တန်း စစ်မြေပြင်သို့ လှည့်လည်ကြည့်ရှုခဲ့၏။

စက်တင်ဘာ ၂ ရက်တွင် ဘရာဇိုသို့လည်း ကောင်း၊ ၁၀ ရက်နေ့တွင် ကီအယ်လ်ဝီသို့လည်းကောင်း၊ ၁၃ ရက်နေ့တွင် လော့ဒ်ဇ်သို့လည်းကောင်း၊ အောက်တို ဘာ ၅ ရက်နေ့တွင် ပိုလန်မြို့တော် ဝါဆောသို့လည်း ကောင်း လှည့်လည်လေ့လာကြည့်ရှု မှတ်သားခဲ့ပြီး ဘာလင်သို့ ပြန်လည်ရောက်ရှိလေတော့၏။ ထိုရက်များ၌ ဂျာမန်ပန်ဇာတပ်များ၏ လှုပ်ရှားမှုများနှင့် စွမ်းဆောင်မှုများ ကို အထူးတလည် မှတ်သားခဲ့လေသည်။

သူ ဘာလင်ပြန်ရောက်သောအခါ ခေါင်းဆောင် ကြီး ဟစ်တလာက

''ကဲ ... ဘယ်လိုသဘောရလဲ။ မင်းရော ဘာအကြံပြုမလဲ၊ ဘာလုပ်ချင်လဲ'' ဟု မေးတော့၏။

စစ်ကျမ်းတစ်စောင်ပြုစုခဲ့ပြီး စစ်ကျောင်းနည်းပြ

မြရတနာစာပေ



ဆရာကြီးလုပ်ခဲ့သူ ရွှမ်းမဲလ်သည် ယခုလက်တွေ့တိုက်ပွဲ ခွင်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရာ အလွန်အားကျ၍ ရှေ့တန်းသွားပြီး စစ်တိုက်ရန် အလွန်စိတ်အားသန်လျက် ရှိ၏။ ထို့ကြောင့်

''ဘာမှအကြံပြုစရာမရှိပါဘူး။ ကျွန်တော်တို့တပ် တွေ တိုက်ပွဲဝင်တာ အံ့မခန်းပါပဲ။ ခေါင်းဆောင်ကြီး ခွင့်ပြုရင် ကျွန်တော်လည်း ပန်ဇာတပ်မတစ်ခုကို ကွပ်ကဲပြီး တိုက်ပွဲဝင်ချင်ပါတယ်''

ဟု ရဲဝံ့စွာဖြေကြားလေသည်။

ဟစ်တလာက အလွန်သဘောကျသွားပြီး

''ကောင်းပြီလေ။ မင်းလိုတာပြင်ထား။ မင်းကို ပန်ဇာတပ်မတစ်ခုပေးဖို့ ငါ စီစဉ်မယ်''

ဟုဆိုကာ သူ့တောင်းဆိုချက်ကို ချက်ချင်းလိုက် လျောခဲ့လေသည်။

**ပန်ဇာတပ်မမှူးရွှမ်းမဲလ်**

ဟစ်တလာသည် သူ၏ကတိအတိုင်း ရွှမ်းမဲလ်ကို ပန်ဇာတပ်မမှူးခန့်လိုက်၏။

မြရတနာစာပေ

၁၉၄၁ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ရွှမ်းမဲလ်သည် အမှတ် (၇) ပန်ဇာတပ်မမှူးတာဝန် အား ဗိုလ်ချုပ်စတွမ်းထံမှ ရိုင်းမြစ်ပေါ်ရှိ ရုတ်စ်ဘတ်မြို့တွင် လွှဲပြောင်းလက်ခံရလေသည်။

တပ်မကို မွမ်းမံသင်တန်း ၂ လပေးပြီး တပ်မမှူး အသစ်နှင့် တပ်မတစ်ခုလုံးရှိ အရာရှိအရာခံ အကြပ် တပ်သားများ စတင်ရင်းနှီးစမှာပင် ရွှမ်းမဲလ်၏ တပ်မအား ဘယ်လ်ဂျီယံသို့ ချီတက်ရန် အမိန့်ပေးခံရတော့၏။

မေလ ၁၀ ရက်နေ့မှ တပ်မသည် လိဂ်မြို့တောင် ဘက် မိုင် ၃၀ လောက်မှ ဘဲလ်ဂျီယံနယ်မြေထဲသို့ ဖြတ်ကျော်၏။ မေလ ၁၃ ရက်နေ့တွင် မြူစ်မြစ်ကို ဖြတ်ကူးရန် လမ်းထွင်ရမည်ဖြစ်သဖြင့် ပထမဆုံး အခက် ကြုံ ရလေသည်။ ဘဲလ်ဂျီယံတို့သည် ဂျာမန်တို့အား အိမ်များထဲမှလည်းကောင်း၊ သူရဲခိုများထဲမှလည်းကောင်း အပြင်းအထန် ခုခံတိုက်ခိုက်ကြ၏။ အိမ်များကို ခုခံ တိုက်နိုင်အောင် အခိုင်အမာ ကတုတ်ရင်တားများ ပြုလုပ် ထား၏။ အခိုင်အမာစွဲထားသည့် စခန်းများတွင် တင့်ကား ပစ်အမြောက်များ ထားရှိကြ၏။ အမြောက်များကလည်း





အကြီး အကျယ်ပစ်ကာ ကာကွယ်ပေးကြ၏။ ဤမျှသဲမဲ ပြင်းထန်စွာ ပစ်ခတ်ခုခံနေသည့်အကြားမှာ မြစ်ကိုဖြတ်၍ ဘံတားတစ်ခု ထိုးရမည်ဖြစ်ရာ သစ်တုံးများ အသယ်အရွှေ့ လုပ်သည်ကို ကူညီရင်း ရွှန်းမဲလ်ကိုယ်တိုင် ခါးတစ်ပိုင်း မြုပ်အောင် ရေထဲဆင်းနေသည်ကို တွေ့ရ၏။ ''မင်းတို့ကို ဒါကူပေးမယ်''ဆိုကာ အလုပ်ပြီးဖို့ သေချာ စိတ်ချရသည် အထိ တပ်သားများနှင့် မခွာချေ။ စင်စစ် တပ်မမှူးများ သည် ရှေ့တန်း၌ ကိုယ်တိုင်အလုပ်ရှုပ် နေစရာ မလို။ သို့သော် ယခုလို တပ်မမှူးကိုယ်တိုင် ဝင်ရောက်လုပ်ကိုင် သည့် သတင်းမှာ တပ်မတစ်ခုလုံး တစ်မုဟုတ်ခြင်း ပျံ့နှံ့ သွားလေသည်။ ရွှန်းမဲလ်သည် သူကိုယ်တိုင်မလုပ်ချင်သည့် အလုပ်မျိုးကို တပ်သားများအား မခိုင်းတတ်ဖူးဆိုသည့် ဂုဏ်သတင်းသည်လည်း ထွက်ပေါ်လာပြန်လေသည်။ ညနေစောင်းတွင် ပြင်သစ်တို့က တင့်ကားများ၊ ခြေလျင် တပ်များနှင့် တုံ့ပြန်တိုက်ခိုက်ကြ၏။ သို့သော် ၎င်းတိုက်ခိုက် မှုကို တွန်းလှန်ပစ်လိုက်သည့်ပြင် နေဝင်မိုးချုပ်သည်နှင့် ရွှန်းမဲလ်ကိုယ်တိုင်လိုက်ပါသည့် တင့်ကားက ခေါင်းဆောင် လျက် တင့်ကား ပထမအသုတ်သည် မြူစ်မြစ်ကိုဖြတ်ကျော်

မိပြီဖြစ်လေသည်။

နောက်နေ့တွင် ရွှန်းမဲလ်ကံကောင်း၍ မသေဖြစ်ရသည်။ သူသည် သူ့တင့်ကားကို သဲတောထဲ မောင်းသွင်းလိုက်မိရာ ရန်သူမှ တင့်ကားပစ်အမြောက်များဖြင့် အပြင်းအထန်ပစ်ခတ်ခြင်း ခံရလေသည်။ တင့်ကားထိမှန်ပျက်ယွင်းသွားကာ ရွှန်းမဲလ်၏မျက်နှာတွင်လည်း ထိမှန်လေသည်။ ပြင်သစ်တပ်များလည်း သူ့ကို လက်ရဖမ်းဆီးဖို့လာနေကြစဉ် အမှတ် (၂၅) ပန်ဇာတပ်မဟာကို ဦးစီးသော ဗိုလ်မှူးကြီးရောသင်ဘတ်က သူ့တင့်ကားနှင့် အတင်းဝင်၍ကယ်သွားရလေသည်။

မေလ ၁၅ ရက်နေ့တွင် ပန်ဇာတပ်မ (၇) သည် ညာဘက်စွန်းရှိ ပန်ဇာတပ်မ (၅) ထက် ရှေ့သို့ ရောက်နေလေသည်။ ညဉ့်တွင်းချင်း ရွှန်းမဲလ်သည် ရှေ့မှချီတက်ရင်း ပစ်ကူပေးနေသည့် ပြင်သစ်အမြောက် တပ်ခွဲတစ်ခုကို ဖမ်းဆီးရမိလိုက်၏။

နောက်နေ့ညဉ့်တွင် တပ်မသည် ကလဲယားဖေး၏ အနောက်ဘက်ရှိ ခံတပ်များ ဆောက်ထားသည့် နယ်အတွင်းက မက်ဂျီနိုခံတပ်ဆက်ကြောင်းကို ချိုးဖောက်





ဖြတ်ကျော်မိလေသည်။ ခံတပ်နောက်ပိုင်းရှိ မြေပြင်ပစ်အမြောက်စခန်းများ၊ တင့်ကားပစ်အမြောက်စခန်းများကိုမူ အမြောက်ဆန် မီးရှူးစေလျက်တစ်မျိုး၊ မှိုင်းအတုများဖြင့် တစ်ဖုံ နှိပ်ကွပ်စေလိုက်သည်။ ဘေးတစ်ဖက်တစ်ချက်ရှိ ရွာများကိုလည်း ထိုနည်းအတူ ပြောင်တလင်း ဖြစ်စေလိုက်၏။ ညဉ့် ၁၁ နာရီအချိန် လရောင်အောက်တွင် မော်တော်ဆိုင်ကယ် တပ်ရင်းနှင့် တင့်ကားများ ရှေ့ဆောင်လျက် တိုက်စစ်ဆင်စေသည်။ တပ်မ၏ပင်မတပ်များ ထက်ကြပ်လိုက်သွား၏။ အထက်အာဏာပိုင်များက တင့်ကားများ သွားနေရင်း အမြောက်မပစ်ရဟု အမိန့်ပေးထား၏။ ရွှန်းမဲလ်သည် ၎င်းအမိန့်ကို မနာခံဘဲ သူ၏ တင့်ကားတပ်များအား ပစ်ခတ်စေ၏။ ထိုသို့သော အခြေအနေမျိုးတွင် ချိန်သားမတည့်ခြင်း အမြောက်ဆန်ကုန်ခြင်းထက် တပ်သားများ၏ စိတ်ဓာတ်တက်ကြွဖို့က ပိုမိုအရေးကြီးသည်။ စိတ်ဓာတ်ကျသွားလျှင် ခဲယမ်းများ ချွေတာစုဆောင်း၍ သက်သာသည်နှင့် မကာမိနိုင်ဟု ဆို၍ ပစ်ခတ်စေ၏။ "ရေတပ်လို ဘယ်ရော ညာရော ပြိုပြိုပစ်ကြ" ဟု အမိန့်ပေးထား၏။ ညဉ့်သန်းခေါင်ယံ အဗက်စ်နိစ်ကို

ထိုးဖောက်မိပြီး ထွက်လာချိန်တွင် အဗက်စ်နိစ်မြို့မှာ ပြင်သစ်တို့လက်ထဲ၌ပင် ရှိသေး၍ ပြင်သစ်တင့်ကားများက အရပ်လေးမျက်နှာကို အရမ်းပစ်ခတ်ဆဲ လမ်းမတိုက်ပွဲများ အပြင်းအထန်တိုက်ဆဲဖြစ်၏။ ဂျာမန်တင့်ကားများကမူ ချီတက်နေရင်း ဘေးနှစ်ဖက်ရှိ ပြင်သစ်အမြောက်စခန်းများကို ပစ်ခတ်ကာ ထွက်လာခဲ့ကြ၏။ ပြင်သစ်ယန္တရားတပ်မတစ်ခုမှာ စစ်ပြေးဒုက္ခသည်များ ပြည့်ကြပ်နေသည့် လမ်းမတစ်လျှောက် အနောက်ဘက်သို့ ဆုတ်ပြေးနေ၏။ ပြင်သစ်တင့်ကားများကမူ ၎င်းလမ်းမဘေးတစ်လျှောက်တွင် အသင့်စောင့်နေကြ၏။ သို့သော်တင့်ကားများနှင့် ယန္တရားတပ်မများ တိုက်ပွဲမဝင်နိုင်မီ ရွန်းမဲလ်၏ တပ်ကစီးမိပြီးဖြစ်ချေပြီ။ ထိုညဦးမှာပင် အဗက်စ်နိစ်ကို ဖြတ်၍ တင့်ကားများနောက်မှ အမြောက်တပ်ရင်း တစ်ရင်းက လိုက်ပါလာ၍ ပြင်သစ်တင့်ကား လေးဆယ့်ရှစ်စင်းကို အရာမယွင်းဘဲ ဖမ်းဆီးမိလေသည်။ ပြင်သစ်ခြေလျင်တပ်မှာ လက်နက်များ စွန့်ပစ်ကာ ထွက်ပြေးကြ၏။ သူတို့ကြောင့် မိုးပြိုသည့်အလား အလန့်တကြားဖြစ်ကုန်၏။ သူတို့သာ စုပေါင်းခုခံမည်ဆိုလျှင် ဂျာမန်တို့အဖို့ အခက်





ကြုံရမည်။ ဂျာမန်တို့၏ တင့်ကားများ၊ မော်တော်ဆိုင်ကယ်များတွင် တပ်ဆင်ထားသော အမြောက်များမှာ အဗက်စ်နိစ်မြို့တွင် ပြင်သစ်တင့်ကားတို့၏ ထူထပ်သော သံကိုယ်ထည်ကို မထွင်းဖောက်နိုင်ချေ။

အဗက်စ်နိစ်အလွန် ရွာတစ်ရွာမှာ ရွမ်းမဲလ်သည် သူ့တင့်ကားဘေးတွင် ရပ်နေရာ ပြင်သစ်မကြီးတစ်ယောက်က ရွမ်းမဲလ်၏ လက်မောင်းကို ပုတ်ကာ "အင်္ဂလိပ်တွေလား" ဟု ကပ်ပြီးမေးလေသည်။ ရွမ်းမဲလ်က "မဟုတ်ဘူးအဒေါ်။ ကျုပ်တို့ဟာ ဂျာမန်တွေ" ဟု ပြင်သစ်စကားနှင့် ပြန်ပြောရုံရှိသေး "အလိုလေး လူရိုင်းတွေပါကလား" ဟု အော်ကာ ထိုမိန်းမကြီးသည် ဂါဝန်ကို ခေါင်းပေါ်တင်၍ အိမ်ထဲဝင်ပြေးလေသည်။ ရွမ်းမဲလ်က ပြုံးလိုက်လေသည်။

ဤအတွင်းအဆက်အသွယ်အားလုံး ပြတ်ကုန်၏။ ခြေလျင်တပ်ပေါင်းပင်လျှင် ခံစစ်ကြောင်း ပေါက်သွားပြီဖြစ်ကြောင်း မသိလိုက်ချေ။ သို့စေကာမူ ရွန်းမဲလ်သည် သူ့တာဝန်သူယူ၍ ဆန်းဘားမြစ်ကို ရောက်အောင် တပ်မတစ်ခုလုံး အနောက်ဘက်သို့ ချီတက်တိုက်ခိုက်ဖို့ရာ သန္နိဋ္ဌာန် ချလိုက်လေသည်။ ဆန်းဘားမြစ်ရောက်မှ

တံတားဦးထိုးကာ လမ်းဖွင့်ထားရန် ဖြစ်သည်။ နံနက် ၅ နာရီခွဲအချိန်တွင် အမှတ် (၂၅) ပန်ဇာတပ်မဟာနှင့် အတူ တိုက်စစ်ဆင်၏။ ၎င်းတို့ကို ဘေးနှစ်ဖက်က ညှပ်၍ ပြင်သစ်တို့က မော်တော်ယာဉ်သုံးတပ်များဖြင့် တိုက်ခိုက်ကြ၏။ သို့သော် ဂျာမန်သံချုပ်ကာတပ် ရုတ်တရက်ဘွားခနဲ ပေါ်လာသည်ကို လန့်၍ ပြင်သစ်ခြေလျင်တပ် လက်နက်ချလေသည်။ နံနက် ၆ နာရီတွင် လန်းဒရီးစီးစ်မြို့ကို သိမ်းပိုက်မိကာ ပြင်သစ်တပ်များ အမြောက်အမြား စစ်တန်းလျားများ၌ပင် အလစ်မိခံရပြီး ဆန်းဘားမြစ်ကူး တံတားကို မပျက်မစီးဘဲ သိမ်းမိလေသည်။ ရွှန်းမဲလ်သည် ပြင်သစ် တပ်သားများအား လက်နက်များကို မြေပေါ် ပစ်ချခိုင်းပြီး သူကိုယ်တိုင် တင့်ကားနှင့် နင်း၍ ချိုးဖျက်ပစ်လေသည်။ တပ်မဟာသည် လေရှာတိုးမြို့သို့တိုး၍ တက်၏။ ထိုမြို့၌ပင် သူ၏တပ်မအား ရွှန်းမဲလ်က ရပ်တန့်စေ၏။ တပ်မအလုံး အရင်းမှာ နောက်ကျလျက်ရှိပြီး ရှေ့တန်းတွင်တပ်ရင်း နှစ်ရင်းနှင့် မော်တော်ဆိုင်ကယ် တပ်တစ်တပ်သာ ပါလာလေသည်။ လေရှာတိုးတွင် ကုန်းမြေမြင့်တစ်ခုပေါ်၌ တပ်မဟာ တပ်စွဲပြီးသည့်နောက်





ရွှန်းမဲလ်ကိုယ်တိုင် သံချပ်ကာ ကားတစ်စီးဖြင့် နောက်ကြောင်းပြန်ကာ သူ့တပ်မကို ခေါ်တင်ခဲ့လေသည်။

ထိုနေ့တစ်နေ့လုံး အမှတ် (၂၅) ပန်ဇာတပ်မဟာမှာ ရန်သူမှ တင့်ကားများဖြင့် အပြင်းအထန် ဖိနှိပ်တိုက်ခိုက်ခြင်းခံနေရ၏။ တပ်မဟာရှိရာ ပွန်မာရှူဒစီလ်ကိုပင် ပြင်သစ်တို့က ပြန်၍သိမ်းမိသွား၏။ သို့သော် တက်လိုက်လာသည့် ပန်ဇာတပ်မက တိုက်ထုတ်လိုက်လေသည်။ မေလ ၁၇ ရက်နေ့တွင် အခြေအနေရှင်းတန်သလောက် ရှင်းလာပြီဖြစ်သဖြင့် တပ်မဆိုင်ရာ အမြောက်တပ်ကို ရှေ့တန်းစခန်းများ၌ အခြေချခွင့်ရလေသည်။ ဤအတွင်း ဆန်းဘားမြစ်ကူး နောက်ထပ် တံတားတစ်ခုကိုလည်း ဘာလီမွန့်၌ သိမ်းမိပြန်၏။ ဤတွင်မှ နောက်အကျကြီးကျနေသော အမှတ် (၇) ပန်ဇာ တပ်မမှာ မီအောင် တက်လိုက်ပါလာနိုင်ခဲ့လေသည်။

အသေအချာဆန်းစစ်လျှင် ရွှမ်းမဲလ်၏ တပ်သည် အလျားမိုင် (၃၀) ဖျက်နှစ်မိုင်မျှရှိသည့် ချောင်ထဲသို့ စွပ်၍ ဝင်မိနေသည်ကို တွေ့ရ၏။ ဤသို့ဝင်နေခြင်းကား ပြင်သစ် တပ်၏အသည်းကို ထိုးတော့မည့်ဟန် ချိန်ရွယ်ထားသကဲ့

သို့ ကြောက်လွဲ ရဲမင်းအဖြစ် လုပ်နည်းမျိုးနှင့်တူ၏။ အဗက်စ် နီစ်နှင့် လေရှာတိုးသည် ဆယ့်ငါးမိုင်မျှကွာဝေး၏။ ယခုလို စွပ်ဝင်ခြင်းမှာ အလွန့်အလွန်ဘေးဥပဒ် အန္တရာယ်များ လေသည်။ ပြင်သစ်တပ်များကလည်း ဘေးနှစ်ဖက် စလုံးရှိနေကြ၏။ သို့သော် ခံတပ်အနိုင်အမာဆောက် ထားသည့်နယ်လည်း ဖောက်ထွက်ခဲ့၍ ဆန်းဘားမြစ်ကူး အချက်အခြာတံတားများကိုလည်း အပိုင်သိမ်းမိပြီးလေပြီ။ ဤစွန့်စားချက်ကြောင့် တိုက်ပွဲကြီးတစ်ခုလုံး များစွာ အထောက်အပံ့ရ၍ အောင်မြင်စေလေသည်။ ဤအောင် မြင်မှုအတွက်လည်း ရှန်းမဲလ်အား သူရသတ္တိနှင့် ပြည့်စုံ ခြင်းကြောင့် 'နိုက်ဟုဒ်ခရော့စ်' **Nighthood Cross** ဟု ခေါ်သော သူရဲကောင်းတံဆိပ်ချီးမြှင့်ခံရပြန်လေသည်။

ရဲရင့်ခြင်းအကျိုးခံစားရပုံမှာ ရှန်းမဲလ်၏ တပ်မ တစ်ခုလုံး အကျအဆုံး ၃၅ ယောက်မျှသာ ဖြစ်ပြီး ၅၉ ယောက်မျှသာ ဒဏ်ရာရ၍ နှစ်ရက်အတွင်း သုံ့ပန်း ၁၀,၀၀၀ ကျော်နှင့် တင့်ကား ၁၀၀၊ သံချပ်ကာကား ၃၀၊ အမြောက် ၂၇ လက် ဖမ်းမိနိုင်ခဲ့၏။





**နောက်ထပ်ရင်ဆိုင်ရသော တိုက်ပွဲများ**

ရှမ်းမဲလ်သည် ပြင်သစ်များကို အနိုင်တိုက်ပြီး ပထမဆုံးအကြိမ် အင်္ဂလိပ်ခေါ် ဗြိတိသျှများနှင့် အဗက်စ် နီဗ်မြို့အနီးတွင် စတင်တွေ့ဆုံကြလေသည်။ ဗြိတိသျှတို့ ဘက်မှ အိုင် တင့်ကားများကို အသုံးပြုကာ ရှမ်းမဲလ်၏ ပန်ဇာတပ်မကို တိုက်ခိုက်ကြ၏။ ဗြိတိသျှတင့်ကား တပ် ပေါင်းက ရှမ်းမဲလ်၏ ပန်ဇာတပ်မအား ဝိုင်းဝန်းတိုက်ခိုက် ကြရာ ရှမ်းမဲလ်သည် လေကြောင်းပစ်ကူနှင့် အမြောက်ပစ်ကူ များ တောင်းရတော့၏။ ဗြိတိသျှတင့်ကားတပ်ပေါင်းသည် တိုက်ရည်ခိုက်ရည်ရှိကာ အင်အားတောင့်တင်းသောကြောင့် ရှမ်းမဲလ် အနိုင်မတိုက်လိုက်နိုင်ချေ။ ဂျာမန်တင့်ကား ချက်တပ်ရင်းမှာ လုံးလုံး ပျက်စီးသွားခဲ့ရ၏။

ဂျာမန်လေတပ်နှင့် အမြောက်တပ်များမှ ဝိုင်းကူ သဖြင့် ဗြိတိသျှတို့ အာရပ်စ်သို့ ဆုတ်ခွာသွားကြလေသည်။ အာရပ်စ် ဘန်ပရေးလမ်းမပေါ်ရှိ ဗင်အင်တိုက်စ်အနီးတွင် သပ်မံ၍ တိုက်ပွဲများ ဖြစ်ပွားခဲ့လေသည်။ ရှမ်းမဲလ်က သူ၏ အမှတ် (၂၅) ပန်ဇာတပ်မဟာကို တိုက်စစ်ဆင်စေသော် လည်း ဗြိတိသျှတို့က အောင်မြင်စွာ ခွာစစ်ဆင်သွားခဲ့ကြလေ

သည်။

ထိုတိုက်ပွဲတွင် ဂျာမန်တပ်သား ၂၅၀ ခန့် ကျဆုံးကာ တင့်ကား ၁၀ စီးကျော် ဆုံးရှုံးခဲ့ရပြီး ဗြိတိသျှတို့တပ်မှ တင့်ကား ၇ စီးနှင့် တင့်ကားပစ်အမြောက် ၆ လက်သာ ဆုံးရှုံးခဲ့၏။ ဗြိတိသျှသုံ့ပန်း ၅၀ ခန့်ကို ရမိခဲ့သော်လည်း ဂျာမန်တို့ အဆုံးအရှုံးမှာ ဗြိတိသျှတို့ထက် ပိုမိုခဲ့လေသည်။

ဤဖြစ်စဉ်ကို ရွှမ်းမဲလ်က မှတ်သားထားခဲ့၏။ ဗြိတိသျှတို့၏ တိုက်ရည်ခိုက်ရည်သည် ပြင်သစ်တို့ထက်သာကြောင်းကိုလည်း ရွှမ်းမဲလ် စတင်သိရှိခဲ့လေသည်။

နောက်ထပ်ဗြိတိသျှတို့နှင့် ရင်ဆိုင်ရသောတိုက်ပွဲမှာ စိန့်ဗယ်လာရီ **St. Valery** ဆိပ်ကမ်းမြို့ တိုက်ပွဲဖြစ်၏။

စိန့်ဗယ်လာရီတွင် ဗြိတိသျှတို့၏ အမှတ် (၅၁) ဟိုင်းလင်းတပ်မကြီးနှင့် တပ်မကြီးမှူး ဗိုလ်ချုပ်ကြီး ဖော်ကျွန်း၏ စစ်ဌာနချုပ်ပါရှိလေသည်။ ဗြိတိသျှနှင့် ပြင်သစ်များက ခွာစစ်ဆင်ရန် သင်္ဘောများပေါ်သို့ တက်ဖို့ပြင်ဆင်နေချိန်တွင် စိတ်မကျေသော ရွှမ်းမဲလ်က သူ၏ ပန်ဇာတပ်မနှင့်အတူ ခြေလျင်တပ် ပူးပေါင်းကာ အတင်းဝင်ရောက်ထိုးစစ်ဆင်တိုက်ခိုက်လေသည်။ ရွှမ်းမဲလ်၏





ာပ်များက အဘက်ဘက်မှ ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ကြ၏။ ရွှမ်းမဲလ်၏ အမြောက်တပ်များကလည်း စိန့်ဗယ်လာရီမြို့ကို အမြောက်တစ်ကမ်းကွာမှ အဆက်မပြတ်ပစ်ခတ်ပြီး အမြောက်စာ ကျွေးကြတော့၏။ ရွှမ်းမဲလ်ကိုယ်တိုင်မှာမူ ခြေလျင်တပ်မဟာ နှစ်ခုကို ဦးစီးပြီး စိန့်ဗယ်လာရီမြို့တွင်းသို့ အတင်းဝင်ရောက်လေသည်။

တစ်ရက်နှင့်တစ်ည ရင်ဆိုင်တိုက်ခိုက်ကြပြီးနောက် ရွှမ်းမဲလ်က ဗိုလ်ချုပ်ကြီးဖော်ကျွန်းအား လက်နက်ချရန် တောင်းဆိုလေသည်။ ဖော်ကျွန်းက ငြင်းဆိုသဖြင့် နှစ်ဖက်လုံး သဲသဲမဲမဲတိုက်ပွဲဝင်ကြပြီး နောက်ဆုံး၌ စိန့်ဗယ်လာရီမြို့ ရွှမ်းမဲလ်၏လက်တွင်း ကျဆင်းရလေတော့သည်။

တိုက်ပွဲအပြီး၌ ရန်သူစစ်သုံ့ပန်း ၁၂၀၀၀ နှင့် ဗိုလ်ချုပ်ကြီးဖော်ကျွန်းအပါအဝင် ပြင်သစ်ဗိုလ်ချုပ်လေးဦးကိုပါ ဖမ်းဆီးရမိလေသည်။ စစ်သုံ့ပန်း ၁၂၀၀၀ အနက် ၈၀၀၀ မှာ ဗြိတိသျှများဖြစ်ကြ၏။

သိမ်းဆည်းရမိသော ပစ္စည်းများမှာ လေယာဉ်ပစ်အမြောက် ၁၇ လက်၊ တင့်ကား ၅၁ စီး၊ ကုန်တင် ထရပ်

ကား ၁၁၃၃ စီး၊ အမြောက်ကြီး ၅၆ လက်၊ တင့်ကားဖျက် အမြောက် ၂၂ လက်၊ စက်သေနတ်ကြီး ၃၆၀ လက်နှင့် လက်နက်ငယ် ၃၅၅၀ လက်တို့ ပါဝင်လေသည်။

ဗိုလ်ချုပ်ဖော်ကျွန်းမှာ ရဲစွမ်းသတ္တိနှင့် ပြည့်စုံလှ၍ ရွှမ်းမဲလ်က လေးစားသဖြင့် သုံ့ပန်းချင်း လဲလှယ်ကာ အင်္ဂလန်သို့ ပြန်ပို့ပေးမည့်အကြောင်းပြောရာ ဖော်ကျွန်းက သူတစ်ဦးတည်း မပြန်လိုပါ။ သူ့ရဲဘော်များနှင့် အေးအတူ ပူအမျှ သုံ့ပန်းစခန်းတွင်ပင် နေမည့်အကြောင်း ပြန်လည်ပြောကြားရာ ရွှမ်းမဲလ်သည် ဖော်ကျွန်းအား ပိုမို၍လေးစား သဘောကျခဲ့လေသည်။ ရွှမ်းမဲလ်ကား သူရသတ္တိရှိသူကို လေးစားတတ်သူပါတည်း။

❖



## အခန်း ( ၆ )

## ရွှမ်းမဲလ်၏ဂါဇာလာတိုဘရုပ်တိုက်ပွဲ

**မြောက်အာဖရိကသို့ ရွှမ်းမဲလ်ရောက်ရှိခြင်း**

ဟစ်တလာ၏ဂျာမန်တပ်များသည် **Blitzkrieg** ခေါ် လျှပ်တစ်ပြက်စစ်ဆင်နည်းများဖြင့် ဥရောပတိုက် နိုင်ငံများအား ထိုးစစ်ဆင်တိုက်ခိုက်ရာ ၁၉၄၀ ပြည့်နှစ် ဇွန်လတွင် နောက်ဆုံးကျန်ရှိနေသော ပြင်သစ်နိုင်ငံလုံးဝလက်နက်ချရလေတော့သည်။

မြရတနာစာပေ

ဥရောပတိုက်တွင် တိုက်ပွဲဝင်နေသည့် ဗြိတိသျှ တပ်များလည်း ဒလကြမ်းဆုတ်ခွာကြရရာ ပြင်သစ်နိုင်ငံ ဒန်းကတ်ဆိပ်ကမ်းမြို့မှ ရရာလှေသမ္ဗာန်များ သင်္ဘောများနှင့် အင်္ဂလိပ်ရေလက်ကြားကိုဖြတ်၍ အင်္ဂလန်ကျွန်းသို့ ခွာစစ်ဆင်ရလေသည်။ ဗြိတိသျှစစ်သည်ပေါင်း သုံးသိန်းခွဲမျှ လွတ်မြောက်သွားခဲ့လေသည်။

ပြင်သစ်နိုင်ငံကျဆုံးပြီးနောက် တစ်လခွဲခန့်အကြာ၌ ဂျာမန်တို့သည် ဗြိတိန်ခေါ် အင်္ဂလန်ကျွန်းအား သိမ်းပိုက်ရေး စတင်လေသည်။ ဂျာမန်တို့၏ အစီအမံမှာ အင်္ဂလန်ကျွန်းအား ပြားပြားဝပ်သွားအောင် ဗုံးကြဲ ဖျက်ဆီးပြီး စိစိညက်ညက်ကျေသွားမှ ရေကြောင်းမှ ကမ်းတက်တိုက်ခိုက်ရန် ဖြစ်လေသည်။

ဂျာမန်တို့သည် စီမံချက်ပါအတိုင်း အင်္ဂလန်ကျွန်းအား ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်ကြသော်လည်း ဗြိတိသျှတို့မှ သဲသဲမဲမဲ ခံကြသည့်အပြင် ဗြိတိသျှလေတပ်၏ ထင်မှတ်မထားသည့် စွမ်းရည်နှင့် နောက်ဆုံးပေါ် ရေဒါစနစ်များဖြင့် ဂျာမန်လေယာဉ်များအား ပစ်ချနိုင်ခဲ့ကြရာ ဂျာမန်တို့မှာ ထင်တိုင်းမပေါက်ဖြစ်ခဲ့ရလေသည်။





ဗြိတိန်ကျွန်းတိုက်ပွဲအား နှစ်ဖက်လုံးမှ သဲကြီးမဲကြီး တိုက်ခိုက်လျက်ရှိကြ၏။

၁၉၄၀ ခုနှစ် မေလတွင် အင်္ဂလန်၌ ချိန်ဘာလိန် အစိုးရပြုတ်ကျပြီး ချာချီခေါင်းဆောင်သော အစိုးရ တက်လာလေသည်။ ချာချီက

**''ဗြိတိန်သည် မည်သည့်အခါမှ အရှုံးမပေး။ လူတစ်ယောက် ကျန်သည်အထိ နာဇီဂျာမန်တို့အား တိုက်ခိုက်သွားမည်''**

ဟု ကြုံးဝါးခဲ့၏။ သူ ကြုံးဝါးသည့်အတိုင်းလည်း အမှန်တကယ် ဆောင်ရွက်ခဲ့လေသည်။

ထိုအချိန်၌ ဥရောပတိုက်နိုင်ငံများ၏ ကိုလိုနီနယ်ပယ်များ အများအပြားရှိသည့် အာဖရိကတိုက်တွင်လည်း ဗြိတိသျှနှင့် အီတလီတို့သည် အကျိတ်အနယ် တိုက်ပွဲများ ဆင်နွှဲလျက်ရှိလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအစပိုင်းတွင် ဂျာမန်တို့ ဆက်တိုက်အောင်ပွဲများခံလျက်ရှိနေပြီး ပြင်သစ်တို့ စစ်ရှုံးပြီး သေချာချိန်တွင် အီတလီက ပြင်သစ်နှင့် ဗြိတိန်တို့အား စစ်ကြေညာတော့၏။ အီတလီခေါင်းဆောင်ကြီး မူဆိုလီနီ

သည် ရောမအင်ပါယာကို ပြန်လည်ထူထောင်ရန် အမြဲတမ်း စိတ်ကူးယဉ်နေသူဖြစ်၏။ အင်္ဂလိပ်တို့ ဂျာမန်နှင့် အလူးအလဲ တိုက်ပွဲဝင်နေချိန်၌ မူဆိုလီနီက မြေထဲပင်လယ်ကို စိုးမိုးပြီး အာဖရိကတိုက်မှ ကိုလိုနီနယ်များကို ရယူနိုင်ရန်အတွက် ၁၉၄၀ ပြည့်နှစ် စက်တင်ဘာ ၁၃ ရက်နေ့တွင် လစ်ဗျားနှင့် အဘီးဆီးနီးယားရှိ သူ၏ အီတလီတပ်များကို အီဂျစ်အား ဝင်တိုက်ရန် အမိန့်ပေးတော့၏။

မူဆိုလီနီ၏ မူလရည်ရွယ်ချက်မှာ လစ်ဗျားမှ မိုင် ၃၀၀ ဝေးကွာသော အီဂျစ်နိုင်ငံ အလက်ဇန်းဒရီးယား မြို့ကို သိမ်းပိုက်ရန်ဖြစ်လေသည်။

ထိုစဉ်က အီဂျစ်ပြည်၏ ဗြိတိသျှတပ်မှူးကြီးမှာ ဗိုလ်ချုပ်ကြီးဝေဗယ်လ်ဖြစ်၏။

တိုက်ပွဲစသည်နှင့် အီတလီဗိုလ်ချုပ် ဂရာဇီရာနီ၏ တပ်များနှင့် ဝေဗယ်လ်၏ ဗြိတိသျှများ ယှဉ်ပြိုင်ရင်ဆိုင်ကြရာ သူရသတ္တိချင်းလည်း ကွာခြား၊ စစ်လက်နက်ပစ္စည်းချင်းကလည်း ကွာခြား၊ အတွေ့အကြုံချင်းကလည်း ကွာခြားသဖြင့် တိုက်ပွဲစတင်ပြီး လအနည်းငယ်အတွင်းမှာပင် အီတလီတို့ အရှုံးကြီးရှုံး၍ မြေပြင်တပ်မှူးကြီး ဗိုလ်ချုပ်

မြရတနာစာပေ



ဘာဂန်ဇိုလီသည် ဗြိတိသျှတို့ထံ ခြွင်းချက်မရှိ လက်နက်ချလိုက်ရလေတော့သည်။

သုံ့ပန်းတစ်သိန်းကျော်၊ တင့်ကားလေးရာကျော်နှင့် အမြောက်လက်ပေါင်း ၁၃၀၀ ဆုံးရှုံးသွားတော့၏။

ဤရှုံးနိမ့်မှုကြီးအတွက် တာဝန်ရှိသူ အီတလီဗိုလ်ချုပ် ဂရာဇီရာနီသည် မူဆိုလီနီထံတွင် ထွက်စာတင်၍ တပ်မတော်မှ အပြီးအပိုင်နုတ်ထွက်သွားလေတော့သည်။

မူဆိုလီနီသည် မမျှော်လင့်ဘဲ သူ့တပ်များ အရှုံးကြီးရှုံးသွားသောအခါ မတောင်းချင်ပါဘဲလျက် မဟာမိတ်ကြီး ဟစ်တလာထံ စစ်ကူတောင်းရတော့၏။ ဟစ်တလာကလည်း စစ်ကူပေးရန် သိပ်ဆန္ဒမရှိချေ။

မူဆိုလီနီသည် အီဂျစ်ကိုသာမက တစ်ဖက်တွင်လည်း ဂရိပြည်သို့ ဝင်ရောက်တိုက်ခိုက်လျက်ရှိ၏။ ဂရိတို့အား ဗြိတိသျှတို့မှ ကူညီလျက်ရှိလေသည်။ ဗြိတိသျှတို့သည် အီတလီတောင်ပိုင်းနှင့် ဘော်လ်ကန်ဒေသများရှိ အီတလီတပ်များကိုပါ တိုက်ခိုက်လျက်ရှိကြ၏။

မြေထဲပင်လယ်ဒေသအရေးပါမှုနှင့် အာဖရိကမြောက်ပိုင်းဒေသ၏ အချက်အချာကျမှုကို သိသော်လည်း

မြရတနာစာပေ

ဟစ်တလာသည် ထိုအချိန်က ရုရှားကို တိုက်ခိုက်ရန် ကြံရွယ်လျက်ရှိ၏။ ထို့ကြောင့် မူဆိုလီနီကို စစ်ကူပေးရန် သိပ်စိတ်ပါလက်ပါ မရှိခဲ့ချေ။

သို့ရာတွင် ဤကိစ္စနှင့်ပတ်သက်သည့် စစ်ဆင်ရေး အစည်းအဝေး၌ ရွှန်းမဲလ်က အီဂျစ်နှင့်အရှေ့အလယ် ပိုင်းအရေးပါပုံ၊ ထိုဒေသမှ ရေနံများကို ဗြိတိသျှတို့ မှီခို အားထားနေရပုံကို တင်ပြလေသည်။ ဟစ်တလာ၏ ကိုယ်ရံတော်ဗိုလ်ချုပ်ရှမွန်ကလည်း ရွှမ်းမဲလ်၏ အဆိုကို ထောက်ခံလေသည်။

ထိုအခါ ဟစ်တလာက

''ကဲ ...မင်းတို့ ဒီလောက်ပြောနေရင်တော့ အာဖရိကားကို မင်းပဲသွားတော့ ရွှမ်းမဲလ်။ မင်းကို သင့် တင့်တဲ့တပ်တွေ ငါပေးနိုင်သလောက် ပေးလိုက်မယ်'' ဟုဆိုကာ အာဖရိကားမြောက်ပိုင်းစစ်မြေပြင်သို့ အီတလီ တပ်များကို စစ်ကူပေးရန် ရွှမ်းမဲလ်ကို ဗိုလ်ချုပ်ကြီးအဆင့် သို့ တိုးမြှင့်၍ စစ်ကူစေလွှတ်လိုက်လေတော့သည်။

ရွှမ်းမဲလ်ဦးစီးသည် အာဖရိကားတပ်မကြီးတွင် ဂျာမန်သံချပ်ကာတပ်ဖွဲ့များ လေယာဉ်များနှင့်အတူ





အီတာလျံခြေလျင်တပ်မနှစ်ခု၊ ယာဉ်တင် အမြောက်တပ် ရင်း နှစ်ရင်း၊ သံချပ်ကာ တပ်မဟာတစ်ခုတို့ ပါဝင်လေ သည်။

ရွှမ်းမဲလ်သည် သူဦးစီးရသည့် အာဖရိကားတပ်မ ကြီးနှင့်အတူ အာဖရိက မြောက်ပိုင်းသို့ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်နေ့၌ ရောက်ရှိခဲ့လေသည်။

**ဂါဇာလာတို့ဘာရပ်ဆိုသည်မှာ**

ဂါဇာလာတိုဘာရပ်ဒေသသည် ဆိုင်ရင်နီကာ ဒေသ၏ အရှေ့ပိုင်း အာဖရိကမြောက်ဘက်ကမ်းခြေတွင် တည်ရှိ၏။ တိုဘာရပ်သည် ဆိပ်ကမ်းမြို့ဖြစ်ပြီး အလက် ဇန်းဒရီးယားမှ ရေကြောင်းခရီး ၃၇၀ မိုင် ဘင်ဂါဇီသို့ ၂၅၀ မိုင် ကွာဝေးသည်။ ဂါဇာလာတိုဘာရပ်ဒေသသည် ရေကြောင်းခရီးသာမက ကြည်းကြောင်းခရီးတွင်လည်း အချက်အချာကျသောဒေသဖြစ်သည်။

အီဂျစ်ပြည်နှင့် အနောက်အာဖရိကကြား ဆိုင်ရင် နီကာဒေသသည် သဲကန္တာရဖြစ်သည်။ တောင်ဘက်တွင် နာမည်ကျော် ဆာဟာရသဲကန္တာရကြီးရှိ၏။ ထို့ကြောင့်

သွားလာမှုကန့်သတ်ချက်များစွာရှိ၏။ အဓိက ဆက်သွယ်ရေးလမ်းကြောင်းမှာ ဘင်ဂါဇီမှ ဂါဇာလာတိုဘရပ် ဆက်သွယ်ရေးလမ်းကြောင်းသာ ဖြစ်၏။

ပတ်ဝန်းကျင်မြေအနေအထားနှင့် ရာသီဥတုအခြေအနေများကြောင့် ဂါဇာလာတိုဘရပ်ဒေသကို ကုန်းလမ်းမှ ဝင်ရောက်ရန် ခဲယဉ်းလေသည်။ မြေထဲပင်လယ်ကိုပါ ထိန်းချုပ်ထားနိုင်သော အနေအထားတွင် ရှိ၏။

ဂရိကျွန်း၊ မော်လတာကျွန်းနှင့် စစ်စလီကျွန်းများ၏ အရေးပါမှုကို အခွင့်ကောင်းယူကာ အုပ်ချုပ်ထောက်ပံ့မှုကိစ္စများ ဆောင်ရွက်ရန် အသုံးပြုနိုင်သည်။ စစ်ရေးအရ ဗြိတိသျှ မဟာမိတ်တို့ ထိန်းချုပ်ထားသော ဒေသဖြစ်၏။

ဂါဇာလာတိုဘရပ်ဒေသကို ပြန်လည်သိမ်းယူရန်အတွက် ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလဆန်း၌ ရွမ်းမဲလ်သည် အာဖရိကားမြောက်ပိုင်းရှိ လစ်ဗျားနိုင်ငံ ထရီပိုလီသို့ ရောက်ရှိလာလေသည်။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်နှင့် ဂျာမန်တပ်များ ထရီပိုလီသို့ ရောက်ရှိကြောင်း ကြားသိသည်နှင့် အာဖရိကစစ်နယ်ဝန်း၏အခြေအနေကို ဗြိတိသျှဝန်ကြီးချုပ်ချာချီက





အာဖရိက တာဝန်ခံဗိုလ်ချုပ်ကြီးဝေဗယ်လ်အား သုံးသပ်တင်ပြရန် အကြောင်းကြားလေသည်။

ဝေဗယ်လ်က ဂျာမန်တပ်များ ထရီပိုလီသို့ ရောက်ရှိလာသည်မှာ မှန်ကန်ကြောင်း၊ သို့ရာတွင် ထရီပိုလီနှင့် ဘင်ဂါဇီကြားရှိ သဲကန္တာရလမ်းကြောင်း၌ ရေပြဿနာအလွန်ကြီးမားသဖြင့် ယခုနှစ်နွေရာသီမကုန်မချင်း ဂျာမန်တို့အနေဖြင့် ထိုးစစ်ဆင်နိုင်လိမ့်မည်မဟုတ်ကြောင်း ဂျာမန်တို့ ထိုးစစ်ကို ဟန့်တားရန်အတွက် ရေကြောင်းမှ ထိရောက်စွာ ဟန့်တားနှောင့်ယှက်ပြီး ထရီပိုလီအား လေကြောင်းမှတိုက်ခိုက်သင့်ကြောင်း ဆိုင်ရင်နိကာဒေသသို့ နှောင့်ယှက်တိုက်ခိုက်နေသည့် အီတလီတပ်ကိုမှ အထူးဂရုပြုဖွယ် မလိုကြောင်း၊ ဂျာမန်တို့သည် လေကြောင်းချီတပ်များ အသုံးပြုဖွယ်လည်း မရှိကြောင်း သုံးသပ်တင်ပြလေသည်။

ဝေဗယ်လ်၏ တင်ပြချက်အား ချာချီက ကျေနပ်သွားသည်။ ထို့ကြောင့်

"ဒါဆိုရင် ကောင်းပါပြီ။ ရန်သူအခြေအနေကို စောင့်ကြည့်ပြီး ထူးခြားမှုများရှိက ဆောလျင်စွာ တင်ပြပါ

ရန်''

ဟု အကြောင်းပြန်လိုက်၏။

## ဂါဇာလာတိုဘာရပ်တိုက်ပွဲဖြစ်ပွားခြင်း

ဗြိတိသျှဗိုလ်ချုပ်ကြီး ဝေဗယ်လ်သည် မြောက်အာဖရိကတွင် အချိန်အတော်ကြာ နေခဲ့ဖူးသူဖြစ်ရာ မြောက်အာဖရိက၏ ပထဝီအနေအထားကို ကောင်းစွာသိသည်။ ထို့ကြောင့် **Terrain** မြေအနေအထား ကန့် သတ်ချက်များအရ ရွှမ်းမဲလ် လွယ်လွယ်ကူကူ ထိုးစစ်မဆင်နိုင်သေးဟု စိတ်ချလက်ချ ယုံကြည်ထားလေသည်။

သို့ရာတွင် သူနှင့်ရင်ဆိုင်ရသည့် ရွှမ်းမဲလ်ဆိုသူကား သူထင်သလို သာမန်စစ်သားမဟုတ်။ ရန်သူမထင်တာ လုပ်တတ်သည့် အငိုက်ဖမ်းတတ်သည့် တကယ့်စစ်သားကြီးဆိုသည်ကို သူ မသိသေးပေ။

ရွှမ်းမဲလ်သည် ဖေဖော်ဝါရီ ပထမပတ်တွင် မြောက်အာဖရိကသို့ ရောက်ပြီး ထရီပိုလီမှ ဘင်ဂါဇီ တိုဘာရပ်ဒေသ၏ မြေအခြေအနေကို ချက်ချင်းလေ့လာသည်။ အီတလီတပ်များထံမှ သတင်းစုဆောင်းသည်။





တစ်လကြာမျှ အကြိမ်ကြိမ် အဖန်ဖန်လေ့လာပြီးနောက် ၁၉၄၁ ခုနှစ် နွေကာလအတွင်းမှာပင် သူ၏ထိုးစစ်ကို ဝတင်လေတော့သည်။ ဤတွင် သူ၏အအောင်မြင်ဆုံး တိုက်ပွဲဖြစ်သည့် ဂါဇာလာတိုဘာရပ်နှင့် ဆိုင်ရင်နိုကာဒေသကို သိမ်းပိုက်သည့် တိုက်ပွဲကြီးဖြစ်ပွားလေတော့သည်။

## တိုက်ပွဲမဖြစ်မီ ယေဘုယျအခြေအနေများ

**မြေပြင်အခြေအနေ။** ဆိုင်ရင်နိုကာဒေသသည် သဲအတိပြီး၍ ရေအလွန်ရှားပါးသောဒေသဖြစ်၏။ အချို့နေရာများတွင် သဲတောင်ကုန်းများရှိ၏။ အချို့နေရာတွင် စွန်ပလွံပင်လေးများနှင့် ရေထွက်စမ်းနှင့် သဲချောင်းလေးများရှိသော အိုအေစစ်ကလေးများ ရှိလေသည်။ မြောက်အာဖရိက ကမ်းခြေဒေသမှလွဲ၍ ကျန်ဒေသများတွင် လမ်းဟူ၍ ကောင်းစွာမရှိပေ။ မြို့ရွာအတော်များများမှာလည်း မြောက်အာဖရိက ကမ်းခြေဒေသများတွင်သာ ရှိလေသည်။

**ရာသီဥတု။** ရာသီဥတုမှာ ပူအိုက်ပြီး ခြောက်သွေ့သော ရာသီဥတုဖြစ်သည်။ မြေထဲပင်လယ်ဘက်မှ အနောက်မြောက်လေများ တိုက်ခတ်သည့် ဆောင်းဥတုတွင် မိုးရွာတတ်ပါသည်။ မိုးနည်းသဖြင့် မိုးရေချိန်မှာ ၁၀ လက်မပင် မပြည့်တတ်ကြချေ။ မြေပြင်တွင် သစ်ပင်များ ကောင်းစွာမရှိ၍ ရှားသွန်းသော မိုးရေချိန်ကလည်း နည်းပါးသဖြင့် မိုးရေများသည် မြေတွင်းသို့ များစွာ စိမ့်ဝင်သွားခြင်းမရှိဘဲ မြေပြင်တစ်လျှောက် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းပျောက်ကွယ်သွားတတ်လေသည်။

**ပေါက်ရောက်ပင်များ။** နွေရာသီတွင် အလွန်ပူပြင်းခြောက်သွေ့၍ ဆောင်းဥတုတွင် မိုးအနည်းငယ်ရွာသောကြောင့် သဘာဝပေါက်ပင်များမှာ နွေ၏အပူဒဏ်ကို ခံနိုင်သည့် ကန္တာရဆူးပင်များ၊ မြက်ပင်များနှင့် ချုံပုတ်လို အပင်သေးများသာ ပေါက်ရောက်ကြသည်။ အမြစ်ရှည်သော အပင်များ မြေထဲတွင် ဥရှိ၍ တစ်နှစ်လျှင် တစ်ကြိမ်ပေါ်လာတတ်သည့်အပင်များ ပင်စည်နှင့် အခက်အရွက်တို့တွင် အစေး သို့မဟုတ် ဖယောင်းရှိသော အပင်များ





ကဲ့သို့ မိုးခေါင်ခြင်းကို ကြာကြာခံနိုင်သော အပင်များသာ ဖြစ်ကြသည်။ အချို့အိုအေစစ်လို ရေရရှိသော နေရာများ၌ စွန်ပလွံပင်ကဲ့သို့ အပင်များပေါက်ရောက်ကြလေသည်။

**စိုက်ပျိုးပင်များ။** စွန်ပလွံ၊ လိမ္မော်၊ စပျစ်နှင့် သံလွင်ပင် များ စိုက်ပျိုးသည့် ဝါဂွမ်း၊ ဂျုံ၊ ဘာလီနှင့် ပြောင်းများ စိုက်ပျိုးသည်။ မွေးမြူရေးအနေနှင့်ကား သိုး၊ ဆိတ်၊ လား၊ မြင်း၊ မြည်း၊ ကုလားအုပ်များ မွေးမြူကြသည်။ ငါးဖမ်း ခြင်းလုပ်ငန်းကို လုပ်ကိုင်တတ်ကြသည်။

**နေထိုင်သောလူမျိုးများ။** လစ်ဗျားလူမျိုး အာရပ်များနှင့် အီဂျစ်လူမျိုးများ ဖြစ်ကြသည်။ လစ်ဗျားနှင့် အီဂျစ်သည် ရေနံကြွယ်ဝစွာထွက်သော နိုင်ငံများဖြစ်ကြသည်။

**နှစ်ဖက်တပ်များအခြေအနေ**

ဂျာမန်တို့အခြေအနေမှာ အောက်ပါအတိုင်းဖြစ်၏။

တိုက်ပွဲအစပိုင်းကာလတွင် ဂျာမန်အီတာလျံ တပ်တော်တွင် –

* ဂျာမန်ပန်ဇာတပ်မ (၂)ခု
* အီတာလျံ သံချပ်ကာတပ်မ (၁)ခု
* ဂျာမန်ယာဉ်တင်တပ်မ (၁)ခု
* အီတာလျံယာဉ်တင်တပ်မ (၁)ခု
* ဂျာမန်ခြေလျင်တပ်မဟာ (၁)ခု
* အီတာလျံခြေလျင်တပ်မဟာ (၄)ခု

တို့ ပါဝင်လေသည်။

တိုက်ပွဲနောက်ပိုင်းတွင်

အီတာလျံခြေလျင် တပ်မဟာ (၁)ခု

ထပ်မံ ဖြည့်တင်းခဲ့သည်။

တိုက်ပွဲအစပိုင်း၌ ဗြိတိသျှတို့ဘက်တွင်

* ယာဉ်တင်တပ်မ (၄)ခု
* သံချပ်ကာတပ်မ (၂)ခု
* ယန္တရားတပ်မဟာ (၄)ခု

ပါဝင်သည်။





တိုက်ပွဲနောက်ပိုင်း၌

ယန္တရားတပ်မဟာ (၄)ခုနှင့် သံချပ်ကား အတော်များများ ထပ်မံဖြည့်တင်းပေးခဲ့သည်။ အမေရိကန်ဘို့ထံမှ အသစ်ထုတ်လုပ်သည့် သံချပ်ကာကားများကို ဗြိတိသျှတို့မှ အဆောတလျင် ဖြည့်တင်းခဲ့သည်။

အင်အားအချိုးအဆမှာ ဖွဲ့စည်းပုံချင်း မတူကြသောကြောင့် ဗြိတိသျှတို့ဘက်မှ အင်အားသာခဲ့လေသည်။ ဂျာမန်တို့တွင် တင့်ကား အစီး ၃၂၀ နှင့် အီတလီတို့တွင် တင့်ကား ၂၄၀ ပါဝင်ခဲ့၏။ ဗြိတိသျှတို့ဘက်တွင် တင့်ကား အစီး ၉၀၀ ခန့်ရှိလေသည်။ အမြောက်များအနေဖြင့်လည်း ဗြိတိသျှတို့၏အမြောက် အရေအတွက်က ဂျာမန်တို့ထက် ၁း၈ ဖြစ်ခဲ့လေသည်။

**ရွှမ်းမဲလ်၏ပထမအကြိမ်ထိုးစစ်**

ရွှမ်းမဲလ်အား ဆိုင်ရင်နိုကာဒေသ ပြန်လည်သိမ်းပိုက်ရေး စီမံချက်အား ၁၉၄၁ ဧပြီ ၂၀ ရက်နေ့အရောက် တင်ပြရန် ဂျာမန်စစ်ဦးစီးအဖွဲ့က ညွှန်ကြားခဲ့လေသည်။ ဒါ့ထက် ပိုစော၍ ထိုးစစ်မဆင်ရန်ကိုလည်း

တားမြစ်ထားခဲ့၏။ စီမံချက်တင်ပြခဲ့ပါက အချိန်အတော်ကြာ ဦးမည်ကို သိထားသော ရွှမ်းမဲလ်သည် စီမံချက်တင်ပြခြင်း မရှိဘဲ ၁၉၄၁ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် သူ၏ ထိုးစစ်ကို စတင်ခဲ့လေသည်။

လျင်မြန်စွာလှုပ်ရှား စစ်ကစားပြီး ရွှမ်းမဲလ်သည် သူ၏တပ်များကို ကျစ်လျစ်စွာ စုဖွဲ့၍ လှည့်စားမှု အငိုက် ဖမ်းမှုများကို အသုံးချကာ ဆိုင်ရင်နီကာဒေသရှိ ဗြိတိသျှ များကို တစ်လမ်းလုံး တိုက်ချသွားခဲ့ရာ မဟာမိတ်တပ်များ ဘက်မှ ကြိုတင်ပြင်ဆင်မှု အားနည်းသဖြင့် အရှုံးနှင့် ရင်ဆိုင်သွားရပြီး ရွှမ်းမဲလ်သည် ဂါဇာလာ အပါအဝင် ဆိုင်ရင်နီကာဒေသတစ်ခုလုံးကို တစ်ပတ်ကျော်နှင့် သိမ်းမိ၍ အီဂျစ်ပြည်တံခါးဝသို့ ရောက်ရှိသွားခဲ့လေသည်။

ဗြိတိသျှတို့၏ အုပ်ချုပ်ထောက်ပံ့မှု **Logistics** ပြုလုပ်ပေးနေသည့် တိုဘရုပ်မြို့ကိုမူ သွေးတိုးစမ်း တိုက်ခိုက်ခဲ့သော်လည်း ခံစစ်ကောင်းမွန်လှသဖြင့် အောင်မြင်မှု မရခဲ့ချေ။ ထိုစဉ်က တိုဘရုပ်တွင် အမှတ် (၂) တောင် အာဖရိကခြေလျင်တပ်မ၊ အမှတ် (၁၁) အင်ဒီးယန်း တပ်မဟာ၊ ကင်းထောက်တပ်မဟာမှ အမှတ် (၂) တပ်ရင်း၊





အမှတ် (၃၂) တင့်ကားတပ်မဟာမှ တင့်ကားတပ်ရင်း များနှင့် အမြောက်တပ်ရင်းများ ရှိ၏။ ထို့ကြောင့် တိုဘရုပ် ခံစစ်မှာ အင်အားတောင့်တင်းလှပေသည်။

**ပထမအကြိမ် တိုဘရုပ်တိုက်စစ်**

တိုဘရုပ်ခံတပ်ကို တိုက်ခိုက်သိမ်းပိုက်ရန် ဧပြီလ ၁၄ ရက်နေ့ကို သတ်မှတ်ပြီး ပထမအကြိမ် တိုဘရုပ်ကို ဂျာမန်တပ်များ ဝိုင်းဝန်းတိုက်ခိုက်ကြ၏။ ရှေ့ဆုံးမှ ချေမှုန်း ရေးတပ်မှာ အမှတ် (၅) ခြေမြန်တပ်မဖြစ်၏။ ဂျာမန်တို့က အမြောက်များ အဆက်မပြတ်ပစ်ခတ်ပြီး ချဉ်းကပ်ကြ သော်လည်း ဗြိတိသျှ၏ မြေမြှုပ်မိုင်းကွင်းများကြောင့် တိုက်စစ်အဟုန် ရပ်တန့်ခဲ့ရ၏။ တိုဘရုပ်ကို အကြိမ်ကြိမ် လုပ်ကြသော်လည်း ဗြိတိသျှတို့က အပြင်းအထန် ခုခံ ကြသောကြောင့် ဂျာမန်တို့ဘက်မှ လူ ၁၂၀၀ ခန့်သာ ကျဆုံးသွားပြီး အောင်မြင်မှု မရခဲ့ချေ။

ထို့ကြောင့် ရွှမ်းမဲလ်သည် တိုဘရုပ်အား ဝန်းရံ ပိတ်ဆို့ထားလိုက်တော့၏။ ပိတ်ဆို့ရေးတာဝန်အား အမှတ် (၁) ခြေမြန်တပ်မနှင့် အီတာလျံတပ်များကို တာဝန်ပေးပြီး

မကြာမီရောက်လာမည့် အမှတ် (၁) ဂျာမန်တပ်မနှင့် အေရီရဲလ်တေးတပ်မတို့အား အရန်တပ်များအဖြစ် သတ်မှတ်ပေးခဲ့သည်။ တိုဘရပ် ပထမတိုက်စစ်၌ ရွမ်းမဲလ်တပ်များမှာ စစ်ပန်းနေပြီဖြစ်၍ အုပ်ချုပ်ထောက်ပံ့မှု လုံလောက်စွာ မရရှိခဲ့ကြောင်း အောင်မြင်မှု မရရှိခဲ့ခြင်း ဖြစ်ပေသည်။

ဗြိတိသျှတို့က သူတို့၏ထောက်ပံ့ရေးလမ်းကြောင်းများကို အီဂျစ်အား အခြေခံပြီး ကောင်းစွာဆောင်ရွက်နိုင်ခဲ့ကြ၏။

ဂျာမန်နှင့် အီတာလျံတပ်များ၏ အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များအတွက်မူ မြေထဲပင်လယ်ရှိ မော်လတာကျွန်းတွင် ရေငုပ်သင်္ဘောနှင့် လေတပ်အခြေစိုက်စခန်းများ ထားရှိကာ ၎င်းတို့မှတစ်ဆင့် ဆောင်ရွက်ရသဖြင့် ဂျာမန်ကုန်တင်သင်္ဘောများကို မဟာမိတ်ရေတပ်နှင့် လေတပ်တို့မှ နှောင့်ယှက်ဟန့်တား တိုက်ခိုက်ဖျက် ဆီးနေကြရ ရွမ်းမဲလ်အဖို့ လိုအပ်သောပစ္စည်းများ အချိန်မီမရရှိသဖြင့် ပထမအကြိမ် တိုဘရပ်တိုက်ပွဲကို မအောင်မြင်ခဲ့ ရခြင်း ဖြစ်လေသည်။





ထို့ပြင် ဗြိတိသျှတို့၏ တိုဘရပ်ခံစစ်မှာလည်း မိုင်းကွင်းများခံပြီး စနစ်တကျ ပြုလုပ်ထားခြင်းဖြစ်သည့်ပြင် လူအင်အားမှာလည်း တောင့်တင်းလှသဖြင့် ရွမ်းမဲလ်အတွက် လွယ်လွယ်ကူကူ အနိုင်မရရှိခဲ့ခြင်းပါပေ။

**မဟာမိတ်တို့၏တန်ပြန်တိုက်စစ်များ**

တိုဘရပ်ခံတပ်ကြီး ဝိုင်းဝန်းပိတ်ဆို့ခံရသည်နှင့် ဗြိတိသျှဗိုလ်ချုပ်ကြီး ဝေဗယ်လ်သည် တိုဘရပ်၏ အရေးပါပုံကို သိရှိသဖြင့် တိုဘရပ်ကို ကယ်တင်နိုင်ရေးအတွက် ''Operation Battle Axe'' အမည်ရှိ ''ပုဆိန် စစ်ဆင်ရေး'' ကို ဆင်နွှဲလေတော့သည်။

ဇွန်လ ၁၅ ရက်တွင် ဗိုလ်ချုပ်ဘားရက်စ်ဖို့ဒ်ပီးယားစ် ဦးစီးသည့် ဗြိတိသျှခြေလျင်တင့်ပူးပေါင်းတပ်များသည် တိုဘရပ်အား ဝိုင်းဝန်းထားသည့် ဂျာမန်တပ်များအား ထိုးဖောက်စစ်ဆင်ရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားတော့၏။


အရှေ့ဘက်မှ ထိုးဖောက်လာသည့် ဗြိတိသျှတပ်များအား ရွမ်းမဲလ်က တာပူဖိုဆိုလမ် ဟာဖာယာခံစစ် မှ

ဆီးကြို၍ ကြဲကြဲခံရန် အမှတ် (၁၅) ပန်ဇာတပ်မအား တာဝန်ပေးလေသည်။ ထိုတပ်မမှာ ဂျာမနီမှ နောက်ထပ် ဖြည့်ပေးသော တပ်မ အသစ်ဖြစ်၍ ဗြိတိသျှတို့အား ကောင်းစွာဆီးကြိုတိုက်ခိုက်နိုင်လေသည်။ အမှတ် (၁၅) ပန်ဇာတပ်မမှ ခံစစ်ဆင်နေစဉ် အမှတ် (၇) မြေမြန်တပ်မကို ဝိုင်းပတ်ဖြတ်တောက်တိုက်ခိုက်စေခဲ့ရာ ဗြိတိသျှတို့မှာ ရွမ်းမဲလ်၏ နဂါးပတ်တိုက်စစ်ဒဏ် မခံနိုင်တော့၍ တန်ပြန် တိုက်စစ်ကို အရှုံးနှင့် နိဂုံးချုပ်သွား ရတော့၏။

**Operation Battle Axe** တွင် ဗြိတိသျှတင့်ကား ၈၇ စီး ပျက်စီးကာ လူ ၉၇၀ ယောက် သုံ့ပန်းအဖြစ် ကျရောက်ခဲ့၏။ ဂျာမန်တို့ဘက်ကမူ တင့်ကား ၂၅ စီး သာလျှင် ပျက်စီးခဲ့၏။

ဤတိုက်ပွဲမတိုင်မီက ဗိုလ်ချုပ်ကြီးဝေဗယ်လ်သည် သွေးတိုးစမ်းသည့်အနေဖြင့် ကရူဇာနှင့် အိုင် အမျိုးအစား တင့်ကားအနည်းငယ်ဖြင့် ဆောလ်လပ်နှင့် ကပက်ဇို မြို့ နှစ်မြို့အား ဂျာမန်မြို့စောင့် ခြေလျင်တပ်များတို့ အလစ်တွင် တိုက်လိုက်ရာ အောင်မြင်သွားခဲ့၏။ သို့ရာတွင် နာဇီပိုင်း မှုသာခံပြီး နောက်တစ်နေ့၌ ရွမ်းမဲလ်က သံချပ်ကား





အလုံးအရင်းဖြင့် ထိုမြို့နှစ်မြို့အား ပြန်သိမ်းပြီး အခိုင်အမာ တပ်စွဲထားခဲ့လေသည်။ ထိုမျှသာမက မေလ ၂၇ ရက်တွင် ဟဲလ်ဖာယာ တောင်ကြားမှ ဗြိတိသျှတပ်များကို မောင်းနှင် ထုတ်လိုက်ပြန်၏။

ဆိုင်ရင်နိုကာဒေသ ပြန်လည်ရရှိရေးကို စိတ်အား ထက်သန်လှသော ဗိုလ်ချုပ်ကြီးဝေဗယ်လ်က မေလ ကုန်တွင် အင်္ဂလန်မှရောက်ရှိလာသော သံချပ်ကာကား တင့်ကားအသစ်များကို အသုံးပြုကာ **Operation Battle Axe** အား ဆင်နွှဲခဲ့ခြင်းဖြစ်၏။ သို့ရာတွင် ရွမ်းမဲလ်၏ ပြင်းထန်သော တန်ပြန်တိုက်စစ်ကြောင့် တိုက်စစ်မအောင် မြင်ဘဲ အရေးနိမ့်သွားခဲ့ရလေသည်။

**Operation Battle Axe** အပြီး၌ ဂျာမန်နှင့် ဗြိတိသျှတို့သည် တစ်ဦးနှင့်တစ်ဦး အကွက်ကောင်းကို ချောင်းကာ အားဖြည့်လျက်ရှိကြ၏။ ဤသို့ဖြင့် အာဖရိကား မြောက်ပိုင်း နွေကာလမှာ ကုန်ဆုံးသွားခဲ့၏။

**ရွှေဆိတ်ခါးစစ်ဆင်ရေး**

၁၉၄၁ ခုနှစ် ဆောင်းဦးသို့ ရောက်ခဲ့လေပြီ။

မြရတနာစာပေ

ဂျာမန်နှင့် ဗြိတိသျှတို့သည် အင်အားဖြည့်ရင်း တစ်ဖက်နှင့်တစ်ဖက် အကဲခတ်လျက်ရှိကြ၏။

ထိုအချိန်၌ အာရှအရှေ့ဒေသတွင် ဂျပန်သည် ဒုတိယကမ္ဘာစစ်ထဲ ဝင်ရောက်မည့် အရိပ်အယောင်များ ပြလျက်ရှိ၏။ ဗြိတိသျှတို့အတွက် အရေးကြီးသော သူတို့၏ ကိုလိုနီ အိန္ဒိယတိုက်ငယ်တွင် တာဝန်ပေးရန်အတွက် ဗိုလ်ချုပ်ကြီးဝေဗယ်လ်ကို မြောက်အာဖရိကမှ ပြန်လည်ခေါ်ယူလိုက်ပြီး သူ့နေရာတွင် ဗိုလ်ချုပ်ကြီးကလောဒ်အော်ချင်လက် **Claude Auchinlek** အား ပြောင်းလဲတာဝန်ပေးခဲ့၏။

ဆိုင်ရင်နီကာဒေသ၏ အရေးပါမှုကို သိသော ချာချီက ထိုဒေသကြီးတစ်ခုလုံး ပြန်လည်သိမ်းယူရန် ဗိုလ်ချုပ်ကြီးအော်ချင်လက်အား လူအင်အားနှင့် သံချပ်ကား တင့်ကားများ ထပ်မံဖြည့်တင်းပေးပြီး စစ်ဆင်ရေးကြီးတစ်ခုကို အကြီးအကျယ် ဆင်နွှဲစေတော့၏။ ထိုစစ်ဆင်ရေးမှာ **Operation Crusader** ခေါ် ခရူးဆိတ်ဒါး စစ်ဆင်ရေး ဖြစ်၏။

စစ်ဆင်မှုမစမီ လှုပ်ရှားမှုကို ညအချိန်တွင် ပြုလုပ်





ပြီး သတင်းလုံခြုံမှုကို ထိန်းသိမ်းနိုင်ခဲ့သည်။ ၁၉၄၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့ မဟာမိတ်တို့၏ဘယ်အစွန် စစ်ကြောင်းက အီတာလျံ အေဒီရက်တေး တပ်မတို့ကို စတင်တိုက်ခိုက်မှသာ ဂျာမန်တို့ သိရှိရသည်။ သို့သော် ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်သည် သုံ့ပန်းစစ်ကြောချက်များအရ မဟာမိတ်တို့ ထိုးစစ်အသစ် စစ်ဆင်မှုဖြစ်နိုင်ကြောင်း သုံးသပ်ပြီး နိုဝင်ဘာ ၁၈ ရက်နေ့တွင်ပင် ဂျာမန်တစ်တပ်လုံး ကြိုတင်သတိပေးနိုင်ခဲ့သည်။

ဗြိတိသျှမဟာမိတ်တို့၏ ခရူးဆိတ်ဒါး စစ်ဆင်ရေး ပထမအဆင့်တွင် အမှတ် (၁၃) တပ်မကြီး၊ အမှတ် (၄) အိန္ဒိယတပ်မ၊ နယူးဇီလန်တပ်မနှင့် အမှတ် (၁) တင့်တပ်မဟာတို့ ပါဝင်တိုက်ခိုက်ခဲ့သည်။

ဘယ်ဘက်စစ်ကြောင်းသည် ဘာအယ်လ်ရိဘီ၊ အလယ်စစ်ကြောင်းသည် ဘီဒီရက်ဇက်ဒေသသို့ ထိုးဖောက်တိုက်ခိုက်ခဲ့သည်။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် အမှတ် (၂၁) ပန်ဇာတပ်မကို အရှေ့ဘက်မှလည်းကောင်း၊ အမှတ် (၁၅) ပန်ဇာတပ်မကို အနောက်ဘက်မှလည်းကောင်း တန်ပြန်

တိုက်စစ်ဆင်ရာ နိုဝင်ဘာလ ၂၃ ရက်တွင် ဘီဒီရက်ဇက်ဒေသကို ပြန်လည်သိမ်းပိုက်ရရှိသည်။

ဗြိတိသျှ အမှတ် (၃၀) တပ်မကြီးသည် အထိနာသဖြင့် တောင်ဘက်သို့ ဆုတ်ခွာခဲ့ရသည်။

ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်သည် အမှတ် (၂၁) ပန်ဇာတပ်မကို ဒီဆူလေမန်ကို သိမ်းပိုက်စေပြီး အမှတ် (၁၅) ပန်ဇာတပ်မကို ဘီဒိုနိုမာအား တိုက်ခိုက်စေသည်။ ပူးပေါင်းတပ်ဖွဲ့ကို မက်ဒါဘီနာနှင့် ယာဘာတာရှိ ဗြိတိသျှတို့၏ထောက်ပံ့ရေးစခန်းကို သိမ်းပိုက်စေသည်။

ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်သည် တိုက်ပွဲကို အနီးကပ်ကွပ်ကဲရင်း မဟာမိတ်တို့နယ်မြေအတွင်း ကျွံဝင်သွားပြီး နယူးဇီလန်တို့၏ ရှေ့တန်းဆေးရုံနှင့် မဟာမိတ်တပ်စခန်းများအတွင်း ရောက်ရှိခဲ့ရာ ကံကောင်း၍သာ အဖမ်းမခံရခြင်း ဖြစ်သည်။

တောင်ဘက်သို့ ဆုတ်ခွာသွားသော ဗြိတိသျှ အမှတ် (၃၀) တပ်မကြီးနောက်သို့ လိုက်စစ်ဆင်မှု အားနည်းခဲ့သဖြင့် ဂါဇာလာ၏အရှေ့တောင်ဘက်နှင့် အနောက်ဘက် ၁၅ မိုင်ခန့်ဝေးကွာသော နေရာ၌ရှိသော မဟာ





မိတ်တို့၏ ထောက်ပံ့ရေးစခန်းကြီးနှစ်ခုကို ဖျက်ဆီးနိုင်မည့် အခွင့်အရေးကြီး လက်လွှတ်ခဲ့ရလေသည်။

မဟာမိတ်တို့၏ ခရူးဆိတ်ဒါးစစ်ဆင်ရေး ပထမဆင့်တွင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ပင် အောင်ပွဲ ဆက်လက်ရရှိခဲ့လေသည်။

စစ်ဆင်ရေး ဒုတိယအဆင့်၌ ဗြိတိသျှတပ်များသည် နိုဝင်ဘာ ၂၄ ရက်နေ့တွင် ဘာအယ်လ်ဂိုဘီ တောင်ဘက်၌ ပြန်လည်စုစည်းခဲ့ပြီး တိုဘရုပ်ခံတပ်ကိုလည်း ခိုင်မာသည်ထက် ခိုင်မာအောင် မွမ်းမံတည်ဆောက်ကာ ခံစစ်စခန်းကိုလည်း အင်အားထပ်မံဖြည့်တင်းခဲ့သည်။

နိုဝင်ဘာ ၂၅ ရက်နေ့တွင် တိုဘရုပ်မြို့ကို ဝိုင်းရံထားသော ဂျာမန်နှင့်အီတလီတပ်များကို မဟာမိတ်တပ်များက နှစ်ဖက်ညှပ်၍ ပြင်းထန်စွာ ထိုးစစ်ဆင်တိုက်ခိုက်ရာ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏ တပ်များ တိုဘရုပ်ခံတပ်ကို ပိတ်ဆို့ဝိုင်းရံနေမှုအား ဆက်လက်ထိန်းမထားနိုင်သော အခြေအနေသို့ ရောက်သွားတော့သည်။

နိုဝင်ဘာ ၂၈ ရက်နေ့တွင် ဂျာမန် အမှတ် (၁၅) ပန်ဇာတပ်မနှင့် အမှတ် (၂၁) ပန်ဇာတပ်မတို့သည်

တိုဘရုပ်တွင် မဟာမိတ်တို့မှ တိုက်စစ်ဆင်ပိတ်နေသော မိမိတို့တပ်များအား စစ်ကူပေးရန် ချီတက်လာစဉ် မဟာမိတ်တို့၏ အင်အားဖြည့်တပ်များက ဖြတ်တောက်တိုက်ခိုက် ခြင်းခံရပြန်သည်။

ဂျာမန်တပ်များသည် စစ်ပန်းနေခြင်း၊ အုပ်ချုပ်ထောက်ပံ့မှုများ လုံလောက်စွာ မပေးနိုင်ခြင်းတို့ကြောင့် အခက်အခဲများ ရင်ဆိုင်လာရသည်။ အချိန်ကြာလာသည်နှင့်အမျှ အမှည့်ခြွေ ခြွေခံရသည့်ပြင် လုံးပါးပါးရတော့မည့်အခြေအနေ ဆိုက်ရောက်လာသည်။

ချေမှုန်းခံရတော့မည့် အခြေအနေကို ဗိုလ်ချုပ်ကြီးရွမ်းမဲလ်က မှန်ကန်စွာ သုံးသပ်ကာ ဂျာမန်နှင့် အီတလီတပ်များကို တိုဘရုပ်ခံစစ်အား ဝိုင်းရံနေမှုမှ ဂါဇာလာစစ်ကြောင်းသို့ ဆုတ်ခွာရန် အမိန့်ထုတ်ပြီး ဂါဇာလာတွင် ပြန်လည်စုဖွဲ့ခဲ့ရသည်။

မဟာမိတ်တို့၏ ခရူးဆိတ်ဒါး စစ်ဆင်ရေးအဆင့် ၂ ဖြင့် တန်ပြန်ထိုးစစ်ဆင်မှုကြောင့် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ တိုဘရုပ်ခံတပ် သိမ်းပိုက်ရေး ပထမအကြိမ်ကြိုးစားမှုမှာ မအောင်မြင်ဘဲ ဆုတ်ခွာခဲ့ရပေသည်။





**ရွမ်းမဲလ်၏အစီအမံနှင့် ဆက်လက်ဆောင်ရွက်မှုများ**

တိုဘရုပ်ကို ဂျာမန်များ ဝိုင်းပတ်ပိတ်ဆို့ထားမှုအား ရှင်းလင်းပြီးနောက် ဗြိတိသျှတို့သည် ဂါဇာလာ ခံစစ်ကြောင်းကို ပြန်တည်တည်ဆောက်ခဲ့ကြ၏။ ဂါဇာလာတွင်လည်း ဂျာမန်တို့က ပြန်လည်စုဖွဲ့နေကြရာ မကြာမီပင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားပေတော့မည်။

ဗြိတိသျှစစ်ဦးစီးအဖွဲ့က ရွမ်းမဲလ်၏တပ်များသည် သူတို့၏ခံစစ်ကြောင်းအား အလယ်ဗဟိုနှင့် မြောက်ဘက်ကမ်းခြေဒေသမှ ဝိုင်းပတ်တိုက်ခိုက်ကြမည်ဟု သုံးသပ်ကာ လိုအပ်သည်များ ပြင်ဆင်ထားလေသည်။

သဲကန္တာရဒေသမှာ အကာအကွယ်ကင်းမဲ့သော ဟာလာဟင်းလင်းဖြစ်သောကြောင့် လှည့်စားမှုနှင့် စစ်ကစားမှုသာ သူက အနိုင်ရစမြဲပါပေ။

ရွမ်းမဲလ်သည် ဗြိတိသျှတို့အား လှည့်စားရန် အောက်ပါအတိုင်း စီမံထား၏။

ပထမတပ်နေရာချထားမှု

ဗြိတိသျှတို့၏ သံချပ်ကာကားများကို အပိုင်းပိုင်း ကွဲသွားအောင် ဗြိတိသျှတို့၏ ဂါဇာလာခံစစ်စည်း အစွန်

ဘာဟာက်ချိန် **Bir Hacheim** ကို ယောင်ပြတိုက်မည်။ ဗြိတိသျှတို့က သူတို့၏ ပင်မနေရာမှ တင့်ကားများ၊ သံချပ်ကားများကို စစ်ကူလွှတ်ပေးသည့်အချိန်ကျမှ မိမိ၏ အဓိကစစ်ကြောင်းက ရန်သူ၏ ပင်မခံစစ်ကို ဝင်တိုက်ရန် ဖြစ်လေသည်။

ထိုအစီအမံအရ ရွမ်းမဲလ်သည် သူ၏ယာဉ်တင်တပ်များ အားလုံးကို နေ့အချိန်၌ အီတာလျံများ တာဝန်ယူထားသည့် စစ်မျက်နှာများသို့ ယောင်ပြစေလွှတ်ပေးခဲ့၏။ ညအမှောင်ရောက်လာချိန်တွင်မှ သတ်မှတ်ထားသော စုရပ်များသို့ တိတ်တဆိတ်ပြန်လည်ချီတက်စုဖွဲ့စေခဲ့သည်။

အဓိကတိုက်ခိုက်ရေး စစ်ကြောင်း၌ အောက်ပါတပ်များကို အမာခံထားကာ စုဖွဲ့ခဲ့၏။

- အမှတ် (၁၅) ပန်ဇာတပ်မ
- အမှတ် (၂၁) ပန်ဇာတပ်မ
- အမှတ် (၂၀) အီတာလျံတပ်မကြီး
- တက်ခရီတီနှင့် အာရီတီ တပ်မများ
- အမှတ် (၉၀) ခြေမြန်တပ်မ
- ကင်းထောက်တပ်ရင်းများ

မြရတနာစာပေ



လုပ်နည်းမှာ အောက်ပါအတိုင်းဖြစ်၏။

စစ်ဆင်ရေးစသည်နှင့် ဘာဟာက်ချိန်အား ယောင်ပြစစ်ကြောင်းက ညပိုင်းအထိ ထိန်းချုပ်ထား၍ အဓိကစစ်ကြောင်းက အက်ရိုးမားကိုဖြတ်၍ ကမ်းခြေထိ ချီတက်ပြီး ဂါဇာလာခံစစ်ကြောင်းရှိ ဗြိတိသျှတပ်မအား ချေမှုန်းရန်နှင့် ၎င်းတို့၏ သံချပ်ကာ တပ်ဖွဲ့အား ဖျက်ဆီးပစ်ရန်။

ဂါဇာလာခံစစ်ကြောင်းနှင့် တိုဘရုပ်ခံစစ်နယ်မြေမှ ဗြိတိသျှတပ်များ ဆုတ်ခွာလာခြင်းကို ဖြတ်တောက် တိုက်ခိုက်ရန်နှင့် စစ်ကူလာသည့် တပ်များကို ထိန်းချုပ်ရန်အတွက် အမှတ် (၉၀) ခြေမြန်တပ်မနှင့် ကင်းထောက်တပ်ရင်း သုံးရင်းအား တာဝန်ပေးခဲ့လေသည်။

လေကြောင်းမှလည်း ဗြိတိသျှတို့ အုပ်ချုပ်ထောက်ပံ့မှုအား ဖြည့်ဆည်းပေးနေသည့် မော်လတာကျွန်းကို ဂျာမန်အီတာလျံ လေထီးတပ်များဖြင့် တိုက်ခိုက်ပေးရန် ဂျာမန်စစ်ဌာနချုပ်ကို တင်ပြဆောင်းဆိုခဲ့၏။ သို့ရာတွင် ထိုတင်ပြချက်ကို ဂျာမန်စစ်ဌာနချုပ်က ပယ်ချခဲ့၏။

ရွမ်းမဲလ်အနေဖြင့် ဤစီမံချက်ကို ရေးဆွဲပြီး ဂါဇာလာခံစစ်ကြောင်းအား ရှင်းလင်းပြီးသည်နှင့် တိုဘရုပ်

မြရတနာစာပေ

ကို အပြီးအပိုင် သိမ်းပိုက်နိုင်ရေးအတွက် အချိန်အတော်ကြာအောင် စဉ်းစားသုံးသပ်ရေးဆွဲခဲ့၏။

၁၉၄၂ ခုနှစ် မေလနောက်ဆုံးအပတ်တွင် တိုဘရုပ်ကို သိမ်းယူနိုင်ရမည်ဟု သန္နိဋ္ဌာန်ချထားခဲ့လေ၏။

ရွမ်းမဲလ်သည် အထက်ပါအတိုင်း စီမံချက်ကို ရေးဆွဲပြီး စီမံချက်ကာလမတိုင်မီ၌ ဘတစ်ပြန် ကျား တစ်ပြန် တိုက်ပွဲများကားဖြစ်လျက်ရှိကြ၏။ ဗြိတိသျှဗိုလ်ချုပ်ကြီး အောချင်လက်ကလည်း ဂါဇာလာကို ပြန်သိမ်းကာ သူ၏တပ်ဖွဲ့များကို ရှေ့သို့ချီတက်နိုင်ရေး စဉ်းစားဆောင်ရွက်လျက်ရှိ၏။ သို့ရာတွင် တပ်ချီတက်မှုနှင့် ရွှေ့လျားမှုများတွင် ရွမ်းမဲလ်က သူ့ထက် ပို၍မြန်ဆန်ပြီး စစ်မြေပြင်၌ ကိုယ်တိုင်ဦးဆောင်ကာ တိုက်ပွဲဝင်နေသောကြောင့် ဂျာမန်တို့သည် ဗြိတိသျှတို့ထက် လက်ဦးမှုရှိနေတော့၏။

ခရူးဆိတ်ဒါးစစ်ဆင်ရေး၌ မဟာမိတ်တပ်များသည် နိုဝင်ဘာနောက်ဆုံးအပတ်၌ တိုဘရုပ်အနီးရှိ စီဒီရီဇက်မြို့ကို နယူးဇီလန်တပ်မက သိမ်းပိုက်၍ ကာအဲလ်ဒူဒါကို အမှတ် (၇၀) တပ်မက သိမ်းနိုင်လိုက်သည်။ ဗြိတိသျှ အမှတ် (၈) တပ်တော်နှင့် တိုဘရုပ်မြို့စောင့်တပ်တို့





က်ချင်းဆက်မိသွားရာ ရွမ်းမဲလ်၏ ပန်ဇာတပ်မ နှစ်ခုမှာ အနောက်ဘက်သို့ ပြန်လည်ဆုတ်ခွာခဲ့ရတော့၏။

ရွမ်းမဲလ်က သူ၏ပန်ဇာတပ်မ နှစ်ခုအား ဂါဇာလာတွင် ပြန်လည်စုဖွဲ့ခဲ့ပြီး ရန်သူရှေ့ချီတက်မှု ရပ်တန့် သွားရန်အတွက် သူကိုယ်တိုင်ဦးစီးသော သံချပ်ကားတပ်ဖွဲ့တစ်ဖွဲ့နှင့် အရှေ့စူးစူးသို့ ထွက်ခွာ၍ ဗြိတိသျှသိမ်းပိုက်ထားသော နယ်မြေအတွင်း လှည့်လည်မွှေနှောက်ပစ်လိုက်၏။ ဗြိတိသျှတို့ အယောင်ယောင်အမှားမှားဖြစ်ပြီး သူတို့၏ချီတက်မှုကို ရပ်တန့်ကာ ရွမ်းမဲလ်အား ဝိုင်းဝန်းပိတ်ဆို့ရန်ကြိုးစားကြ၏။ ရွမ်းမဲလ်က ကိုယ်ပျောက် စစ်သည်လို လှည့်စားကာ ဂါဇာလာသို့ ပြန်ရောက်လာ၏။

ရွမ်းမဲလ်သည် သဲကန္တာရမြေခွေးများလို နေ့ရော ညပါ အချိန်ပြည့် သွားလာလှုပ်ရှားလျက်ရှိပြီး မမောနိုင် မပန်းနိုင် ဘွားခနဲ ဘွားခနဲ ဟိုကပေါ်လာလိုက် ဒီကပေါ်လာလိုက်ဖြင့် ပြုလုပ်လျက်ရှိရာ နောက်ဆုံးတွင် ရန်သူဗြိတိသျှများကပင် သူ့အား သဲကန္တာရမြေခွေးကြီး **Desert** Fox ဟု အမည်ပေးခဲ့ကြရတော့၏။

ဗြိတိသျှနယ်မြေအတွင်းမှ ပြန်ရောက်လာပြီး

နောက် သူ့တပ်များအား စီဒီရိဇက်မြို့ကို ရွှမ်းမဲလ်က တိုက်စေပြန်၏။

ထိုအခါ စီဒီရိဇက်တွင် ပြင်းထန်သော တိုက်ပွဲကြီးများ ပြန်လည်ဖြစ်ပွားတော့၏။ ရွှမ်းမဲလ်၏တပ်များက စီဒီရိဇက်မြို့စောင့်တပ်ဖြစ်သည့် နယူးဇီလန်တပ်များအား မောင်းနှင်ထုတ်လိုက်ပြီး မြို့ကို သိမ်းပိုက်လိုက်၏။ ဒီဇင်ဘာ ၁ ရက်နေ့တွင် ဗြိတိသျှတပ်များသည် တိုဘရုပ်မြို့စောင့်တပ်နှင့် တစ်ကြိမ်ထပ်မံ အဆက်အသွယ် ပြတ်သွားရပြန်သည်။ သို့သော် ဗိုလ်ချုပ်ကြီးအောချင်လက်နှင့် ဗိုလ်ချုပ်ရစ်ချီတို့သည် မက်ဒီပီးနားမြို့မှနေ၍ ရွှမ်းမဲလ်တပ်များနားခွင့်မရအောင် စီမံချက်များရေးဆွဲကြပြီး ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသည်။ ရွှမ်းမဲလ်က နှစ်ကြိမ်တိုင်တိုင် ပြန်လည်တိုက်စစ်ဆင်သော်လည်း မအောင်မြင်ခဲ့ချေ။

တိုက်စစ်၏ရည်ရွယ်ချက်မှာ လစ်ဗျားအီဂျစ်နယ်စပ်စည်းကြောင်းပေါ်မှ စခန်းများ ပြန်လည်သိမ်းပိုက်ရန်ဖြစ်သည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် တိုဘရုပ်ကို ဂျာမန်တို့မှ ပြင်းပြင်းထန်ထန် တိုက်စစ်ဆင်ပြန်သည်။ ၈၈ မီလီမီတာ အမြောက်များဖြင့် ကာပစ်ပေးထားပြီး





အမြောက်များကို ရှေ့တန်းသို့ သယ်နိုင်ခဲ့သဖြင့် အနီးကပ်ပစ်ခွင်းမှုများ ပြုလုပ်နိုင်ခဲ့၏။

ထိုတိုက်ပွဲတွင် တိုဘရုပ်ကို ဂျာမန်တို့ အောင်မြင်မှုနီးပါးဖြစ်ခဲ့ပြီး နောက်တစ်နေ့ ဆက်တိုက်လျှင် မုချ တိုဘရုပ်ကျမည် အမှန်။ အဘယ်ကြောင့်ဟူမူ အမြောက်များဖြင့် အနီးကပ်ပစ်ခွင်းနိုင်ခဲ့ခြင်းကြောင့် တိုဘရုပ် ခံတပ်ထဲသို့ အမြောက်ကျည်များ နက်နက်ရှိုင်းရှိုင်း ပေါက်ကွဲခဲ့ခြင်းကြောင့်ပင်။

ထိုည၌မှာပင် ဗြိတိသျှအမှတ် (၈) တပ်တော်က အထွေထွေတန်ပြန်ထိုးစစ်ဆင်မည်ဟု သတင်းရသဖြင့် ဂျာမန်တို့ တပ်ပြန်ဆုတ်ခဲ့လေသည်။ တပ်ဆုတ်ရာတွင်လည်း စနစ်တကျ ခွာစစ်ဆင်ခဲ့ကြ၏။ အခွင့်သာသည်နှင့် တန်ပြန်တိုက်ရင်း ဆုတ်ခဲ့ကြပြီး ဟန့်စစ်ကို အသုံးပြုခဲ့သည်ဟု ဆိုနိုင်ပေသည်။

ထိုအချိန်က ရွှမ်းမဲလ်၌ ရန်သူနှင့် နှိုင်းယှဉ်၍ မရလောက်အောင် တင့်ကား အရေအတွက် နည်းလွန်းနေ၏။ ထို့ကြောင့် အချိန်ယူ၍ တစ်ပွဲချင်းသာ တိုက်သွားနိုင်၏။ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရွှမ်းမဲလ်

သည် အလွန်တောင့်တင်းခိုင်မာသော ခံစစ်စခန်းကို အဲလ်အဂေးလား ပတ်ဝန်းကျင်တွင် တည်ဆောက်ခဲ့သည်။ ဗြိတိသျှအမှတ် (၈) တပ်တော်သည် ရွှမ်းမဲလ်အား ပြိုကွဲပျက်စီးရန် တိုက်ထုတ်နိုင်သောအင်အား မရှိပါချေ။ ထို့ကြောင့် ဗြိတိသျှတို့၏ တန်ပြန်ထိုးစစ်မှာလည်း ဤမှာပင် ရပ်တန့်သွားလေတော့သည်။

ရွှမ်းမဲလ်အနေဖြင့် တိုဘရုပ်ကို ရလုရခင်မှာပင် လက်လွှတ်ခဲ့ရပြန်၏။

**ဗြိတိသျှတို့၏ဂါဇာလာခံစစ်ကြောင်းကို တိုက်ခိုက်ခြင်း**

ဂျာမန်နှင့် ဗြိတိသျှတို့သည် လစ်ဗျားနှင့် အီဂျစ်နယ်စပ်၌ ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်လျက်ရှိသည်မှာ သုံးလကျော် လေးလခန့်မျှအကြာတွင် အရှိန်လျော့သွားတော့၏။ ရာသီဥတုက ပူပြင်းလာလေပြီ။ မိုးမရွာသောကြောင့် သောက်ရေသုံးရေများ ပြတ်လတ်လျက်ရှိ၏။

ရာသီဥတုကန့်သတ်ချက်ကြောင့် ဗြိတိသျှတို့ ငြိမ်သက်နေချိန်တွင် ရွှမ်းမဲလ်သည် အခွင့်ကောင်းယူကာ





သူ၏ ဂါဇလာထိုးစစ်ကို ပြန်လည်စတင်တိုက်ပြန်၏။ မနှစ်က ဤအချိန်မျိုးမှာပင် သူသည် ထိုးစစ်ဆင်၍ ဆိုင်ရင်နိုက်ကာကို သူ သိမ်းနိုင်ခဲ့သည် မဟုတ်ပါလော။

ယခုလည်း သူသည် ရန်သူမမျှော်လင့်သည့် အချိန်တွင် အငိုက်ဖမ်းကာ သူ၏ ဂါဇာလာတိုက်စစ်ကို မေလထဲတွင် စတင်လိုက်ပြန်၏။ ဂါဇာလာက ခံစစ်ကြောင်းကို ရှင်းနိုင်မှ တိုဘရုပ် ခံတပ်ကြီးကို သူ သိမ်း၍ ရမည်ဖြစ်ပေသည်။

၁၉၄၂ ခုနှစ် မေလ ၂၆ ရက် ၁၄း၀၀ နာရီတွင် အမြောက်တပ်မှ ကြိုတင်ချေမှုန်းပစ်ခတ်မှု ပြင်းထန်စွာ ပစ်ပေးနေသည့်အချိန် ဗိုလ်ချုပ်ကြီး ခရူးဝဲလ် **General Cruewell** ဦးဆောင်သော အီတာလျံခြေလျင်တပ်များက ဂါဇလာခံစစ်ကြောင်းအား ရှေ့တည့်တည့်မှ တိုက်စစ်စတင်ခဲ့တော့၏။

ဗြိတိသျှတို့အနေဖြင့် ဤတိုက်ခိုက်မှုအား အဓိကခံစစ်ကြောင်းအဖြစ် ထင်မြင်လာစေရန်နှင့် ၎င်းတို့ သံချပ်ကာတပ်များ ဤဘက်သို့ ဦးတည်လာစေရန် လှည့်စားတိုက်ခိုက်လိုက်ခြင်းလည်း ဖြစ်သည်။

ထိုသို့ ဗြိတိသျှတို့ထင်မြင်လာစေရန် အာဖရိက ကိုးမှ ပန်ဇာတပ်ရင်းတစ်ရင်းနှင့် အီတာလျံအမှတ် (၂၀) တပ်မကြီးတို့မှ ဟန်ချက်ညီစွာ တိုက်ခိုက်စေခဲ့ပြီး ညနေပိုင်းတွင် မူရင်းနေရာများဆီသို့ ပြန်လည် ပူးပေါင်းစုဖွဲ့စေခဲ့သည်။

ဗြိတိသျှတို့၏ ဂါဇလာခံစစ်ကြောင်း ရှေ့ရှိ ကာတပ်တပ်စခန်းများမှာ အနည်းငယ်သာ ခုခံပြီး ဂါဇလာ ပင်မခံစစ်ကြောင်းသို့ ဆုတ်ခွာသွားခဲ့ပါသည်။

ထိုအချိန်အတောအတွင်း အဓိကချေမှုန်းရေးစစ်ကြောင်းတွင် ပါဝင်သည့် အာဖရိကကိုးမှ အမှတ် (၉၀) ခြေမြန်တပ်မနှင့် အမှတ် (၂၀) အီတာလျံတပ်မကြီးတို့အား စုရပ်နေရာတွင် အရန်သင့်စုစည်းထားရှိခဲ့ပါသည်။

ထိုနေ့ညပိုင်းတွင် မဟာမိတ်လေကြောင်း ကင်းထောက်မှုအား လှည့်စားရန် ဂါဇလာခံစစ်ကြောင်းကို တိုက်ခိုက်နေသော အီတာလျံတိုက်စစ်မျက်နှာစာဘက်သို့ ပင်မတပ်ကြီးက လှည့်စားချီတက်စေကာ လျှင်မြန်စွာပင် စုရပ်နေရာသို့ ပြန်လည်ချီတက်စုစည်းစေခဲ့ပါသည်။


ညပိုင်း ၂၀း၃၀ နာရီတွင်မှ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်

မြရတနာစာပေ





စစ်မြေပြင် အခြေအနေကို မြေပုံဖြင့် စေ့စပ်စွာလေ့လာတတ်သည့် ရွမ်းမဲလ်



ရွမ်းမဲလ်နှင့် သူ၏တပ်မှူးကြီးများ တိုဘရပ်တိုက်ပွဲအတွက် ဆွေးနွေးနေပုံ





သည် ဗင်နီဇီးယားစစ်ဆင်ရေးဟု အမည်ပေးထားသော တိုက်ခိုက်ရေးယာဉ် (၁၀၀၀) ကျော် ပါဝင်သည့် အမိက တိုက်ခိုက်ရေးစစ်ကြောင်းကြီးကို စတင်လှုပ်ရှားရန် အမိန့်ပေးခဲ့ပါသည်။ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်နှင့် ၎င်း၏စစ်ဦးစီးအဖွဲ့သည် အာဖရိကကိုးစစ်ကြောင်းကြီးနှင့်အတူ လိုက်ပါခဲ့၏။

စစ်ကြောင်းကြီးသည် ကြီးမားလှသည့် ကမ္ဘာကျော် တိုဘရုပ်စခန်းသိမ်း သံချပ်ကာတိုက်ပွဲဝင်ရန် လရောင်အောက်တွင် တစ်ညလုံးချီတက်ခဲ့ကြသည်။ နောက်နေ့ အလင်းရောင်စတင်ရရှိချိန်တွင် တစ်နာရီခန့်သာ ရပ်နားခဲ့ကြ၏။ ဘာဟက်ချိန် အရှေ့တောင်ဘက် ၁၀ မိုင်မှ ၁၅ မိုင်ခန့်အကွာထိ ရောက်ရှိလာခဲ့သည်။ ထောင်ချောက်နှင့် မိုင်းကွင်းအချို့အား အခက်အခဲအနည်းငယ်နှင့် ကျော်ဖြတ်ပြီး မဟာမိတ်တို့၏ နောက်ပိုင်း နယ်မြေထဲသို့ တိုးဝင်ရောက်ရှိလာခဲ့ကြသည်။

နေဝင်ချိန်ကျော်လွန်ပြီးသည်နှင့် ပန်ဇာတပ်မကြီးသည် ရည်မှန်းချက်အသီးသီးအား တိုက်ခိုက်ရန် တပ်ဖြန့်ပြီး အနေအထားသို့ရောက်ရှိလာခဲ့သည်။

မြရတနာစာပေ

အမှတ် (၉၀) ခြေမြန်တပ်မသည် အယ်လ်အေဒင်သို့ နံနက် ၁၀း၀၀ တွင် ရောက်ရှိကြောင်း သတင်းပို့နိုင်ခဲ့သည်။ ဗြိတိသျှအမှတ် (၃၀) တပ်မကြီး၏ ရိက္ခာစုပုံရေး၊ ထောက်ပံ့ရေးအခြေချစခန်းမြောက်မြားစွာ သိမ်းပိုက်လိုက်နိုင်ခဲ့လေသည်။ အလားတူပင် အာဖရိကကိုးနှင့် ဗြိတိသျှအမှတ် (၄) သံချပ်ကာတပ်နှင့် အမှတ် (၃) အိန္ဒိယယာဉ်တင်တပ်မဟာတို့သည် ဘာဘက်ချိန်အရှေ့တောင်ဘက် (၆) မိုင်ခန့်အကွာတွင် တိုက်ပွဲကြီး စတင်ဖြစ်ပွားခဲ့လေသည်။

အာဖရိကမြေပေါ်သို့ ပထမဆုံးရောက်ရှိလာသည့် ဂျာမန် ဂရန့်တင့်ကားများ၏ ပစ်အားက ဗြိတိသျှတပ်များကို အငိုက်မိသွားစေခဲ့ပါသည်။

ဘတစ်ပြန် ကျားတစ်ပြန်တိုက်ပွဲ၏ နောက်ဆုံးအချိန်တွင် ဂျာမန်တို့ အောင်မြင်မှုများရရှိခဲ့ပြီး ဗြိတိသျှများအား အထိခိုက်အကျဆုံးများစွာဖြင့် လရိုင်အယ်ဘက်သို့ မောင်းထုတ်နိုင်ခဲ့ပါသည်။

နေ့လယ်ပိုင်းတွင် အာဖရိကကိုးတပ်ဖွဲ့နှင့် အမှတ် (၉၀) ခြေမြန်တပ်မတို့ ဆက်သွယ်မိရန် ကြိုးစားစဉ်





ဗြိတိသျှတင့်ကားများ၏ ဖြတ်တောက်တိုက်ခိုက်မှုကြောင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ပါသည်။

အဓိကဒုက္ခပေးနေသော ဗြိတိသျှအမြောက်တပ်ခွဲတစ်ခွဲကို ဂျာမန်ဘက်မှ အငိုက်ယူဝိုင်းပတ်တိုက်ခိုက်လိုက်မှသာ အသက်ရှူချောင်သွားခဲ့သည်။

ညနေပိုင်း၌ ဘာအယ်လ်ဟဲမက်၏ အရှေ့မြောက်ဘက် ၅ မိုင်ကွာ၊ တရိုင်ကာပူဖို၏ တောင်ဘက် နယ်မြေတွင် တင့်တိုက်ပွဲများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားခဲ့သည်။

ဗြိတိသျှအမှတ် (၁) တင့်ကား တပ်မသည်လည်း တိုက်ပွဲတွင် ပါဝင်တိုက်ခိုက်လာခဲ့သည်။ အမြောက် ပစ်ခတ်မှုကို အကာကွယ်ယူ၍ အာဖရိကကိုးတပ်များအား ပြင်းထန်စွာ တုံ့ပြန်တိုက်ခိုက်မှုကြောင့် ဂျာမန်တပ်များအဖို့ တင့်ကားအဆုံးရှုံး အလွန်များပြားလာခဲ့လေသည်။ အရှေ့ဘက်မှ ဗြိတိသျှတပ်များ၏ ဖိအားပေး တိုက်ခိုက်ခြင်းခံရပြီး မြောက်ဘက်သို့ တဖြည်းဖြည်း ရွှေ့ပြောင်းပေးခဲ့ရသည်။ ညအမှောင်ချိန်တွင် အက်ရိုးမား၏ တောင်နှင့်အနောက်တောင်ဘက် ၈ မိုင်ခန့်အကွာထိ ရောက်ရှိလာခဲ့လေသည်။

ဂျာမန်ကုန်တင်ကား အများစုမှာ ဆက်မလိုက်နိုင်တော့သည့်အပြင် ခြေလျင်တပ်များမှာလည်း ပန်ဇာတပ်မကြီးနှင့် အဆက်အသွယ် ပြတ်သွားပြန်လေသည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကိုယ်တိုင် သူ၏စစ်ဦးစီးအဖွဲ့နှင့် အဆက်ပြတ်သွားခဲ့သည်။

ပထမနေ့ တိုက်ပွဲကို ပြန်လည်သုံးသပ်ပါက ဂျာမန်တပ်များအနေဖြင့် ဗြိတိသျှတို့၏ ဂါဇလာခံစစ်ကြောင်း အနောက်ပိုင်းသို့ ထိုးဖောက်တိုက်ခိုက်မှု ကောင်းစွာ မအောင်မြင်ခဲ့ပေ။ ထင်သလောက် ခရီးမပေါက်ခဲ့ပေ။ ဗြိတိသျှအမှတ် (၈) တပ်တော်မှ ဂျာမန်အာဖရိက အမှတ် (၁) တောင်ပိုင်းတပ်မနှင့် အမှတ် (၅၀) တပ်မတို့ အဆက်အသွယ် ဖြတ်တောက်ပစ်ရန် ရည်ရွယ်ချက်မှာ အထမမြောက်ခဲ့ပေ။

ဂျာမန်တို့၏ အဓိကအားနည်းချက်မှာ ဗြိတိသျှတို့၏ အင်အားကို လျှော့၍စစ်ရေးသုံးသပ်ခဲ့မိခြင်းနှင့် အသစ်ရောက်လာသော အမေရိကန်လုပ်တင့်ကားများ၏ ချေမှုန်းနိုင်မှုစွမ်းအားကို ထည့်မတွက်ခဲ့မိခြင်းပင် ဖြစ်သည်။ လက်ရှိ အခြေအနေရ အရှည်အဝေးသာလွန်ပြီး အင်အား





ကြီးမားသော ရန်သူကို ရင်ဆိုင်မိလျက်သား ဖြစ်နေလေသည်။

ဂျာမန်တပ်များအဖို့ ဗြိတိသျှတပ်များ၏ ပြင်းပြင်းထန်ထန်ခုခံမှုနှင့် ရင်ဆိုင်နေရသည့်ကြားမှ အုပ်ချုပ်ထောက်ပံ့မှုပြဿနာများကြောင့် အခက်အခဲကြုံနေရလေသည်။ မေလ ၂၈ ရက်နှင့် ၂၉ ရက်များတွင် တိုက်ပွဲများဆက်လက်ပြီး ပြင်းထန်စွာဖြစ်ပွားခဲ့သည်။

မေလ ၂၉ ရက်တွင် အီတလီတပ်များ ဦးစီးချုပ်ဗိုလ်ချုပ်ကြီးခရူးဝဲလ်သည် ဂါဇလာခံစစ်ကြောင်းအား ထိုးဖောက်တိုက်ခိုက်နေစဉ်မှာပင် ဒဏ်ရာရရှိကာ ဗြိတိသျှတို့၏ သုံ့ပန်းဘဝ ကျရောက်ခဲ့ရသည်။ အမှတ် (၁၅) ပန်ဇာတပ်မမှူး ဗိုလ်ချုပ်ကြီးဗွန်ဗားရက်စ်မှာလည်း ပြင်းထန်စွာ ဒဏ်ရာရရှိကာ တိုက်ပွဲမှ နောက်တန်းသို့ ပြန်ပို့ခဲ့ရလေသည်။

မေလ ၃၀ ရက်တွင်မူ အမှတ် (၁၀) အီတာလျံတပ်မကြီးသည် ဂါဇလာခံစစ်ကြောင်း မိုင်းကွင်း အရှေ့ဘက်တွင် ပေါင်းကူးခြေကုပ်ယူနိုင်သဖြင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်တပ်များ အသက်ရှူချောင်သွားခဲ့သည်။

မေလ ၃၁ ရက် ညနေပိုင်းတွင် အာဖရိက ကိုးတပ်များကို ဝိုင်းရံတိုက်ခိုက်နေသော မဟာမိတ်တပ်များအား ချေမှုန်းရန် အစီအစဉ်ကို ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အမှတ် (၁၀)အီတာလျံတပ်မကြီး၏တပ်မှူး စစ်သူကြီး ကတ်စရင်းနှင့် ကိုယ်တိုင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ညပိုင်းတွင် ဗြိတိသျှတို့အား ပြင်းထန်စွာ တိုက်ပွဲဆင်နွှဲရင်း အနိုင်ယူနိုင်ခဲ့သည်။ ဗြိတိသျှတပ်သား ၃၀၀၀ အား သုံ့ပန်းအဖြစ် ဖမ်းဆီးနိုင်ခဲ့ပြီး တင့်ကား ၁၀၀ အား လက်ရသိမ်းဆည်းကာ အမြောက် ၁၂၄ လက် သိမ်းဆည်းရမိလေသည်။

ဇွန်လ ၁ ရက် ညနေပိုင်းတွင် ဂေါ့အယ်လ်အာ လက်ခံတပ်အား အမြောက်ကြီးများဖြင့် ဝိုင်းပတ်ပစ်ခတ်ကာ တိုက်ခိုက်ခဲ့ရာ သိမ်းပိုက်နိုင်ခဲ့သည်။ ထိုတိုက်ပွဲတွင် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်၏ ဦးစီးအရာရှိချုပ် ဂေါ့စ် ကိုယ်တိုင် ဒဏ်ရာရရှိခဲ့သည်။

ဇွန်လ ၂ ရက်နေ့တွင် ဘာဟာက်ချိန်ခံတပ်အနီးရှိ အမှတ် (၉၀) ခြေမြန်တပ်မနှင့် ထွိုင်အက်တေးတပ်မတို့က အရှေ့တောင်ဘက်နှင့် အရှေ့မြောက်ဘက်မှ





...စ်ဖက်ညှပ်တိုက်ခိုက်ခဲ့ရာ ဗြိတိသျှများ၏ စစ်ကူတပ်များ ...င့် အပြင်းအထန်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ဘာဟာက် ...န်ခံတပ်အား ရရှိသိမ်းပိုက်နိုင်ခြင်း မရှိသေးသော်လည်း ...ာမန်တပ်များအနေဖြင့် ၎င်းအနီးဝန်းကျင် ဗြိတိသျှ ...ဟာမိတ်တပ်များနှင့် ဇွန်လ ၂ ရက်နေ့တိုက်ပွဲ၌ သုံ့ပန်း ...၀၀၀ ခန့် ဖမ်းဆီးရမိခဲ့သည်။ သို့ရာတွင် ဂျာမန်တပ် ...ားအနေဖြင့် တင့်ကား ၁၃၀ စီးခန့် ပျက်စီးဆုံးရှုံးသွားခဲ့ ...လသည်။

ဂျာမန်တပ်များသည် ဘာဟာက်ချိန်ခံတပ် ...တ်လည်ရှိ မိုင်းကွင်းများကို မိုင်းရှင်းဖြတ်လမ်းဖောက်ထွင်း ...နစဉ် ဂျာမန်လေတပ်နှင့် အမြောက်တပ်တို့မှ ခံစစ် ...အတွင်းပိုင်းသို့ ထိရောက်စွာ စွမ်းအင်နှိမ်ပစ်ခတ်ပေးနိုင် ...ခဲ့လေသည်။

ဇွန်လ ၄ ရက်နှင့် ၅ ရက်နေ့ညများတွင် အမှတ် (၁၅) ပန်ဇာတပ်မကို ဘာအယ်ဟာမက်တောင်ဘက်သို့ ရွှေ့ပြောင်းခဲ့သည်။ ဇွန်လ ၅ ရက် မနက် ၀၆း၀၀ နာရီတွင် တစ်ကြိမ်၊ ၁၁း၀၀ နာရီတွင် တစ်ကြိမ် မဟာမိတ်တပ်များနှင့် ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ပွားခဲ့ပြန်သည်။

ဖွန်လ ၆ ရက်နှင့် ၇ရက်ညများတွင် ဘာဟက် ချိန်ခံတပ်မိုင်းကွင်းအား ဆက်လက်၍ ရှင်းလင်းကာ မိုင်း ရှင်းဖြတ်လမ်းဖောက်ထွင်းနိုင်ရန် ကြိုးစားခဲ့သည်။ ခံတပ် အတွင်း ခံစစ်ဆင်နေသော ပြင်သစ်တပ်များကိုလည်း မဟာမိတ်တပ်များနှင့် ဖြတ်တောက်ပိတ်ဆို့ထားနိုင်ခဲ့ သည်။

ဖွန်လ ၉ ရက်နေ့တွင် အာဖရိကကိုးမှ တပ်အချို့ ကို ဘာဟက်ချိန်ခံတပ်သိမ်းပိုက်ရန် တိုက်ခိုက်နေသော တပ်များဘက်သို့ အင်အားထပ်မံဖြည့်တင်းပေးခဲ့သည်။

ဖွန်လ ၁၀ ရက်တွင် ဗိုလ်မှူးကြီးဘာဒီ ဦးဆောင် သော အာဖရိကကိုးတိုက်ခိုက်ရေးတပ်ဖွဲ့သည် ဘာဟက် ချိန် ခံတပ်မြောက်ဘက်ပိုင်း ခံစစ်ကြောင်းအား ထိုးဖောက် ဝင်ရောက်နိုင်ခဲ့လေသည်။ အမြောက်နှင့်လေကြောင်းတို့ မှလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ပြင်းထန်စွာ ပစ်ကူပေးခဲ့သည်။ ဤထိုးဖောက်မှုအပြီးတွင် မဟာမိတ် တို့ဘက်မှ ဗြိတိသျှယာဉ်တင် တပ်မဟာ (၇)မှ အင်အားစု အချို့သည် ဂျာမန်ထောက်ပံ့ရေး လမ်းကြောင်းကို ဖြတ် တောက်တိုက်ခိုက်မှုပြုခဲ့သော်လည်း ထိရောက်မှုမရှိခဲ့ပေ။

မြရတနာစာပေ



တိုက်ပွဲဝင်တပ်မှူးများနှင့် စစ်မြေပြင်အခြေအနေကို စစ်ဆေးနေသော ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်



အာဖရိကရောက် ဂျာမန်ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်



ဇွန်လ ၁၁ ရက်နေ့တွင် ဂျာမန်တို့၏ အမှတ် ၉၀) ခြေမြန်တပ်မမှ ဘာဟက်ချိန်ခံတပ်ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပြီး ပြင်သစ်သုံ့ပန်း ၅၀၀ ဖမ်းဆီးရမိခဲ့ လေသည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ဘာဟက်ချိန် ခံတပ် အား သိမ်းပိုက်ပြီးချိန် စစ်ဆေးခဲ့ရာ ခံတပ်အတွင်းတွင် နစ်တကျပြင်ဆင်ထားသော ခံစစ်နေရာများ၊ ခြေလျင် နှင့် အမြောက်လက်နက်ကြီးများ နေရာချထားမှု လွန်စွာ ကောင်းမွန်သောကြောင့် ၎င်းတို့ အလွယ်တကူ မသိမ်း ပိုက်နိုင်ကြောင်း တွေ့ရှိခဲ့ရလေသည်။

ဇွန်လ ၁၁ ရက် ညနေပိုင်းတွင် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်ကိုယ်တိုင် ဦးစီးကွပ်ကဲသည့် အမှတ် (၁၅) ပန်ဇာတပ်မ၊ အမှတ် (၉၀) ခြေမြန်တပ်မ၊ အမှတ် (၃) နှင့် အမှတ် (၃၃) ကင်းထောက်တပ်ရင်းများ အယ်လ် အေဒင်အနောက်တောင်ဘက် ၆ မိုင်မှ ၁၀ မိုင်အတွင်း ကွာဝေးသောဒေသသို့ ဆက်လက်ချီတက်ရောက်ရှိခဲ့လေ သည်။ ထိုအချိန်တွင် အက်ရိုးမား၏ တောင်ဘက်ဘလီဖာ အနီးဝန်းကျင်တွင် ရောက်ရှိနေသော ဗြိတိသျှအမှတ် (၂)

မြရတနာစာပေ

သံချပ်ကာတပ်မဟာနှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့လေသည်။ ဇွန်လ ၁၂ ရက်နေ့ညပိုင်းတွင် အယ်လ်အေဒင်ဒေသနှင့် ထရိုင်ကာပူဗိုတောင်ပိုင်းအထိ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်၏ တပ်များက သိမ်းပိုက်လိုက်နိုင်ပြီ ဖြစ်သည်။ အယ်လ်အေဒင်ခံတပ်ထီးထီးသာ ကျန်ရှိပြီး ကျန်ဒေသအားလုံးအား သိမ်းပိုက်ပြီးချိန်တွင် မဟာမိတ်တပ်များထံမှ တင့်ကားများစွာနှင့် သံ့ပန်း ၄၀၀ ကျော် ဖမ်းဆီးရမိခဲ့လေသည်။

လက်ရှိအခြေအနေတွင် ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်၍ ယှဉ်ပြိုင်ဆင်နွှဲခဲ့သော တိုက်ပွဲများမှာ ဂျာမန်များလက်တွင်းသို့ အခြေအနေဖန်တီးနိုင်မှု ရောက်ရှိလာခဲ့ပြီဖြစ်ရာ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်အတွက် ကြိုးစားရကျိုးနပ်ပေပြီ။

**တိုဘရုပ်ပတ်ဝန်းကျင်မှ ကာတပ်များကို ရှင်းလင်းခြင်း**

တိုဘရုပ်၏ အရေးပါမှုကို သိသဖြင့် တိုဘရုပ်ပတ်ဝန်းကျင်၌ ဗြိတိသျှကာတပ်များမှာ အထပ်ထပ်ဝန်းရံလျက်ရှိ၏။ ဂါဇာလာ ခံစစ်ကြောင်းသည် တိုဘရုပ်၏



ကာတပ်ကြီးပင် ဖြစ်လေသည်။

ဤတပ်များကို ရှမ်းမဲလ်သည် တစ်တပ်ပြီးတစ်တပ်ခွင်းခြင်းဖြင့်လည်းကောင်း၊ စစ်ကြောင်းများခွဲပြီး တစ်ပြိုင်က်တိုက်ခိုက်ခြင်းဖြင့်လည်းကောင်း ရှင်းလင်းတိုက်ခိုက်လေသည်။

ဇွန်လ ဒုတိယပတ်၌ ရှမ်းမဲလ်၏တပ်များက စစ်ပွဲနှ်ခွင်လျှာအသာရပြီး အခြေအနေကို ဖန်တီးနိုင်ခွင့်ာက်ဝယ်ရရှိသဖြင့် ရှမ်းမဲလ်သည် တိုက်စစ်ကို အရှိန်ဟုန်မပျက် ဆက်လက်ဆင်နွှဲတော့၏။

၁၉၄၂ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် အာဖရိကကိုးတပ်မကြီးသည် အမှတ် (၁၅) ပန်ဇာတပ်မက အနောက်င်းနယ်မြေအား ရှင်းလင်းနေစဉ် အီတာလျံထရိုင်အက်စ်ဘနှင့် အာရိုင်ဟေ တပ်မနှစ်ခုက ထရိုင်ကာပူဗိုမြောက်ာက်ရှိ ဗြိတိသျှတပ်များအား ဖိအားပေးတိုက်ခိုက်ခဲ့သည်။

ပြီးနောက်တွင် ဒိုက်တံတားရှိ ဗြိတိသျှတံတားစောင့်တပ်အား လျင်မြန်စွာ လှုပ်ရှားချီတက်နိုင်မှုစွမ်းအားဖြင့်သံချပ်ကာတပ်များက အတင်းဝင်ရောက်ကာ တံတားအား သိမ်းပိုက်လိုက်လေသည်။

ညပိုင်းတွင် တံတားစောင့်တပ်များ ဆုတ်ခွာသွားရလေသည်။ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်အနေဖြင့် ဂါဇလာခံစစ်ကြောင်းမှ ဗိုင်ယာဘော်ဗီးယားလမ်းကြောင်းအတိုင်း ကမ်းခြေမှ တိုဘရပ်သို့ ဆုတ်ခွာလာနိုင်သည့် ဗြိတိသျှတပ်များအား ပိတ်ဆို့တိုက်ခိုက်ရန်နှင့် စစ်သူကြီး ကတ်စရင်း၏ လေတပ်အကူပစ်အား ရရှိရန် စီမံခဲ့လေသည်။

ဇွန်လ ၁၄ ရက်နံနက်စောစော ဂျာမန်ပန်ဇာတပ်များ စတင်ချီတက်ခဲ့သည့် လမ်းကြောင်းတွင် မိုင်းကွင်းများ ဖြတ်နေစဉ် ဗြိတိသျှသံချပ်ကာတပ်များ ပိုင်းပတ်ပိတ်ဆို့တိုက်ခိုက်မှုကို အလူးအလဲခံခဲ့ရသည်။ သို့သော်ကင်းထောက်တပ်ရင်းများဖြင့် မိုင်းကွင်းနှင့်လမ်းများအားရှင်းလင်းစေကာ ဗိုင်ယာဘော်ဗီးယားသို့ ချဉ်းကပ်ကာ ၁၇၀ မိလီမီတာ သေမင်းတမန်အမြောက်ကြီးများဖြင့် ပစ်ခတ်နိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့လေသည်။ ဂါဇလာခံစစ်ဒေသအား ထောက်ပံ့နေသည့် ဗြိတိသျှနှင့်အာဖရိကန်တောင်ပိုင်း တပ်များ၏ စုပုံခဲယမ်းမီးကျောက်များ များစွာပေါက်ကွဲကုန်လေသည်။

မွန်းလွဲပိုင်းတွင် အမှတ် (၁၁၅) သေနတ်ကိုင်





တပ်ရင်းမှ တောင်ကုန်း (၁၈၇) ကို အတင်းဝင်ရောက်လုံးထွေးတိုက်ခိုက်ရာ အောင်မြင်ခဲ့လေသည်။

ညနေပိုင်းတွင် အက်ရိုးမားနှင့် ဗိုင်ယာဘော်ဗီးယားဆက်သွယ်ရေးလမ်းကြောင်း ပွင့်သွားခဲ့လေသည်။ အမှတ် (၁) ဗြိတိသျှသံချပ်ကာတပ်မမှာ တိုက်ပွဲဝင်ရန်ဆက်လက်တိုက်ပွဲဝင်ပြီး ကြာရှည်စွာ ရပ်တည်နိုင်မည့်အခြေအနေအတွက် အခက်အခဲများ တွေ့ကြုံသွားခဲ့လေသည်။

ထိုနေ့ညပိုင်းတွင် ဗြိတိသျှအမှတ် (၅၀) တပ်မသည်အမှတ် (၁၀) အိတာလျံတပ်မကို ဖောက်ထွက်ကာတောင်ပိုင်းဘက်သို့ လွတ်မြောက်သွားခဲ့သည်။

ထိုတိုက်ပွဲများအတွင်း ဂျာမန်တို့အနေဖြင့် ယာဉ်ပေါင်း ၄၀၀ ကျော်အား ဖျက်ဆီးနိုင်ခဲ့ပြီး သုံ့ပန်း ရာပေါင်းများစွာ ဖမ်းဆီးရမိခဲ့လေသည်။ ဆုတ်ခွာသွားသောဗြိတိသျှတပ်များမှာ အီဂျစ်ပြည်ထိ တဖြည်းဖြည်း ဆုတ်ခွာသွားပြီး အက်ရိုးမားဒေသသာ ထီးထီးကျန်ခဲ့လေသည်။

ဇွန်လ ၁၅ ရက် စောစောပိုင်းတွင် အမှတ် (၁၅) ပန်ဇာတပ်မသည် ဗိုင်ယာဘော်ဗီးယားကိုဖြတ်၍ ပင်လယ်

ကမ်းခြေထိ ရောက်ရှိသွားသည်။

ထိုနေ့တွင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ၎င်း၏ဇနီးထံသို့ ၎င်းအနေဖြင့် မဟာမိတ်တပ်များကို သုတ်သင်နိုင်ခဲ့ကြောင်း၊ ယခုအကြွင်းအကျန်များအား ရှင်းလင်းနေကြောင်း လှလှပပအောင်ပွဲခံနိုင်ကြောင်း စာရေးသားခဲ့လေသည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အမှတ် (၂၁) ပန်ဇာတပ်မအား အက်ရိုးမားဒေသမှ နောက်တစ်ရက်တွင် ဆုတ်ခွာလာစေရန် စီစဉ်ခဲ့လေသည်။ အယ်အေဒင်ရှိ အဓိကစစ်ကြောင်းဖြစ်သော ဘာထရူးနားနှင့် အယ်ဟာတိန်းကို တိုက်ခိုက်နေသော အမှတ် (၉၀) မြေမြန်တပ်မကင်းထောက်တပ်ရင်းများကို ပူးပေါင်းတိုက်စေခဲ့သည်။

ညနေပိုင်းတွင် ဘာထရူးနားခံစစ်အား သုံ့ပန်း ၈၀၀ ကျော် အမြောက်နှင့် စစ်ပစ္စည်းမြောက်မြားစွာနှင့်အတူ သိမ်းပိုက်ရရှိခဲ့လေသည်။ ဗြိတိသျှအမှတ် (၈) တပ်တော်၏ အီဂျစ်ပြည်နယ်နိမိတ်ခံစစ်ကြောင်းတွင် အကြွင်းအကျန်အဖြစ် တိုဘရုပ်နှင့် အယ်ဟာတိန်း နှစ်ခုသာလျှင် ဂျာမန်တပ်များအဖို့ ချေမှုန်းပစ်ရန် ကျန်ရှိလေ





တော့သည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် တိုဘရုပ်၏ အားအနည်းဆုံး ပျော့ကွက်ကို ရှာဖွေခဲ့သည်။ အမှတ် (၂) အာဖရိကန်တောင်ပိုင်းတပ်မ အင်အားအချို့သည် အက်ရိုးမားတွင် ကြံ့ကြံ့ခံဆဲရှိသည်။

ယခုအချိန်သည် တိုဘရုပ်သိမ်းပိုက်ရေးမှာ တုန်လှုပ်ချောက်ချားကာ ဇဝေဇဝါဖြစ်နေသော အာဖရိကန်တောင်ပိုင်းတပ်များထက် ဗြိတိသျှတို့၏ စိတ်ဓာတ်ရေးရာကသာ အရေးကြီးကြောင်း သုံးသပ်မိလာသည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အဖို့ လျင်မြန်စွာ အောင်ပွဲဆင်ရန် အခွင့်အရေး ပြန်လည်ရရှိလာပြီဖြစ်ကြောင်း ဆုံးဖြတ်နိုင်ခဲ့လေသည်။

**တိုဘရုပ်ကိုနောက်ဆုံးထိုးစစ်ဆင်ခြင်း**

တိုဘရုပ်သည် မြောက်အာဖရိကရှိ ဗြိတိသျှတို့၏ အင်အားအတောင့်ဆုံးသော ခံတပ်ကြီးဖြစ်သည်။ ၁၉၄၁ ခုနှစ်ကတည်းက ခံစစ်ကိုစနစ်တကျ တည်ဆောက်ခဲ့သည်။ ပြင်သစ်တပ်များကိုပါ အားဖြည့်ထားလေသည်။

ဂျာမန်များအဖို့မှာ တစ်ချိန်က တစ်စတုရန်းကိုက်အတွင်း ပေးဆပ်ခဲ့ရသော အသက်နှင့်သွေးတို့ မရေမတွက်နိုင်ရှိခဲ့ဖူးသည်မို့ တိုဘရပ်နှင့် စိမ်းမနေပေ။

ဂျာမန်စစ်သည်များအားလုံးက တိုဘရပ်သည် ဗြိတိသျှတို့၏ အကောင်းဆုံးခံတပ်ကြီးဖြစ်သည်ဟု ခံယူကာ အပြီးတိုင်သိမ်းပိုက်ရေးကိုသာ ဆန္ဒပြင်းပြစွာ စိတ်စောလျက်ရှိသည်။

ရွှမ်းမဲလ်သည် ဇွန်လ ၁၆ ရက်တွင် မိယာဘယ်ဆီယာသို့ သွားရောက်ခဲ့သည်။ ဂျာမန်တို့ ဂါဇလာခံစစ်ကြောင်းအား သိမ်းပိုက်ပြီး သုံ့ပန်း ၆၀၀၀ ကျော်နှင့် ပစ္စည်းများ မြောက်မြားစွာ သိမ်းပိုက်နိုင်ခဲ့ပြီဖြစ်သောကြောင့် အောင်ပွဲရ ဂျာမန်တပ်ဖွဲ့များအား သွားရောက်အားပေးရန် ဖြစ်သည်။

အယ်ဟာတိန်းခံစစ်တွင် အိန္ဒိယတပ်များက ဆက်လက်ခုခံနေဆဲဖြစ်၍ အမှတ် (၉၀) ခြေမြန်တပ်မသည် ဇွန်လ ၁၆ ရက်တွင် ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ခဲ့ရသည်။ မာမာရိကားဒေသ ခံစစ်အားလုံးသည် နည်းပျူဟာမြောက် ခေတ်မီအတွေးခေါ်များနှင့် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်ကို ဘာဟက်ချိန်ခံတပ် တိုက်ခိုက်စဉ်ကပင် တွေ့ရှိခဲ့





ပြီး ဖြစ်သည်။ သို့သော်လည်း ညနေပိုင်းတွင် အိန္ဒိယတပ်များအပါအဝင် ဗြိတိသျှတပ်အချို့ တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

၁၉၄၂ ခုနှစ် ဇွန်လ ၁၇ ရက်တွင် သုံ့ပန်း ၅၀၀ နှင့် မြောက်မြားစွာသော စစ်လက်နက်ပစ္စည်းများနှင့်အတူ အယ်ဟာတိန်းစခန်းအား ဂျာမန်တို့ သိမ်းပိုက်ခဲ့မိသည်။ အာဖရိကကိုးတပ်မကြီးကလည်း အင်အားတောင့်တင်းသည့် အယ်ဒူဒါနှင့် ဘယ်ဟာန်းဆိပ်ကမ်းခံတပ်နှစ်ခုကို သိမ်းပိုက်နိုင်ခဲ့သည်။

အယ်ဟာတိန်းသိမ်းပိုက်ပြီးလျှင်ပြီးချင်း ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အမှတ် (၉၀) ခြေမြန်တပ်မအား ကျန်ရှိနေသေးသော ဗြိတိသျှစခန်းများကို အမြန်ဆုံးဝိုင်းပတ်ပိတ်ဆို့ သိမ်းပိုက်ရန် ညွှန်ကြားလိုက်လေသည်။

ထို့နောက် အာဖရိကကိုးတပ်မကြီးနှင့် အက်ရီတေတပ်မကြီးအား ဂမ်ဘတ်ဒေသနှင့် ၎င်းတောင်ဘက်သို့ ချီတက်စေခဲ့သည်။ ရွှမ်းမဲလ်၏အဓိက ရည်မှန်းချက်မှာ ဗြိတိသျှများ၏ တိုဘရပ်ပေါ် အာရုံစိုက်မှု စိတ်နှစ်ခွဖြစ်သွားစေရန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တိုဘရပ်

နောက်ပိုင်းသို့ ရွှေ့ပြောင်းမည့် ဂျာမန်တပ် လှုပ်ရှားမှုအပေါ် အာရုံစိုက်မလာစေရန်ဖြစ်သည်။ လှည့်စားမှုကို သုံးလိုက်ခြင်းဖြစ်၏။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် အာဖရိကကိုးတပ်မကြီးနှင့်အတူ ဂမ်းဘတ်သို့ ဇွန်လ ၁၇ ရက် ည ၂၂း၀၀ နာရီတွင် ရောက်ရှိခဲ့သည်။

ဇွန်လ ၁၈ ရက် အရုဏ်တက်တွင် တိုဘရပ်၏ မြောက်ဘက်သို့ ချဉ်းကပ်နေသော အမှတ် (၂) ပန်ဇာတပ်မအား ဗြိတိသျှတို့က လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

ထိုအချိန်တွင် အာဖရိကန်တပ်မကြီးသည် တိုဘရပ်နှင့်မာဆာမာထရူမြို့ကို ဆက်သွယ်ဖောက်လုပ်ခဲ့သော လွန်ခဲ့သည့် လအနည်းငယ်က အဆုံးသတ်ခဲ့သော ရထားလမ်းအနီးသို့ ရောက်ရှိသွားပြီဖြစ်သည်။

ထိုရထားလမ်းကို ၀၄း၃၀ နာရီတွင် ဖြတ်ကျော်ကာ ယာဉ်အချို့အား သိမ်း၍ အမှတ် (၄) သေနတ်ကိုင်တပ်ရင်းသည် ဗြိတိသျှသို့ပန်း ၅၀၀ ဖမ်းဆီးရမိခဲ့လေသည်။ အကောင်းအတိုင်းရှိသော လေ ယာဉ် ၁၅ စင်းနှင့် ဂျာမန်များ အလွန်လိုအပ်နေသော စက်သုံးဆီများပါ သိမ်း





ဆည်းရမိခဲ့လေသည်။

ထိုနေ့ညတွင် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် ဗြိတိသျှအမြောက်ပစ်ခတ်မှုဒဏ်မှ ကံသီ၍ လွတ်မြောက်ခဲ့ပြီး ၎င်း၏ ကွပ်ကဲမှုဌာနချုပ်အား အယ်ဟာတိန်းသို့ ပြောင်းရွှေ့ခဲ့သည်။

ဇွန်လ ၁၈ ရက်တွင် တိုဘရပ်နှင့် ဂမ်းဘတ်ကြားရှိ ဗြိတိသျှတပ်အားလုံးအား ချေမှုန်းသုတ်သင်ကာ တိုဘရပ်ခံတပ်တစ်ခုတည်းကိုသာ ထီးထီးချည်းဝိုင်းပတ်ပိတ်ဆို့ထားနိုင်ပြီ ဖြစ်သည်။ ကံကောင်းစွာပင် ၁၉၄၁ ခုနှစ် တိုဘရပ်တိုက်စဉ်က ဝှက်ထားခဲ့သော အမြောက်ကျည်များအား အကောင်းပကတိအတိုင်းပင် ပြန်လည်ဖော်ယူရရှိခဲ့လေသည်။

ဇွန်လ ၁၉ ရက်တွင် အာဖရိကတပ်မကြီးအား နေရာသစ်များသို့ ရွှေ့ပြောင်းချီတက်စေခဲ့သည်။ အမှတ် (၉၀) ခြေမြန်တပ်မကိုမူ ဘာဒီယာနှင့် တိုဘရပ်အကြားရှိ ဗြိတိသျှထောက်ပံ့ရေးနေရာများအား သိမ်းပိုက် တိုက်ခိုက်စေခဲ့သည်။

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ အဓိကရည်ရွယ်ချက်မှာ

မဟာမိတ်တပ်များအနေဖြင့် ဂျာမန်အဓိကထိုးစစ် တည်နေရာကို မခန့်မှန်းနိုင်စေရန်ဖြစ်သည်။ အင်အားဖြည့်ရောက်ရှိလာသော ပါဗီးယားတပ်မနှင့် လစ်တိုရိယိုသံချပ်ကာ တပ်မနှစ်ခုကိုလည်း တိုဘရပ်၏ အနောက်ဘက်နှင့်တောင်ဘက်သို့ ပို့လွှတ်ခဲ့လေသည်။ ထိုအကျိုးဆက်မှာ ဗြိတိသျှထောက်လှမ်းချက်တွင် ဂျာမန်တပ်များသည် သာမန်လှုပ်ရှားမှုသာ ရှိပြီး အခြေအနေ တိုးတက်ပြောင်းလဲမှု မရှိသေးဟု သုံးသပ်သွားခဲ့လေသည်။

ထိုအချက်သည်ပင် ဂျာမန်များအဖို့ တန်ဖိုးမဖြတ်နိုင်သော အလစ်အငိုက်ကို ရရှိသွားခဲ့လေသည်။

တိုဘရပ်ခံတပ်အတွင်းရှိ အင်အားမှာ ၁၉၄၁ ခုနှစ်နှင့် သိပ်မခြားနားပေ။

နယ်မြေထိန်းအဖြစ် အမှတ် (၂) တောင်အာဖရိက ခြေလျင်တပ်မ၊ အမှတ် (၁၁) အင်ဒီယန်းတပ်မဟာ၊ ကင်းထောက်တပ်မဟာမှ အမှတ် (၂) တပ်ရင်း၊ အမှတ် (၃၂) တပ်တော်ပိုင် တင့်တပ်မဟာ၏ ကွပ်ကဲမှု အောက်မှ တင့်တပ်ရင်းတချို့ ပစ်အားထပ်ဖြည့်အကူအဖြစ် အမြောက်တပ်ရင်းများ ပါဝင်သည်။ လက်ရှိ အခြေအနေဖြင့် နိုင်း





မြစ်ဝှမ်းမှ အင်အားဖြည့်များထပ်မံရောက်ရှိနေကြောင်း သိရှိရလေသည်။

တိုဘရပ်ခံတပ်၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် လမ်းမရှိသော သွားလာရန်ခက်သည့် ကျောက်တောင်များရှိသည်။ တောင်ဘက်သည် မြေပြန့်များဖြစ်ပြီး သဲမြေများသာဖြစ်သည်။ ဘော်ဆိုလက်အောက်ခံဘဝက အီတာလျံများ အပြင်းအထန်တည်ဆောက်ထားသော ခံတပ်တစ်ခုဖြစ်သည်။ ခေတ်မီလက်နက်များ စနစ်တကျ တပ်ဆင်ထားသော ခံတပ်တစ်ခုဖြစ်သည်။ ခံစစ်အားခိုင်မာစေရန် အဆင့်ဆင့်သော ခံစစ်စည်းထား ရှိသည်။ ခံစစ်နေရာတစ်ခုနှင့်တစ်ခု မြေအောက်ဥမင်လိုဏ်ခေါင်းများနှင့် ဆက်သွယ်ထားသည်။ နေရာတိုင်းတွင် စက်သေနတ်နှင့် တင့်ကားရန် ကာကွယ်ရေးကျင်းများရှိသည်။ ၎င်းကျင်းများကို ရုပ်ဖျက်ထားကာ ချဉ်းကပ်လာသော တိုက်ခိုက်မည့်တပ်အား ချေမှုန်းပစ်ခတ်ရန် စီစဉ်ထားသည်။

အမြောက်များကို တိုက်ရိုက်ပစ် အကွာဝေးတွင် မထားဘဲ စက်သေနတ်နှင့် တင့်ကားရန် ကာကွယ်ရေး

လွတ်နေသည့်နေရာများကို ပစ်ခတ်နိုင်ရန် စီမံထားသည်။ ခံစစ်နေရာအပြည့်တင့်ထောင် အတားဆီး ကျင်းကြီးများနှင့် သံဆူးကြိုးကြီးများ ကာရံထားသည်။ ခံစစ်နယ်တစ်ခုလုံးရှိ ဖြတ်သွားနိုင်သည့်နေရာအားလုံးကို တင့်ထောင် ကျင်းကြီးများ တူးထားခြင်းဖြင့် ခံစစ်အားကောင်းစေရန် အင်အားဖြည့်ထားသည်။ ခံစစ်အပြင်စည်းကို ကျင်းနက်ကြီးများ တူးထားသည်။ အမြောက်များ စုရုံးပစ်ခတ်နိုင်သည့် ပစ်ကွက်များ ရွေးချယ်ထားသည်။ အချို့နေရာတွင် စစ်မြေပြင်ခံစစ်နေရာများဖြစ်ပြီး တချို့မှာ ရဲတိုက်ခံတပ်များ ဆောက်လုပ်ထားသည်။ ခံစစ်လုပ်ငန်းအားလုံးကို ကျယ်ပြန့်နက်နဲသော မိုင်းကွင်းဖြင့် ကာကွယ်ထားပါသည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ယောင်ပြစစ်ကြောင်းအဖြစ် အမှတ် (၂၁) အီတာလျံတပ်မကြီးနှင့် တင့်ကားပစ်ကူ။ အဓိကစစ်ကြောင်းတွင် အာဖရိကတပ်မကြီးနှင့် အမှတ် (၂၀) အီတာလျံတပ်မတို့ဖြင့် တိုက်ခိုက်ရန် ဖွဲ့စည်းခဲ့ပါသည်။ အဓိကစစ်ကြောင်း တိုက်စစ်အား တိုဘရပ်၏ အရှေ့တောင်ဘက် စစ်မျက်နှာစာမှ စတင်တိုက်ခိုက်ခြင်း မပြုမီ ဂျာမန်အီတာလျံလေတပ်ဖြင့် ဗုံးကြဲတိုက်ခိုက်ရန်





စီမံခဲ့လေသည်။

ခြေလျင်တပ်များက ခံစစ်စည်းကို အင်အားလျော့သွားအောင် တိုက်ပွဲဝင်နေစဉ် အာဖရိကတပ်မကြီးသည် ကမ်းခြေသွားလမ်းအနီးကို ဖြတ်ကာ ဗိုင်ယာဲဆော်ဗီးယားမှ အနောက်ဘက်သို့ လမ်းဖွင့်နိုင်ရန် ချဉ်းကပ်ခဲ့လေသည်။

အာဖရိကတပ်မကြီး၏ နောက်မှ အမှတ် (၂၀) အီတာလျံတပ်မကြီး ကပ်လျက်လိုက်ပါလာခဲ့ပြီး တောင်အာဖရိကန်တပ်များ၏ နောက်ပိုင်းဖြစ်သော ရက်စ်အဲလ်မာဒေါ်ဒေသကို ဖြတ်သန်းသွားရန် ချီတက်ခဲ့ပြီ ဖြစ်သည်။

ဖွန်လ ၁၉ ရက်ညတွင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် နှစ်နာရီသာ ညအိပ်စက်ခဲ့ရသည်။ ၎င်းညနေတွင် ချေမှုန်းရေးတပ်များသည် သတ်မှတ်ထားသော စုရပ်နေရာများသို့ စီမံချက်အတိုင်း တပ်ဖြန့်နိုင်ရန် စုစည်းခဲ့မိကြ သည်။

## တိုဘရပ်ကိုသိမ်းပြီ

ဖွန်လ ၂၀ ရက် မနက် ၀၅း၂၀ ချိန်မှစ၍ အစင်း ၁၀၀ ကျော်သော ဂျာမန်လေယာဉ်များဖြင့် တိုဘရပ်၏ အရှေ့တောင်ဘက် ဖောက်ဝင်မည့် မျက်နှာစာဘက်သို့

ဖုံးကြဲ ချသည်။


ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် တိုဘရုပ်ခံတပ် တိုက်စစ်အား ကိုယ်တိုင် အနီးကပ်ကြည့်ရှုနေခဲ့သည်။ လေယာဉ်ဖုံးကြဲမှုကြောင့် သံဆူးကြိုးများ စုတ်ပြတ်ကုန်ပြီး မိုင်းကွင်းများ ပျက်စီးကာ ခံတပ်တစ်ခုလုံး သဲမုန်တိုင်း၊ မီးခိုးမုန်တိုင်းများ တိုက်ခတ်သကဲ့သို့ မှောင်လျက်ရှိလေသည်။ လေယာဉ်ဖုံးကြဲမှု ပြီးဆုံးသည်နှင့် အာဖရိက တပ်မကြီးမှ အမှတ် (၁၅) သေနတ်ကိုင်တပ်မဟာနှင့် အမှတ် (၂၀) အီတာလျံတပ်မကြီးတို့၏ ချေမှုန်းရေး စတင်ခဲ့သည်။

လမ်းကြောင်းတစ်လျှောက်အား အမှောင်ထု အကာအကွယ်ဖြင့် ဇွန် ၁၉ ရက်ညကပင် မိုင်းရှင်းထားခဲ့ပြီးဖြစ်ပေသည်။ နောက်ထပ်နှစ်နာရီ အကြာတွင် ဗြိတိသျှ ခံစစ်ကြောင်းအတွင်း ထိုးဖောက်ကာ ဂျာမန်တပ်များ ပေါင်းကူးခြေကုပ်စတင်ရရှိသွားပြီ ဖြစ်လေသည်။

ခံစစ်နေရာတစ်ခုပြီးတစ်ခု ဂျာမန်တို့၏ အာဖရိက တပ်မကြီးက လက်တစ်ကမ်းတိုက်ပွဲဆင်နွှဲကာ သိမ်းပိုက်လျက် ရှိပြီဖြစ်သည်။

ဇွန်လ ၂၀ ရက် မနက် ၀၈း၀၀ နာရီတွင်





သဲကန္တာရတွင် ခေတ္တ စခန်းချနေသော ရွှမ်းမဲလ်



သဲကန္တာရအတွင်မှ ရွမ်းမဲလ် ၏ ယာယီစခန်း



တိုဘရုတ်တွင် တိုက်ပွဲဝင် နေကြသော မဟာမိတ်တပ်များ



တိုဘရပ်တွင် တိုက်ပွဲတွင်နေကြသောမဟာမိတ်တပ်များ



အင်ဂျင်နီယာ တပ်က တင့်ကားထောင်ကျင်းကြီးများအား ဖဲတားခင်းပြီးသွားသည်။ ဗြိတိသျှတို့၏ ပစ်ခတ်မှု အောက်တွင် တံတားဆောက်ရသည်မှာ မလွယ်ကူလှ။ ဂျာမန်အင်ဂျင်နီယာတပ်ဖွဲ့၏ ခက်ခက်ခဲခဲ ကြိုးစားဆောင် ရွက်မှုကြောင့် ယာဉ်တစ်စီးမျှပင် မဆုံးရှုံးဘဲ လမ်းပွင့် သွားခဲ့လေသည်။

တိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေချိန်အတွင်း ဗိုလ် ချုပ်ကြီး ရွှမ်းမဲလ်သည် ၎င်း၏ဦးစီးမော်တော်ယာဉ်ကို ကိုယ်တိုင်မောင်းကာ အာရီယေ တပ်တော်မျက်နှာစာမှ အမှတ် (၁၅) ပန်ဇာတပ်မ မျက်နှာစာထဲသို့ သွားရောက် ကာ တိုက်ပွဲကို ကိုယ်တိုင် အနီးကပ်ကွပ်ကဲခဲ့လေသည်။

ဗြိတိသျှတို့၏ ပစ်ခတ်မှုအောက်တွင် တစ်နေရာမှ တစ်နေရာ ကူးပြောင်းကာ ကွပ်ကဲခဲ့ခြင်းဖြစ်သည်။ ၁၁း၀၀ နာရီခန့်တွင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် ဗြိတိသျှခံစစ် နယ်မြေအတွင်းရှိ တင့်ကားထောင် ကတုတ်ကျင်းများရှိရာ သို့ ရောက်သွား၏။

နေ့လယ်မွန်းတည့်ချိန်ခန့်တွင် အာဖရိကတပ်မကြီး သည် ဗြိတိသျှတင့်ကား ၅၀ ခန့်ကို ဖျက်ဆီးနိုင်ကာ ဆီဒီ

မာမွတ်လမ်းဆုံသို့ပင် ရောက်ရှိခဲ့ပြီး တိုဘရုပ်၏သော့ချက်နယ်မြေအား စတင်သိမ်းပိုက်နိုင်ပြီဖြစ်သည်။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်က အာဖရိကတပ်မကြီးအား ရှေ့ဆက်ချီတက်ရန် ကိုယ်တိုင်ညွှန်ကြားခဲ့သည်။ ပီလပ်စ်စထရီနိုခံတပ်ဘက်မှ ပြင်းပြင်းထန်ထန် ခုခံပစ်ခတ်လျက်ပင် ရှိသေးသည်။

တစ်ချိန်တည်းမှာပင် တိုဘရုပ်ပင်လယ်ဆိပ်ကမ်းတစ်ဝိုက် ဆိုက်ကပ်ထားသော ဗြိတိသျှစစ်သင်္ဘောတချို့ ကျောက်ဆူးတွဲများ ဆွဲတင်၍ အသင့်ပြင်ဆင်ကာ တပ်အချို့ပင်လယ် ရေကြောင်းလမ်းအတိုင်း ဆုတ်ခွာနိုင်ရေး စီစဉ်လျက်ရှိကြောင်း မျက်မြင်တွေ့ရှိသဖြင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် လေကြောင်းရန် ကာကွယ်ရေးသေနတ်များ အမြောက်တပ်များအား သင်္ဘောများသို့ ပစ်ခတ်ရန် ညွှန်ကြားခဲ့လေသည်။

လျှပ်တစ်ပြက်ရရှိလိုက်သော အခွင့်ရေးကို လက်မလွှတ်တမ်း အသုံးချနိုင်မှုကြောင့် သင်္ဘော ၆ စင်း နှစ်မြှုပ်ပစ်နိုင်ခဲ့ပြီး ရန်သူများ ပင်လယ်ထွက်ပေါက်မှ ဆုတ်ခွာမည့် အစီအစဉ် ပိတ်ဆို့လိုက်နိုင်လေသည်။ နေမဝင်မီပင်





ဆိပ်ကမ်းရော မြို့ကိုပါ သိမ်းပိုက်လိုက်နိုင်ပြီ ဖြစ်သည်။ ထိုနေ့ကား ၁၉၄၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့ပင်တည်း။

တိုဘရုပ်မြို့သိမ်းတိုက်ပွဲတွင် အမှတ် (၂) တောင်အာဖရိကန်ခြေလျင်တပ်မမှူးနှင့် တိုဘရုပ်ခံစစ်တပ်မှူးဖြစ်သူ ဗိုလ်ချုပ်ကြီးကလော့ပါး အပါအဝင် သုံ့ပန်းပေါင်း ၃၃၀၀၀ ကျော် ဖမ်းမိပြီး သံချပ်ကာ တိုက်ခိုက်ရေးယာဉ် ၁၀၀၀ ကျော်၊ အမြောက် ၄၀၀ နီးပါး သိမ်းပိုက်ရရှိခဲ့လေသည်။

နောက်တစ်ရက်တွင် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား စစ်သူကြီး **(Field Marshal)** အဖြစ် ခေါင်းဆောင်ကြီးဟစ်တလာက ရာထူးတိုးမြှင့်ပေးကြောင်း ကြေးနန်းရရှိခဲ့သော်လည်း ရာထူးတံဆိပ်တပ်ဆင်လောက်အောင်ပင် အချိန်မပေးနိုင်ဘဲ အလုပ်များနေခဲ့သည်။

စက်တင်ဘာလထဲ၌ အယ်လ်အာလာမိန်း စစ်မြေပြင်ရောက်မှ သူနှင့်ရင်းနှီးသော စစ်သူကြီး ကက်ဆရင်း၏ အဆင့်တံဆိပ်ကိုယူကာ တပ်ဆင်ခဲ့ရလေသည်။

တိုဘရုပ်အောင်ပွဲသည် အာဖရိကတပ်မကြီးအား အာဖရိကစစ်မြေပြင်တွင် အထွတ်အထိပ်ရောက်အောင်

ကျော်ကြားစေခဲ့သော တိုက်ပွဲတစ်ရပ်အဖြစ် စစ်သမိုင်းတွင် ကမ္ဘည်းထိုးရလောက်အောင် ဖြစ်စေခဲ့ပါသည်။

တိုဘရပ်ဒေသအား ထိုးစစ်ဆင်ခဲ့သည့် မေလ ၂၆ ရက်မှစ ဇွန်လ ၂၀ ရက်နေ့ထိ ဂါဇလာ–တိုဘရပ် ဒေသတိုက်ပွဲစဉ်များအတွင်း ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်သည် စစ်မြေပြင်တွင် ကိုယ်တိုင်ဦးစီးကွပ်ကဲခဲ့သည်။

ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်သည် အပင်ပန်းအဆင်းရဲ ခံသည်။ မရပ်မနား ကြိုးစားခဲ့သည်။ တိုက်ပွဲအသေးစိတ်ကို ကိုယ်တိုင်စီစဉ်ရေးဆွဲကာ သင့်တော်သည့်အချိန်တွင် သင့်တော်သည့်တပ်နှင့် သင့်တော်သည့် ခေါင်းဆောင်ကို သာ ရွေးချယ်အသုံးပြုသည်။ လိုအပ်လာလျှင် ကိုယ်တိုင် တိုက်ခိုက်ရန် အမိန့်ပေးခဲ့လေသည်။ ထို့ကြောင့် ကမ္ဘာကျော်တိုဘရပ်ခံတပ်အား အောင်မြင်မှု မြောက်မြားစွာဖြင့် သိမ်းပိုက်ရမိခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဂါဇလာ–တိုဘရပ်တိုက်ပွဲနှင့်ပတ်သက်ပြီး ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်၏ တိုက်ပွဲကွပ်ကဲမှုကို ကျွန်တော်တို့ လေ့လာကြည့်ကြပါစို့ ခင်ဗျာ။

❖



# အခန်း ( ၇ )

## ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏ ဂါဇာလာ တိုဘရပ်တိုက်ပွဲ ကွပ်ကဲမှုများ

**နိဒါန်း**

ဗိုလ်ချုပ်ကြီးရွမ်းမဲလ်၏တိုက်ပွဲများအနက် ဤ ဂါဇာလာ တိုဘရပ်တိုက်ပွဲသည် အအောင်မြင်ဆုံး သူ၏ ဝစ်ရေးစွမ်းရည်အပြသနိုင်ဆုံး တိုက်ပွဲကြီးဖြစ်၏။

၁၉၄၁ ခုနှစ် ဖေဖော်ဝါရီ ပထမပတ်၌ မြောက်အာဖရိကစစ်မြေပြင်တွင် အီတလီတို့သည် သူတို့ထက် အင်အားအဆမတန် နည်းသော ဗိုလ်ချုပ်ကြီးဝေဗယ်လ်၏ အာဖရိကတပ်တော်ထံ လက်နက်ချခဲ့ကြရ၏။ အသည်းကြောင်သော အီတလီတပ်များ ခြွင်းချက်မရှိ ဗြိတိသျှတို့ထံ လက်နက်ချရမှု အီတလီအာဏာရှင်ကြီး မူဆိုလီနီက ဂျာမန်အာဏာရှင်ကြီး ဟစ်တလာထံ အထိတ်တလန့် အရေးတကြီး အကူအညီတောင်းတော့၏။ တကယ်က မူဆိုလီနီရော သူ၏အီတလီဗိုလ်ချုပ်များကပါ အာဖရိကစစ်မြေပြင်တွင် ဂျာမန်တို့ကို အလိုမရှိကြချေ။ သူတို့သာလျှင် အာဖရိကတွင် တွင်ကျယ်ချင်နေကြ၏။ ဟစ်တလာကလည်း အရှေ့ဘက်ဒေသ၌ ရုရှားကို စစ်ပြုရန် အလွန်အရေးကြီးနေသဖြင့် စစ်ကူလွှတ်ဖို့ ဆန္ဒမရှိပါချေ။ အရှေ့ဘက်စစ်မျက်နှာ၌ ဂျာမန်တပ်မ ၂၀၀ မျှ အသင့်ရှိနေရန် တာဝန်ပေးထားရသည်။ ဟစ်တလာသည် ရုရှားကို ဝင်တိုက်ရန် တာစူနေချိန်လည်း ဖြစ်၏။ ၁၉၄၁ ဇွန်လတွင် ဟစ်တလာသည် အင်ကြီးအားကြီးဖြင့် ရုရှားကို ဝင်တိုက်လေတော့၏။





သို့ရာတွင် မူဆိုလီနီကျေနပ်စေရန်လည်းကောင်း ဗြိတိသျှတို့ လစ်ဗျားနိုင်ငံ ထရိပိုလီရှိ အီတလီဌာနချုပ်အထိ အောင်မြေချဲ့လာမည်ကို ဟန့်တားရန်လည်းကောင်း ရွမ်းမဲလ်နှင့် ဗိုလ်ချုပ်ဂျုမ့်တို့က အာဖရိက၏ အရေးပါပုံကို တင်ပြခဲ့၍လည်းကောင်း အားလုံးကျေနပ်စေရန် ရွမ်းမဲလ်အား မဖြစ်စလောက်တပ်ကလေးနှင့် အာဖရိကစစ်မြေပြင်သို့ စစ်ကူစေလွှတ်ပေးခဲ့လေသည်။ ဟစ်တလာက အာဖရိကစစ်မြေပြင်မှ အောင်ပွဲများကို သိပ်မမျှော်လင့်ခဲ့။ ရွမ်းမဲလ်အား ဟန့်စစ်ဆင်ရုံမျှသာ တာဝန်ပေးခဲ့၏။ ထို့ကြောင့် ဂျာမန်စစ်ဦးစီးအဖွဲ့က ရွမ်းမဲလ်အား ၁၉၄၁ ခုနှစ် ဧပြီလ ၂၀ ရက်မတိုင်မီ ဗြိတိသျှတို့အား ထိုးစစ်မဆင်ရန် အမိန့်ပေးခဲ့လေသည်။ ထိုးစစ်အတွက် အမှတ် (၁၅) ပန်ဇာတပ်မကို စေလွှတ်အားဖြည့်ပေးမည်။ ထိုတပ်မရောက်မှ ဆောင်ရွက်ရန်ညွှန်ကြားခဲ့လေသည်။ ဗြိတိသျှဗိုလ်ချုပ်ကြီးဝေဗယ်လ်ကလည်း ရွမ်းမဲလ်သည် သူ့တွင်ရှိသည့် ယခုတပ်ကလေးနှင့် ရေရှားသည့် နွေကာလ၌ ထိုးစစ်ဆင်လာလိမ့်မည်ဟု လုံးဝထင်မထားခဲ့ချေ။

ရွမ်းမဲလ်ကား ဝေဗယ်လ် ထင်ထားသလို သာမန်

ခပ်ညံ့ညံ့ အီတလီဗိုလ်ချုပ်များလို မဟုတ်ပါ။ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ရှိသည့် စွန့်စားရဲသော ဂျာမန်ဗိုလ်ချုပ်ကြီးဖြစ်ပါသည်။ တိုက်ရဲခိုက်ရဲလုပ်ရဲကိုင်ရဲသော သဲကန္တာရမြေခွေးကြီးဖြစ်ပါသည်။ ထို့ကြောင့် အခြေအနေအရပ်ရပ်ကို ရက်အတော်ကြာ သုံးသပ်ပြီးနောက် ဧပြီလ ၃ ရက်နေ့၌ သူ၏အာဖရိကားကိုး တပ်မကြီးနှင့် ထရီပိုလီမှနေပြီး အာဖရိကမြောက်ဘက် ကမ်းခြေတစ်လျှောက်ရှိ ဗြိတိသျှတပ်စခန်းများကို တစ်ခုပြီးတစ်ခု တိုက်ချသွားရာ နောက်ဆုံး အီဂျစ်ပြည်၏ အနောက် ဘက် တံခါးဝဆိပ်ကမ်းမြို့ အလက်ဇန်းဒရီးယားသို့တိုင် ပေါက်သွားတော့၏။ လမ်းတွင် လူပေါင်းတစ်သိန်းနီးပါး ရှိသည့် တိုဘရုပ်ခံတပ်မြို့ရှိ၏။ ထိုခံတပ်ကြီးကို ရွမ်းမဲလ် အားစမ်းကြည့်သေး၏။ အနိုင်အမာခံစစ်ကြီးဖြစ်ပြီး လူအင်အားတောင့်တင်းလှသဖြင့် တိုဘရုပ်ကို လောလောဆယ်တိုက်မရသေးမှန်း သိသဖြင့် တိုဘရုပ်ကို ကျော်ပြီး အီဂျစ်ပြည် တံခါးဝသို့တိုင်အောင် ချီတက်ခဲ့လေသည်။ တိုဘရုပ်ကိုမူ တပ်အနည်းငယ်နှင့် ဝိုင်းထားခဲ့၏။

ထိုအချိန်ရောက်မှ ဗြိတိသျှတို့ အလန့်တကြား

မြရတနာစာပေ



ဖြစ်ပြီး တန်ပြန်တိုက်စစ်များ ဆောင်ရွက်၍ တိုဘရုပ်ကို ကယ်တင်ရန် ကြိုးစားကြတော့၏။

ခပ်ညံ့ညံ့အီတလီများကိုသာ ရင်ဆိုင်ဖူးကြသည့် ဗြိတိသျှများအနေဖြင့်လည်း ရွမ်းမဲလ်ကို လူမှဟုတ်ရဲ့လားဟုပင် ကြောက်ရွံ့လေးစားသွားကြ၏။ အီဂျစ်ပြည်ထိ သူ၏ဂျာမန်တပ်များ ဝင်ရောက်ရေးအတွက် လမ်းခရီးတွင် အနိုင်အမာရှိနေသည့် ဂါဇာလာ ခံစစ်ကြောင်းနှင့် တိုဘရုပ်ခံစစ်ကြီးကို တိုက်ခိုက်သိမ်းပိုက်လိုက်မှသာ ရမည်ကို သိသော ရွမ်းမဲလ်သည် သူ၏တပ်များကို တိုဘရုပ်ဘေးမှ ဖြတ်သွားလိုက် ပြန်လာလိုက်ဖြင့် သဲကန္တာရအတွင်း အပြန်အလှန် လွန်းထိုးလှုပ်ရှားပြီးမှ နောက်ဆုံးတွင် အငိုက်ဖမ်း၍ အင်အားစုဖွဲ့ပြီး တိုဘရုပ်ကို တိုက်တော့သည်။

၁၉၄၂ ခုနှစ် ဇွန်လ ၂၀ ရက်တွင် တိုဘရုပ်ခံတပ် ရွမ်းမဲလ်လက်တွင်းကျဆင်းပြီး ခံစစ်တာဝန်ခံ ဗိုလ်ချုပ်ကြီး ကလော့ပါး အပါအဝင် ဗိုလ်ချုပ် ၁၀ ယောက်၊ စစ်သုံ့ပန်း သုံးသောင်းကျော်နှင့် တင့်နှင့် သံချပ်ကား အစီး ၄၅၀၀၊ ထရပ်ကား ငါးထောင်ခန့်၊ ကားငယ် ၂၀၀၀၊ လူစီးဘတ်စ်ကား ၄၀၀၊ ဆိုင်ကယ် ၄၀၀၊ လေယာဉ် ၁၅ စီးတို့ကို

မြရတနာစာပေ

သိမ်းဆည်းရမိလေတော့၏။ ဗြိတိသျှတို့ဘက်မှ ကျဆုံး ဒဏ်ရာရမှု ငါးသောင်းခန့်ရှိသည် ဆို၏။

ရွှမ်းမဲလ်၏ဘက်တွင်ကား အရာရှိ ၄၈ ဦးအပါ အဝင် လူ ၆၀၀ ကျော် ၇၀၀ နီးပါးကျဆုံး၍ ၁၅၇၇ ယောက် ဒဏ်ရာရပြီး တင့်ကားအစီး ၅၀ သာ ပျက်စီး ခဲ့လေသည်။ ဆုံးရှုံးမှုအရေအတွက်မှာ အောင်မြင်မှုနှင့် နှိုင်းစာပါက ဘာမျှမပြောပလောက်ပါချေ။

ဤအောင်ပွဲကြောင့် ဟစ်တလာက ရွှမ်းမဲလ်အား အားရလှသဖြင့် ချက်ချင်း စစ်သူကြီးအဆင့် တိုးမြှင့်ပေး ခဲ့၏။ ဗြိတိသျှတို့ဘက်မှလည်း ရွှမ်းမဲလ် အသံကြား ဖျားချင်ချင်ထိ တုန်လှုပ်ချောက်ချားသွားကြ၏။

ဤကဲ့သို့ အင်အားကြီးမားလှသည့် ဂါဇလာ ခံစစ်ကြောင်းကြီးနှင့် တိုဘရပ်ခံစစ်ကြီးအား ရက်အနည်း ငယ်အတွင်း ရအောင်တိုက်နိုင်စွမ်းရှိသည့် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်၏တိုက်ပွဲကွပ်ကဲမှုများကား အောက်ပါအတိုင်း ဖြစ်ပါ၏။





**စစ်အောင်ရာသော အကြောင်းတရားကြီးများနှင့် ချိန်ထိုး သုံးသပ်ခြင်း**

ကမ္ဘာ့အနိုင်နိုင်ငံ၏ စစ်အောင်ရာသော အကြောင်း တရားကြီးများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | |
|---|---|
| **ရည်** | ရည်ရွယ်ချက်တိကျခိုင်မြဲခြင်း |
| **စိတ်** | စိတ်ဓာတ်ကောင်းမွန်ခြင်း |
| **စစ်** | စစ်အင်အားကို တစ်စုတည်းအသုံးပြု ခြင်း |
| **အင်** | အင်အားကို မလိုသည့်နေရာ၌ မြီးခြွေ ချွေတာခြင်း |
| **လှုပ်** | လှုပ်ရှားမှုမြန်ဆန်ကောင်းမွန်ခြင်း |
| **တိုက်ဆင်** | တိုက်စစ်ဆင်စွမ်းခြင်း |
| **ပြောင်းပြင်** | ပြောင်းလွယ်ပြင်လွယ်ရှိခြင်း |
| **ပူး** | ပူးပေါင်းဆောင်ရွက်မှုရှိခြင်း |
| **လုံ** | လုံခြုံမှုရှိခြင်း |
| **သတင်းစုံ** | သတင်းစုံစွာရယူနိုင်ခြင်း |
| **ငိုက်** | အငိုက်ဖမ်းနိုင်ခြင်း |
| **အုပ်** | အုပ်ချုပ်ထောက်ပံ့မှု ပြည့်စုံ |

လုံလောက်ခြင်း

အထက်ပါအကြောင်းတရားကြီးများအနက် အချက်အတော်များများကို ရွှမ်းမဲလ်သည် ပြည့်စုံအောင် ဆောင်ရွက်နိုင်ခဲ့၍ ဤဂါဇာလာ တိုဘရပ်တိုက်ပွဲကြီးအား ရွှမ်းမဲလ်အောင်မြင်ခဲ့ခြင်းဖြစ်၏။ ဆက်လက်ဖော်ပြသွားမည့် အယ်လ်အာလာမိန်းတိုက်ပွဲတွင်ကား ရွှမ်းမဲလ်သည် တပ်အင်အားနှင့် အုပ်ချုပ်ထောက်ပံ့မှု မပြည့်စုံ မလုံလောက်သောကြောင့် အရေးနိမ့်ခဲ့ရ၏။ တပ်အင်အားနှင့် အုပ်ချုပ်ထောက်ပံ့မှုမှာ ရွှမ်းမဲလ် တတ်နိုင်သည့်ကိစ္စ မဟုတ်ပါ။ ဟစ်တလာနှင့် ဂျာမန်စစ်ဦးစီးအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ ရွှမ်းမဲလ်တောင်းဆိုသည့် တပ်ကူများ မပေးပို့ခြင်း၊ လိုအပ်သည့်လက်နက်ခဲယမ်း သံချပ်ကာကားနှင့် စက်သုံးဆီများ မရရှိခဲ့သဖြင့်သာ ရွှမ်းမဲလ် အရေးနိမ့်ခဲ့ရခြင်းဖြစ်ပါပေသည်။ ဗြိတိသျှတို့ဘက်ကမူ အစစအရာရာ အလွန်ပြည့်စုံခဲ့ပါသည်။

မည်သို့ဆိုစေ အစကနဦး အောင်ပွဲကြီးမှာ အလွန်အံ့ဩဖွယ်ရာဖြစ်သဖြင့် ထိုအောင်ပွဲကြီးရအောင် ရွှမ်းမဲလ်ကွပ်ကဲခဲ့မှုမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သုံးသပ်ဖော်ပြအပ်ပါသည်။





(က) **ရည်ရွယ်ချက်တိကျနိုင်မြဲခြင်း။** ဆိုင်ရင်နိကာဒေသကို သိမ်းပိုက်ပြီး အီဂျစ်ပြည်ထဲအထိ ဝင်ရောက်နိုင်ရန်မှာ လမ်းတွင် အတားအဆီး ဖြစ်နေသည့် ဂါဇာလာခံစစ်ကြောင်းနှင့် တိုဘရပ် ခံစစ်ကြီးကို သိမ်းပိုက်နိုင်မှသာ ရမည်ကို ရွှမ်းမဲလ်သိပေသည်။ ထို့ကြောင့် အဓိကပစ်မှတ် တိုဘရပ်ခံတပ်ကို သိမ်းပိုက်ရေးကို ရွှမ်းမဲလ်သည် အမြဲကြံဆစဉ်းစားခဲ့၏။ စီမံချက်ကို ရေပက်မဝင်အောင် ဘက်စုံကသုံးသပ်ခဲ့၏။ အချိန်ယူ၍ ပြင်ဆင်ခဲ့၏။ အာဖရိကစစ်မြေပြင်သို့ သူရောက်ပြီး တစ်နှစ်ကျော်အကြာမှ တိုဘရပ်ကို အပြီးသတ်တိုက်ပွဲ သူ ဆင်နွှဲခဲ့သည်။ ပထမတိုက်ပွဲများကားသွေးတိုးစမ်းတိုက်ပွဲများသာ ဖြစ်၏။ သူ၏စီမံချက်ကို မဆုတ်မနစ် အကောင်အထည်ဖော်ခဲ့၏။ ဂျာမန်လေတပ်က တိုဘရပ်၏ အရှေ့ဘက်ရှိ ဗြိတိသျှခံတပ်များနှင့် စစ်ကူလမ်းကြောင်းများကို ဓာတ်ပုံရိုက်ကာ တိုဘရပ်မြို့သိမ်း စီမံချက်ကို ဆန့်ကျင်သည့် တင်ပြချက်များကို သူက လုံးဝ

ပယ်ချခဲ့၏။ ဂျာမန်စစ်ဦးစီးအဖွဲ့က ထိုလေကြောင်းဓာတ်ပုံများကြောင့် တိုဘရပ်မြို့သိမ်းတိုက်ပွဲ ဆင်နွှဲမည့်အစီအမံကို လွယ်ကူစွာနှင့် ခွင့်မပြုသောအခါ ရွှမ်းမဲလ်က သူ လုံးဝတာဝန်ယူကြောင်း ပြတ်သားစွာတင်ပြ၍ တိုဘရပ်ကို အမိအရ ဝိုင်းဝန်းလုပ်ကြခဲ့လေသည်။ ဤသို့သော ပြတ်သားသည့်သန္နိဋ္ဌာန်စိတ်နှင့် ရည်ရွယ်ချက်တိကျခိုင်မြဲသဖြင့် တိုဘရပ်ခံစစ်ကြီးကို သိမ်းပိုက်နိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(ခ) **စိတ်ဓာတ်ခိုင်မြဲကောင်းမွန်ခြင်း။** ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အလွန်စိတ်ဓာတ် ကြံ့ခိုင်ကောင်းမွန် သူဖြစ်၏။ သဲကန္တာရတိုက်ပွဲများတွင် သူကိုယ်တိုင် ရှေ့တန်းမှပါဝင်ခဲ့၏။ **Commander Well Forward** ဆိုသည့်စကားနှင့်အညီ စံနမူနာပြ ခေါင်းဆောင်ခဲ့၏။ သူ၏ စစ်သည်များအတွက် နမူနာကောင်း ပြခဲ့၏။ စစ်မြေပြင်တွင် မအိပ်မနေ သွားလာခဲ့၏။ မည်မျှပင် အခြေအနေဆိုးနှင့်





ကြုံတွေ့စေကာမူ မတုန်လှုပ်ဘဲ တိုက်ပွဲကို ဦးဆောင်ခဲ့၏။ ဂါဇာလာတိုဘရပ်တိုက်ပွဲများ၌ တိုဘရပ် မသိမ်းရသေးမီ ညများတွင် တစ်ည ၂နာရီခန့်သာ အိပ်စက်ခဲ့ပြီး အပင်ပန်းခံခဲ့၏။ သူက ဤမျှ အပင်ပန်းအဆင်းရဲခံသောကြောင့် သူ၏စစ်သည်များကလည်း သူ့ကို နမူနာကောင်း ယူကာ စိတ်ဓာတ်ကောင်းကောင်းနှင့် တိုက်ပွဲဝင်ခဲ့ကြသောကြောင့် အခိုင်အမာခံစစ်ပြုထားသည့် တိုဘရပ်ခံစစ်ကြီးကို သိမ်းနိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(ဂ) **အင်အားကို လိုအပ်သလိုသာအသုံးပြုခြင်း။** မိမိထက် အင်အားသာလွန်သော ဗြိတိသျှတပ်များကို တိုက်ခိုက်ရာ၌ ရွှမ်းမဲလ်သည် အချို့နေရာများတွင် အင်အားခြိုးခြံ၍လည်းကောင်း၊ အချို့နေရာများ တွင် အင်အားစုစည်း၍လည်းကောင်း အသုံးပြုခဲ့၏။ ဗြိတိသျှကာတပ်ကာကင်းများကို လှုပ်ရှားစစ်ကစား၍ တစ်ခုပြီးတစ်ခု သိမ်းယူခဲ့

သလို အခိုင်အမာခံစစ်များကို တိုက်ခိုက်ရာတွင် သာလွန်အင်အားရအောင် တပ်များအား စနစ်တကျစုဖွဲ့၍ ဘက်စုံမှ ဝိုင်းဝန်းတိုက်ခိုက်ခဲ့သဖြင့် တိုဘရပ်ခံစစ်ကြီးအား သိမ်းယူနိုင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(ဃ) **လျှပ်ရှားမှုကောင်းမွန်ခြင်း။** ရွမ်းမဲလ်သည် သံချပ်ကာစစ်ဆင်ရေးအား အထူးစိတ်ဝင်စားသူဖြစ်၏။ ပန်ဇာတပ်မမှူးဘဝ၌ပင် သံချပ်ကာတပ်များ၏ အစွမ်းကို သူသိရှိခဲ့ပြီးဖြစ်ရာ တိုက်ပွဲဝင် ပန်ဇာတပ်မများကို သူကိုယ်တိုင် ရှေ့မှဦးဆောင်ကာ လျှပ်ရှားမှု မြန်မြန်ဆန်ဆန်ဖြင့် ရန်သူကို အငိုက်ဖမ်း၍ တုန်လှုပ်ချောက်ချားအောင် ဆောင်ရွက်နိုင်၏။ ဟိုနေရာ ဒီနေရာများမှ ဖျတ်ခနဲ ဖျတ်ခနဲ သူက ပေါ်လာပြီး အဆုံးအဖြတ်များကို ချက်ချင်းပေးခဲ့၏။ အဓိကတိုက်ရမည့်နေရာများတွင် သူ၏ဂျာမန်တပ်များကို တာဝန်ပေးခဲ့ပြီး ထိန်းချုပ်ရမည့် ယောင်ပြစစ်ကြောင်းအဖြစ်မှ





စစ်သူကြီး ရွမ်းမဲလ်

အီတာလျံတပ်များကို တာဝန်ပေးကာ မြန်မြန်ဆန်ဆန် ဆောင်ရွက်လှုပ်ရှားနိုင်ခဲ့ခြင်းကြောင့် တိုဘရုပ်ကို အောင်မြင်ခဲ့သည်ဟု သုံးသပ် တွေ့ရှိရပါသည်။

၄) **တိုက်စစ်ဆင်စွမ်းခြင်း။** ရွှမ်းမဲလ်သည် **Aggressive** ဖြစ်သော တပ်မှူးကြီး ဖြစ်သည်ကို အရာရှိငယ်ဘဝကပင် ရန်သူ့တပ်တွင်း ဝင်ရောက်ကာ အစွမ်းပြခဲ့သူဖြစ်၏။ အမြဲတမ်း တိုက်စစ်ဆင်ရေးကိုသာ စဉ်းစားတွေးခေါ်ခဲ့၏။ ဂါဇာလာ တိုဘရုပ် တိုက်ပွဲစဉ်များ၌ ရန်သူကို လက်ဦးမှုရှိရှိ တိုက်စစ်ဆင်နိုင်အောင် အမြဲစဉ်းစားခဲ့၏။ အချို့နေရာများ၌ ရန်သူမှ အသေအကျေ ခုခံ၍ တန်ပြန်တိုက်ပွဲများ ဆင်နွှဲလာသည်ကို ကြံ့ကြံ့ခံရင်း သူ၏တိုက်စစ်အရှိန်ကို မပျက်အောင် အခြေအနေဖန်တီးနိုင်ခွင့် လက်လွှတ်ဆုံးရှုံး မသွားအောင် အားထုတ်ခဲ့၏။ အရေးကြီးနေရာများ၌ တိုက်စစ်အရှိန်အဟုန်ကို မြှင့်ကာ တပ်များ ထပ်

ဆောင်းကာ တိုက်ပွဲဝင်စေခဲ့၏။ လေတပ် အကူ
အညီကို ရယူခဲ့၏။ လက်နက်ကြီးများ၏ ပစ်
အားကို အသုံးပြုခဲ့၏။ ဗုံးမိုး၊ လက်နက်ကြီး
မိုးများကို ဖြိုင်ဖြိုင်ကြီးအသုံးပြုပြီး ပစ်အားဖြင့်
စစ်ကစား၍ ထိုးစစ်ကို သူကိုယ်တိုင် ဦးဆောင်၍
ရှေ့မှနေ တိုက်ပွဲဝင်ခဲ့ခြင်းကြောင့် အလွန်ခိုင်
သော တိုဘရုပ်ခံစစ်ကြီးအား အပြီးအပိုင် သိမ်း
ပိုက်ရရှိခဲ့သည်ဟု သုံးသပ်တွေ့ရှိရပါသည်။

(ဈ) **ပြောင်းလွယ်ပြင်လွယ်ရှိခြင်း။** တိုဘရုပ်ကို
တိုက်ခိုက်သိမ်းပိုက်ရာ၌ ပထမအကြိမ်နှင့် ဒုတိယ
အကြိမ် အားစမ်းစဉ်ကာလများ၌ လွယ်လွယ်နှင့်
မရကြောင်း သိသည့်အခါ တိုဘရုပ်ကို အမိအ
မတိုက်သေးဘဲ အရှေ့ဘက်ရှိ ရန်သူ့ထောက်ပံ့ရေး
လမ်းကြောင်းကို ဖျက်ဆီး၍ ခံတပ်ငယ်များအား
တိုက်ချသွားပြီး အီဂျစ်တံခါးဝအထိ ချီတက်ရေးကို
ပြောင်းလဲဆောင်ရွက်ခဲ့၏။ မူလစီမံချက်ကို ပြုပြင်
ပြောင်းလဲပြီး တိုဘရုပ်ကို ရန်သူအုပ်ချုပ်ထောက်





မှုများ မလုပ်နိုင်အောင်ဆောင်ရွက်ခဲ့၏။ ဗြိတိသျှ
တို့မှ ခရူးဆိတ်ဒါး စစ်ဆင်ရေးကြောင့် တိုဘရုပ်
ဝိုင်းရံထားသည့်တပ်များ ထိခိုက်ရှုနာပြီး မိမိတို့
အင်အား ပြန်းတီးမှုများလာသော အခါတွင်ကား
တပ်များကို နောက်သို့ဆုတ်၍ ဂါဇာလာခံစစ်
ကြောင်း၌ ပြန်လည်စုဖွဲ့စေကာ အကျအဆုံး
သက်သာအောင် စီမံချက်ကို ပြောင်းလဲခဲ့၏။
ထို့ကြောင့်လည်း နောက်ဆုံး၌ တိုဘရုပ် ခံစစ်ကြီး
အား အောင်မြင်ခဲ့သည်ဟု သုံးသပ်တွေ့ရှိရပါ
သည်။

(ည) **ပူးပေါင်းဆောင်ရွက်ခြင်း။** ရွှမ်းမဲလ်သည်
တိုဘရုပ်တိုက်ပွဲဝင်မည့်တပ်များအား အချင်းချင်း
ပူး ပေါင်းဆောင်ရွက်ရန် ရှေးမဆွကပင် အသေ
အချာ Briefing ပေး၍ ဆောင်ရွက်စေ၏။ သူ၏
အမိန့်က တိုက်စစ်တာဝန်ယူရမည့် ပန်ဇာတပ်မ
များ၌ တင့်ကားများ မော်တော်ယာဉ်တပ်၊ ခြေလျင်
တပ်များ မြေပြင်ပစ်အမြောက်တပ်ရင်းများ၊

ဝေဟင်ပစ်အမြောက်တပ်များ၊ အင်ဂျင်နီယာတပ်များနှင့် အုပ်ချုပ် ထောက်ပံ့မှုဆောင်ရွက်ပေးနေသည့် အကူဝန်ထမ်းတပ်များ ပါဝင်ကြရာ အချင်းချင်းလိုအပ်သည်များ ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ရန် လေ့ကျင့်သင်ကြားပေးထား၏။ အချင်းချင်း ကူညီရိုင်းပင်းခြင်း မရှိသူများအား ချက်ချင်းအရေးယူစေရန် ညွှန်ကြားခဲ့၏။ ထို့ကြောင့် အားလုံး သူ့အမိန့်ကို လိုက်နာကြ၏။ ''သေတုရှင်ဖက် ဆောင်ရွက်မကောင်း အချင်းချင်းတွင် အခင်းကြီးငယ်ရှိခါဝယ်လည်း မဖယ်မသွေ ညီညာကုန်း၍ ရန်းကြလေ'' ဟူသောစကားနှင့်အညီ ဆောင်ရွက်ခဲ့ကြ၏။ တိုဘရပ်တိုက်စစ်တွင် လေကြောင်းအကူကိုပါ ရယူဆောင်ရွက်ခဲ့၏။ ခြေ မြောက် ယာ ဆက် သံ ထောက် ဆေး နက် လျှပ် ထိန်း ဟူသော တပ်ပေါင်းစုံ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြသောကြောင့် ရွမ်းမဲလ်၏ တိုဘရပ် တိုက်စစ်ကြီး အောင်မြင်ခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

မြရတနာစာပေ



(ဃ) **အငိုက်ဖမ်းနိုင်ခြင်း။** ရွမ်းမဲလ်၏ အဓိကအကျဆုံး အားသာချက်မှာ ရန်သူကို အငိုက်ဖမ်းနိုင်ခြင်းပင် ဖြစ်၏။ **Element of Suprise** ခေါ် အငိုက်ဖမ်းနိုင်ခြင်းသည် စစ်အောင်ရာသော အကြောင်းတရားကြီးများအနက် အဓိကအကျဆုံးသော အချက်ကြီးဖြစ်၏။ ဤဥပဒေကို နားလည်သော ရွမ်းမဲလ်သည် ဗြိတိသျှတို့ လုံးဝမမျှော်လင့်သည့် အငိုက်ဖမ်းမှုကို အသုံးပြုကာ အောင်ပွဲကို အရယူခဲ့၏။ ပထမဆုံး အာဖရိကားရောက်ခါစက ဗြိတိသျှဗိုလ်ချုပ်ကြီးဝေဗယ်လ် လုံးဝမမျှော်လင့်သော နွေဥတုတွင် တိုက်စစ်ကို ဆင်ခဲ့ရာ ရန်သူလုံးဝမမျှော်လင့်ထားသဖြင့် အငိုက်ရ၍ အောင်ပွဲရခဲ့၏။ ယခု တိုဘရပ်တိုက်စစ်တွင်လည်း နောက်ဆုံးတိုက်ပွဲမစတင်မီ တိုက်ပွဲဝင်တပ်များကို တိုဘရပ်သို့ ဦးတည်ချီတက်ခြင်း မပြုစေဘဲ အီဂျစ်သို့ ချီတက်ဟန်ပြကာ ယောင်ပြလှည့်စားခဲ့၏။ ဗြိတိသျှတို့က တိုဘရပ်ကို ရွမ်းမဲလ် မတိုက်သေးဟု ယူဆချိန်တွင် အမြန်ပြန်လှည့်လာကာ

မြရတနာစာပေ

တိုဘရုပ်အား အရှေ့ဘက်မှ စတင်ပြီး ဝင်ရောက် တိုက်ခိုက်ခဲ့ရာ အငိုက်ရလိုက်၍ တိုဘရုပ်ခံစစ်ကြီး တစ်ခုလုံးကို သိမ်းဆည်းရမိလိုက်ကြောင်း နောက်ဆုံးအချက်အနေနှင့် သုံးသပ်တင်ပြရပါသည် ခင်ဗျား။

❖



# အခန်း ( ၈ )

## အယ်လ်အာလာမိန်းတိုက်ပွဲ

**နိဒါန်း**

ဤအယ်လ်အာလာမိန်းတိုက်ပွဲကား စစ်သူကြီး ရွှမ်းမဲလ်၏ အာဖရိကားတိုက်ပွဲစဉ်များ၌ ပထမဆုံးအကြိမ် အရေးနိမ့်ခဲ့ရသော တိုက်ပွဲကြီးဖြစ်၏။ ဤတိုက်ပွဲကြီး အရေးနိမ့်သွားရခြင်းမှာ ရွှမ်းမဲလ်အတွက် လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများ လုံလောက်စွာ မရရှိခြင်းသည် အဓိကဖြစ်ကြောင်း ဦးစွာပထမ တင်ပြလိုပါသည်။

အုပ်ချုပ်ထောက်ပံ့မှုကိစ္စများနှင့် ပတ်သက်၍


ရွမ်းမဲလ်က သူ၏တိုက်ပွဲအတွေ့အကြုံများပေါ်တွင် အခြေ
၍ အောက်ပါအတိုင်း ပြောကြားခဲ့၏။

**"တိုက်ပွဲဒဏ်ကို ခံနိုင်ရန် တပ်မတော်တစ်
၏ အရေးအကြီးဆုံးအချက်မှာ လက်နက်၊ ဓာတ်ဆ
ကျည်ဆန် လုံလောက်အောင် ရှိခြင်းပင် ဖြစ်သည်
စင်စစ်အားဖြင့် ပစ်ခတ်မှု မစမီကပင် တပ်ထော
အချင်းချင်း၏ တိုက်ပွဲသည် အဆုံးအဖြတ်ပေးပြ
ဖြစ်ပေသည်"** ဟူ၏။


**အယ်လ်အာလာမိန်းဆိုသည်ကား**

တိုဘရုပ်ခံတပ်ကြီးကို သိမ်းပိုက်မိပြီးနောက် ရွမ်း
မဲလ်သည် ရှေ့ဆက်ပြီး အယ်လ်အာလာမိန်းကို ထိုးစ
ဆင်ရန် စီစဉ်တော့၏။ အယ်လ်အာလာမိန်းကား တိုဘရု
နှင့် မိုင် ၃၃၀ မျှ ကွာဝေးသည့် ရေမရှိသော ကန္တာ
ပြင်ကြီးဖြစ်၏။ ၎င်းကန္တာရကြီးတွင် ကျောက်စိုင်ကျောက်
များ၊ တောင်ကုန်းများ၊ သဲပြင်နှင့်ချုံနွယ်ပိတ်ပေါင်း မျာ
သာ အတိပြီးလျက်ရှိ၏။ နေပူရှိန်ကလည်း အလွန်ကြီးမာ






အလမ်ဟာဖာ တိုက်ပွဲပြမြေပုံ




အယ်လ်အာလာမိန်းတိုက်ပွဲပြမြေပုံ

(အယ်လ်အာလာမိန်းတိုက်ပွဲ အစ အမှတ် - ၃၀ တပ်မကြီး၏ ထိုးစစ်)

ပြင်းထန်လေသည်။

တိုဘရုပ်ကို ရရှိပြီးနောက် ရွှမ်းမဲလ်သည် သူ၏ တပ်များကို တိုက်စစ်ဆင်စေရာ နှစ်ရက်အကြာ၌ အီဂျစ် နယ်စပ်ကို ဖြတ်ကျော်ပြီး အလက်ဇန်းဒရီးယားမြို့၏ အနောက်ဘက် မိုင် ၆၀ အကွာ အယ်လ်အာလာမိန်း နှင့် ၁၀ မိုင်ခန့်အကွာထိ ရောက်ရှိသွားကြလေတော့သည်။

အယ်လ်အာလာမိန်းတွင် နှစ်ဖက်တပ်များသည် တစ်ဖက်နှင့်တစ်ဖက် သူမသာ ကိုယ်မသာ တစ်ပြန်စီ ဆက်လက်တိုက်ခိုက်ခဲ့ကြရာ ဇူလိုင်လကုန်ခန့်၌ နှစ်ဖက် စလုံး ရှေ့မတိုးနိုင်ဘဲ စစ်တန့်နေခဲ့လေသည်။

ဩဂုတ်လ ၂ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် ချာချီသည် မော်စကိုသွားရာမှအပြန် ကိုင်ရိုမြို့သို့ ရောက်ရှိ၍ အာဖရိကားရှိ ဗြိတိသျှအမှတ် (၈) တပ်တော်တပ်မှူး ကြီးအဖြစ် ဗြိတိသျှဗိုလ်ချုပ်များအနက် စစ်ပညာ အပြည့်ဝ ဆုံးဟု ယူဆရသော ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီအား ခန့်အပ် ခဲ့လေသည်။ အရှေ့အလယ်ပိုင်းဒေသ တပ်မှူးကြီးအဖြစ် ဆာဟာရိုးအလက်ဇန္ဒားကို ခန့်ထားခဲ့၏။ သူသည် မဟာ ဗျူဟာအမြင် ကျယ်ပြန့်သူ ဖြစ်လေသည်။ ထိုတပ်မှူးကြီး

နှစ်ဦး ရောက်ရှိလာသည်နှင့် ခံစစ်အမိန့်များကို ပယ်ဖျက်ကာ အယ်လ်အာလာမိန်းအား မဆုတ်တမ်း ခံစစ်အဖြစ် သတ်မှတ်လိုက်လေသည်။

ဗြိတိသျှတပ်တော်မှူးအသစ် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီသည် ရွှမ်းမဲလ်ကဲ့သို့ပင် စစ်ကျောင်းနည်းပြမှလာသူဖြစ်ပြီး အလွန်စေ့စပ်သေချာ၍ သတိကြီးသူဖြစ်၏။ လေ့လာမှုလည်း အားကောင်းသဖြင့် ရွှမ်းမဲလ်၏ စစ်နည်းဗျူဟာများကို အသေအချာလေ့လာပြီး အယ်လ်အာလာမိန်းခံစစ်အား အဘက်ဘက်က ပြည့်စုံအောင် စီစဉ်ထားရှိ၏။ တန်ပြန်တိုက်ပွဲအတွက် အရန်တပ်များ အသင့်စုဖွဲ့ထား၏။ ရွှမ်းမဲလ်ကိုလည်း ထောင်ချောက်များ ဆင်ကာ တန်ပြန်လှည့်စားရန် စီမံသေး၏။ ဤသို့ဖြင့် ကမ္ဘာကျော်စစ်သူကြီးနှစ်ဦး ကျားနဲ့ဆင် လယ်ပြင်တွင် တွေ့ကြလေတော့သည်။

**ရွှမ်းမဲလ်၏ထိုးစစ်စီမံချက်**

အယ်လ်အာလာမိန်းဒေသတွင် ဗြိတိသျှတပ်များနှင့် ဂျာမန်တပ်များ ရင်ဆိုင်နေရသော စစ်မျက်နှာမှာ





တောင်မှမြောက်သို့ မိုင် ၄၀ ခန့် ရှည်လျား၏။ ရွှမ်းမဲလ်သည် အယ်လ်အာလာမိန်းခံစစ်ကြောင်းတွင် အခိုင်အမာခုခံနေသော ဗြိတိသျှတပ်များကို ဖောက်ထွင်းနိုင်ရေးအတွက် ကနဦးထိုးစစ်ကို ဆင်နွှဲရန်စီစဉ်ခဲ့၏။ ထိုးစစ်အစီအမံမှာ အောက်ပါအတိုင်းဖြစ်၏။

* ခံစစ်နောက်ပိုင်းကို လှည့်ပတ်တိုက်ဟန်ပြုရန်
* အလယ်ကြောအား အဓိက တိုက်ဟန်ပြုရန်
* တကယ့်တိုက်စစ်ကို ခံစစ်တောင်ဘက်ခြမ်းအား ဦးတည်တိုက်သွားရန်
* ယရက် **D-Day** အား ဩဂုတ်လ ၃၁ ရက်ကို သတ်မှတ်ရန်
* အဓိကတိုက်ခိုက်ရေးတပ်အဖြစ် အာဖရိကတပ်မကြီးကို အသုံးပြုရန်
* အထောက်အကူအဖြစ် အမှတ် (၉၀) သံချပ်ကာတပ်မနှင့် သံချပ်ကာတပ်မဟာ နှစ်ခုကို သုံးရန်

ရည်ရွယ်ချက်မှာ အယ်လ်အာလာမိန်း ခံစစ်စခန်းရှိ ဗြိတိသျှတို့အား အပြီးအပိုင် လက်စတုံးချေမှုန်းရန်

### နှစ်ပက်အင်အားနှိုင်းယှဉ်ချက်

အယ်လ်အာလာမိန်းခံစစ်ကြောင်း၏ တောင်ဘက်တစ်လျှောက်တွင် ထိုစဉ်က နှစ်ဖက်တပ်များ၏ အင်အားမှာ ဆတူခန့်ပင်ရှိသည်။ နှစ်ဖက်စလုံးတွင် အမြောက်အလက် ၃၀၀ ခန့်စီနှင့် တင့်ကားပစ်အမြောက် ၄၀၀ ခန့်စီရှိသည်။ ရွှမ်းမဲလ်ထံတွင် အလတ်စားနှင့်အပေါ့စားတင့်ကား ၅၀၀ ခန့်ရှိပြီး မဟာမိတ်ဘက်တွင်လည်း အလတ်စားတင့်ကားအစီး ၃၀၀၊ အပေါ့စားတင့်ကား ၈၀ နှင့် သံချပ်ကာကားအစီး ၂၃၀ တို့အပြင် အရန်အဖြစ်တင့်ကားအစီး ၁၀၀ ခန့်ရှိသည်။ ထိုသို့အင်အားချင်းမျှနေသော်လည်း ရွှမ်းမဲလ်၏တင့်ကားများမှာ အမျိုးအစားပို၍ ညံ့ဖျင်းလေသည်။

### ထိုးစစ်စတင်ခြင်း

မောင်ဂိုမာရီကလည်း ရွှမ်းမဲလ်၏ထိုးစစ်ကို ကြိုတင်မှန်းဆမိသည့်အတိုင်း တောင်ဘက်ပိုင်းရှိ မိုင်းကွင်းများတွင် မိုင်းများကို ပိုမိုများပြားစွာ အားဖြည့်မြှုပ်နှံထားစေခဲ့သည်။ သို့ဖြင့် ရွှမ်းမဲလ်၏ခြေလျင်တပ်များအဖို့ ဩဂုတ်

မြရတနာစာပေ



လ ၃၀ ရက်နေ့နှင့် ၃၁ ရက်နေ့ညများတွင် မိုင်းရှင်းသောအခါ များစွာနှောင့်နှေးသွားစေခဲ့သည်။ ထို့ပြင်ပင်ဇာတပ်မမှူးတစ်ဦးပင် မိုင်းဒဏ်ကြောင့် ကျဆုံးသွားခဲ့ရပြီး အာဖရိကတပ်မကြီး၏ တပ်မမှူး ဂျင်နရယ် နာရင်းမှာလည်း အပြင်းအထန်ဒဏ်ရာရရှိသွားခဲ့သည်။ ထိုစဉ်က ရွှမ်းမဲလ်ကိုယ်တိုင်မှာလည်း နာမကျန်းဖြစ်လျက် ရှိသည်။ သို့ဖြင့် ရွှမ်းမဲလ်၏ ထိုးစစ်စတင်သောအခါ ဝန်ရိုးတန်းတပ်များသည် မျှော်လင့်ထားသကဲ့သို့ ဖြစ်မလာဘဲ များစွာနှောင့်နှေးခဲ့သည်။ အလမ်ဟာဖာ တောင်ကြောကို ရှေးရှုထိုးဖောက်ချီတက်ရာတွင်လည်း သဲမြေပျော့ပေါ်တွင် ချီတက်ရသည့်အပြင် မဟာမိတ်လေယာဉ်များ၏ တိုက်ခိုက်မှုကြောင့်၊ ညနေ လေးနာရီအချိန်တွင် တိုက်ခိုက်ထိုးဖောက်မှုကို ရပ်ဆိုင်းထားလိုက်ရသည်။

ဩဂုတ်လ ၃၁ ရက်နေ့ညနှင့် စက်တင်ဘာလ ၁ ရက်နေ့များတွင် မဟာမိတ်လေယာဉ်များသည် ရွှမ်းမဲလ်၏တပ်များကို လေကြောင်းမှ အပြင်းအထန်တိုက်ခိုက်ခဲ့သောကြောင့် ရွှမ်းမဲလ်သည် သူ၏မူလထိုးစစ် စီမံချက်များအတိုင်း ဆက်လက်မဆောင်ရွက်နိုင်တော့ဘဲ အလမ်ဟာ

မြရတနာစာပေ

ဖာတောင်ကြောကို သိမ်းပိုက်နိုင်ရေးအတွက်သာ အား သွန်ခွန်စိုက် ဆက်လက်ထိုးဖောက် တိုက်ခိုက်စေရတော့ သည်။ စက်တင်ဘာလ ၂ ရက်နေ့တွင် ရွှမ်းမဲလ်သည် ထိုးစစ်ကို ဆက်လက်ဆင်နွှဲခဲ့သေးသော်လည်း လေကြောင်း မှ အပြင်းအထန်တိုက်ခိုက်ခံနေရမှုနှင့် ဓာတ်ဆီလုံလောက် မှု မရှိခြင်းကြောင့် သူ၏တပ်များကို ပြန်လည်ဆုတ်ခွာရန် အမိန့်ပေးခဲ့ရသည်။

တိုက်ပွဲအခြေအနေသုံးသပ်မိသော မောင်ဂိုမာရီ ကလည်း တစ်ချိန်တည်းမှာပင် အမှတ် (၇)၊ သံချပ်ကာ တပ်မကို ရန်သူတပ်များ၏ တောင်ဘက်စစ်နံကို တန်ပြန် ထိုးစစ်ဆင်ရန် အမိန့်ပေးခဲ့သည်။ သို့ဖြင့် အပြင်းအထန် တိုက်ခိုက်ကြပြီးနောက် မောင်ဂိုမာရီ၏တပ်များသည် ရွှမ်းမဲလ်၏တပ်များကို မူလအယ်လ်အာလာမိန်း ခံစစ် ကြောင်းသို့ တိုက်ထုတ်ပစ်နိုင်ခဲ့သည်။

**ရွှမ်းမဲလ်အရေးနိမ့်ခြင်း**

ထိုထိုးစစ်ကြီးတွင် ရွှမ်းမဲလ်၏ဘက်မှ သေကြေ ဒဏ်ရာရ၊ ပျောက်ဆုံးသူအင်အား ၃၀၀၀ ခန့်ရှိပြီး တင့်ကား

မြရတနာစာပေ



အစီး ၅၀၊ အမြောက် ၁၅ လက်၊ တင့်ကားပစ်အမြောက် ၃၅ လက်နှင့် ဝန်တင်ထရပ်ကားအစီး ၄၀၀ ဆုံးရှုံးခဲ့ပြီး မောင်ဂိုမာရီဘက်မှ သေကြေပျောက်ဆုံး ဒဏ်ရာရသူ ၁၆၄၀ နှင့် တင့်ကား ၆၈ စီး၊ တင့်ကားပစ်အမြောက် ၁၈ လက် ပျက်စီးသွားခဲ့သည်။

ရွှမ်းမဲလ်က သူ၏ထိုးစစ်အရေးနိမ့်ခဲ့ရခြင်းသည် စူးအက်တူးမြောင်းကို သိမ်းပိုက်ရန် နောက်ဆုံးအခွင့်အရေး ကို လက်လွှတ်သွားခဲ့ခြင်းပင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ သူ ရင်ဆိုင်နေရသော အမှတ် (၈) ဗြိတိသျှတပ်တော်သို့ စက်တင်ဘာလဆန်းတွင် နောက်ဆုံးပေါ်လက်နက်များ အပါအဝင် စစ်လက်နက်ပစ္စည်းတန်ချိန် တစ်သိန်းခန့် ရောက်ရှိလာတော့မည်ကိုလည်း ကြိုတင်သိရှိထားခဲ့သည်။ ထိုလက်နက်များအနက် သမ္မတရုစဗဲ့ပေးပို့လိုက်သော ရှားမင်း တင့်ကား အစီး ၃၀၀ သည်လည်း ပါဝင်သည်။ မဟာမိတ်တပ်များသည် အလင်းရောင်ရသော လပြည့်ရက် တစ်ရက်တွင် ထိုးစစ် ဆင်တော့မည်ကိုလည်း ရွှမ်းမဲလ်က ကြိုတင်မျှော်မှန်းထားခဲ့သည်။ ထိုသို့ထိုးစစ်ဆင်လာမည့် မဟာမိတ်တပ်များကို မိုင်းအလုံးငါးသိန်းကျော် မြှုပ်နှံ

မြရတနာစာပေ


ထားသော ကိုက် ၁၀၀၀ ကျော်၊ ၂၀၀၀ ခန့် ကျယ်ဝန်းသည့် မိုင်းကွင်းများအလယ်မှ ခုခံတွန်းလှန်ရန် ကြိုတင်ပြင်ဆင်ထားခဲ့သည်။ စက်တင်ဘာ လ ၂၂ ရက်နေ့တွင် ရွမ်းမဲလ်သည် ဆိုးဝါးသောကျန်းမာရေး အခြေအနေအရ သူ၏တပ်များအား ဂျင်နရယ်စတွမ်းထံ လွှဲအပ်ပြီးနောက် ဆေးဝါး ကုသမှုခံယူရန် ဂျာမနီသို့ ပြန်သွားခဲ့ရသည်။

မြောက်အာဖရိကတိုက်ပွဲစဉ်များတွင် မောင်ဂိုမာရီသည် လှည့်စားမှုပရိယာယ်များကို အပြည့်အဝ အသုံးချကာ ဂျာမန်တို့အပေါ် အောင်ပွဲခံခဲ့၏။

**မဟာမိတ်တို့၏တန်ပြန်ထိုးစစ်**

မဟာမိတ်တပ်များသည် မြောက်အာဖရိကကမ်းတက် စစ်ဆင်ရေးကို ၁၉၄၂ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် စတင်ရန် သတ်မှတ်ထားခဲ့ရာ အယ်လ်အာလာမိန်း စစ်မျက်နှာတွင်ရှိသော အမှတ် (၈) တပ်တော် အဖို့မိမိတို့ ရင်ဆိုင်နေကြရသော ဝင်ရိုးတန်းတပ်များကို ထိုးစစ်ဆင်ရေးမစတင်မီ ချေမှုန်းထားရမည် ဖြစ်သည်။ သို့နှင့် အရှေ့အလယ်ပိုင်းဒေသတပ်မှူးကြီး ဗိုလ်ချုပ်ကြီးအလက်




ဗြိတိသျှတို့၏ အာဖရိကတပ်မှူးကြီး ဗိုလ်ချုပ်ကြီး ဝေဘယ်လ်



ရွှမ်းမဲလ်မသိမ်းပိုက်နိုင်မီက တိုဘာရပ် ခံစစ် တစ်စိတ်တစ်ဒေသ



ခန်းဒါးသည် လသာရက်ဖြစ်သော အောက်တိုဘာလ ၂၃၊ ၂၄ ရက်နေ့ညများတွင် အထွေထွေထိုးစစ်ကြီးတစ်ရပ်တင် ဆင်နွှဲရန် ပြင်ဆင်ခဲ့သည်။ ဝန်ရိုးတန်းတပ်များနှင့် ရင်ဆိုင်နေရသော မိုင်ပေါင်း ၄၀ ခန့်ရှိ ရှေ့တန်းတွင် တောင်ဘက်ပိုင်းမှာ မြောက်ဘက်ပိုင်းလောက် မိုင်းကွင်းများ မထူထပ်သော်လည်း တောင်ဘက်ပိုင်းသို့ ထိုးစစ်ဆင်ပါက ဝန်ရိုးတန်းတပ်များသည် မိမိတို့၏ ထောက်ပံ့ဆက်သွယ်ရေး လမ်းကြောင်းရှိရာ မြောက်ဘက်ပိုင်းသို့ ဆုတ်ခွာသွားလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် မြောက်ဘက်ပိုင်းကို အဓိက ထား၍ ထိုးစစ်ဆင်ပြီးနောက် တောင်ဘက်ပိုင်းရှိ တပ်များကို ဖြတ်တောက်ပိတ်ဆို့ထားရန် စစ်ရေးစီမံချက်တစ်ရပ်ကို ရေးဆွဲခဲ့သည်။

ထိုသို့ထိုးစစ်ဆင်မည့် မြောက်ဘက်ပိုင်းရှိ မိုင်းကွင်းများမှာ ကိုက် ၅၀ မှ ကိုက် ၆၀၀ အထိ ကျယ်ပြန့်သောကြောင့် မိုင်းရှင်းတပ်ဖွဲ့ဝင်များ ပါဝင်သော ခြေလျင်တပ်များကို ဗုံးကြဲလေယာဉ်များ၊ အမြောက်ကြီးများ၏ အကူအညီဖြင့် ထိုးစစ်ဆင်စေပြီးမှ တင့်ကားများကို လိုက်ပါဦးတက်စေမည့် နည်းဗျူဟာတစ်ရပ်ကို ချမှတ်ထားခဲ့သည်။

မြရတနာစာပေ

ထိုးစစ်ကြီးကို ဆင်နွှဲရသည့် ဦးစီးအဖွဲ့သည် အမှတ် (၈) တပ်တော်မှူးကြီး မောင်ဂိုမာရီ၏ စစ်ရေး အစီအစဉ်အရ မြောက်ဘက်ပိုင်းတွင် အမှတ် (၃၀) တပ်မ ကြီးက ၆ မိုင်မှ ၇ မိုင်ခန့် ရှည်လျားသည့် စစ်မျက်နှာ တစ်လျှောက်၌ လေးနေရာခွဲ၍ ထိုးဖောက်တိုက်ခိုက်ပြီး နောက် မိုင်းကွင်းများကို ဖြတ်၍ လမ်းနှစ်သွယ်ရှင်းလင်း ဖောက်ထွင်း ပေးရမည် ဖြစ်သည်။ လမ်းတစ်သွယ်ကို တဲအဲလ်အီဆာမှ စတင်ရှင်းလင်းပြီး ကျန်လမ်းတစ်သွယ် ကို မိတီရီယာ တောင်ကြောမြောက်ဘက်အစွန်မှ စတင် ရှင်းလင်းပေးရမည် ဖြစ်သည်။ ထိုသို့ရှင်းလင်းပြီးသည်နှင့် အမှတ် (၁) နှင့် အမှတ် (၁၀) သံချပ်ကာတပ်မများ ပါဝင် သော အမှတ် (၁၀) တပ်မကြီးက ထိုလမ်းနှစ်သွယ်အတိုင်း လိုက်ပါချီတက်ကာ ရန်သူ့တင့်ကားများနှင့် တိုက်ပွဲဝင်ရ မည် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရန်သူ့တပ်များအား လှည့်စားရန် အမှတ် (၂၁) ပန်ဇာတပ်မ ရှိသော တောင် ဘက်ပိုင်းရှိ ရန်သူ၏အလက်ယာဘက် စစ်နံ့ကို အမှတ် (၁၃) တပ်မကြီးနှင့် အမှတ် (၇) သံချပ်ကာတပ်မတို့က ထိုးစစ် ဆင်ရမည်ဖြစ်သည်။ ထို့ပြင် ထိုးစစ်ကြီးကို

မြရတနာစာပေ



အထောက်အကူပြုနိုင်ရန် ထိုးစစ်မစတင်မီ အောက်တိုဘာ ၁၉ ရက်နေ့မှ ထိုးစစ်စတင်သည့် ၂၃ ရက်နေ့ညတိုင် မဟာမိတ် လေယာဉ်များသည် ရန်သူတို့၏ ထောက်ပံ့ ပို့ဆောင်ရေးလမ်းကြောင်းများ စခန်းများနှင့် သံချပ်ကာ ကားများကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ကြရမည် ဖြစ် သည်။

အယ်လ်အာလာမိန်းထိုးစစ်ကို စတင်တော့မည့် အချိန်တွင် ထိုစစ်မျက်နှာ၌ ရင်ဆိုင်လျက်ရှိသော နှစ်ဖက် တပ်အင်အားမှာ မဟာမိတ်တပ်များဘက်တွင် စစ်သည် ၂၀၀၀၀ ကျော် တိုက်ပွဲဝင်နိုင်သော တင့်ကား ၉၃၉ စီး၊ အမြောက်ကြီး ၈၉၂ လက်၊ တင့်ကားပစ်အမြောက် ၁၄၅၁ လက်နှင့် တိုက်ပွဲဝင်နိုင်သော လေယာဉ်အစင်း ၅၃၀ ရှိပြီး ရှမ်းမဲလ်၏ဝင်ရိုးတန်းတပ်များဘက်တွင် စစ်သည်အင်အား ၁၀၈၀၀၀၊ တင့်ကား ၅၄၈ စီး၊ အမြောက် ကြီး ၅၅၂ လက်၊ တင့်ကားပစ်အမြောက် ၁၀၆၃ လက်နှင့် လေယာဉ် အစင်း ၃၅၀ ရှိသည်။

အောက်တိုဘာလ ၂၃ ရက်နေ့ ည ၉ နာရီ မိနစ် ၄၀ အချိန်တွင် အမှတ် (၈) တပ်တော်မှ အမြောက် အလက်

မြရတနာစာပေ

၁၀၀၀ နီးပါးခန့်သည် ရန်သူ့အမြောက်စခန်းများပေါ်သို့ တစ်ပြိုင်တည်း စတင်ပစ်ခတ်ကြသည်။ ထိုသို့ စတင်ပစ်ခတ်ပြီး မိနစ် ၂၀ ခန့်အကြာတွင် ခြေလျင်တပ်များ စတင်ချီတက်ကြသည်။ အမှတ် (၃၀) တပ်မကြီး စတင်ချီတက်သော စစ်မျက်နှာရှိ ရန်သူ့ရှေ့တန်းအခြေစိုက်စခန်းများကို အောက်တိုဘာလ ၂၄ ရက် နံနက် ၁၁ နာရီခန့်တွင် အကျအဆုံးနည်းပါးစွာဖြင့် သိမ်းပိုက်ရမိခဲ့သည်။ နံနက် ၅ နာရီ မိနစ် ၃၀ အချိန်တွင် အမှတ် (၅၁) တပ်မနှင့် အမှတ် (၁) တောင်အာဖရိကတပ်မတို့မှအပ အမှတ် (၃၀) တပ်မကြီးအောက်ရှိ ကျန်တပ်များသည် မိမိတို့၏ ရည်မှန်းချက်များကို သိမ်းပိုက်မိကြပြီဖြစ်သည်။

အမှတ် (၁၀) တပ်မကြီးဘက်မှ စစ်မျက်နှာတွင်မူ နံနက် ၂ နာရီအချိန်မှ စတင်ထိုးစစ်ဆင်ခဲ့သည်။ ထိုစစ်မျက်နှာပြင်တွင် မိုင်းရှင်းလုပ်ငန်းများ နှောင့်နှေးမှုကြောင့် နံနက် ၆ နာရီ မိနစ် ၃၀ အချိန်ထိ အမှတ် (၉) နှင့် အမှတ် (၁၀) သံချပ်ကာတပ်မများမှာ လိုက်ပါမချီတက်နိုင်သေးချေ။ တစ်ချိန်တည်းမှာပင် အမှတ် (၁) သံချပ်ကာ





တပ်မဟာသည်လည်း အမြောက်များဖြင့် အပြင်းအထန်ပစ်ခတ်ခံရမှုနှင့် မိုင်းပုံးများကြောင့် နံနက် ၃ နာရီအထိ မြောက်ဘက်လမ်းကို မရှင်းနိုင်သေးချေ။ အမှတ် (၅၀) တပ်မနှင့် ပူးပေါင်းထိုးစစ်ဆင်သောအခါတွင်မှ မြောက်ဘက်လမ်းကို ရှင်းလင်းပြီးစီးခဲ့သည်။

တောင်ဘက်ပိုင်းတွင် ထိုးစစ်ဆင်သော အမှတ် (၁၃) တပ်မကြီးမှာလည်း မျှော်မှန်းသလောက် မအောင်မြင်သောကြောင့် မောင်ဂိုမာရီသည် တောင်ဘက်ပိုင်းမှ တပ်များကို ခြွေစစ်သဘောမျိုးဖြင့်သာ တိုက်ပွဲဝင်နေစေပြီး အမှတ် (၇) သံချပ်ကာတပ်မကိုမူ တိုက်ပွဲမဝင်စေသေးဘဲ အရန်အဖြစ် ထားရှိခဲ့သည်။

မဟာမိတ်တို့၏ ထိုးစစ်ကြောင့် ဝန်ရိုးတန်းတပ်များဘက်တွင်လည်း အတော်ပင် ကစဉ့်ကလျားဖြစ်သွားခဲ့သည်။ အမြောက်များဖြင့် အပြင်းအထန် အပစ်ခတ်ခံရမှုကြောင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်သွားပြီး အခြေအနေမှာ ရှုပ်ထွေးလျက်ရှိသည်။ တပ်မှူးကြီး ဗိုလ်ချုပ်ကြီးစတွမ်းသည် အခြေအနေကို ကိုယ်တိုင်သွားရောက်လေ့လာရန် ၂၄ ရက်နေ့ အရုဏ်တက်အချိန်

တွင် ရှေ့တန်းသို့ ထွက်ခွာသွားရာ ထွက်ခွာပြီး မကြာမီ ပင် နှလုံးရောဂါဖြင့် ရုတ်တရက်ကွယ်လွန်သွားခဲ့သည်။ ထိုသို့ စတွမ်း ကွယ်လွန်သွားကြောင်းကို နာရီ အတန် ကြာမှ သိရှိရပြီး ယင်း၏တာဝန်ကို အာဖရိက တပ်မကြီး တပ်မှူးဗိုလ်ချုပ်ကြီး ဗွန်သိုမာက ဆက်ခံ ဆောင်ရွက်ခဲ့ ရသည်။ မဟာမိတ်တပ်များ ထိုးစစ်ဆင်ကြောင်း သတင်း ကို ကြားသိသောအခါ ဂျာမနီတွင် ဆေးဝါးကုသမှု ခံယူ နေသော ဗိုလ်ချုပ်ကြီးရွမ်းမဲလ်သည် အောက်တိုဘာလ ၂၅ ရက်နေ့ညနေတွင် အယ်လ်အာလာမိန်း စစ်မြေပြင်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

### ရွမ်းမဲလ်နှင့် မောင်ဂိုမာရီနောက်ဆုံးအားပြိုင်မှု

အောက်တိုဘာ ၂၅ ရက်နေ့တွင် မောင်ဂို မာရီသည် မြောက်ပိုင်းရှိ အမှတ် (၃၀) တပ်မကြီးမှ အမှတ် (၉) တပ်မကို ကမ်းရိုးတန်းဘက်သို့ ထိုးစစ်ဆင်စေခြင်း ဖြင့် တဲအဲလ်အီဆာတောင်ကြော မြောက်ဘက်ရှိ ရန်သူ များကို ဖြတ်တောက်ပိတ်ဆို့စေခဲ့သည်။ တစ်ချိန်တည်း မှာပင် အမှတ် (၁) သံချပ်ကာတပ်မကို ကစ်ဒနီ တောင်





ကြောကို ထိုးစစ်ဆင်စေခဲ့ရာ တိုက်ပွဲများ သွေးချောင်း မျှ အပြင်းအထန်ဖြစ်ပွားပြီး ထိုနေ့ညတွင် မဟာမိတ် တပ်များက ကစ်ဒနီတောင်ကြောကို သိမ်းပိုက်နိုင်ခဲ့သည်။

အောက်တိုဘာ ၂၈ ရက်နေ့တွင် မောင်ဂိုမာရီသည် ထိုးစစ်ကို ခေတ္တရပ်နားစေပြီး တပ်များကို ပြန်လည်စုစည်း ခြင်း၊ အားဖြည့်ခြင်းများကို ပြုလုပ်စေခဲ့သည်။ တောင် ဘက်ပိုင်းရှိ အမှတ် (၈) သံချပ်ကာ တပ်မကိုလည်း မြောက် ဘက်သို့ ခေါ်ယူလိုက်သည်။

ထိုသို့ထိုးစစ်ခေတ္တရပ်တန့်သွားစဉ် ရွမ်းမဲလ်သည် တောင်ဘက်ရှိ အမှတ် (၂၁) ပန်ဇာတပ်မကို မြောက် ဘက်သို့ ခေါ်ယူလိုက်ပြီးနောက် အောက်တိုဘာလ ၂၇ ရက်နေ့တွင် မဟာမိတ်တို့ သိမ်းပိုက်ထားသော ကစ်ဒနီ တောင်ကြောကို တန်ပြန်ထိုးစစ်ဆင်စေခဲ့သည်။ သို့သော် ထိုတပ်မှာ အကျအဆုံးများစွာဖြင့် တပ်လန်သွားခဲ့သည်။

အောက်တိုဘာ ၂၉ ရက်ညတွင် မောင်ဂိုမာရီသည် အမှတ် (၉) တပ်မကို မြောက်ဘက်အစွန်းရှိ ကမ်းရိုးတန်း လမ်းမ ကြီးဘက်သို့ ဦးတည်၍ ဆက်လက်ထိုးစစ်ဆင်စေခဲ့သည်။

ရွမ်းမဲလ်ကလည်း ထိုသို့ထိုးစစ်ဆင်လာမည်ကို

ကြိုတင်မျှော်လင့်ထားသည့်အတိုင်း ထိုခံစစ်ကြောင်းဘက်တွင် အင်အားဖြည့်ထားရာ ၆ နာရီတိုင်တိုင် တိုက်ပွဲအပြင်းအထန် ဖြစ်ပွားခဲ့သည်။ မဟာမိတ်တပ်များဘက်မှ လေကြောင်းအကူရရှိမှုကြောင့် ရွှမ်းမဲလ်၏တပ်များမှာ အရေးမလှခဲ့ရာ နောက်တစ်နေ့ အောက်တိုဘာလ ၃၀ ရက်နေ့ မနက်တွင် ရွှမ်းမဲလ်သည် အယ်လ်အာလာမိန်းမှ အနောက်ဘက်မိုင် ၅၀ အကွာရှိ ဖူကာသို့ စတင်ဆုတ်ခွာရန် စဉ်းစားလာရတော့သည်။ ထိုအချိန်တွင် ရွှမ်းမဲလ်၏တပ်များမှာ ဓာတ်ဆီ၊ စားရေရိက္ခာနှင့် ခဲယမ်းမီးကျောက်များ အလွန်ချို့တဲ့လျက်ရှိပြီဖြစ်သည်။

အောက်တိုဘာလ ၂၉ ရက်နေ့တွင် ရွှမ်းမဲလ်သည် အမှတ် (၉၀) အပေါ့စားတင့်တပ်မကို စီဒီအပ်အဲလ်ရာမန်ဘက်သို့ ခေါ်ယူခဲ့သည်။ ထိုသို့ခေါ်ယူလိုက်ကြောင်းကို မွန်ဂိုမာရီကြားသိသောအခါ ထိုတပ်မကို ထိန်းဟန့်ထားရန် အမှတ် (၉) ဩစတြေးလျတပ်မအား ထိုဒေသတွင် ဆက်လက်ထိုးစစ်ဆင်နေစေခဲ့သည်။ အောက်တိုဘာလ ၃၁ ရက်နေ့ညတွင် အမှတ် (၉) ဩစတြေးလျတပ်မသည် ကမ်းရိုးတန်းအထိ ထိုးစစ်ဆင်တိုက်ခိုက်ချီတက် သွား

မြရတနာစာပေ



ပြီးနောက် အရှေ့ဘက်ကို ပြန်လှည့်ကာ အမှတ် (၁၆၄)၊ ဂျာမန်တပ်မကို ဖြတ်တောက်ပိတ်ဆို့ရန် ကြိုးပမ်းခဲ့သည်။ သို့သော် အမှတ် (၂၁) ဂျာမန်တပ်မမှ တပ်အချို့နှင့် အမှတ် (၉၀) အပေါ့စားတပ်မတို့၏ အကူအညီကြောင့် အမှတ် (၁၆၄) ဂျာမန်တပ်မမှာ လွတ်မြောက်သွားခဲ့သည်။

နိုဝင်ဘာလ ၂ ရက်နေ့နံနက် ၁ နာရီချိန်တွင် မောင်ဂိုမာရီသည် အမြောက်များ၊ ဗုံးကြဲလေယာဉ်များ အကူအညီဖြင့် အမှတ် (၂) နယူးဇီလန်တပ်မမှ တပ်မဟာနှစ်ခုနှင့် အမှတ် (၂၃) သံချပ်ကာတပ်မဟာတို့ကို အလျားကိုက် ၄၀၀၀ ခန့်ရှိသော စစ်မျက်နှာဖွင့်၍ ရန်သူ့စခန်းများနှင့် မိုင်းကွင်းများကြား ထိုးစစ်ဆင်စေခဲ့သည်။ ထိုထိုးစစ်ဖြင့် မိုင်းကွင်းများကို ဖြတ်ကာ လမ်းထွင်သွားပြီးနောက် ထိုလမ်းကြောင်းအတိုင်း အမှတ် (၉) သံချပ်ကာတပ်မဟာ ဦးဆောင်လျက် အမှတ် (၁)၊ အမှတ် (၇) နှင့် အမှတ် (၁၀) သံချပ်ကာတပ်များက လိုက်ပါချီတက်ကြသည်။ အမှတ် (၉) သံချပ်ကာတပ်မဟာသည် တင့်ကားပစ်အမြောက်များဖြင့် အပြင်းအထန် တိုက်ခိုက်ခံရမှုကြောင့် ထိုအင်အား၏လေးပုံသုံးပုံကျော် အရေအတွက်ဖြစ်သော

မြရတနာစာပေ

တင့်ကား ၈၇ စီး ပျက်စီးဆုံးရှုံး သွားခဲ့သည်။ တစ်ချိန်တည်း မှာပင် အမှတ် (၁) သံချပ်ကာတပ်မကြီးသည် မိုင်းကွင်းများကို ဖြတ်ကျော်ပြီးသည် နှင့်တစ်ပြိုင်နက် အာဖရိကတပ်မကြီးနှင့် ရင်ဆိုင်ရရာ တဲလ်အဲလ်အကွာကာအနီးတွင် အလွန်ပြင်းထန်သော တင့်ကားတိုက်ပွဲကြီး ဖြစ်ပွားခဲ့သည်။

ရွမ်းမဲလ်၏တင့်ကားများမှာ မောင်ဂိုမာရီ၏ တင့်ကားများနှင့် နှိုင်းစာလျှင် အမျိုးစား ညံ့ဖျင်းလှသော်လည်း ယင်းတိုက်ပွဲတွင် ရန်သူ့ထိုးစစ်ကို ဟန့်တားနိုင်ခဲ့ကြသည်။ သို့သော် ထိုအချိန်တွင် ရွမ်းမဲလ်သည် မိမိတို့အရေးနိမ့်ပြီဖြစ်ကြောင်း ကောင်းစွာသိရှိနေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏တပ်တော်သည် ထိုနေ့က ခဲယမ်းမီးကျောက်တန်ချိန် ၄၅၀ သုံးစွဲခဲ့ရသော်လည်း ဘိုဘရပ်မြို့သို့ ဖျက်သင်္ဘော သုံးစင်းဖြင့် နောက်ထပ် ရောက်ရှိလာသော ခဲယမ်းမီးကျောက်များမှာ တန်ချိန် ၁၉၀ သာရှိသည့်အပြင် အာဖရိကတပ်မကြီးတွင် တိုက်ပွဲဝင်နိုင်သော တင့်ကားအစီးရေ ၃၅ စီးသာ ကျန်ရှိတော့သောကြောင့် ဖြစ်၏။

နိုဝင်ဘာလ ၃ ရက်နေ့ နံနက်လင်းအားကြီး

မြရတနာစာပေ



အချိန်တွင် ရွမ်းမဲလ်သည် ဟစ်တလာထံသို့ မိမိအား လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့် အပြည့်ပေးပါရန် အမိန့်တောင်းခံခဲ့သည်။ လွတ်လပ်စွာလုပ်ကိုင် ဆောင်ရွက်ခွင့်ဟူသည်ကား ဆုတ်ခွာခွင့်ပင်ဖြစ်သည်။ ဟစ်တလာထံမှလည်း ခွင့်ပြုချက်ရရှိလိမ့်မည်ဟု မျှော်လင့်ထားခဲ့သဖြင့် အီတလီတပ်အချို့ကိုပင် ဆုတ်ခွာရန် အမိန့်ပေးထားသည်။ နေ့လယ် ၁ နာရီ မိနစ် ၃၀ တွင် ဟစ်တလာထံမှ အဖြေကို ပြန်လည်ရရှိခဲ့လေသည်။ ဟစ်တလာ၏အဖြေမှာ ရွမ်းမဲလ်၏တပ်များအဖို့ အောင်ပွဲနှင့် သေခြင်းမှလွဲ၍ အခြားရွေးချယ်စရာနည်းလမ်းမရှိကြောင်း ဆုတ်ခွာရန် လုံးဝခွင့်မပြုကြောင်းပင် ဖြစ်သည်။ သို့ဖြင့် ရွမ်းမဲလ်သည် ဆုတ်ခွာနေခြင်းကို ရပ်ဆိုင်းထားလိုက်ရပြီး "**မဆုတ်ခွာဘဲ တောင့်ခံနေမည်ဆိုပါက လုံးဝချေမှုန်းခြင်းခံရတော့မည်ဖြစ်ကြောင်း**" ထိုနေ့ ညနေပိုင်းတွင် ဟစ်တလာထံသို့ ထပ်မံအကြောင်းကြားစေခဲ့သည်။

နိုဝင်ဘာလ ၄ ရက်နေ့ နံနက်စောစောတွင် ဖီးမာရှယ်ကက်ဆာရင်းသည် ရွမ်းမဲ၏စစ်ဌာနချုပ်ကို ရောက်ရှိလာပြီးနောက် "ဟစ်တလာသည် အရှေ့ဘက်

မြရတနာစာပေ

ရှုရှားစစ်မျက်နှာမှရရှိသော အတွေ့အကြုံများအရ ယခုကဲ့သို့ အခြေအနေမျိုးတွင် မည်မျှပင် တန်ဖိုးကြီးကြီးပေးရသည် ဖြစ်စေ အစွမ်းကုန်တောင့်ခံထားရမည်ဟု အမိန့်ပေးလိုက်ကြောင်း'' ပြောကြားခဲ့သည်။ သို့သော် နောင်သောအခါတွင် ကက်ဆာရင်း ရေးသားထုတ်ဝေခဲ့သော ကိုယ်ရေးမှတ်တမ်းထဲတွင်မူ ''ဒါ သက်သက်ရူးတာပဲ။ သူ့အမိန့်ကို ဂရုစိုက်မနေနဲ့'' ဟူ၍ ပြောကြားခဲ့ပြီး သူ့အနေနှင့် ရွှမ်းမဲလ်၏ ဆုတ်ခွာခြင်းကို လျစ်လျူရှုနေမည်ဖြစ်ပြီး ယင်းအတွက် ကျရောက်လာမည့်အကျိုးဆက်ကို တာဝန်ယူမည် ဖြစ်ကြောင်း အာမခံခဲ့သည်ဟူ၍ ဖော်ပြခဲ့သည်။

မောင်ဂိုမာရီသည် နိုဝင်ဘာလ ၃ ရက်နေ့နံနက်တွင် ရန်သူ့တပ်များ အနောက်ဘက်သို့ ဆုတ်ခွာလျက်ရှိကြောင်း သိရှိရသောအခါ ဆုတ်ခွာလျက်ရှိသော ရန်သူ့စစ်ကြောင်းများကို လေကြောင်းမှ အပြင်းအထန် လိုက်လံတိုက်ခိုက်စေခဲ့သည်။ ထို့ပြင် ထိုနေ့ညတွင်ပင် အမှတ် (၅၁) တပ်မနှင့် အမှတ် (၄) အိန္ဒိယတပ်မတို့ကို အလျား ၄ မိုင်ခန့်ရှိသည့် စစ်မျက်နှာဖွင့်ကာ တင့်ကားပစ်အမြောက်များ ထူထပ်စွာ ချထားသော ရန်သူ့ ခံစစ်





ကြောင်းကို ထိုးဖောက်ချိတက်စေခဲ့သည်။ ထို့နောက် သံချပ်ကာ တပ်မကြီးသုံးခုလုံးကို ထိုးဖောက်ချိတက်စေခဲ့ရာ နိုဝင်ဘာလ ၄ ရက်နေ့နံနက်တွင် မောင်ဂိုမာရီ၏ တပ်များသည် ရည်မှန်းချက်အတိုင်း ထိုးဖောက် တိုက်ခိုက်ချိတက်နိုင်ခဲ့ကြသည်။ သို့ဖြင့် တောင်ဘက်ရှိတပ်များကို ဖြတ်တောက်ပိတ်ဆို့နိုင်ခဲ့ပြီး အာဖရိကတပ်မကြီးကိုလည်း ကစဉ့်ကလျားဖြစ်သွားစေကာ တပ်မှူးကြီးဖြစ်သူ ဗိုလ်ချုပ်ကြီး ဗွန်သိုမာကိုပင် လက်ရဖမ်းဆီးရမိခဲ့သည်။

ထိုအချိန်တွင် မဟာမိတ်တပ်များသည် ဝင်ရိုးတန်းတပ်များ၏ ခံစစ်ကြောင်းအကြားတွင် ၁၂ မိုင်ခန့် ဖြတ်တောက်သွားသည်အထိ ထိုးဖောက်တိုက်ခိုက်မိပြီ ဖြစ်သည်။ ဝန်ရိုးတန်းတပ်မှူးရွှမ်းမဲလ်အဖို့ အရန်တပ်လည်း မကျန်တော့သည့်အပြင် ဓာတ်ဆီလည်း ကုန်သွားပြီဖြစ်သောကြောင့် မိမိတပ်များကို ကယ်တင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းရင်း အပြင်းဆုတ်ခွာစေရတော့သည်။ နောက်တစ်နေ့နံနက် နိုဝင်ဘာလ ၄ ရက်နေ့တွင်မှ ဟစ်တလာထံမှ ဆုတ်ခွာခွင့်ပြုကြောင်း အမိန့်ရောက်လာခဲ့သည်။

## ဂျာမန်တို့အရေးနိမ့်ပြီ

ဝန်ရိုးတန်းတပ်များ ဆုတ်ခွာရာနောက်သို့ မဟာမိတ်တပ်များက အပြင်းအထန်လိုက်လံတိုက်ခိုက်ခဲ့ကြရာ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် တိုဘရုပ်မြို့ကိုလည်းကောင်း၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ဘင်ဂါဇီ မြို့ကိုလည်းကောင်း ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြသည်။ မဟာမိတ်တို့၏ ထိုးစစ် စတင်သော အောက်တိုဘာလ ၂၃ ရက်နေ့မှ နိုဝင်ဘာလ ၁၉ ရက်နေ့အတွင်း နှစ်ဖက်အကျဆုံးမှာ ဝန်ရိုးတန်း တပ်များဘက်မှ ၁၆၀၀၀ ခန့်၊ ဒဏ်ရာရရှိသူ ၁၅၀၀၀ ခန့်နှင့် စစ်သုံ့ပန်းအဖြစ် အဖမ်းခံရသူ ၃၀၀၀၀ ခန့်ရှိပြီး တင့်ကားအစီး ၅၀၀ ခန့်နှင့် အမြောက်အလက် ၁၀၀၀ နီးပါးခန့် ဆုံးရှုံးခဲ့သည်။ မဟာမိတ်တို့ဘက်မှလည်း ကျဆုံး ဒဏ်ရာရရှိသူနှင့် ပျောက်ဆုံးသွားသူ ၁၃၅၀၀ ခန့်ရှိပြီး တင့်ကားအစီး ၄၅၀ ခန့် ပျက်စီးချုတ်ယွင်းသွားခဲ့သည်။

အယ်လ်အာလာမိန်းတိုက်ပွဲတွင် ဝန်ရိုးတန်းတပ်များ အရေးနိမ့်ခဲ့ရခြင်း၏ အဓိကအချက်မှာ စားရေရိက္ခာ၊ လောင်စာ၊ ခဲယမ်းမီးကျောက်ချို့တဲ့မှုပင် ဖြစ်သည်။ မြေထဲပင်လယ်ကို ဖြတ်သန်း၍လာရသော ထောက်ပံ့ဆက်သွယ်





ရေးလမ်းကြောင်းမှာ အလွန်ရှည်လျားလှသည့်အပြင် ထိုထောက်ပံ့ရေးလမ်းကြောင်းကို မဟာမိတ်တို့၏ စစ်သင်္ဘောများ၊ စစ်လေယာဉ်များက အစဉ်နှောင့်ယှက် တိုက်ခိုက် ဖျက်ဆီးမှုကြောင့် ဝန်ရိုးတန်းတပ်များမှာ လိုအပ်သောစားရေရိက္ခာ၊ လောင်စာ၊ လက်နက် ခဲယမ်းမီးကျောက် အပြည့်အဝမရရှိခဲ့ချေ။ ထိုသို့ ခဲယမ်းမီးကျောက် ချို့တဲ့မှုကြောင့်ပင် အောက်တိုဘာလ ၂၃ ရက်နေ့တွင် မဟာမိတ်တပ်များက စတင်ထိုးစစ်ဆင်သော အခါ ဝန်ရိုးတန်းတပ်မှူး ဗိုလ်ချုပ်ကြီးစတွမ်းသည် မိမိ အမြောက်တပ်များကို ပြန်လည်ပစ်ခွင့်မပြုခဲ့ချေ။ ထိုအချက်နှင့်ပတ်သက်၍ ရွမ်းမဲလ်က "အကယ်၍ ထိုးစစ်ဆင်လာသော မဟာမိတ်တပ်များကို အမြောက်များဖြင့် ပစ်ခတ်ချေမှုန်းခဲ့မည်ဆိုပါက ထိုးစစ်ကို တစ်နည်းတစ်ဖုံ ဟန့်တားထားနိုင်မည်ဖြစ်ကြောင်း" မှတ်ချက်ချခဲ့သည်။ ထို့ပြင် မဟာမိတ်တပ်များ ထိုးစစ်စတင်နေချိန်တွင် ဝင်ရိုးတန်းတပ်များဘက်မှ တင့်ကားများ ဓာတ်ဆီချို့တဲ့မှုကြောင့် အရေးကြီးသော လှုပ်ရှားမှုနှင့် နေရာချထားမှုများကို မပြုလုပ်နိုင်ခဲ့ချေ။ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေစဉ်

ကာလအတွင်းမှာပင် ဝန်ရိုးတန်းတပ်များသည် စားရေရိက္ခာ၊ ခဲယမ်းမီးကျောက်၊ လောင်စာအပြည့်အဝ ထပ်မံမရရှိခဲ့သောကြောင့် ချို့ချို့တဲ့တဲ့နှင့်ပင် တိုက်ပွဲဝင်ခဲ့ရသည်။

အဓိကကျသော အခြားအချက်တစ်ရပ်မှာ မြောက်အာဖရိက စစ်မျက်နှာတွင် မဟာမိတ်လေတပ်က လေပြင်ကို စိုးမိုးထားနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ မဟာမိတ်တို့၏ စပစ်ဖိုင်းယားအမျိုးအစား လေယာဉ်များကို ဝန်ရိုးတန်းလေယာဉ်များက မယှဉ်နိုင်ခဲ့ချေ။ သို့ဖြင့် တိုက်ပွဲကာလတစ်လျှောက်လုံး မဟာမိတ်လေတပ်သည် ဝန်ရိုးတန်းတပ်များကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက်ကြခြင်းဖြင့် ထိုးစစ်ကို ထိရောက်စွာ အထောက်အကူ ပေးနိုင်ခဲ့ကြသည်။

အခြားအချက်တစ်ရပ်မှာ တင့်ကားအမျိုးအစားချင်း ကွာခြားမှုဖြစ်သည်။ အယ်လ်အာလာမိန်းတိုက်ပွဲမှာ သဲကန္တာရတိုက်ပွဲဖြစ်သည့်အတိုင်း လျင်မြန်စွာ လှုပ်ရှားစစ်ကစားနိုင်သော တင့်ကားများကို အားထားတိုက်ခိုက်ရသော တိုက်ပွဲဖြစ်သည်။ ဤတွင် ထိုတိုက်ပွဲ၌ အသုံးပြုခဲ့သော မဟာမိတ်တို့၏ ဗြိတိန်လုပ်ဂရန့်နှင့် အမေရိကန်ပြည်ထောင်စုလုပ် ရှားမင်းတင့်ကားများမှာ ဝန်ရိုးတန်း





အယ်လ်အာလာမိန်းတိုက်ပွဲတွင် ရွမ်းမဲလ်ကို အနိုင်တိုက်သွားသည့် ဗြိတိသျှဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ

တပ်များ၏ မတ် ၃ နှင့် မတ် ၄ တင့်ကားများအမျိုးအစား ဘက် အရည်အသွေးများစွာ သာလွန်လျက်ရှိသည့်အပြင် တင့်ကားအရေတွက်တွင်လည်း ဝင်ရိုးတန်းတပ်များသည် မဟာမိတ်တပ်များကို မမီခဲ့ချေ။ သို့ဖြင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ် ၏ ဝန်ရိုးတန်း တပ်များသည် ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၏ မဟာမိတ်တပ်များကို အရေးနိမ့်သွားခဲ့ရပြီး ဒုတိယ ကမ္ဘာ စစ်ကြီး၏ အာဖရိကစစ်မြေပြင်တွင် အဆုံးဖြတ်ပေးသည့် တိုက်ပွဲကြီးတစ်ပွဲအဖြစ် သမိုင်းတွင်ရစ်ခဲ့တော့သည်။

**အယ်လ်အာလာမိန်းတိုက်ပွဲ ထိခိုက်ကျဆုံးမှု**

မဟာမိတ်တို့ ထိုးစစ်စတင်သော အောက်တိုဘာ လ ၂၃ ရက်နေ့မှ နိုဝင်ဘာလ ၁၉ ရက်နေ့အထိ ဝင်ရိုးတန်း တပ်များဘက်မှ ကျဆုံး ၁၆,၀၀၀ ခန့်၊ ဒဏ်ရာ ရ ၁၅,၀၀၀ ခန့်၊ စစ်သုံ့ပန်း ၃၀,၀၀၀ ခန့်ရှိသည်။ တင့် ကားစီး ၅၀၀ ခန့်နှင့် အမြောက် ၁,၀၀၀ ခန့် ဆုံးရှုံးသည်။ မဟာမိတ်တို့ဘက်မှ ကျဆုံးထိခိုက်ဒဏ်ရာရရှိသူနှင့် ပျောက်ဆုံးသူ ၁၃,၅၀၀ ခန့်ရှိသည်။ တင့် ၄၅၀ ခန့် ပျက်စီးခဲ့သည်။

**တိုက်ပွဲသုံးသပ်ချက်များ**

အယ်လ်အာလာမိန်းတိုက်ပွဲတွင် ဝန်ရိုးတန်းတပ်များ အရေးနိမ့်ခဲ့ရခြင်း၏ အဓိကအချက်မှာ အုပ်ချုပ်ထောက်ပံ့မှု ညံ့ဖျင်းမှုကြောင့်ပင်ဖြစ်သည်။ တိုက်ပွဲဝင်တပ်များကို လိုအပ်သည့်စားနပ်ရိက္ခာ၊ လောင်စာ၊ ခဲယမ်းမီးကျောက်နှင့် အခြားသောတိုက်ပွဲ အထောက်အကူပစ္စည်းများ ပြည့်စုံလုံလောက်အောင် မထောက်ပံ့နိုင်သည့်သာမက အနည်းဆုံးလိုအပ်ချက်ကိုပင် မဖြည့်ဆည်းနိုင်ခဲ့ပေ။ အာဖရိကတိုက်ရှိ ဝန်ရိုးတန်းတပ်များအတွက် လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှုများကို အီတလီ အထူးသဖြင့် စစ်စလီကျွန်းမှ ပို့ပေးရသည်။ မြေထဲပင်လယ်ကို ဖြတ်သန်းပို့ဆောင်နေသော ပို့ဆောင်ရေးလမ်းကြောင်းကိုလည်း မော်လတာကျွန်းတွင် ခြေကုပ်ယူထားသည့် မဟာမိတ်တပ်များက လေကြောင်း၊ ရေကြောင်းမှ စဉ်ဆက်မပြတ် တိုက်ခိုက်ခဲ့ရာ အုပ်ချုပ်ထောက်ပံ့မှုကိစ္စများ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပေသည်။

စစ်သူကြီး ရွှမ်းမဲလ်သည် အယ်လ်အာလာမိန်းထိုးစစ်မစမီကပင် တိုက်ပွဲအနိုင်ရဖို့သည် အုပ်ချုပ်ထောက်





မှုကို အချိန်မီလုပ်ပေးနိုင်မှုအပေါ်တွင် မူတည်နေကြောင်း နားလည်ထားပြီးဖြစ်သည်။ ဝန်ရိုးတန်းတပ်များသည် အုပ်ချုပ်ထောက်ပံ့ရေးစစ်ပွဲကြီးတွင် မဟာမိတ်တို့ကို ရှုံးခဲ့ပြီးဖြစ်ရာ အယ်လ်အာလာမိန်းထိုးစစ်ကြီး ဆုံးရှုံးသည်သာမက အာဖရိကတပ်မကြီးတစ်ခုလုံးနှင့်တကွ အာဖရိကစစ်ဆင်ရေးကြီးတစ်ခုလုံး ပျက်ပြုန်းခဲ့ရပေသည်။

ဝန်ရိုးတန်းတပ်များ၏ မြောက်အာဖရိက စစ်မျက်နှာအတွက် အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ရာ၌ ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် မော်လတာကျွန်းသည် စစ်နည်းဗျူဟာမြောက် အချက်အချာကျသောနေရာဖြစ်သည်။ ဝန်ရိုးတန်းတပ်များ၏ မူလရည်မှန်းချက်သည် တိုဘရုပ်ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် မော်လတာကျွန်းကို သိမ်းပိုက်ရန်ဖြစ်သည်။ တိုဘရုပ်မှ မဟာမိတ်တပ်များ ဆုတ်ခွာစဉ်က မော်လတာကျွန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့လျှင် စားရေရိက္ခာ၊ လက်နက် ခဲယမ်း အနည်းအကျဉ်းသာရှိတော့သော မော်လတာကျွန်းရှိ မဟာမိတ်တပ်တို့ကို အလွယ်တကူ အောင်မြင်နိုင်သော်လည်း ဝင်ရောက်တိုက်ခိုက်ခြင်း မပြုခဲ့ပေ။ အခိုက်အတန့် လေ

ကြောင်း စိုးမိုးမှုနှင့် ဗုံးကြဲတိုက်ခိုက် ဦးနှိမ်ထားခြင်းတို့ဖြင့်သာ ကျေနပ်ခဲ့သည်။ နောင်အခါ မဟာမိတ်တပ်များက မော်လတာကျွန်း၌ ရေတပ်၊ လေတပ်အင်အား တည်ဆောက်ခဲ့ပြီး ဝန်ရိုးတန်းတပ်များ၏ ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်နိုင်ခဲ့သည်။ ထို့ကြောင့် စစ်ဗျူဟာမြောက် အချက်အချာကျလှသော မော်လတာကျွန်းကို မသိမ်းပိုက်နိုင်ခြင်းကြောင့်လည်း အာဖရိကတိုက်ပွဲများတွင် ဝန်ရိုးတန်းတပ်များ ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

အယ်လ်အာလာမိန်းတိုက်ပွဲ အနိုင်အရှုံးကို စစ်နည်းဗျူဟာအမြင်ဖြင့် ရှုမြင်သုံးသပ်လျှင် ဝန်ရိုးတန်းတပ်များ၏ အုပ်ချုပ်ထောက်ပံ့မှုလမ်းကြောင်း ရှည်လျားမှုသည်လည်း စစ်ရှုံးမှု၏အကြောင်းရင်းတစ်ရပ် ဖြစ်သည်။ အယ်လ်အာလာမိန်းသို့ တိုဘရုပ်မှ မိုင် ၃၃၀၊ ဘင်ဂါဇီဆိပ်ကမ်းမှ မိုင် ၆၀၀ နှင့် ထရီပိုလီဆိပ်ကမ်းမှ မိုင် ၁၂၀၀ ကွာဝေးလေရာ ဆက်သွယ်ရေးလမ်းကြောင်း၏ လုံခြုံရေးတာဝန်သည် ကြီးမားသကဲ့သို့ သယ်ယူပို့ဆောင်ရေး တာဝန်မှာလည်း မသေးငယ်လှပေ။ ကြားထဲတွင် မဟာမိတ်တို့၏ ဖြတ်တောက်တိုက်ခိုက်မှုကြောင့် အဆုံးအရှုံးများပြားခဲ့





သည်။ မဟာမိတ်တပ်များအဖို့ကား အလက်ဇန်းဒရီးယားမြို့မှ ၅၅ မိုင်သာ ကွာဝေးရာ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ဖြည့်တင်းရာ၌ ပြဿနာမရှိပေ။

ဝင်ရိုးတန်းတပ်များသည် ရှည်လျားဝေးလံသော ဆက်သွယ်ရေးလမ်းကြောင်းကို မှီ၍ စစ်ဆင်ရေး ဆင်နွှဲနေရခြင်းဖြစ်ရာ အယ်လ်အာလာမိန်းစစ်ကြောင်းကို မထိုးဖောက်ရသော ရိုက္ခာပို့လမ်းကြောင်း ပြောင်းလဲဖို့အတွက် နည်းလမ်းရှာကြံရန် လိုအပ်လာသည်။ ဘော်လမ်ကဲ့သို့ ဆိပ်ကမ်းနှင့်နီးနီးနားနား ဒေသမျိုးတွင် စစ်ကြောင်းတစ်ခု တည်ဆောက်နိုင်ပေသည်။ မဟာမိတ်တပ်များအနေဖြင့်လည်း သဲကန္တာရကို သိမ်းပိုက်ထား၍ တန်ဖိုးမရှိနိုင်သကဲ့သို့ ဆက်သွယ်ရေးလမ်းကြောင်းမှာလည်း ရှည်လျားသွားနိုင်သည်။ ဝန်ရိုးတန်းတပ်များသည် ဘော်လမ်ဒေသ၌ ခံစစ်ကြောင်းတည်ဆောက်၍ ကြည်း၊ ရေ၊ လေ အင်အားစုဖွဲ့ပြီး မော်လတာကျွန်းကို တိုက်ခိုက်အောင်မြင်နိုင်လျှင် အာဖရိကစစ်မျက်နှာ၏ အနိုင်အရှုံးသည် တစ်မျိုးတစ်မည် ဖြစ်သွားနိုင်ပေသည်။ ဤသို့ အရေးပါသည့် စစ်နည်းဗျူဟာပိုင်းကို ဆင်ခြင်သုံးသပ်ခြင်း

မပြုဘဲ နိုင်းမြစ်ဝကျွန်းပေါ် သိမ်းပိုက်ရေးကိုသာ အာရုံစူးစိုက်နေသော ဟစ်တလာ၏ ဆုံးဖြတ်ချက်များသည် အယ်လ်အာလာမိန်းတိုက်ပွဲတွင် ဝန်ရိုးတန်းတပ်များ ဆုံးရှုံးရခြင်း၏ အဓိကအချက်ဖြစ်သည်။

အယ်လ်အာလာမိန်းဒေသ၏ မြေပြင်အနေအထားအရ သုံးသပ်လျှင် စစ်ဆင်ရေးနယ်မြေသည် ပူပြင်း သောသဲကန္တာရအတွင်းဖြစ်သည်။ လှုပ်ရှားစစ်ကစားရန် ကျယ်ပြန့်သော မြေအနေအထားရှိသည်။ ပစ်အား ကောင်း၍ လှုပ်ရှားရလွယ်ကူသော တင့်များဖြင့် စစ်ဆင်ရန် အထူးသင့်လျော်ကောင်းမွန်သည်။ စစ်သူကြီး ရွှမ်းမဲလ်သည် လှုပ်ရှားစစ်ကစားရာ၌ အထူးကျွမ်းကျင်လှသည်။ သို့သော် သူ၏လက်အောက်ရှိ တင့် အရေအတွက်နှင့် အမျိုးအစားများမှာ မဟာမိတ်တို့ တင့်အရေအတွက်ကို မမီခဲ့ချေ။

ဟစ်တလာက နောက်ဆုံးပေါ် ကျားအမျိုးအစား တင့်ကားများ ပို့ပေးမည်ဆိုသော်လည်း လက်တွေ့ ဖြစ်မြောက်မလာခဲ့ပေ။ ထို့အပြင် တင့်များအတွက် လောင်စာဆီနှင့် ခဲယမ်းများ ပြတ်လပ်ခြင်း၊ အစားထိုးရန် အရန်အင်အား မရှိခြင်းတို့သည် ရွှမ်းမဲလ်၏ ကျွမ်းကျင်မှုနှင့်





ိုက်စွမ်းရည်ထက်မြက်မှုကို အလိုအလျောက် ကန့်သတ်ိုက်သလိုဖြစ်ပြီး သဘာဝ လွင်ပြင်အနေအထားနှင့်ိုက်ညီသော သဲကန္တာရ စစ်ဆင်ရေးနည်းဗျူဟာ ကျင့်သုံးှုကိုလည်း ချုပ်ချယ်ဟန့်တား ရာရောက်ပေသည်။

ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီသည် ပြည့်စုံနိုင်ခဲ့သောစစ်အနေအထားကို ဦးစွာပထမ စေ့စပ်သေချာစွာည်ဆောက်ပြီး ရန်သူ့အပေါ် အမှည့်ခြွေစစ်ဆင်နွှဲခဲ့သည်။ ရန်သူချည့်နဲ့ အားပျော့သွားတော့မှ ဒုတိယအဆင့်တွင်ချေမှုန်းသုတ်သင်ရေးကို ဆောင်ရွက်ခဲ့သည်။ ထိုးစစ်ဆင်လာမည့် ရန်သူကို အပြီးသတ်ချေမှုန်းနိုင်မည့် နေရာကိုစိတ်ကြိုက်ရွေးချယ်စုဖွဲ့စေသည်။


လှုပ်ရှားစစ်ကစားမှုဖြင့် တိုက်စစ်အားသန်သောရွှမ်းမဲလ်နှင့်အမှည့်ခြွေခြွေတတ်၍ ခိုင်ခံ့သောစစ်ကြောင်းပေါ်မှ ရန်သူကို စနစ်တကျချေမှုန်းတတ်သော မောင်ဂိုမာရီတို့ စစ်မြေပြင်တွင် တွေ့ကြသောအခါ မြေပြင်အနေအထားနှင့် တိုက်ပွဲသဘာဝတို့သည် ရွှမ်းမဲလ်၏ စိတ်ကြိုက် ဖြစ်သော်လည်း ရွှမ်းမဲလ်၏ စစ်ရေးစွမ်းရည်များမှာ ကန့်သတ်ချက်များစွာရှိနေခဲ့ရာ မောင်ဂိုမာရီ၏အောင်ပွဲသာ ဖြစ်သွား

ခဲ့လေတော့သည်။

တိုက်ပွဲဝင်နှစ်ဖက်သော စစ်သည်များ၏စိတ်ဓာတ်ရေးရာပိုင်း၌ မဟာမိတ်တပ်များ၏ စိတ်ဓာတ်ရေးရာမှာ ပိုမိုမြင့်မား ကောင်းမွန်ခဲ့သည်။ မဟာမိတ်တို့ဘက်၌ ခေါင်းဆောင်အပေါ်တွင် စစ်သည်တို့က ယုံကြည်စိတ်ချအားကိုးခြင်း၊ ခေါင်းဆောင်များက တိုက်ပွဲဝင်စစ်သည်များ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ခြင်း၊ အုပ်ချုပ် ထောက်ပံ့မှုဆိုင်ရာကိစ္စများကို ပြည့်စုံလုံလောက်အောင် ဖန်တီးပေးနိုင်ခြင်း၊ လေတပ်၊ အမြောက်တပ်တို့၏ အနီးကပ်ပစ်ကူကို တိုးချဲ့အာဖြည့်ပေးနိုင်ခြင်းနှင့် အမေရိကန်တို့၏ စစ်ရေးထောက်ပံ့မှု တိုးတက်ရရှိခြင်းတို့ကြောင့် မဟာမိတ်တပ်များ၏ စိတ်ဓာတ်ရေးရာသည် မြင့်မားလျက်ရှိသည်။

ဝန်ရိုးတန်းတပ်များဘက်တွင်ကား ဂျာမန်တို့သည် စိတ်ဓာတ်ခိုင်မာ၍ တိုက်စွမ်းရည်မြင့်မားကြသော်လည်း အုပ်ချုပ်ထောက်ပံ့မှုပြဿနာများက တိုက်ပွဲဝင်စိတ်ဓာတ်မြင့်မားမှုကို အဟန့်အတားပြုလျက်ရှိသည်။ ထို့အပြင် ဂျာမန်တို့သည် အရှေ့ဘက်စစ်မျက်နှာ ရုရှားစစ်မျက်နှာနှင့် ဥရောပစစ်မျက်နှာတို့၌ အကြီးအကျယ် ရှုံးနိမ့်ကာ

မြရတနာစာပေ



အယ်လ်အာလာမိန်း စစ်မြေပြင် နှစ်ဖက် စစ်တပ်များ ရင်ဆိုင်တပ်ဖြန့်ထားပုံ

ချေမှုန်းခံနေရကြောင်း သတင်းဂယက်များကလည်း ဂျာမန်စစ်သည်တို့၏ စိတ်ဓာတ်ကို ထိခိုက် စေခဲ့သည်။

ဂျာမန်တို့၏မဟာမိတ်ဖြစ်သည့် အီတလီတို့၏ စိတ်ဓာတ်ကလည်း အားပျော့ညံ့ဖျင်းလှသည်။ အီတလီတို့သည် အောင်ပွဲကြီးများ တစ်ပွဲမျှမရဖူးဘဲ တိုက်ပွဲစဉ်တစ်လျှောက်လုံး အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ အီတလီပိုင်နယ်မြေအရှေ့အာဖရိကဒေသများ ဆုံးရှုံးလက်လွှတ်ခဲ့ရသည်။ အီတလီရေတပ်မှစစ်သင်္ဘောများ ပင်လယ်၌ နှစ်မြှုပ် ခံနေကြရသည်။ ထို့အပြင် စားရေရိက္ခာ မလုံမလောက်ဖြစ်သည့်အတွက် အီတလီတို့၏ တိုက်ပွဲဝင်စိတ်ဓာတ်မှာ အားနည်းပျော့ညံ့လျက်ရှိကြသည်။

အယ်လ်အာလာမိန်းတိုက်ပွဲ၏ အဓိကကျသောအချက်တစ်ရပ်မှာလည်း မြောက်အာဖရိကစစ်မျက်နှာတွင် မဟာမိတ်လေတပ်က ဝေဟင်ကို စိုးမိုးထားနိုင်ခြင်းပင် ဖြစ်သည်။ မဟာမိတ်တို့၏ စပစ်ဖိုင်းယား လေယာဉ်ကို ဝန်ရိုးတန်းလေယာဉ်များ မယှဉ်နိုင်ခဲ့ချေ။ သို့ဖြင့် တိုက်ပွဲကာလတစ်လျှောက်လုံး မဟာမိတ်လေတပ်သည် ဝန်ရိုးတန်းတပ်များကို စဉ်ဆက်မပြတ် အပြင်းအထန် ဗုံးကြဲ

တိုက်ခိုက်ခြင်းဖြင့် တိုက်ပွဲစဉ်များကို ထိရောက်စွာ အထောက်အကူပေးနိုင်ခဲ့ကြသည်။ ဝန်ရိုးတန်းတပ်များဘက်တွင် ဝေဟင်စိုးမိုးမှုမှာ အကန့်အသတ်များ လွန်စွာများပြားခဲ့သည်။

ထို့အပြင် သဲကန္တာရတိုက်ပွဲဖြစ်သည့်အတိုင်း လျင်မြန်စွာလှုပ်ရှား စစ်ကစားနိုင်သော တင့်များကို အားထားတိုက်ခိုက်ရရာ မဟာမိတ်တို့၏ ဗြိတိန်လုပ် ဂရန့်တင့်နှင့် အမေရိကန်လုပ် ရှားမင်းတင့်များမှာ ဝန်ရိုးတန်း တပ်များ၏ မတ် ၃ နှင့် မတ် ၄ တင့်များထက် များစွာ သာလွန်သည့်အပြင် အရေအတွက်တွင်လည်း ဝန်ရိုးတန်း တပ်များသည် မဟာမိတ်တပ်များကို မမီခဲ့ချေ။

နောက်ဆုံးအနေဖြင့် ဆင်ခြင်သင့်သည့်အချက်မှာ စစ်ရေးစစ်ရာကိစ္စရပ်များတွင် နိုင်ငံ့ခေါင်းဆောင်များ ဝင်ရောက်ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်မှုပင် ဖြစ်သည်။ စစ်ပွဲတစ်ပွဲဖြစ်အောင် ဖန်တီးခြင်းနှင့် စစ်ပွဲကို ကန့်သတ်ထားခြင်းတို့မှာ နိုင်ငံရေးသမားတို့၏ အလုပ်သာဖြစ်၍ ဗိုလ်ချုပ်ကြီးများ၏ အလုပ်မဟုတ်သကဲ့သို့ တိုက်ပွဲစဉ်များကို ဖော်ဆောင်တိုက်ခိုက်ခြင်းသည်လည်း ဗိုလ်ချုပ်ကြီး

မြရတနာစာပေ



များ၏ အလုပ်သာလျှင်ဖြစ်ပြီး နိုင်ငံရေးသမားများ၏ အလုပ်မဟုတ်ဆိုသည့်အချက်ကို အထူးသတိပြုဆင်ခြင်အပ်ပေသည်။

ဗြိတိသျှဝန်ကြီးချုပ် ဆာဝင်စတန်ချာချီနှင့် အရှေ့အလယ်ပိုင်းဒေသ စစ်သေနာပတိဗိုလ်ချုပ်ကြီး အလက်ဇန္ဒားတို့သည် အယ်လ်အာလာမိန်းတိုက်ပွဲစဉ်တစ်လျှောက်၌ အမှတ် (၈) တပ်တော်တပ်မှူး ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီအတွက် လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှု ကိစ္စများကို အစွမ်းကုန် ဖြည့်ဆည်းဆောင်ရွက်ပေးသည်မှအပ စစ်မြေပြင် ဆောင်ရွက်ချက်အားလုံးတွင် မောင်ဂိုမာရီ၏ စိတ်တိုင်းကျ လွတ်လပ်စွာ လုပ်ဆောင်ခွင့် ပြုထားခဲ့သည်။ ဝင်ရောက်စွက်ဖက်ခြင်း မရှိခဲ့ပေ။ ထို့ကြောင့် မောင်ဂိုမာရီသည် စစ်မြေပြင်၏ ပကတိအခြေအနေများကို အမြဲမပြတ် ထိတွေ့နေပြီး ဖြစ်ပေါ်လာသော အခွင့်အရေးများကို အချိန်မီ စိတ်တိုင်းကျ စီမံဖန်တီးရယူနိုင်ခဲ့သဖြင့် အောင်မြင်မှုများ ရခဲ့သည်။

ဟစ်တလာကား ဂျာမန်ဗဟိုစစ်ဦးစီးဌာနချုပ်မှနေ၍ ရှေ့တန်းစစ်ဆင်မှုအားလုံးကို ဆန္ဒစွဲနှင့် ယှဉ်၍

မြရတနာစာပေ

မြေပုံကြည့် ကွပ်ကဲလျက်ရှိသည်။ ဟစ်တလာသည် အယ်လ်အာလာမိန်းမှတစ်ဆင့် နိုင်းမြစ်ဝကျွန်းပေါ်ဒေသကို သိမ်းပိုက်လိုသောဆန္ဒသာ စွဲစွဲမြဲမြဲရှိသည်။ စစ်မြေပြင်တပ်မှူးကြီး ရွမ်းမဲလ်၏ ပကတိ အခြေအနေ အစစ်အမှန် တင်ပြချက်များကိုမူ လျစ်လျူရှုလျက် စစ်မြေပြင်အနေအထားများနှင့် မဆီလျော်သော အမိန့်နှင့် ညွှန်ကြားချက်များကိုသာ ထုတ်ပြန်လျက်ရှိသည်။ ရှေ့တန်း၌ လိုအပ်နေသော အုပ်ချုပ်ထောက်ပံ့မှုပြဿနာများကို ဖြေရှင်းပေးနိုင်စွမ်းလည်း မရှိပေ။ ကျင့်သုံးအပ်သော စစ်နည်းဗျူဟာများကို ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များဖြင့် ယှဉ်တွဲသုံးသပ်ခြင်းမပြုဘဲ အသေခံတိုက်ပွဲဝင်ခိုင်းသည့် ရူးမိုက်သောဆုံးဖြတ်ချက်မျိုးကိုသာ ချမှတ်ပေးခဲ့လေသည်။ ဤသို့ အလွန်တရာဝေးလံသော စစ်ဦးစီးဌာနချုပ်မှ အမိန့် ညွှန်ကြားချက်များကို စောင့်နေရသဖြင့် အချိန်များ လစ်ဟင်းခဲ့ရပြီး ဆုံးဖြတ်ချက်များ နောက်ကျခဲ့ရသည့်အတွက် ဆုံးရှုံးနစ်နာမှုများ များပြားခဲ့သည်။ **Desert Fox** သဲကန္တာရမြေခွေးကြီးဟု အများက တင်စားခေါ်ဝေါ်ကြသော ရွမ်းမဲလ်၏ စစ်ရေး စွမ်းရည်များကို ဟစ်တလာက ကန့်သတ်ချုပ်





ချုယ်နေခြင်းသည်ပင် အာဖရိကတပ်မကြီး ပျက်စီးဆုံးရှုံးသွားရခြင်း၏ ပဓာနအကြောင်းရင်း ဖြစ်ကြောင်းပါခင်ဗျား။

❖

# အခန်း ( ၉ )

## ရွှမ်းမဲလ်နှင့်နော်မန်ဒီကမ်းတက်တိုက်ပွဲကြီး

**နိဒါန်း**

ဒုတိယကမ္ဘာစစ်၌ မဟာမိတ်တို့ဘက်မှ အထွေထွေထိုးစစ်ကြီးကို ၁၉၄၄ ခုနှစ် ဇွန်လတွင် နော်မန်ဒီကမ်းတက်တိုက်ပွဲကြီးအား ဆင်နွှဲခြင်းဖြင့် စတင်ခဲ့၏။

အရှေ့ဘက်စစ်မျက်နှာ၌ ဂျာမန်တို့သည် ရုရှားတို့၏ မြို့တော် မော်စကိုနှင့် စတာလင်ဂရက်တို့အား တပ်မပေါင်း ၂၀၀ ကျော်ဖြင့် ၁၉၄၁ ခုနှစ်မှစ၍ တိုက်ခိုက်

မြရတနာစာပေ

နေခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်၏။

အရှေ့ဘက်စစ်မျက်နှာ ဖိအားလျော့သွားစေရန်နှင့် စစ်၏အလှည့်အပြောင်းကြီးတစ်ရပ် ဖော်ထုတ်နိုင်ရန်အတွက် မဟာမိတ်ခေါင်းဆောင်တို့သည် ၁၉၄၄ ခုနှစ် မေလ၌ ဝါရှင်တန်တွင် တွေ့ဆုံဆွေးနွေးပြီး အထွေထွေ ထိုးစစ်ကြီးတစ်ရပ်ကို စတင်ဆင်နွှဲရန် ဆုံးဖြတ်ခဲ့ကြ၏။ ထိုးစစ်အား အမေရိကန်နှင့် ဗြိတိသျှတို့၏ဦးဆောင်၍ တပ်ပေါင်းစုဗိုလ်ချုပ်ကြီးအဖြစ် **Overall Command** ကို အဘက်ဘက်မှ ထူးချွန်သည့် အမေရိကန်ဗိုလ်ချုပ်ကြီး အိုင်ဆင်ဟောင်ဝါကို တာဝန်ပေးခဲ့၏။

ထိုးစစ်ကြီး၏ **D-Day** ယရက်မှာ ၁၉၄၄ ခုနှစ် ဇွန်လ ၆ ရက်နေ့ဖြစ်၏။

ထိုထိုးစစ်ကြီး၌ အောက်ပါတပ်များပါဝင်ခဲ့၏။

* ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟောင်ဝါ၏ အမှတ် (၂) တပ်တော်စု၏အောက်တွင်

(က) ဗိုလ်ချုပ်ကြီးအိုမာဘရက်ဒ်လေ အုပ်ချုပ်သော အမှတ်(၁) အမေရိကန်တပ်တော်

(ခ) ဗိုလ်ချုပ်ကြီးဒန်ပစီအုပ်ချုပ်သော အမှတ်(၂)





ဗြိတိသျှနန်းရင်းဝန် ချာချီ နော်မန်ဒီသို့ ဆင်းလာစဉ်



ဗြိတိသျှဂျော့ဘုရင်နှင့်အမေရိကန်ဗိုလ်ချုပ်ကြီးများ



ဗြိတိသျှတပ်တော်

(ဂ) ရေတပ်တွင် တိုက်သင်္ဘောကြီး ၆ စီး၊ ကရူဇာစစ်သင်္ဘော ၂ စီး၊ ဖျက်သင်္ဘော ၁၁၉ စီး၊ ကမ်းတက်စစ်ရေယာဉ် ၄၂၆၆ စီး

(ဃ) လေတပ်တွင် အကြီးစားဗုံးကြဲလေယာဉ် ၃၅၀၀ စီး၊ အလတ်စားနှင့်အသေးစား လေယာဉ် ၂၃၁၀ စီး၊ တိုက်လေယာဉ်အစီး ၅၀၀၀၊ ပို့ဆောင်ရေးလေယာဉ် ၁၄၀၀ နှင့် စက်မဲ့လေယာဉ် ၃၃၀၉၀ တို့ ပါဝင်သည်။

ဤကမ်းတက်စစ်ဆင်ရေးကြီးတွင် မဟာမိတ်တို့သည် လူပေါင်း ၁၃၀,၀၀၀၊ ယာဉ်အမျိုးစုံ ၂၀,၀၀၀၊ ရေယာဉ်အမျိုးစုံ ၅၀၀၀ နှင့် လေယာဉ်အစင်းပေါင်း ၁၅,၀၀၀ ခန့်ကို အသုံးပြုခဲ့ကြ၏။ ဤတပ်တော်စုကြီးသည် ယရက်တွင် ပြင်သစ်ပြည် နော်မန်ဒီကမ်းခြေကို စတင်ကမ်းတက်ခြင်းဖြင့် စစ်ဆင်ရေးကို စတင်ခဲ့၏။ ကမ်းတက်တပ်များက ကမ်းတက်ရန်ကြိုးစားနေစဉ်မှာပင် အတွင်းပိုင်း၌ အမေရိကန်လေထီးတပ်များက လေထီးဖြင့် ဆင်းကာ ရန်သူ့နောက်ပိုင်းကို ဖြတ်တောက်တိုက်ခိုက်ခဲ့ကြ၏။

ထိုနော်မန်ဒီကမ်းတက်တိုက်ပွဲကြီးတွင် မိုလ်ချုပ်ကြီး ရွမ်းမဲလ်သည် ခံစစ် စစ်မျက်နှာအကန့်များအား တာဝန် ယူခဲ့ရသည့် တပ်မှူးကြီးဖြစ်ခဲ့၏။ ထိုတိုက်ပွဲကြီးမှာ ရွမ်းမဲလ် နောက်ဆုံးထမ်းဆောင်ခဲ့ရသည့် တိုက်ပွဲကြီးလည်း ဖြစ်၏။ မဟာမိတ်တို့ နော်မန်ဒီကမ်းတက်တိုက်ပွဲကြီး ဆင်နွှဲပြီး တိုက်ပွဲများအပြင်းအထန် ဖြစ်ပွားနေစဉ် ရွမ်းမဲလ်သည် မဟာမိတ်တို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာ ပြင်းထန်စွာရ၍ ဆေးရုံတက်ရောက် ကုသခဲ့ရ၏။

ထို့ကြောင့် တိုက်ပွဲကြီးပြီးအောင် ပါဝင်ခွင့် မရ တော့။ သို့ရာတွင် ရွမ်းမဲလ်အကြောင်း ရေးသားရာ၌ သူ နောက်ဆုံးပါဝင်ခဲ့သည့် နော်မန်ဒီကမ်းတက်တိုက်ပွဲကြီး အကြောင်းမပါပါက ပြည့်စုံမည်မဟုတ်သဖြင့် နောက်ဆုံး တိုက်ပွဲစဉ်အနေဖြင့် ဖော်ပြလိုက်ရပါသည်။

**ဂျာမန်ခေါင်းဆောင်ဟစ်တလာ၏ ကြိုတင်တွက်ဆမှု**

၁၉၄၂ ခုနှစ် နိုဝင်ဘာလထဲတွင် မဟာမိတ် တပ်များ ပြင်သစ်ပိုင် မြောက်အာဖရိကကို တက်ရောက် တိုက်ခိုက်ပြီးသည့်နောက် အာဖရိကမှနေပြီး ပြင်သစ်ပြည်





တောင်ပိုင်းကို ကမ်းတက်တိုက်ခိုက်မည်ဟု ဟစ်တလာက ယူဆသည်။ ထို့ကြောင့် မသိမ်းပိုက်ရသေးသော ပြင်သစ် နယ်ပယ်များကို ဆက်လက်သိမ်းပိုက်ရန် ဟစ်တလာက အမိန့်ပေးခဲ့သည်။

မဟာမိတ်များသည် မြေထဲပင်လယ်ကမ်းခြေကို တက်ရောက်တိုက်ခိုက်ချိန်၌ ပြင်သစ် ဗစ်ချီအစိုးရက မဟာမိတ်တပ်များကို ပြန်လည်တိုက်ခိုက်မည်မဟုတ်ဟု ဟစ်တလာက ယူဆခဲ့သည်။ ရန်းစတက်သည် မသိမ်း ပိုက်ရသေးသော ပြင်သစ်နယ်များအား ဆက်လက်သိမ်းပိုက် ခြင်းကို အနှောင့်အယှက်မရှိ လုပ်ဆောင်နိုင်ခဲ့သည်။

မေလအတွင်း ကျူးနစ်ကျဆုံးပြီးသောအချိန်တွင် မဟာမိတ်များ ပြင်သစ်တောင်ပိုင်းကို ဝင်ရောက်တိုက် ခိုက်နိုင်သည်ဟု ဟစ်တလာက စိုးရိမ်ခဲ့သည်။ ထို့ပြင် နော်ဝေး၊ ဟော်လန်၊ ဆောမ်၊ နော်မန်ဒီ၊ ဗြိတိန်နီ၊ ပေါ်တူဂီ၊ စပိန်၊ အက်ဒယားကမ်းခြေများသို့ ကမ်းတက် တိုက်ခိုက်မည်ကိုလည်း စိုးရိမ်သည်။

အထူးသဖြင့် ဟစ်တလာသည် နှစ်ဖက်ညှပ်ပူး ညှပ်ပိတ် ကမ်းတက်တိုက်ခိုက်ခြင်းအား အထူးစိုးရိမ်ခဲ့

သည်။ ပြင်သစ်တောင်ပိုင်းနှင့် ဘစ်စကေးပင်လယ်အော်မှ နှစ်ဖက်ညှပ်တိုက်ခိုက်လာမည်ကိုလည်း စိုးရိမ်ခဲ့သည်။ ထို့ပြင် ဘယ်လီယာရစ်ကျွန်းကို သိမ်းပိုက်၍ ဘာဆီလိုနာမှ ကမ်းတိုက်ခိုက်ကာ မြောက်ဘက်ပြင်သစ် ပြည်ထဲသို့ ထိုးဝင်ချီတက်ခြင်းကိုလည်း စိုးရိမ်ခဲ့သည်။

ဟစ်တလာကဲ့သို့ အစိုးရိမ်လွန်ခြင်းမရှိခဲ့သော်လည်း မဟာမိတ်တို့ တစ်နေရာရာမှ ကမ်းတက်တိုက်ခိုက်မှု ပြုလုပ်လာတော့မည်ဟု ဂျာမန်စစ်ဖက်ဆိုင်ရာ အရာရှိကြီးများကလည်း ယူဆခဲ့ကြသည်။

**ထိုစဉ်ကဂျာမန်တို့အခြေအနေ**

၁၉၄၃ ခုနှစ် တစ်နှစ်လုံးတွင် မဟာမိတ်များဘက်မှ ကမ်းတက်တိုက်ခိုက်လာတော့မည်ဆိုသော ကောလာဟလများ ပျံ့နှံ့နေခဲ့သည်။

၁၉၄၃ ခုနှစ် စက်တင်ဘာလတွင် မဟာမိတ်တို့သည် စနစ်တကျလှည့်စားရေး အစီအစဉ်တစ်ရပ်ကို လုပ်ဆောင်ခဲ့သည်။ အင်္ဂလန်တောင်ဘက်ကမ်းခြေသို့ တပ်ဖွဲ့ကြီးများ ပေးပို့ခဲ့ပြီး ကမ်းတက်တိုက်ခိုက်မှု ပြုလုပ်

မြရတနာစာပေ



တော့မည်ဟန် ယောင်ပြလုပ်ဆောင်ခဲ့ကြသည်။ မဟာမိတ်တို့ ယောင်ပြပြုလုပ်ခဲ့သည်မှာ ပေါ်လွင်ထင်ရှားလှသည့်အတွက် ဂျာမန်စစ်ဌာနချုပ်က စိုးရိမ်မှု လျော့ပါးခဲ့ရသည်။

မဟာမိတ်တို့အနေနှင့် တကယ်ကမ်းတက် တိုက်ခိုက်မှု မပြုနိုင်သေးသောကြောင့်သာ ယောင်ပြ ပြုလုပ်ခြင်းဖြစ်သည်ဟု ယူဆခဲ့သည်။

ပြင်သစ်ပြည်အတွင်း ဆောင်းတွင်းတစ်တွင်းလုံး ရန်သူတို့ ကမ်းတက် တိုက်ခိုက်ခြင်းပြုလာဦးမည် မဟုတ်သဖြင့် ဂျာမန်တပ်များအနေနှင့် အနားရမည်ဟု တွက်ချက်ခဲ့ကြပြီးဖြစ်သည်။

၁၉၄၃ ခုနှစ်အထိ ပြင်သစ်ပြည်တွင် ဂျာမန်တပ်မ (၅၀) မှ (၆၀) ခန့်အထိ ထားရှိခဲ့သည်။ ၎င်းတပ်များနှင့် ရုရှားစစ်မျက်နှာမှ ပြန်လည်ရောက်ရှိလာသော ထိခိုက်ဒဏ်ရာရပြီး ပြိုကွဲလာသည့် တပ်မများနှင့် လဲလှယ်ခဲ့ရသည်။ ထိုသို့လဲလှယ်ခြင်းကြောင့် ကမ်းခြေကာကွယ်ရေးကို များစွာထိခိုက်ခဲ့ရသည်။

ထို့ကြောင့် အမြဲတမ်းကမ်းခြေကာကွယ်ရေးတပ်မများကို ပြန်လည်ဖွဲ့စည်းခဲ့ရသည်။ ထိုသို့ဖွဲ့စည်းသော

မြရတနာစာပေ

အခါတွင် တာဝန်ယူရသော နယ်မြေကို လိုက်၍ထူးခြားသော အခြေအနေများအရ ဖွဲ့စည်းခဲ့ကြသည်။ ထိုသို့ ဖွဲ့စည်းခြင်း အားဖြင့် နယ်မြေအသီးသီးမှာရှိသော တပ်မများသည် ၎င်းတို့နယ်မြေအပေါ် ကျွမ်းကျင်ပြီး နယ်မြေ၏ ထူးခြား ချက်ကို သိလာသည်။

အနောက်ပိုင်းစစ်မျက်နှာတွင်ရှိသော လက်နက် ပစ္စည်းများကို စနစ်တကျခွဲဝေ၍ မြိုးခြံချွေတာသုံးစွဲလာ ခဲ့သည်။ သို့သော် မရှောင်သာသော ချွတ်ယွင်းချက်များ လည်း ရှိခဲ့သည်။

အရာရှိနှင့် အရာခံအကြပ်တပ်သားများသည် များသောအားဖြင့် အသက်ကြီးရင့်ကြပြီး ကိုင်တွယ်သုံးစွဲ ရသော လက်နက် ပစ္စည်းများသည် ရှေ့တန်းတပ်မများ ထက် ဝေပုံကျ အချိုးနည်းပါးခဲ့သည်။ ထို့ပြင် တိုက်ပွဲ တွင် ဖမ်းဆီးရမိထားသော ပြင်သစ်၊ ပိုလန်၊ ယူဂိုစလပ် လက်နက်များပါ ပါဝင်၍ ကျည်ဆန်များသည်လည်း အမျိုးမျိုးဖြစ်နေခဲ့သည်။





**အနောက်ဘက်စစ်မျက်နှာသို့ ရွှမ်းမဲလ်ရောက်ရှိလာခြင်း**

၁၉၄၃ ခုနှစ် နိုဝင်ဘာလတွင် အနောက်ဘက် စစ်မျက်နှာ ခံစစ်ကြောင်းကြီးကို ဟစ်တလာ၏ အထူး တာဝန်ပေးချက်အရ ရွှမ်းမဲလ် ရောက်ရှိလာတော့သည်။

အချိန်မှာ ၁၉၄၃ ခုနှစ်ကုန်ခါနီး ဖြစ်သည်။ အနောက်ဘက်စစ်မျက်နှာသို့ ရောက်မလာမီ စစ်သူကြီးရွှမ်း မဲလ်သည် ဒိန်းမတ်ကမ်းခြေ ခံစစ်အနေအထားများကို စစ်ဆေး ပြင်ဆင်ခဲ့ပြီးနောက် ခရစ္စမတ်မတိုင်မီလေးမှာပင် ပြင်သစ်နိုင်ငံသို့ ရောက်ရှိလာ၍ စစ်သူကြီး ရမ်းစတက် အား တာဝန်ပေးထားသော နယ်မြေအတွင်းသို့ ရောက်ရှိ လာခဲ့ခြင်း ဖြစ်သည်။

စစ်သူကြီးရမ်းစတက်နှင့် ဆက်ဆံရေးကိုလည်း အတိအကျပိုင်းခြားသတ်မှတ်ပေးခြင်း မရှိဘဲ စစ်သူကြီး ရွှမ်းမဲလ်သည် ဟစ်တလာ၏အထူးညွှန်ကြားချက်များအရ တာဝန်ထမ်းဆောင်ခဲ့ရခြင်း ဖြစ်သည်။ ထို့ကြောင့် သူတို့ နှစ်ဦးကြား ပြဿနာများ ပေါ်ပေါက်ခဲ့၏။ အထူးသဖြင့် တစ်ဦးနှင့်တစ်ဦး သဘောထားအယူအဆချင်း မတူညီ သောကြောင့် ဤကဲ့သို့ ပြဿနာများ ပေါ်ပေါက်ခဲ့ရခြင်း

ဖြစ်သည်။

စစ်သူကြီးရွှမ်းမဲလ်ရောက်ရှိလာ၍ မကြာသော အချိန်တွင် လက်အောက်ခံတပ်များသည် စစ်သူကြီး ရမ်းစတက်နှင့် စစ်သူကြီးရွှမ်းမဲလ်တို့နှစ်ဦးအနက် မည်သူ၏အမိန့်ကို နာခံရမည်မသိ ဖြစ်ခဲ့သည်။

စစ်သူကြီးရွှမ်းမဲလ်သည် ကမ်းခြေကာကွယ်ရေးနှင့် ပတ်သက်သော သူ၏အယူအဆများကို ချက်ချင်းလက်တွေ့အကောင်အထည်ဖော်ချင်ခဲ့သည်။

ထိုပြဿနာကို ဖြေရှင်းရန် စစ်သူကြီးရန်းစတက်မှ အကြံတစ်ခုပြုခဲ့သည်။ ထိုအကြံဉာဏ်အရ ကမ်းခြေ၏ အရေးကြီးဆုံးနယ်မြေဖြစ်သော ဒတ်ချ်၊ ဂျာမန်နယ်ခြားမှ လွိုင်ယာအထိ နယ်မြေအား စစ်သူကြီး ရွှမ်းမဲလ်က အုပ်ချုပ်ရန်နှင့် တောင်ပိုင်းနယ်မြေဖြစ်သော လွိုင်ယာမှ အယ်(လ်)(စ်) တောင်တန်းအထိ ဗိုလ်ချုပ်ကြီး ဘလက်စကိုဝစ်က အုပ်ချုပ်ရန်ဖြစ်ပြီး ၎င်းတို့နှစ်ဦးစလုံး၏အထက်တွင် စစ်သူကြီးရမ်းစတက်က စစ်သေနာပတိအနေဖြင့် ကွပ်ကဲရန်ဖြစ်သည်။

စစ်သူကြီးရွှမ်းမဲလ်အုပ်ချုပ်သော တပ်တော်စု (ဘီ)






နော်မန်ဒီကမ်းခြေပြမြေပုံ




အနောက်ဥရောပနှင့် နော်မန်ဒီဒေသပြမြေပုံ

၏ လက်အောက်တွင် ဟော်လန်တွင်ရှိသော တပ်များ၊ ဟော်လန်နှင့် စိန်းမြစ်ကြားတွင်ရှိသော အမှတ် (၁၅) တပ်တော်၊ စိန်းနှင့်လွိုင်ယာမြစ်ကြားတွင်ရှိသော အမှတ် (၇) တပ်တော်တို့ ပါဝင်သည်။

ဘလပ်စကိုဝစ် အုပ်ချုပ်သော တပ်တော်စု (ဂျီ) တွင် ဘစ်စကေးပင်လယ်ကွေ့နှင့် ပရဲနီးတောင်တန်းအား ကာကွယ်နေသော အမှတ် (၁) တပ်တော်၊ မြေထဲပင်လယ် ကမ်းခြေအား ကာကွယ်နေသော အမှတ် (၁၉) တပ်တော်တို့ ပါဝင်သည်။

စစ်သူကြီးရှမ်းမဲလ်၏ စစ်ဦးစီးအရာရှိများကမူ ယင်းအကြံဉာဏ်မှာ စစ်သူကြီးရမ်းစတက်၏ ကိုယ်ပိုင်မဟုတ်ဘဲ စစ်သူကြီးရှမ်းမဲလ်က စတင်ပေးခဲ့သည့် အကြံဉာဏ်ဟု ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ စစ်သူကြီးရှမ်းမဲလ် ရောက်ရှိလာပြီး တစ်လခန့်အကြာတွင် ယင်းအကြံဉာဏ်အတိုင်း လုပ်ဆောင်ရန် အထက်စစ်ဌာနချုပ်က အမိန့်ပေးခဲ့လေသည်။ အခြေအနေအနည်းငယ် တိုးတက်ကောင်းမွန်လာခဲ့သော်လည်း စစ်သူကြီးရမ်းစတက်နှင့် စစ်သူကြီး

ရွှမ်းမဲလ်တို့အကြား သဘောထားကွဲလွဲမှုသည် ဖြေရှင်းနိုင်သည့် ပြဿနာမျိုးမဟုတ်ခဲ့ချေ။

စစ်သူကြီးရမ်းစတက်သည် ရွှမ်းမဲလ်အား ကွပ်ကဲမှု ပေးပြီး တာဝန်ယူ လုပ်ဆောင်ရန် ခွင့်ပေးထားသည့် ကိစ္စမျိုးတွင် ဝင်မစွက်မိစေရန် အထူးပင်ရှောင်ကြဉ်ခဲ့သည်။ ထို့ကြောင့် မိမိနှင့် အခြေခံသဘောထားခြင်း ကွဲလွဲသည့် ကိစ္စရပ်များတွင်ပင်လျှင် စစ်သူကြီးရွှမ်းမဲလ် လုပ်ဆောင်သည်ကို ပယ်ဖျက်ခြင်း မပြုခဲ့ပေ။ စစ်သူကြီး ရွှမ်းမဲလ်၏ သဘောဆန္ဒအတိုင်းသာ လုပ်ဆောင်ရန် ရမ်းစတက်က ခွင့်ပြုခဲ့လေသည်။

**ကမ်းတက်တိုက်ခိုက်မည့်နေရာကိုမှန်းဆခြင်း**

၁၉၄၄ ခုနှစ်ရောက်ခါနီးလာသောအခါ မကြာမီ အဓိကကမ်းတက်တိုက်မှုတစ်ရပ်ကို မဟာမိတ်တို့ဘက်မှ ဆင်နွှဲလာတော့မည်ဆိုသည်ကို ဂျာမန်တို့ ထင်ရှားစွာ သိလာကြသည်။

အင်္ဂလန်ကျွန်းပေါ်သို့ အမေရိကန်တပ်များ အကြီးအကျယ်ပို့ခဲ့ခြင်းကြောင့် ယင်းကဲ့သို့သေချာစွာ သိရှိခဲ့ရခြင်း





ဖြစ်လေသည်။ သို့သော် ပြင်သစ်ကမ်းခြေ၏ မည်သည့်နေရာ၌ ကမ်းတက်တိုက်ခိုက်မှု ပြုလုပ်မည်ကိုမူ သိရှိရန်ခက်ခဲလှပေသည်။

ဂျာမန်ရေတပ်ဦးစီးအဖွဲ့က မဟာမိတ်များသည် ဆိပ်ကမ်းမြို့ကြီးကြီးနေရာတစ်ခုခုအနီးမှ ကမ်းတက်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သူတို့မျှော်လင့်သောနေရာမှာ လီဟာဗေးဖြစ်သည်။ ၎င်းမြို့သည် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့်အပြင် ဂျာမန်ရေငုပ်သင်္ဘော အငယ်စားများ စခန်းချရာနေရာလည်း ဖြစ်သည်။

တိုပင်ဆောမ်ပင်လယ်ဝတစ်ဖက်တစ်ချက်မှနေ၍ ကမ်းတက်တိုက်ခိုက်မှုပြုမည်ဟု ဂျာမန်များက မျှော်လင့်ထားကြသည်။ ပထမကမ်းတက်ခြင်းကို အနောက်ပိုင်း ထရီပိုလီနှင့်လီဟာဗေးကြားတွင် ပြုလုပ်ပြီး ဆောမ်နှင့်ကာလိုင်းအကြားတွင် ဆက်လက်ပြီး ကမ်းတက်တိုက်လာမည်ဟု ဂျာမန်တို့ မျှော်မှန်းခဲ့ကြသည်။

ဂျာမန်ခံစစ်အနေအထားများ၏ အင်အားကို မဟာမိတ်များက အလွန်ပို၍ တွက်ချက်ခဲ့ကြသည်။ ဂျာမန်ခံစစ်ကို အတ္တလန္တိတ်တံတိုင်းကြီးဟု ကျော်ကြားစွာ သိ

ထားခဲ့ခြင်းသည် အမှန်တကယ် မဟုတ်ခဲ့ပေ။ ခံစစ်တစ်ခုလုံးမှာ တံတိုင်းသဖွယ် ခိုင်ခံ့လုံခြုံခြင်း လုံးဝမရှိ။ ဂျာမန်ဝါဒဖြန့်သမားများက ဂျာမန်လူထုနှင့် မဟာမိတ်များကို လှည့်စားရန် စိတ်ဓာတ်စစ်ဆင်ခဲ့ခြင်းသာဖြစ်သည်။

မဟာမိတ်များ နော်မန်ဒီတွင် ကမ်းတက်တိုက်ခိုက်မည်ဟု မျှော်မှန်းခဲ့သူမှာ ဟစ်တလာပင် ဖြစ်သည်။ ယင်းနှင့် ပတ်သက်၍ မတ်လကုန်တွင် ထုတ်ပြန်သော ညွှန်ကြားချက်များ၌ နော်မန်ဒီကမ်းခြေတွင် ရန်သူတို့ ကမ်းတက်တိုက်ခိုက်လိမ့်မည်ဟု ဟစ်တလာက ကြိုတင်မျှော်မှန်းထားကြောင်း ပါဝင်ခဲ့သည်။

ထို့နောက်တွင် ၎င်းကိစ္စကို သတိပေးချက်များ ထပ်ခါတလဲလဲရောက်ရှိလာခဲ့သည်။ ထို့ကြောင့် ဂျာမန်တို့သည် အမှတ် (၉၁) လေကြောင်းသို့တပ်မအား တင့်ကားတပ်ဖွဲ့တချို့နှင့် အရန်အဖြစ် ရှားဘိုးကျွန်းဆွယ်ကရင်တန် အနီးတွင် ပို့ထားခဲ့သည်။

စစ်သူကြီးရွှမ်းမဲလ်ကလည်း ခေါင်းဆောင်ကြီး ဟစ်တလာကဲ့သို့ပင် ကမ်းတက်တိုက်ခိုက်ခြင်းကို နော်မန်ဒီကမ်းခြေတွင် ပြုလုပ်မည်ဟု မျှော်မှန်းခဲ့သည်။





ယင်းနေရာတွင် စစ်သူကြီးရမ်းစတက်နှင့် သဘောထားကွဲလွဲလေသည်။ စစ်သူကြီး ရမ်းစတက်က နော်မန်ဒီကမ်းခြေတွင် ကမ်းတက်တိုက်ခိုက်ခြင်း မပြုနိုင်ဟု ယူဆသည်။ ရမ်းစတက်ကဲ့သို့ပင် ဂျာမန်ဗိုလ်ချုပ်ကြီးအားလုံးလိုလိုပင် ယူဆကြလေသည်။

စစ်သူကြီးရွှမ်းမဲလ်သည်လည်း မဟာမိတ်တို့ နော်မန်ဒီတွင် ကမ်းတပ်မည်ဟု ၁၉၄၄ ခုနှစ် နွေဦးတွင် ယူဆလာခြင်းဖြစ်သည်။ စစ်သူကြီး ရွှမ်းမဲလ်က ဤကဲ့သို့ ယူဆခြင်းမှာ သူ၏ကိုယ်ပိုင်အဆုံးအဖြတ်ပင် ဖြစ်သလော၊ ဟစ်တလာ၏ ထပ်တလဲလဲ သတိပေးခဲ့ခြင်းကြောင့်လောဆိုသည်ကိုမူ ရမ်းစတက်နှင့် ဘလူမင်းထရစ်တို့က မသိခဲ့ပေ။

စစ်သူကြီးရွှမ်းမဲလ်မှအပ ဂျာမန်စစ်ဌာနချုပ်တစ်ခုလုံးရှိ အရာရှိကြီးများအနေနှင့် ကမ်းတက်တိုက်ခိုက်ခြင်းသည် နော်မန်ဒီတွင်မဖြစ်နိုင်။ နော်မန်ဒီထက် ရေလက်ကြား ပိုမိုကျဉ်းမြောင်းပြီး မဟာမိတ်တို့ လေကြောင်းအကူအညီပေးရန် ပိုမိုလွယ်ကူသည့်နေရာ၌ ဖြစ်ဖို့လမ်းများသည်ဟု တွက်ချက်ခဲ့ကြသည်။

၁၉၄၄ ခုနှစ် ဇွန်လထဲတွင် အနောက်ဘက် စစ်မျက်နှာ၌ ဂျာမန်တပ်မ ၅၉ ခုရှိခဲ့၍ ယင်းအနက် ၈ ခုမှာ ဟော်လန်နှင့် ဘယ်လ်ဂျီယမ်နိုင်ငံတို့တွင် ရှိခဲ့လေသည်။ တစ်ဝက်ကျော်ကျော်မှာ ကမ်းခြေစောင့်တပ်များနှင့် လေ့ကျင့်ရေး တပ်မများဖြစ်ကြ၏။ စစ်မြေပြင်ရှိ တပ်မ ၂၇ ခုအနက် ၁၀ ခုသာလျှင် ယန္တရားတပ်မဖြစ်ပြီး ယင်းအနက်သုံးခုသည် တောင်ပိုင်းတွင်ရှိ၍ တစ်ခုသည် အင်တဝပ်အနီးတွင် ရှိသည်။

စိန်းမြစ်အနောက်ဘက် မိုင် ၂၀၀ ခန့်ရှိသည့် နော်မန်ဒီကမ်းခြေတွင်မူ တပ်မ ၆ ခုရှိခဲ့၍ ယင်းအနက် ၄ ခုမှာ ကမ်းခြေစောင့်တပ်များဖြစ်လေသည်။ ၃ ခုသည် ရှားဘိုးကျွန်းဆွယ်တွင်ရှိပြီး တပ်မ ၂ ခုက ရှားဘိုးကျွန်းနှင့်ကိန်းကြားတွင် နေရာယူရ၍ နောက်တပ်မတစ်ခုသည် အုန်းမ်းနှင့်စိန်းမြစ်ကြားတွင် တည်ရှိလေသည်။

ရှားဘိုးကျွန်းဆွယ်၏ အနောက်ပိုင်းတွင် ရန်သူတို့ ကမ်းတက်တိုက်ခိုက်နိုင်မည် မဟုတ်ဟုယူဆသည့်အတွက် ၎င်းနေရာ၌ တပ်အနည်းအကျဉ်းသာချထားခဲ့သည်။ ၎င်းနေရာတွင် လက်နက်အနည်းငယ် တပ်ဆင်ပေးထားသည့်





ရုရှားစစ်သုံ့ပန်းများကိုပင် ချထားခဲ့လေသည်။

ရှေ့ပိုင်းနေရာတွင် တန်ပြန်တိုက်ခိုက်ရေးအတွက် ယန္တရားတပ်မတစ်ခု ရှိခဲ့လေသည်။ ယင်းမှာ အမှတ် (၂၁) ပန်ဇာတပ်မ ဖြစ်သည်။

အမှတ်(၂၁)ပန်ဇာတပ်မကို စစ်သူကြီးရမ်းစတက်က ရှားဘိုးကျွန်းဆွယ်နေရာနောက် စိန်လိုး၏တောင်ဘက်မှာထားလိုခဲ့ပြီး ရွှမ်းမဲလ်က ကမ်းခြေအနီး ကိန်းနှင့် မဝေးသောနေရာတွင် ထားလိုခဲ့သည်။ ၎င်းနေရာသည် ကမ်းခြေနှင့် အလွန်နီးသည့်အတွက် စစ်မျက်နှာတစ်ခုလုံး၏ အရန်အဖြစ် အသုံးမပြုနိုင်သော နေရာဖြစ်သည်။

သို့သော်လည်း ကိန်းတွင် အမှတ်(၂၁)ပန်ဇာတပ်မ ရှိခြင်းသည် အလွန်အရေးပါခဲ့ပေသည်။ အမှတ်(၂၁) ပန်ဇာ တပ်မသာမရှိခဲ့လျှင် ဗြိတိသျှတပ်များသည် ကမ်းတက် တိုက်ခိုက်ပြီး ပထမနေ့တွင်ပင် ကိန်းကိုသိမ်းပိုက် နိုင်ကြမည် ဖြစ်၏။

စစ်သူကြီး ရွှမ်းမဲလ်အနေနှင့် ဗီယာမြစ်ဝအနီးတွင် နောက်ထပ်ယန္တရား တပ်မတစ်ခုထားပေးရန် တောင်းဆိုခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့ရ၏။

စစ်သူကြီးရွမ်းမဲလ် ကြိုတင်တွက်ဆခဲ့သည့်အတိုင်း ယင်းနေရာတွင် အမေရိကန်တို့ ကမ်းတက်တိုက်ခိုက်ခဲ့ကြသည်။ သို့သော် ရွမ်းမဲလ်၏တောင်းဆိုမှု မပြည့်ဝခဲ့သည့်အတွက် အမေရိကန်တို့အတွက် လွန်စွာလွယ်ကူသွားခဲ့သည်။

ကမ်းတက်တိုက်ခိုက်မှုကို ပြန်လည်ရင်ဆိုင်ရန် ပြုလုပ်ခဲ့သည့် ဂျာမန်စစ်ရေး စီမံချက်များအတွက် သေရေးရှင်ရေးတမျှ အကျိုးသက်ရောက်မှုရှိစေခဲ့သည့် ငြင်းခုန်မှုကြီး တစ်ခုလည်း ရှိခဲ့သည်။

အဓိကအနေနှင့် ဂျာမန်စစ်ခေါင်းဆောင်များအကြား သဘောထားကွဲလွဲခဲ့ကြခြင်း ဖြစ်သည်။ တပ်များအလွန်နည်းပြီး ကာကွယ်ရမည့်ကမ်းခြေမှာ ရှည်လျားလှသောကြောင့် မဟာမိတ်များ ကမ်းတက်မှုကို တားဆီးနိုင်ဖွယ်မရှိဟု စစ်သူကြီးရမ်းစတက်က ယူဆခဲ့သည်။ ထို့ကြောင့် မဟာမိတ်တပ်များ ကမ်းသို့တက်ရောက်စေပြီးမှ အင်အားကြီးမားသော တန်ပြန်ထိုးစစ်နှင့် ချေမှုန်းပစ်ရန် ရမ်းစတက်ကလိုလားသည်။

စစ်သူကြီး ရွမ်းမဲလ်ကမူ တစ်ခုတည်းသော

မြရတနာစာပေ



နော်မန်ဒီရောက် ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်



နော်မန်ဒီခံစစ်ကို စစ်ဆေးနေသည့် စစ်သူကြီးရွမ်းမဲလ်





မျှော်မှန်းချက်မှာ ကမ်းတက်တိုက်ခိုက်သူများ ကုန်းပေါ်သို့ မရောက်မီ ကမ်းခြေတွင် တိုက်ခိုက်ချေမှုန်းရမည်ဟု ယူဆခဲ့လေသည်။

ရန်သူများ ကမ်းတက်တိုက်ခိုက်လာသည့် ပထမ ၂၄ နာရီအတောတွင်း တိုက်ပွဲ၏အရှုံးအနိုင်ကို အဆုံးဖြတ်ပေးလိမ့်မည်ဟု စစ်သူကြီး ရွှမ်းမဲလ်ကသူ၏ ဦးစီးအဖွဲ့အား မကြာခဏပြောကြားခဲ့လေသည်။

အာဖရိကတွင် တင့်ကားများသည် နောက်ပိုင်းသို့ ရောက်နေသောအခါတွင် သေရေးရှင်ရေးဆုံးဖြတ်မည့် အချိန်ရောက်လာပါက တန်ပြန်ထိုးစစ်ဆင်နွှဲလျှင် ၎င်း တင့်ကားများအား အသုံးမပြုနိုင်ခြင်းကို စစ်သူကြီးရွှမ်းမဲလ် က သိရှိခဲ့သည်။

အနောက်ဘက်စစ်မျက်နှာတွင်လည်း စစ်သူကြီး ရမ်းစတက် လိုလားသလို ပန်ဇာတပ်များကို နောက်ပိုင်း ကျသောနေရာတွင်ထားခဲ့ပါက မဟာမိတ်လေတပ်၏ နှောင့်ယှက်မှုများကြောင့် ရှေ့ပိုင်းသို့ယူဆောင်ရန် ခက်ခဲမည်ဟု စစ်သူကြီးရွှမ်းမဲလ်က ကြိုတင်တွေးဆခဲ့မိသည်။

စစ်သူကြီးရွှမ်းမဲလ်သည် အာဖရိကစစ်မျက်နှာ၌

မြရတနာစာပေ

လေတပ်ကြောင့် မလှုပ်နိုင်မရှားနိုင် ရက်ပေါင်းများစွာ ခံခဲ့ရသည်ကို မှတ်မိနေသေးသည်။ ထိုစဉ်ကရင်ဆိုင်ခဲ့ရသော မဟာမိတ်လေတပ်မှာ ယခုဂျာမန်တပ်များ ရင်ဆိုင်ရမည့်လေတပ်လောက် အင်အားကြီးမားခဲ့သည် မဟုတ်ပေ။ ထို့ကြောင့် ယခုကြုံရမည့်အခြေအနေက ပိုမိုဆိုးရွားနိုင်ကြောင်း စစ်သူကြီးရွှမ်းမဲလ် ကောင်းစွာနားလည်ထားသည်။

အာဖရိကစစ်ပွဲ အတွေ့အကြုံများက စစ်သူကြီးရွှမ်းမဲလ်၏ စဉ်းစားမှုကို လွှမ်းမိုးမှုရှိခဲ့သည်။

သို့သော် စစ်သူကြီးရမ်းစတက်ကရော စစ်သူကြီးရွှမ်းမဲလ်ပါ သူတို့စီမံချက်အတိုင်း တိုက်ခိုက်ကြရသည်မဟုတ်ချေ။ မိမိတို့အကောင်းဆုံးဟု ထင်သည့်နည်းကို လုပ်ဆောင်နိုင်ခွင့်မရှိခဲ့ကြချေ။

စစ်သူကြီးရမ်းစတက်က မဟာမိတ်များ ကမ်းတက်တိုက်ခိုက်ခြင်းမပြုလုပ်မီ ပြင်သစ်ပြည်တောင်ပိုင်း တစ်ခုလုံးမှ ဂျာမန်တို့တပ်များကို လွိုင်ယာမြစ်အထိ ဆုတ်ခွာပေးလိုခဲ့သည်။ ထို့နောက် ၎င်းတပ်များအား စစ်ကစားနိုင်သော တပ်များအဖြစ် ဖွဲ့စည်းပြီး မဟာမိတ်တပ်များကို

မြရတနာစာပေ



ပြန်လည်တိုက်ခိုက်ရန်စိတ်ကူးခဲ့သည်။ ဤကဲ့သို့လုပ်နိုင်ပါက လှုပ်ရှားတိုက်ပွဲဝင်နိုင်ရန် ခြေလျင်တပ်မ ၁၀ ခုမှ ၁၂ ခုအထိ၊ ယန္တရားတပ်မ ၃ခု မှ ၄ခု ရလာနိုင်သည်။ ထိုနည်းသည် အရန်တပ်စနစ်တကျ ဖွဲ့စည်းနိုင်ရန် တစ်ခုတည်းသောနည်းဖြစ်သည်။ သို့သော် ထိုအကြံဉာဏ်ကို ဟစ်တလာက လက်မခံခဲ့ပါ။

စစ်သူကြီးရွှမ်းမဲလ်သည်လည်း မိမိအကြံအစည်အတိုင်း မတိုက်ခိုက်နိုင်အောင် ကျဉ်းကျဉ်းကျပ်ကျပ် ချုပ်ချယ်ခြင်းခံခဲ့ရလေသည်။ ယင်းမှာ စစ်သူကြီးရမ်းစတက်ကြောင့်မဟုတ်ဘဲ အရန်တပ်များမရှိခဲ့ခြင်းကြောင့်သာ ဖြစ်လေသည်။

**ရွှမ်းမဲလ်၏ခံစစ်ပြင်ဆင်မှု**

မိမိကြိုက်နှစ်သက်သလို တပ်များကိုနေရာချထားရန် ရွှမ်းမဲလ်ကို စစ်သူကြီးရမ်းစတက်က ခွင့်ပေးခဲ့သည်။

ရမ်းစတက်က တပ်မများကို ကမ်းခြေနှင့်နီးနီး သွားထားခြင်းကို မနှစ်သက်ခဲ့ပါ။ သို့သော် စစ်မြေပြင်ရှိ တပ်မှူးတစ်ယောက်ကို အသေးစိတ် ဝင်ရောက်စွက်ဖက်ခြင်းသည်

မြရတနာစာပေ

မမှန်ကန်ဟု သူ ယူဆခဲ့သည်။ ထို့ကြောင့် ရွှမ်းမဲလ်ကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးခဲ့ခြင်းဖြစ်သည်။

လွှိုင်ယာမှ ရှီ(လ်)စစ်မျက်နှာတစ်ခုလုံးအတွက် စစ်သူကြီးရွှမ်းမဲလ်တွင် ယန္တရားတပ်မ ၃ ခုသာ ရှိခဲ့သည်။ အရှေ့ပိုင်းစစ်မျက်နှာအတွက် တစ်ခု၊ အလယ်အတွက် တစ်ခုနှင့် အနောက်ပိုင်းစစ်မျက်နှာအတွက် တစ်ခုတို့ ဖြစ်လေသည်။ ယင်းတပ်မများရှိ တင့်ကားအရေအတွက်မှာ ဗြိတိသျှ(သို့မဟုတ်) အမေရိကန်ယန္တရားတပ်မတွင် ပါရှိသော တင့်ကားအရေအတွက်နှင့် မနှိုင်းယှဉ်နိုင်ခဲ့ချေ။

အလွန်အင်အားကြီးသည့် ကမ်းတက်တိုက်ခိုက်မှုကို ပြန်လည်တိုက်ခိုက်ရန် စစ်သူကြီးရွှမ်းမဲလ်တွင် မဖြစ်စလောက်တပ်များသာရှိခဲ့သည်။

ကမ်းခြေခံစစ် အနေအထားများကို စောစောပိုင်းက လျစ်လျူရှုထားခဲ့မှုကြောင့် ခုခံရန်အခွင့်အလမ်းများ ပိုမိုနည်းပါးခဲ့ရလေသည်။

စစ်သူကြီးရွှမ်းမဲလ်သည် ၁၉၄၄ ခုနှစ် နွေဦးမှ စတင်၍ ကမ်းခြေခံစစ်အနေအထားများကို မရပ်မနား ပြုလုပ်ခဲ့ရသည်။ ရေအောက်အတားအဆီးများ၊ ဗုံးခံ





ဘန်ကာများ၊ မိုင်းကွင်းများကို မဟာမိတ်တို့ ကမ်းတက်မည် ဟုယူဆသော နော်မန်ဒီကမ်းခြေတွင် အပူတပြင်း ပြုလုပ်ခဲ့သည်။

စစ်သူကြီးရွှမ်းမဲလ် အနောက်ဘက်စစ်မျက်နှာသို့ ရောက်မလာမီ ၃ နှစ်အတွင်း ပြင်သစ်မြောက်ဘက်ကမ်းခြေ တစ်လျှောက်လုံး၌ မိုင်း ၂သန်းခန့်သာ ခင်းထားနိုင်ခဲ့သည်။ ယ–ရက်မတိုင်မီလအနည်းငယ်တွင်မူ ယခင်ကထက် ၃ ဆမျှ တိုး၍မိုင်းများချထားနိုင်ခဲ့၏။

စစ်သူကြီးရွှမ်းမဲလ် ရည်မှန်းထားခဲ့သည်ကား မိုင်းပေါင်းသန်း ၅၀ ကျော်ခင်းထားနိုင်ရန် ဖြစ်သည်။ မဟာမိတ်များအတွက် အလွန်ပင်ကံကောင်းသည်ဟု ဆိုရမည်။ အချိန်က တိုတောင်းလှပြီး ရရှိအချိန်အတွင်း စစ်သူကြီးရွှမ်းမဲလ်အနေနှင့်လုပ်ဆောင်ရန်များပြားလှချေသည်။

ခံစစ်အနေထားများ တိုးတက်ပြုလုပ်ရာတွင် ရင်ဆိုင်ရသော အဓိကအခက်ခဲသည် အလုပ်သမားနှင့် ပစ္စည်း ပစ္စယအလုံအလောက်မရှိခြင်းဖြစ်သည်။ ယခင်က ပြင်သစ်ပြည်မှရရှိနိုင်သော တော့(တ်)အလုပ်သမားတပ်ဖွဲ့ဝင်အများစုအား လေကြောင်းဒဏ်ကြောင့် အပျက်စီးများကို

ပြုပြင်ရန် ဂျာမနီသို့ပို့ပေးခဲ့ရသည်။ တစ်ချိန်တည်းတွင် ကမ်းခြေကာကွယ်ရေးတပ်မများကို နေရာအကျယ်ကြီးမှာ ဖြန့်ထားခဲ့ရခြင်းကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံ တပ်မ တစ်ခုကို မိုင် ၄၀ ကျော်တပ်ဖြန့်ထားခဲ့ရလေသည်။

ရင်ဆိုင်နေရသည့်အကန့်သတ်များကြောင့် စစ်သူကြီးရွှမ်းမဲလ်အနေနှင့် ကမ်းခြေခံစစ်ကို ကောင်းစွာ မပြင်ဆင်နိုင်ခဲ့ချေ။ ထို့ပြင်မဟာမိတ်လေတပ်၏ နှောင့်ယှက်မှုကြောင့် ကမ်းခြေခံစစ်အနေအထား ပြင်ဆင်ရန် ပစ္စည်းထုတ်မှု၊ သယ်ယူပို့ဆောင်မှုတို့သည်လည်း အလွန်ခက်ခဲ့သည်။

ရမ်းစတက်သည် လှုပ်ရှားထိုးစစ်ဆင်ရာတွင် ပါရှုမြောက်ကျွမ်းကျင်ခဲ့သူတစ်ဦးဖြစ်သည်။ မလှုပ်မရှား ခံစစ်အနေထားများကို အယုံအကြည်မရှိသောကြောင့် ယင်းတို့တည်ဆောက်ရေးပြုပြင်ရေးတို့ကို အနည်းငယ်မျှသာဂရုပြုခဲ့ခြင်းဖြစ်နိုင်သည်။ ရမ်းစတက်နှင့် ရွှမ်းမဲလ်ကြားသဘောထားကွဲလွဲရသည့်အပြင် အရန်တပ်သုံးစွဲမှုကိုဟစ်တလာက တင်းတင်းကြပ်ကြပ် ချုပ်ကိုင်ထားသဖြင့်မဟာမိတ်ကမ်းတက်တိုက်ခိုက်မှုကို တုံ့ပြန်ရန် နည်းလမ်း





များ ဘေးကျပ်နံကျပ်အခြေအနေများ ဖြစ်ခဲ့ရသည်။

မဟာမိတ်များ အငိုက်ရအောင်လုပ်ဆောင်ခဲ့သည့် အချက်အားလုံးထက် အထက်ပါအချက်များက မဟာမိတ်တပ်များ၏ နော်မန်ဒီကမ်းတက် ထိုးစစ်အောင်မြင်ရေးကို အကူအညီပေးခဲ့သည်။

**မဟာမိတ်တို့အငိုက်ရရှိခြင်း**

တကယ်ဆိုလျှင် မဟာမိတ်တို့ဘက်မှ အလစ်အငိုက်ရရှိစရာအကြောင်းမရှိ၊ ကမ်းတက်တိုက်ခိုက်ခြင်းပြုတော့မည်ဆိုသည်ကို ဂျာမန်တို့ ကြိုတင်သိရှိနိုင်ရန် အချက်များစွာရှိခဲ့သည်။ ပြင်သစ်ပြည်အတွင်းပိုင်းတွင် မငြိမ်မသက်မှုများ ပိုဖြစ်လာခဲ့ပြီး ဂျာမန်တို့အား အန္တရယ်ပေးနိုင်လောက်အောင်ဖြစ်ခဲ့သည်။ မြေအောက် တော်လှန်ရေးသမားများက ချုံခိုတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်အတွက် ထိခိုက်ပျက်စီးမှုများရှိခဲ့သည်။

စစ်မြေပြင်ကိုပို့ပေးသည့်ရိက္ခာနှင့် စစ်ကူသယ်ဆောင်သော မီးရထားများသည် မကြာခဏတိုက်ခိုက်ခြင်းခံခဲ့ရသည်။ ထို့ပြင် ပြင်သစ်ပြည်နှင့် ဂျာမနီအနောက်ပိုင်း

ရှိ မီးရထားလမ်းများအား မဟာမိတ်လေတပ်က ကြိုတင်စီမံ၍ စနစ်တကျဖျက်ဆီးခဲ့သည်။ အထူးသဖြင့်ဆောမ်မြစ်၊ စိန်းမြစ်နှင့်လွိုင်ယာမြစ်များကို ဖြတ်ကူးသော တံတားများကို ဖျက်ဆီးပစ်ခဲ့သည်။

ကမ်းတက်တိုက်ခိုက်မှု မည်သည့်နေရာတွင် လုပ်မည်ဆိုသည်ကို အတိအကျမသိရသော်လည်း မတ်လအတွင်းတစ်ရက်ရက်တွင် ဖြစ်လိမ့်မည်ဟု ဂျာမန်တို့က ကြိုတင်တွက်ဆထားပြီးဖြစ်သည်။

မဟာမိတ်တို့ အမှန်တကယ်အဆိုက်ရသောအချိန်သည် ကမ်းတက်မှု ပြုလုပ်သောအချိန်ပင်ဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ဂျာမန်ရေတပ်ဦးစီးအဖွဲ့က မဟာမိတ်များသည် ဒီရေတက်ချိန်တွင် ကမ်းတက်မည်ဟု ယူဆခဲ့ကြသည်။ မဟာမိတ်တို့သည် ကမ်းတက်ရာတွင် ရေကျချိန်ကို ရွေးချယ်ခဲ့သည့်အတွက် ဂျာမန်တို့၏တွက်ကိန်း လွဲမှားသွားခဲ့သလို အရှေ့ပိုင်းတပ်များသည် ကျောက်ဆောင်များကို အကာအကွယ်ကောင်းစွာရပြီး တိုက်ခိုက်နိုင်ခဲ့သည်။

၁၉၄၄ ခုနှစ် ဇွန်လ ရက်နေ့တွင် မဟာမိတ် တို့

မြရတနာစာပေ



နော်မန်ဒီတွင် ကမ်းတက်ခဲ့ကြ၏။

ကမ်းတက်တပ်ဖွဲ့ဝင်များ၏ အင်အားသည် ဂျာမန်တို့အတွက် အဆိုက်မိစေခဲ့သည်ဟု မပြောနိုင်ပါ။ စင်စစ်ဂျာမန်တို့က ယခုထက် ကြီးကျယ်များပြားသော မဟာမိတ်တပ်များကို အသုံးပြုမည်ဟု မျှော်မှန်းထားခဲ့သည်။

ထိုစဉ်က အနောက်ဘက်စစ်မျက်နှာရှိ ဂျာမန်စစ်ဌာနချုပ်သည် ပါရီအနောက်ဘက် စိန်ဂျာမိန်းတွင်ရှိသည်။

စစ်သူကြီးရွှမ်းမဲလ်၏ ဌာနချုပ်မှာ ပါရီနှင့် ရောင်ဝင်အကြား လာရိုရှေးဂူရွန်တွင် ရှိခဲ့သည်။ သို့သော် အယ်လ်အာလာမိန်းမှာကဲ့သို့ပင် ရန်သူဝင်ရောက် တိုက်ခိုက်ချိန်၌ ထိုနေရာတွင် စစ်သူကြီးရွှမ်းမဲလ် ရှိမနေချေ။

ဟစ်တလာနှင့် တွေ့ဆုံရန် ထွက်ခွာသွားနေဆဲဖြစ်၏။

သေရေးရှင်ရေးတမျှအရေးကြီးချိန်တွင် အနီးဆုံးရနိုင်သော အရန်မှာ ပါရီအနောက်မြောက်ရှိအမှတ် (၁) အက်စ်အက်စ်ပန်ဇာတပ်မကြီးဖြစ်သည်။ သို့သော်လည်း ထိုတပ်ကို ဟစ်တလာ၏ဌာနချုပ်မှ အခွင့်မရဘဲ သုံးစွဲနိုင်

မြရတနာစာပေ

ခွင့်မရှိပါ။

မနက် ၀၄း၀၀ နာရီကပင် စစ်သူကြီးရမ်းစတက်သည် ဟစ်တလာ၏ ဌာနချုပ်သို့ဖုန်းဆက်ပြီး ယင်းတပ်မကြီးအား လွှတ်ပေးရန်ပြောခဲ့သည်။ စစ်သူကြီးရွှမ်းမဲလ်၏ တန်ပြန်တိုက်ခိုက်မှုကို အားဖြည့်တင်းရန်ဖြစ်သည်။ သို့သော် ဟစ်တလာ၏ကိုယ်စား ဂျော်ဒယ်က ခွင့်မပြုနိုင်ကြောင်း ပြန်ပြောခဲ့သည်။

နော်မန်ဒီကမ်းတက်တိုက်ခိုက်မှုသည် ယောင်ပြလောက်သာဖြစ်ပြီး စိန်းမြစ်အရှေ့ဘက်တွင် နောက်ထပ်ကမ်းတက်တိုက်ခိုက်မှု ရှိလာလိမ့်ဦးမည်ဟု ဌာနချုပ်က တွက်ချက်ခဲ့သည်။ တစ်နေလုံး ငြင်းခုံမှုပြုရပြီး ညနေ ၁၆း၀၀ နာရီကျမှသာ အဆိုပါအမှတ် (၁) အက်စ်အက်စ်ပန်ဇာတပ်မကြီးကို အသုံးပြုခွင့်ရခဲ့သည်။

၎င်းတပ်မကြီးကို ရွှေ့ပြောင်းရန် အခက်ခဲများများစွာတွေ့ခဲ့ရသည်။ တပ်မကြီး၏ အမြောက်တပ်အား စိန်းမြစ် အရှေ့ဘက်ကမ်းမှာထားရှိပြီး မြစ်ဖြတ်ကူးသောတံတားများမှာ မဟာမိတ်လေတပ် ဗုံးကြဲမှုကြောင့် ပျက်စီးခဲ့သည်။ စစ်သူကြီးရမ်းစတက်ကိုယ်တိုင် အချို့တံတားများ





ဗုံးကြဲခံရခြင်းကို မြင်တွေ့ခဲ့သည်။

ထို့ကြောင့် တပ်မကြီးအမြောက်တပ်သည် တောင်ဘက်ဝေးဝေးမှကွေ့၍ ပါရီကိုဖြတ်ပြီးမှ စိန်းမြစ်ကို ဖြတ်ကူးလာရသည်။ လမ်းတစ်လျှောက်လုံးတွင်လည်း မဟာမိတ်တို့၏ ဗုံးကြဲတိုက်ခိုက်ခြင်းခံခဲ့ရ၍ နှောင့်နှေးခဲ့ရသည်။ ထို့ကြောင့် စစ်မြေပြင်သို့ အရန်တပ်များ ဝင်ရောက်ရန် ၂ ရက်တိတိ ကြာခဲ့သည်။

ထိုအချိန်တွင် မဟာမိတ်တပ်များသည်ကမ်းပေါ်သို့ တက်ရောက်အခြေချမိပြီဖြစ်၍ ဂျာမန်တပ်များက စောစောစီးစီး တန်ပြန်တိုက်ခိုက်ရန် အခွင့်အလမ်းများ နည်းပါးသွားခဲ့ပြီဖြစ်သည်။

ယန္တရားတပ်မများသည် တိုက်ပွဲကြီးတွင် တစ်ဖွဲ့တစ်ခုစီဝင်ရောက်တိုက်ခိုက်ရပြီး ရန်သူကို ပင်လယ်အတွင်းသို့ ပြန်လည်မောင်းနှင် တိုက်ထုတ်ခြင်း ပြုရမည့်အစား ရန်သူတို့ ပြင်သစ်ပြည်တွင်းသို့ ဝင်နိုင်ခြင်း မရှိအောင်သာ တားဆီးခဲ့ရ၏။

လေတပ်က နှောင့်ယှက်သည့်အပြင် မဟာမိတ်တို့၏ စစ်သင်္ဘောများက ပစ်ခတ်ခဲ့ခြင်းသည် ဂျာမန်တို့၏

တန်ပြန်တိုက်စစ်ကို နှောင့်နှေးစေသည့် အဓိကအချက် တစ်ချက် ဖြစ်ပါသည်။

နောက်နှစ်ပတ်ကြာသောအခါ စိန်းမြစ်အရှေ့ဘက်တွင် ဒုတိယကမ်းတက် တိုက်ခိုက်မှုရှိတော့မည် မဟုတ်ဟု ဂျာမန်တို့သိရှိလာကြသည်။ သို့သော် ဟစ်တာလာ၏ဌာနချုပ်ကမူ ဒုတိယကမ်းတက် တိုက်ခိုက်မှု ရှိဦးမည်ဟု ယုံကြည်ခဲ့ပြီး ကာလိုင်းဒေသမှ အနောက်ဘက်နော်မန်ဒီကမ်းခြေသို့ တပ်များရွှေ့ပြောင်းပေးရန် နှောင့်နှေးခဲ့လေသည်။

စစ်သူကြီးရမ်းစတက်သည် ဟစ်တာလာကိုယ်တိုင် ပြင်သစ်သို့ လာရောက်ဆွေးနွေးရန် ပန်ကြားခဲ့သည်။ ရောက်မလာသဖြင့် သူနှင့်စစ်သူကြီး ရွှမ်းမဲလ်သည် ဟစ်တာလာထံသို့ သွားရောက်တွေ့ဆုံပြီး အခြေအနေအားလုံးကို ရှင်းလင်းပြခဲ့ကြသည်။

နော်မန်ဒီ၏ မဏ္ဍိုင်များဟု ခေါ်ဆိုနိုင်သော ကိန်းနှင့် စိန်းလိုး နှစ်မြို့လုံးသည် ဂျာမန်တို့လက်ထဲတွင် ရှိသေးသော်လည်း ယင်းနှစ်မြို့ကို ကြာရှည်ဆက်လက်၍ ထိန်းမထားနိုင်ဆိုသည်မှာ ထင်ရှားလာခဲ့ပြီးဖြစ်သည်။





ထို့ကြောင့် အခြေအနေကို ထိန်းနိုင်ရန် တစ်လမ်းသာ ရှိတော့သည့် ကိုစစ်သူကြီးနှစ်ယောက်က လုံးဝသဘောတူညီခဲ့ကြသည်။

ယင်းနည်းမှာ ပထမဆုံး ကိန်းမြို့မှ ဆုတ်ပေး၍ ခြေလျင်တပ်က အုန်းမ်းမြစ်ကြောင်းမှ ခံထားပြီး ယန္တရားတပ်မများကို ရှေ့တန်းက ပြန်ဆုတ်စေ၍ ပြန်လည်ဖွဲ့စည်းရန် ဖြစ်ပါသည်။ ထို့နောက်မှ ရှားဘိုကျွန်းဆွယ်တွင်ရှိသော အမေရိကန်စစ်နံ့ကို ပြန်လည်ဖွဲ့စည်းထားသော ယန္တရားတပ်မများနှင့် တန်ပြန်ထိုးစစ်ဆင်နွဲရန် ဖြစ်သည်။

သို့သော်လည်း ဟစ်တာလာက နောက်မဆုတ်ရဟု အမိန့်ထုတ်ခဲ့သည့်အပြင် ရောက်နေသည့်နေရာတွင် ဆက်နေရမည်ဟု အမိန့်ပေးခဲ့ပြီး ရမ်းစတက်နှင့် ရွှမ်းမဲလ်တို့အား တပ်များကိုရွှေ့ပြောင်းခွင့်ပင် မပေးတော့ချေ။

ထို့နောက် ဟစ်တာလာသည် စစ်သူကြီး ဗွန်က လူ့(ချ်)အား အနောက်ဘက်စစ်မျက်နှာသို့ စေလွှတ်ပြီး စစ်သူကြီး ရမ်းစတက်ထံမှ တာဝန်လွှဲယူရန် ဆုံးဖြတ်ခဲ့လေသည်။

စစ်သူကြီး ဗွန်က လူ့(ချ်)သည် သန်မာဖျတ်လတ်

ပြီး တိုက်ခိုက်လိုစိတ်ပြင်းပြသူ ဖြစ်သည်။ စိန့်ဂျာမိန်းတွင် ရှိသော ဂျာမန်စစ်ဌာနချုပ်သို့ ဇူလိုင်လ ၆ ရက်နေ့မှာ ရောက်လာပြီး အနောက်ပိုင်း စစ်မျက်နှာ စစ်သေနာပတိ ရာထူးကို စစ်သူကြီးရမ်းစတက်ထံမှ လွှဲယူခဲ့သည်။

**ရွမ်းမဲလ်ဒဏ်ရာရရှိခြင်း**

၁၉၄၄ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် စစ်သူကြီး ရွမ်းမဲလ်သည် ရှေ့တန်းစစ်မျက်နှာကို စစ်ဆေးရန် ခရီး ထွက်ခဲ့သည်။ ယမန်နေ့ညက ရန်သူ့ တိုက်ခိုက်မှုကြောင့် အပြင်းအထန်ခံလိုက်ရသော အမှတ် (၂၇၇) နှင့် (၂၇၆) ခြေလျင်တပ်ရင်းများကို စစ်ဆေးပြီးနောက် အမှတ် (၂) သံချပ်ကာကားတပ်ဌာနချုပ်သို့ ဆက်ထွက်ခဲ့ သည်။

ထိုနေ့ ညနေ ၁၆း၀၀ နာရီတွင် ၎င်းဌာနချုပ်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။

ထိုအချိန်တွင် စစ်သူကြီးရွမ်းမဲလ်သည် သူ၏ တပ်တော်စု (ဘီ)ဌာနချုပ်သို့ ပြန်ရောက်ချင်စိတ်စောနေ ခဲ့သည်။ ညနေ ၁၈း၀၀ နာရီလောက်တွင် စစ်သူကြီးရွမ်း မဲလ်တို့၏ မော်တော်ယာဉ်သည် လီဗာရော အနီးဝန်းကျင်

မြရတနာစာပေ



သို့ရောက်ရှိလာခဲ့သည်။

စစ်သူကြီး ရွမ်းမဲလ်၏ မော်တော်ယာဉ်အနီး တစ်ဝိုက်တွင် ရန်သူလေယာဉ် ပစ်ခတ်မှုကြောင့် မီးလောင် ပျက်စီးနေသော သယ်ယူပို့ဆောင်ရေးယာဉ်များကို တွေ့ရ ပြီး ရန်သူ့ပုံးကြ လေယာဉ်အုပ်စုများကလည်း သဲသဲမဲမဲ တိုက်ခိုက်နေလေတော့သည်။

ထို့ကြောင့် ရွမ်းမဲလ်တို့သည် ဗိမူတီယာခ်မှ နှစ်မိုင် အကွာတွင်ရှိသော လမ်းခွဲသို့ရောက်လျှင် လမ်းမကြီးပေါ်သို့ ပြန်တက်မည်ဟူသော ရည်ရွယ်ချက်ဖြင့် လမ်းမကြီးပေါ်မှ ဆင်းပြီးတောလမ်းအတိုင်း သွားခဲ့ကြလေသည်။

လမ်းခွဲသို့ရောက်၍ လမ်းမကြီးပေါ်သို့ ပြန်တက် သောအချိန်တွင် ရွမ်းမဲလ်တို့သည် လီဗာရောမြို့ပေါ်တွင် ပျံဝဲနေသော ရန်သူ့ကျွမ်းထိုး ပုံးကြလေယာဉ် ၈ စင်းကို တွေ့လိုက်ရလေသည်။ ၎င်းလေယာဉ်အုပ်စုသည် လီဗာ ရောသွားသော လမ်းပေါ်မှ ခရီးသွားယာဉ်များကို နှောင့် ယှက်ဖျက်ဆီးတိုက်ခိုက်နေခြင်းပင်ဖြစ်သည်။

ရွမ်းမဲလ်တို့ ခရီးနှင်နေစဉ်တွင် အကဲခတ် တာဝန် ပေးထားသော တပ်ကြပ်ကြီးဟိုလ်(စ်)က မိမိတို့ထံသို့

မြရတနာစာပေ

ရန်သူလေယာဉ်နှစ်စင်း ဦးတည်လာနေကြောင်း ရုတ်တရက် သတိပေးလိုက်သည်။

ထို့ကြောင့် ရွမ်းမဲလ်သည် ယာဉ်မောင်းသမား ဒင်နီယဲလ်အား ရှေ့ကိုက် ၃၀၀ တွင်ရှိသော လမ်းမြှောင် ထဲသို့ ချိုးကွေ့နိုင်းလိုက်သည်။ သို့သော် ရွမ်းမဲလ်တို့၏ ကား လမ်းမြှောင်ထဲသို့ မရောက်မီပင် ရန်သူလေယာဉ်၏ ပစ်ခတ်မှုကိုခံခဲ့ရလေသည်။

ရန်သူ့လေယာဉ်မှ ပစ်ခတ်သောအချိန်တွင် စစ်သူကြီးရွမ်းမဲလ် နောက်ပြန်လည်ကြည့်နေခိုက်နှင့် ကြုံ သွားခဲ့သည်။ စစ်သူကြီးရွမ်းမဲလ်၏ မျက်နှာတစ်ခုလုံး မှန်ကွဲ ရှခံလိုက်ရပြီး ဘယ်ဘက်ပခုံးနှင့် ပါးရိုးကို ကျည်ဆန်မှန် သွားသည့်အတွက် ဦးဆက်အခြေအက်သွားပြီး ချက်ချင်း သတိလစ်သွားခဲ့တော့သည်။

ယာဉ်မောင်းသမား ဒင်နီယဲလ်သည်လည်း ပြင်းထန်သောဒဏ်ရာရရှိသွားသဖြင့် မော်တော်ယာဉ်ကို မထိန်းနိုင်တော့ဘဲ သစ်ပင်ကို ဝင်တိုက်မိသည်။ မော်တော် ယာဉ်သည် သစ်ပင်၏ ညာဘက်မှ တွင်းတစ်တွင်းထဲ သို့ ကျသွားခဲ့သည်။ ထိုအချိန်တွင် ဗိုလ်ကြီးလန်(ဂ်)နှင့်





နော်မန်ဒီကမ်းခြေတွင် ဂျာမန်တို့ ခံစစ်ပြင်ဆင်ထားပုံ



နော်မန်ဒီ ခံစစ်ရောက် ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်



သင်္ဘောပေါ်မှ သံချပ်ကာကားများချယူနေမှုကို စစ်ဆေးနေသော ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်



ရွမ်းမဲလ်နှင့် ဂျာမန်ဗိုလ်ချုပ်ကြီးများ



ဘပ်ကြပ်ကြီး ဟိုက်(စ်)တို့သည် အချိန်မီ ခုန်ဆင်းလိုက် ပြီး လမ်းဘေးတစ်နေရာတွင် အကာအကွယ်ယူလိုက်သည်။ ထိုသို့ဖြစ်နေစဉ်တွင် လေယာဉ်တစ်စင်းရောက်ရှိလာပြီး ုံးများထပ်မံပုံးကြဲချလိုက်သည်။

ထိုကဲ့သို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး မကြာမီတွင် စစ်သူကြီး ရွမ်းမဲလ်ကို ဗိုလ်ကြီးလန့်(ဂ်)နှင့် တပ်ကြပ်ကြီး ဟိုလ်(စ်)တို့က တွဲပြီး အကာအကွယ်ရမည့်နေရာသို့ ခေါ် သွားကြသည်။ စစ်သူကြီးရွမ်းမဲလ်သည် မြေကြီးပေါ်တွင် သွေးအလိမ်းလိမ်းနှင့် သတိလစ်နေခဲ့သည်။ မျက်နှာတွင် န်ကွဲရှသော ဒဏ်ရာများမှ သွေးများ တသွင်သွင် စီးကျ နေပြီး အထူးသဖြင့် ဘယ်ဘက်ပခုံးနှင့် ပါးစပ်မှသွေးများ ထွက်နေသည်။ ဗိုလ်ကြီး လန့်(ဂ်)က ဒဏ်ရာ ရသူများအား အကူအညီပေးရန် ကားရှာခဲ့ရာ လေးဆယ့်ငါးမိနစ်ကြာမှ ကားတစ်စီးရခဲ့ပါသည်။

ထို့နောက် ၎င်းတို့သည် ရွမ်းမဲလ်အား ကာသိုလ်ဖြစ် ဆေးရုံတစ်ရုံသို့ ခေါ်ဆောင်သွားခဲ့သည်။ ဆေးရုံ၌ ပြင်သစ် အမျိုးသား ဆရာဝန်တစ်ယောက်က စစ်သူကြီးရွမ်းမဲလ်၏ ဒဏ်ရာများကို ဆေးထည့်ပေးပြီး ၎င်းဆရာဝန်က လူနာ

မြရတနာစာပေ

မျှော်လင့်ချက်မရှိကြောင်း ပြောပြခဲ့သည်။

ဗိုလ်ကြီးလန်း(ဂ်)တို့သည် ရွှမ်းမဲလ်အား နှစ်ဆယ့်ငါးမိုင်တွင်ရှိသော ဘာနေမြို့မှ လေတပ်ဆေးရုံတစ်ရုံသို့ ဆက်လက်ခေါ်သွားခဲ့သည်။ လေတပ်ဆေးရုံတွင် ဆရာဝန်များက စစ်သူကြီး ရွှမ်းမဲလ်၏ ဒဏ်ရာများကို စစ်ဆေးသောအခါ ဦးဆက်အခြေအက်သွားပြီး နားထင်တွင်ဒဏ်ရာ နှစ်ချက်ရသည့်အပြင် ပါးရိုးကျိုးသွားကြောင်း တွေ့ရှိခဲ့ရသည်။ ဘယ်ဘက်မျက်စိတွင် မှန်ကွဲရှသော ဒဏ်ရာကို တွေ့ရှိရသည်။

ထို့နောက် ရက်အနည်းငယ်ကြာသောအခါတွင် စစ်သူကြီးရွှမ်းမဲလ်ကို စိန့်ဂျာမိန်းအနီး ဗီစီနက်(စ်)တွင်ရှိသော ပါမောက္ခအက်(ချ်)၏ ဆေးရုံသို့ပြောင်းရွှေ့လိုက်သည်။ ၎င်းဆေးရုံမှ ဆင်းပြီးနောက် ရွှမ်းမဲလ်သည် ဘာလင်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ရပါသည်။

ဂျာမန်တို့က အင်္ဂလိပ်တပ်များက စနစ်တကျ မြန်မြန်ဆန်ဆန် ချီတက်ပြီး အမေရိကန်များကတော့ ဖြည်းဖြည်းဆေးဆေး ချီတက်မည်ဟု ယူဆခဲ့ကြသည်။ ဘာလူးမင်းထရစ်က အမေရိကန်တပ်များသည် အတွေ့





အကြုံ ရလာသည်နှင့်အမျှ မြန်မြန်ဆန်ချီတက်လာနိုင်ကြောင်းကို ရမ်းစတက်အား မကြာခဏ သတိပေးခဲ့သည်။

ဂျာမန်တပ်များ နောက်ဆုတ်၍ ခုခံမည်ဟု အားထားခဲ့သော ခံစစ်ကြောင်းများကို အမေရိကန်ဗိုလ်ချုပ်ကြီးပက်တန်က တစ်ဟုန်ထိုး ပန်း၍ချီတက်ခဲ့မှုကြောင့် ယင်းတို့ကို အသုံးပြုပြီး ခုခံရန် အချိန်မရခဲ့တော့ပေ။

နော်မန်ဒီခံစစ်အား ရွှမ်းမဲလ်က အစွမ်းကုန် ကြိုးစားခုခံခဲ့ရာ သူကိုယ်တိုင် တိုက်ပွဲ၌ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့လေသည်။ သို့သော်ငြားလည်း မဟာမိတ်တို့၏ကြီးမားပြင်းထန်သည့် ကမ်းတက်စစ်ဆင်ရေး ဒဏ်ကိုမခံနိုင်ဘဲ အတ္တလန်တိတ်တံတိုင်းကြီးမှာ ပြိုလဲခဲ့ရပြီး ၁၉၄၅ ခုနှစ် မေလ၌ အကြွင်းမဲ့ လက်နက်ချခဲ့ရတော့၏။

ဤသည်ကား ရွှမ်းမဲလ် နောက်ဆုံးပါဝင်တိုက်ခိုက်ခဲ့သည့် ကမ္ဘာကျော် နော်မန်ဒီကမ်းတက်တိုက်ပွဲကြီးအကြောင်း တစေ့တစောင်းပါ ခင်ဗျား။

❖

# အခန်း ( ၁၀ )

## ရွှမ်းမဲလ်၏ ဘဝနိဂုံး

ငယ်ငယ်ရွယ်ရွယ်နှင့် **Field Marshal** စစ်သူကြီး ရာထူးရရှိခဲ့သော ရွှမ်းမဲလ်သည် ၁၉၄၄ ခုနှစ် အောက်တိုဘာလ သူ့အသက် ၅၃ နှစ်၌ ခေါင်းဆောင်ကြီး ဟစ်တလာ၏ အမိန့်အရ သူ့ကိုယ်သူ အဆိပ်သောက်ကာ ကြေကွဲဖွယ်ရာ ကွယ်လွန်ခဲ့ရသည်။

တကယ်တော့ ရွှမ်းမဲလ်သည် သူ မကျူးလွန်သော အမှုအတွက် ဘုမသိဘမသိဖြင့် ကွယ်လွန်ခဲ့ရခြင်း ပါပေ။

မြရတနာစာပေ

ထိုအဖြစ်အပျက်ကို အတန်အသင့် ရှင်းလင်းတင်ပြပါမည်။

**ခေတ်လမ်းအစလှုပ်ကြံမှုက**

ဒုတိယကမ္ဘာစစ် အစပိုင်းက ဂျာမန်တပ်မတော်ကြီးသည် ဥရောပစစ်မျက်နှာတွင် နိုင်ငံတစ်နိုင်ငံပြီးတစ်နိုင်ငံ တိုက်တိုင်းအောင်မြင်ခဲ့လေသည်။ ၁၉၄၀ ခုနှစ်၌ ပြင်သစ်နိုင်ငံ ကျဆုံးကာ ဥရောပအနောက်ခြမ်းကို ဂျာမန်တို့သိမ်းပြီး ဗြိတိန်ခေါ် အင်္ဂလန်ကျွန်းအား ဆက်လက်ထိုးစစ်ဆင်ခဲ့၏။

အင်္ဂလန်ကျွန်း၏ ပထဝီနေထားအရ လေတပ်၊ ရေတပ်များဖြင့်သာ ဂျာမန်တို့အနေဖြင့် တိုက်နိုင်၏။ မိမိတို့ကျွန်း ဂျာမန်တို့ လက်အောက်ရောက်ရှိသွားပါက မတွေးဝံ့စရာများနှင့် ကြုံရမည်ကို မှန်းဆမိသော ဗြိတိသျှတို့သည် တစ်နိုင်ငံလုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဂျာမန်တို့အား အသေအကျေ ခုခံကြတော့၏။ အသစ်တက်လာသည့် ဗြိတိသျှဝန်ကြီးချုပ်ချာချီကလည်း ဂျာမန်တို့ကို ကျည်တစ်တောင့် လူတစ်ယောက် ကျန်သည်အထိ





ပြတ်ပြတ်သားသား ခုခံတိုက်ခိုက်သွားမည်ဟု ရဲရဲတောက်ကြေညာလေသည်။ ဂျာမန်တို့ အင်္ဂလန်ကျွန်းကို တိုက်၍ မရခဲ့ပါချေ။ အနောက်ဘက်စစ်မျက်နှာ၌ အင်္ဂလန်ကျွန်းကို တိုက်၍ မရသေးချိန်မှာဘဲ ဟစ်တလာသည် အရှေ့ဘက်စစ်မျက်နှာကိုဖွင့်ကာ ကွန်မြူနစ်ကြီး စတာလင်၏ ရုရှားကိုတိုက်တော့သည်။ အငိုက်ဖမ်းပြီး တိုက်ရာ ရုရှားကို လွတ်လွယ်ကူကူနှင့် ရလိမ့်မည်ဟု ဟစ်တလာက မျှော်မှန်းခဲ့၏။ သို့ရာတွင် သူထင်သလို ဖြစ်မလာခဲ့ပါချေ။

ရုရှားတို့သည် ဂျာမန်တို့အား တစ်နိုင်ငံလုံး သဲသဲမဲမဲခုခံကြ၏။ ကလေး လူကြီး မိန်းမ မကျန် စစ်ပွဲတွင်ပါဝင်ခဲ့ကြ၏။ မော်စကိုတိုက်ပွဲ စတာလင်ဂရက် တိုက်ပွဲကြီးများ၌ အချိန်ကြာမြင့်လာသည်နှင့်အမျှ ဂျာမန်တို့အရှုံးပေါ်ကြရ၏။ ၁၉၄၁ ခုနှစ် ဇွန်လမှစ၍ ကျူးကျော်စစ်ဆင်နွှဲခဲ့သော ဂျာမန်တပ်တော်များသည် စစ်ပွဲဖြစ်ပြီးနှစ်နှစ်အကြာ ၁၉၄၃ ခုနှစ် ဇန်နဝါရီလ၌ ရုရှားတို့ထံလက်နက်ချခဲ့ရတော့၏။ စင်မြေပြင်ရောက် ဂျာမန်စစ်သူကြီးများက ဟစ်တလာထံ လက်နက်ချခွင့်တောင်းခဲ့သော်လည်း ဟစ်တလာက ယတိပြတ်ငြင်းပယ်ခဲ့သော

ကြောင့် ဂျာမန်စစ်သည်များ မသေသင့်ဘဲ အသက်ဆုံးရှုံးရပြီး နောက်ဆုံး ကျည်ကုန် လူကုန်မှ အဖမ်းခံရသည်အထိ ကျရောက်ခဲ့ကြရ၏။

အာဖရိကစစ်မျက်နှာတွင်လည်း အလားတူပင် လက်နက်ချခွင့်ကို ဟစ်တလာက ယတိပြတ်ငြင်းပယ်ခဲ့ရာ ဂျာမန်စစ်သည်များ မသေသင့်ဘဲ သေဆုံးကြရပြီး ၁၉၄၃ ခုနှစ်၌ တူနစ်ရှားတွင် အာဖရိကားတပ်မကြီးသည် ဗြိတိသျှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီထံ လက်နက်ချခဲ့ရလေသည်။

နေရာတိုင်း ဤသို့ ဟစ်တလာက လက်နက်ချရန် ငြင်းဆန်ခဲ့သောကြောင့် စစ်မြေပြင်၌ ဂျာမန်စစ်သားတို့ မသေသင့်ဘဲ ထောင်သောင်းချီပြီး သေဆုံးကြရ၏။ ဒါသာမကပါ။ ဂျာမန်စစ်သားများ ပြုန်းတီးမှု အလွန်များသဖြင့် ဂျာမန်တစ်ပြည်လုံးရှိ ယောကျ်ားများကို စစ်တပ်ထဲ အတင်းဆွဲသွင်းခဲ့ရာ နောက်ဆုံး၌ အရွယ်ရောက်သူ လူကြီးများ ကုန်ဆုံးသွား၍ အရွယ်မရောက်သေးသည့် ဆယ့်လေးငါးနှစ်သား ကလေးသူငယ်များကိုပင် စစ်တပ်ထဲ သွင်း၍ သေနတ်ကိုင်ခိုင်းသည့် အခြေအနေ ဖြစ်ခဲ့ရလေသည်။





ဤသို့သာဆိုပါက ဂျာမန်တို့ မျိုးပြုတ်တော့မည်။

ခေါင်းဆောင်ကြီး ဟစ်တလာကို ဖယ်ရှားမှ ရတော့မည်။

ဂျာမန်စစ်ခေါင်းဆောင်အချို့က ထိုသို့ စဉ်းစားလာကြတော့၏။

ဟစ်တလာကို ဖယ်ရှားရန်ကား လုပ်ကြံပစ်မှရမည်ဟု စဉ်းစားကြသည်။ ဤတွင် ဟစ်တလာ လုပ်ကြံဖယ်ရှားရေးကိစ္စ ပေါ်ပေါက်လာလေတော့သည်။

**ဟစ်တလာကိုလုပ်ကြံကြမည့်သူများ**

ဟစ်တလာဖယ်ရှားရေးကိစ္စကို ဦးစွာစဉ်းစားခဲ့ကြသူများမှာ လစ်ပဇစ်မြို့တော်ဝန် ဒေါက်တာဂိုအာဒီလားနှင့် ဂျာမန်စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ဘတ်တို့ပင် ဖြစ်၏။ များမကြာမီမှာပင် သူတို့နှင့်အတူ စတုဂတ်မြို့တော်ဝန်ဟောင်း ဒေါက်တာကားလ်စထရိုးလင်း ပူးပေါင်းပါဝင်လာသည်။ သူသည် စစ်ဗိုလ်ဟောင်းတစ်ဦးဖြစ်၍ ငယ်စဉ်က ရွှမ်းမဲလ်နှင့် တစ်တပ်တည်း အတူနေခဲ့ဖူးသူဖြစ်၏။

ထိုပုဂ္ဂိုလ်များမှာ ဟစ်တလာလုပ်ကြံရေးတွင် အဓိကအခန်းမှ ပါဝင်ကြသူများ ဖြစ်လေသည်။

ဟစ်တလာကို ဖြုတ်ချရန် ကြံစည်ခဲ့ကြသော ထိုပုဂ္ဂိုလ်ကြီးများက ၎င်းတို့၏ အကြံအစည်အောင်မြင်ခဲ့လျှင် ဟစ်တလာနေရာတွင် အစားထိုးရန်အတွက် ပြည်သူလူထုချစ်ခင်လေးစားခြင်းခံရသည့် ဟင်ဒင်ဘတ်လို လူမျိုးတစ်ယောက်ကို ရှာကြံထားရမည်ဟု သဘောပေါက်ခဲ့ကြသည်။

ထိုပုဂ္ဂိုလ်မှာလည်း ယခုကပင် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိနေသည့် ပုဂ္ဂိုလ်ဖြစ်ရမည့်အပြင် ကိုယ်ကျိုးမဖက်ဘဲ ပြည်သူလူထုဘက်မှ ရပ်တည်နိုင်မည့် ပုဂ္ဂိုလ်တစ်ယောက်အဖြစ် ပြည်သူလူထုက မြင်နေရမည့် ပုဂ္ဂိုလ်လည်း ဖြစ်ရပေမည်။

ထို့အပြင် ဤသို့ပြည်သူလူထု၏ ထောက်ခံမှုကို ရယူနိုင်ရေးနှင့်လည်း မပြီးသေးဘဲ တပ်မတော်ကိုပါ ပါအောင် ဆွဲဆောင်နိုင်ရမည်ဖြစ်စေရာ အရွေးချယ်ခံရမည့် ထိုပုဂ္ဂိုလ်မှာ တပ်မတော်က ကြည်ညိုလေးစားခြင်းခံရသော စစ်မှုထမ်းတစ်ယောက်ဖြစ်ရပေမည်ဟူ၍ ဟစ်တလာ့နေရာ





တွင် အစားထိုးဝင်ရောက်ရမည့် ပုဂ္ဂိုလ်၏ အရည်အချင်းကို သတ်မှတ်ခဲ့ကြလေသည်။

ဤသို့ လူရွေးရာတွင် ပထမဦးဆုံး ဗိုလ်ချုပ်ကြီးဘတ်ကို စဉ်းစားခဲ့ကြသည်။ သို့သော် ဗိုလ်ချုပ်ကြီးဘတ်မှာ လက်ရုံးရည်အရရော၊ နှလုံးရည်အရပါ ထိပ်တန်းမှ ရှိနေသူ ဖြစ်သော်လည်း ဗိုလ်ချုပ်ကြီးကို ဂျာမန်ပြည်သူအများစုကြီးက ကောင်းစွာမသိကြတော့သည့်အပြင် ၁၉၃၈ ခုနှစ်လောက်မှစပြီး ဟစ်တလာက တပ်မတော်မှ ထုတ်ပယ်လိုက်သူဖြစ်သဖြင့် ဟစ်တလာနေရာတွင် ထား၍ မဖြစ်ဟုဆိုကာ ထိုနေရာအတွက် လျာထားသည့်စာရင်းမှ ပယ်ထုတ်လိုက်ရလေသည်။

သို့ဖြင့် စဉ်းစားခံရပြီးမှ အပယ်ခံလိုက်ရသော ဗိုလ်ချုပ်ကြီးဘတ်မှလွဲ၍ တပ်မတော်တွင် လက်ရှိအမှုထမ်းဆဲ ထိပ်တန်းဗိုလ်ချုပ်ကြီးများစာရင်းကို ကြည့်လိုက်သောအခါတွင် အကျော်ကြားဆုံး လူသိအများဆုံး ပုဂ္ဂိုလ်ဟူ၍ ရှမ်းမဲလ်တစ်ယောက်ကိုသာလျှင် တွေ့ခဲ့ကြသည်။

ရှမ်းမဲလ်ကို မျက်စိကျခဲ့သည်မှာလည်း သဘာဝ

ကျသည်ဟူ၍ပင် ဆိုရပေမည်။ အဘယ်ကြောင့်ဆိုသော် ရွှမ်းမဲလ်သည် ဂျာမနီပြည်တွင် ဟစ်တလာကလွဲလျှင် အကျော်ကြားဆုံးနှင့် လူသိအများဆုံး ဗိုလ်ချုပ်ကြီး တစ်ဦး ဖြစ်သောကြောင့်ပင်တည်း။

**ဂျာမန်တပ်မတော်မှ ဟစ်တလာကို မလိုလားကြသူများ**

ဂျာမန်တပ်မတော်ကြီး ရှုံးပွဲတွေများလာသော အခါ စစ်ပွဲတွင် ပါဝင်ခဲ့ကြသည့် တပ်မှူးကြီးများက ဟစ်တလာအား မလိုလားကြတော့။ ဟစ်တလာ၏ ခေါင်းမာသော တစ်ဖွတ်ထိုးဆုံးဖြတ်ချက်များကြောင့် ဂျာမန်တပ်မတော်ကြီးတစ်ခုလုံး ကျေပြုန်းကာ ဗုံးဗုံးလဲတော့မည်ကို သိမြင်လာကြသည်။ ထိုအထဲ၌ ရွှမ်းမဲလ်လည်း ပါဝင်ခဲ့၏။ သူတို့သည် အခြေအနေပေးလျှင် ဟစ်တလာကို လုပ်ကြံပစ်ရန် ကြိုးစားလျက်ရှိကြ၏။ ဂျာမန်တပ်မတော်မှ ဟစ်တလာအား ဖယ်ရှားပစ်ရန် လိုလားနေကြသော တပ်မှူးကြီးများမှာ အောက်ပါအတိုင်းဖြစ်ကြသည်။

ဗိုလ်ချုပ် ဟန်နင်း ဗွန် ထရက်စကောင်း
အရှေ့ဘက်စစ်မျက်နှာမှတပ်မှူးကြီး





ဗိုလ်ချုပ်ဟိန်းနရစ်ချ်
ပြင်သစ်နိုင်ငံဘုရင်ခံချုပ်

ဗိုလ်ချုပ်ကြီး ဗွန်ကလပ်(ချ်)
အနောက်ဘက်စစ်မျက်နှာမှတပ်မှူးကြီး

ရေကြောင်းဗိုလ်ချုပ်ကြီး ကင်နာရစ်(စ်)

ဗိုလ်ချုပ်ဖရွှမ်း
ဘာလင်မြို့တော်မြို့စောင့်တပ်မှူးကြီး

ဗိုလ်ချုပ်ကြီးဘတ်
ဦးစီးချုပ်ဟောင်း

ဗိုလ်ချုပ်ကြီး အောလ်ဘရစ်
**Home Army** စစ်ဦးစီးချုပ်

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်
**Home Army** မှ စစ်ဦးစီးဗိုလ်မှူးကြီး

ဗိုလ်ချုပ်ဖဲလ်ဂျီဘဲလ်

ဗိုလ်ချုပ် ဗွန်ပော့စ်
ဘာလင်မြို့စောင့်တပ်မှူးကြီး

ဗိုလ်ချုပ်ဝါတင်ဘတ်
ကရိုက်တောအုပ်စုခေါင်းဆောင်

ဗိုလ်ချုပ်ဟိုပ်နား
သံချပ်ကာတပ်မှူးကြီး

ဗိုလ်ချုပ်ကြီး ဝစ်ဖလ်ဘင်း
ဘာလင်အမှတ် ၃၀ စစ်နယ်မြေမှူးကြီး

ဗိုလ်ချုပ်စပီဒဲလ်
ရှမ်းမဲလ်၏စစ်ဦးမှူး

မြရတနာစာပေ



ဗိုလ်ချုပ်စတီဖင်
ဗဟိုစစ်ဦးစီးဌာနချုပ်၊ စည်းရုံးရေးတာဝန်ခံ

ဘာလင်ရဲမင်းကြီး မွန်တဲလ်ဒေါ့ဖ်

**ရှမ်းမဲလ်နှင့် တော်လှန်ရေးသမားများ ဆက်သွယ်မိခြင်း**

၁၉၄၂ ခုနှစ်တွင် ဒေါက်တာစထရိုးလင်းနှင့် ဒေါက်တာဂိုအာဒီလားတို့ နှစ်ဦးသည် ဂျူးများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်နေခြင်း၊ ဘုရားရှိခိုးကျောင်းများကို ဖိနှိပ်နေခြင်း၊ အလုပ်သမားစခန်းများတွင် လူများ အစု လိုက် အပြုံလိုက် အငတ်ငတ်အပြတ်ပြတ်နဲ့ သေကြေ နေခြင်း၊ အကျဉ်းစခန်းများတွင် လူမျိုးစုံအား ညှဉ်းပန်း နှိပ်စက်သတ်ဖြတ်နေခြင်းကို ရပ်တန့်ရန်နှင့် နာဇီပါတီ လက်တွင်းမှ အုပ်ချုပ်ရေး အာဏာကို ပြည်သူသို့ ပြန်ပေး ရန်တို့ ပါဝင်သော စာတမ်းတစ်စောင်ပြုစု၍ ပြည်ထဲရေး ဌာနသို့ တင်သွင်းခဲ့၏။

ပြည်ထဲရေးဌာနအတွင်းဝန်က ဒေါက်တာစထရိုး လင်းတို့အား ဤစာကို ပြန်လည်မရုပ်သိမ်းပါက ဂျာမနီ

မြရတနာစာပေ

နိုင်ငံတော်ကြီး ပျက်စီးရာပျက်စီးကြောင်း ကြံစည်သူများအဖြစ် ရုံးတင်အစစ်ဆေးခံရလိမ့်မည်ဟု ခေါ်ယူ သတိပေးပြောကြားခဲ့သည်။ သူ့ကို ဂက်စတာပိုအဖွဲ့ကလည်း မျက်စိဒေါက်ထောက်ကြည့်ပြီးနေခဲ့၏။

ဒေါက်တာစထရိုးလင်းသည် ထိုစာကို ဗိုလ်ချုပ်ကြီး ရွမ်းမဲလ်၏ ဇနီးထံမှတစ်ဆင့် ဗိုလ်ချုပ်ကြီးရွမ်းမဲလ်ထံသို့ ပို့ခဲ့၏။

ရွမ်းမဲလ်သည် ထိုစာတမ်းကို ဖတ်ရှုပြီး သူ၏ သူငယ်ချင်း ဒေါက်တာ စထရိုးလင်းနှင့် သဘောတူညီခဲ့၏။ ရွမ်းမဲလ်ကိုယ်တိုင်က နာဇီအစိုးရနှင့် ဂက်စတာပိုများက ဂျူးလူမျိုးများအပါအဝင် လူတွေ အစုလိုက်အပြုံလိုက် သတ်နေမည်ကို လုံးဝမလိုလားခဲ့ချေ။ နေရာတကာ ဂက်စတာပိုစစ်ပုလိပ်များနှင့် ဟစ်တလာ၏ လက်ရုံး S.Sတပ်များ လူတွင်ကျယ်လုပ်နေသည်ကို ကြည့်မရခဲ့ချေ။

ဤသို့ အဆက်အသွယ်ရပြီးနောက် ၁၉၄၄ ခုနှစ်စဥ် ရွမ်းမဲလ်ရှေ့တန်းမှခွင့်ဖြင့် အိမ်ပြန်ရောက်နေချိန်၌ ဒေါက်တာစထရိုးလင်းနှင့် အဖွဲ့က ရွမ်းမဲလ်အား တိတ်တဆိတ်လာရောက်တွေ့ဆုံလေသည်။

မြရတနာစာပေ



ရွမ်းမဲလ်ကို အဆိပ်စား သက်သေစေရန် ညွှန်ကြားခဲ့သည့် ခေါင်းဆောင်ကြီး ဟစ်တလာ



ဟစ်တလာ အာဏာမရှိကပုံ



သူတို့၏တွေ့ဆုံပွဲမှာ ၅ နာရီကျော် ကြာလေသည်။ ထိုတွေ့ဆုံပွဲ၌ ဒေါက်တာစထရိုးလင်းမှ–

''ကျုပ်တို့စာတမ်းကို ဗိုလ်ချုပ်ကြီး လက်ခံပါသလား''

''လက်ခံတယ်ဗျာ''

''ဒါဆိုရင် ကျုပ်တို့ ဘာလုပ်ကြမလဲ။ ဘာလုပ်ဖို့လိုပြီလဲ''

''ဟစ်တလာကို ဖယ်ရှားဖို့လိုပြီလို့ ကျုပ်တို့ကတော့ ယူဆတယ်။ ပြီးတော့ ရုရှား စစ်မျက်နှာက ဗိုလ်ချုပ်ကြီးတွေက ဟစ်တလာကိုဖမ်းပြီး ရာထူးက နုတ်ထွက်နိုင်းဖို့ လုပ်နေတယ် ကြားပါတယ်။ ပြီးတော့ စစ်ပြေငြိမ်းကြမယ်တဲ့''

''အမေရိကန်နဲ့ ဗြိတိသျှတွေနဲ့ စစ်ပြေငြိမ်းဖို့ကိစ္စကို ခေါင်းဆောင်ဖို့ ဂျာမနီကရော သူတို့ဘက်ကရော လေးစားတဲ့ဗိုလ်ချုပ်ကြီးကို ကျုပ်တို့အဖွဲ့က ရွေးထားပါတယ်။ ဗိုလ်ချုပ်ကြီးနာမည်ကို ကျုပ်တို့အသုံးပြုခွင့်ပေးပါ''

ရွှမ်းမဲလ်သည် အတန်ကြာ စဉ်းစားပြီးမှ သဘောတူခဲ့သည်ဟု ဆိုခဲ့သည်။

မြရတနာစာပေ

များမကြာမီ အနောက်ဘက် စစ်မျက်နှာရှိ ရှမ်းမဲလ်၏ စစ်ဌာနချုပ်အတွက် စစ်ဦးစီးဗိုလ်ချုပ် စပီဒဲလ် ရောက်ရှိလာသည်။ သူသည် ဟစ်တလာ ဆန့်ကျင်သူတစ်ဦးဖြစ်၏။

ဗိုလ်ချုပ်စပီဒဲလ်နှင့် ဒေါက်တာစထရိုလင်းတို့အဖွဲ့ ဆက်မိသွား၏။ သူတို့သည် ရှမ်းမဲလ်၏ ခွင့်ပြုချက်ဖြင့် ထပ်မံတွေ့ဆုံကာ လျှို့ဝှက်အစည်းအဝေးများ ပြုလုပ်ဖြစ်ကြသည်။ မဟာမိတ်များနှင့် ငြိမ်းချမ်းရေးစာချုပ် မူကြမ်းများ ရေးဆွဲကြသည်။ ကြေငြာချက်များ ရေးသားကြသည်။

ဗိုလ်ချုပ်စပီဒဲလ်က ဤကိစ္စအတွက် သူ၏ ခေါင်းဆောင်များဖြစ်သည့် ပြင်သစ်ပြည်ဘုရင်ခံ ဗိုလ်ချုပ်ကြီး ဟိန်းနရစ်(ချ်) ဗွန်စတူးပရေးဂ်လ် ဘယ်လ်ဂျီယံဘုရင်ခံ ဗိုလ်ချုပ်ကြီး ဖွန်ဖောက်လင်ဟောစ်တို့ကို တွေ့ဆုံဆွေးနွေးပြီး စည်းရုံးခဲ့သည်။

သူတို့အဖွဲ့သည် များမကြာမီမှာပင် ဗိုလ်ချုပ်စပီဒဲလ်မှတစ်ဆင့် ဂျာမန်တပ်မတော်တွင်းမှ ဟစ်တလာကို လုပ်ကြံရန် ကြံရွယ်နေသူများနှင့် အဆက်အသွယ်ရခဲ့လေသည်။





ဗိုလ်ချုပ်စပီဒဲလ်က ဟစ်တလာအား လုပ်ကြံရန် တပ်တွင်းမှ ကြံရွယ်နေကြသူများအကြောင်းကို ရှမ်းမဲလ်အား အသိမပေးခဲ့ချေ။ သို့ရာတွင် တပ်တွင်းမှလုပ်ကြံရန် ကြံရွယ်နေသူများနှင့် ဟစ်တလာအား ဖယ်ရှားရန်ကြိုးစားနေသည့် ဂျာမန်တပ်မတော်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး လုဒဝတ်ဘတ်တို့၌မူ အဆက်အသွယ် ရှိကြသည်။ ဗိုလ်ချုပ်ကြီးဘတ်က ဟစ်တာလာအား ဖယ်ရှားရာတွင် အပြီးအပိုင် လုပ်ကြံသတ်ဖြတ်သည်က အကောင်းဆုံးဖြစ်မည်ဟု ထိုလုပ်ကြံရေးအဖွဲ့သို့ အဆိုပြုခဲ့လေသည်။ သို့ရာတွင် သူကိုယ်တိုင်က ရှမ်းမဲလ်နှင့် တွေ့ဆုံချိန်၌ ဤကိစ္စကို အသိပေးပြောကြားခဲ့ခြင်း မရှိခဲ့ချေ။

သူတို့အဖွဲ့သည် မကြာခင် တွေ့ဆုံကြပြီး ဟစ်တလာအား ဖယ်ရှားပြီးပါက ပြန်လည်ဖွဲ့စည်းမည့် အစိုးရအဖွဲ့နှင့် လုပ်ငန်းများကို ရေးဆွဲကြသည်။ ဂျာမန်ပြည်သူများကို ကြေညာမည့် ကြေညာချက်များကိုလည်း ရေးခဲ့ကြသည်။ သူတို့ ရေးသားပြုစုထားသည့် အစိုးရအဖွဲ့တွင် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်အား သမ္မတအဖြစ် လျာထားခဲ့ကြ၏။

မအောင်မြင်သော ဟစ်တလာလုပ်ကြံမှု ဖြစ်ပွားပြီးနောက် ဂျာမန်ဂက်စတာပိုများက လုပ်ကြံမှုနှင့် ပတ်သက်သည်များကို မြေလှန်ရှာဖွေစစ်ဆေးလေရာ ပါဝင်ပတ်သက်သူတစ်ဦးထံမှ ထိုစာရွက်စာတမ်းများကို ဂက်စတာပိုတို့က ရရှိသွားလေတော့သည်။

ထိုစာရွက်စာတမ်းများက ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အား သေတွင်းသို့ ပို့ခဲ့လေသည်။

တကယ်တော့ ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်သည် ဟစ်တလာအား ဖယ်ရှားပစ်ရန် လိုလားခဲ့သော်လည်း လုပ်ကြံသတ်ဖြတ်ရန် ကိစ္စတွင်မူ ပါဝင်ပတ်သက်ခဲ့ခြင်း မရှိခဲ့ပါပေ။

**ဟစ်တာလာကို လုပ်ကြံရန် စီစဉ်ကြခြင်း**

ဂျာမန်တပ်မတော်အတွင်းမှ ဟစ်တလာအား ဖယ်ရှားလိုသူများသည် ၁၉၄၃ ခုနှစ်မှ ၁၉၄၄ ခုနှစ်အထိ ဆယ်ကြိမ်ခန့် လုပ်ကြံရန် ကြိုးစားခဲ့ကြသည်။ မအောင်မြင်ခဲ့ကြချေ။

သို့ရာတွင် ၁၉၄၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင်





မှ ထိုအဖွဲ့သည် ဟစ်တလာအား ဗုံးခွဲလုပ်ကြံဖြစ်တော့၏။

ဗုံးခွဲလုပ်ကြံသူမှာ **Home Army** မြို့စောင့်တပ်မှ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ် ပင်ဖြစ်သည်။

ဤနေရာတွင် ဟစ်တာလာကို အဓိက ဗုံးထောင် လုပ်ကြံခဲ့သူ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်အကြောင်းကို အတန်အသင့် ဖော်ပြပါမည်။

စတပ်ဖင်ဘတ်သည် ၁၉၀၇ ခုနှစ်တွင် ဖွားမြင်ခဲ့၍ သူမိဘများနှင့် အဘိုးအဘွားများမှာ မြို့စားအဆက်အနွယ်ဆွေကြီးမျိုးကြီးထဲကပင် ဖြစ်ကြသည်။ သူ၏ မိခင်မှာ မြို့စားကတော်တစ်ဦးဖြစ်၍ သူ၏ အဘေး(အဘိုး၏ဖခင်)မှာ ပြင်သစ်စစ်ဘုရင် နပိုလီယံခေတ်က ထင်ရှားကျော်ကြားသည့် ဂျာမန်စစ်သူရဲကောင်းကြီး တစ်ဦးဖြစ်ခဲ့သည်။ သူ့ဖခင်မှာ တစ်ခါက ဘုရင့်မှူးမတ်ကြီး တစ်ဦးအဖြစ် အမှုတော်ထမ်းရွက်ခဲ့ဖူးသည်။ သူတို့ မိသားစုအားလုံးမှာ ဂျာမနီတောင်ပိုင်းတွင် အစဉ်အလာနေထိုင်လာခဲ့ကြ၍ ဘာသာရေးဘက်တွင် ရိုမန်ကက်သလစ်... ရိုသေကိုင်းရှိုင်းခဲ့ကြသည့်ပြင် ခေတ်ပညာတတ် အထက်တန်းလွှာများ ဖြစ်ခဲ့ကြသည်။

''ဘမျိုးဘိုးတူ'' ဆိုသကဲ့သို့ စတပ်ဖင်ဘတ်သည် ဂျာမန်တပ်မတော်တွင် အဘက်ဘက်က ထူးချွန် ထင်ရှားသည့် အရာရှိကောင်းတစ်ယောက်ဖြစ်ခဲ့သည်။ ကိုယ်ခန္ဓာကြံ့ခိုင်တောင့်တင်း၍ အချိုးအစားပြေပြစ်သလောက် စိတ်ဓာတ်တည်တည်ငြိမ်ငြိမ် ကျခြေရှရဖြင့် မြင်သူတိုင်းက လေးစားရသည့် လူရွယ်လူလတ်တစ်ဦးဖြစ်သည်။ သူသည် မြင်းစီးအတတ်အပါအဝင် အားကစားနှင့် ကာယပညာများကို လေ့လာလိုက်စားခံရုံမျှမက အခြားတစ်ဖက်မှ စာပေနှင့် အနုပညာရပ်များတွင်လည်း ခြေခြေမြစ်မြစ် စစ်စစ်ပေါက်ပေါက် တတ်သိနားလည် သူတစ်ဦးဖြစ်သည်။

စတပ်ဖင်ဘတ်သည် မူလက ဂီတအနုပညာရှင်တစ်ဦးအဖြစ်လည်းကောင်း ထို့နောက် ဗိသုကာအတတ်ပညာရှင်တစ်ဦးအဖြစ်လည်းကောင်း အသက်မွေးဝမ်းကျောင်းရန် ကြံရွယ်ကြိုးစားခဲ့သည်။ သို့သော် ၁၉၂၆ ခုနှစ်၊ သူ့အသက် ၁၉ နှစ်အရွယ်တွင် ဂျာမန်တပ်မတော်သို့ ဝင်ရောက်၍ အမှတ် (၁၇) မြင်းစီးတပ်မတွင် ဗိုလ်လောင်းတစ်ယောက်ဖြစ်လာခဲ့ရာမှ သူ့ဘဝလမ်းကြောင်းသည် တစ်မျိုးတစ်ဖုံပြောင်းလဲလာခဲ့သည်။





၁၉၃၆ ခုနှစ်တွင် သူသည် ဘာလင်မြို့တော် အကယ်ဒမီ စစ်ကျောင်းကြီးသို့ ပြောင်းရွှေ့တက်ရောက်ခဲ့ရသည်။ ထိုစဉ်က အဘက်ဘက်က ထူးချွန်ပြောင်မြောက်လှသည့် သူ၏ အရည်အချင်းများကို အကယ်ဒမီစစ်ကျောင်းကြီးမှ ဆရာများကသာမက ဂျာမန်စစ်ဦးစီးဌာနချုပ်မှ အရာရှိကြီးများကပါ အထူးသဘောကျနှစ်မြို့ခဲ့ကြသည်။ နောက် ၂ နှစ်အကြာ၌ စစ်ကျောင်းမှ အောင်မြင်လာခဲ့ပြီးနောက် သူသည် အထွေထွေ စစ်ဦးစီးအဖွဲ့တွင် အရာရှိငယ်တစ်ယောက်အဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။


ထိုအချိန်မှာ ၁၉၃၈ ခုနှစ်သို့ ရောက်ရှိလာခဲ့၍ ဟစ်တာလာ အာဏာရခဲ့ပြီး နာဇီပါတီ၏ အရှိန်အဝါသြဇာအာဏာကြီးမားလာသည့် အချိန်ပင်ဖြစ်သည်။ စတပ်ဖင့်ဘတ်သည် မျိုးရိုးဇာတိအားဖြင့်လည်းကောင်း၊ လူတန်းစား လက္ခဏာအားဖြင့်လည်းကောင်း၊ ပဒေသရာဇ်အယူအဆရှိသူ တစ်ဦးဖြစ်သော်လည်း ထိုအချိန်အထိ ဟစ်တလာကိုလည်းကောင်း၊ သူ၏ အမျိုးသားဆိုရှယ်လစ်ဝါဒကို လည်းကောင်း ဆန့်ကျင်သည့်သဘောများ လုံးဝ

မရှိသေးသူ ဖြစ်ခဲ့သည်။

သို့သော် ၁၉၃၈ ခုနှစ်တွင် နာဇီပါတီ၏ လူမျိုးကြီးဝါဒအောက်တွင် ဂျူးလူမျိုးများ နေစရာမရှိအောင် ခြိမ်းခြောက် ဖိနှိပ်မှုများခံလာရသောအခါ စတပ်ဖင်ဘတ်သည် အမျိုးသားဆိုရှယ်လစ် ဝါဒအပေါ်တွင် တစ်စတစ်စ သံသယ ဝင်လာမိသည်။ ဟစ်တလာ၏ ခေါင်းဆောင်မှုကို တစ်နေ့တခြား ဘဝင်မကျဖြစ်လာခဲ့သည်။ ထိုမှတစ်ဖန် ဩစတြီးယားနှင့် ချက်အရေးအခင်းများ ဖြစ်ပွားလာခဲ့ပြီး ဂျာမန်တပ်များသည် ပိုလန်နိုင်ငံကလေးကိုပါ ကျူးကျော်သိမ်းပိုက်ရန် ခြေလှမ်းပြင်လာကြသောအခါ သူသည် ဟစ်တလာနှင့် နာဇီပါတီအပေါ်တွင် ပို၍ မကျေမနပ်ဖြစ်လာခဲ့ရသည်။


သို့ရာတွင် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ဂျာမန်တပ်များ ပိုလန်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ခဲ့ကြ၍ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာသောအခါ စတပ်ဖင်ဘတ်မှာ ဟစ်တလာနှင့်ပတ်သက်၍လည်းကောင်း၊ နာဇီပါတီနှင့် စပ်လျဉ်း၍လည်းကောင်း၊ တစ်စုံတစ်ရာ စဉ်းစားနေချိန်မရတော့ဘဲ စစ်မြေပြင်သို့






ဟစ်တလာအား အစည်းအဝေးခန်းတွင်း လုပ်ကြံရန် ဗုံးထောင်ထားသော နေရာပြပုံ

ဝုံဖြူကြီးနှင့်ဓေဝဝီလိုက်ကွင်းထိပ်ဖြစ်လာလေသည်



ရောက်ခဲ့ရသည်။ သို့ဖြင့် သူသည် မျိုးရိုးစဉ်လာကို ဆက်လက်ထိန်းသိမ်းသောအားဖြင့် စစ်မြေပြင်တွင် စစ်သားကောင်းပီပီ အသက်ကို ပဓာနမထားဘဲ ရှပ်ရှပ်ချုံချုံ တိုက်ပွဲဝင်ခဲ့သည်။ သူသည် ထိုစဉ်က ဗိုလ်ချုပ်ဟိုပ်နား၏ အမှတ် (၆) ပန်ဇာတင့်ကား တပ်တော်စစ်ဌာနချုပ်တွင် စစ်ဦးစီးအဖွဲ့ဝင်အရာရှိတစ်ယောက်အဖြစ် တာဝန်ယူခဲ့ရသည်။

ထို့နောက်သူသည် ၁၉၄၀ ခုနှစ် ဇွန်လတွင် ဗဟို စစ်ဦးစီးဌာနချုပ်သို့ ပြောင်းရွှေ့ခံရပြီး ထိုမှတစ်ဖန် အရှေ့ဘက်စစ်မျက်နှာ ရုရှားစစ်မြေပြင်သို့ ရောက်ခဲ့ရသည်။ ဤတွင် ရုရှားနိုင်ငံအတွင်း ၁၈ လတိုင်တိုင် တာဝန်ယူခဲ့ရမှ ဟစ်တာလာ၏ ရုပ်နက်တက်ဖွဲ့ဝင်များ၏ ရက်စက်မှုများကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရ၍ အကြီးအကျယ် တုန်လှုပ်ချောက်ချားခဲ့ရသည်။ ဟစ်တလာ၏ အမိန့်အရ ဆိုဗီယက် တပ်နီတော်မှ စစ်သုံ့ပန်းများကို သာမက အပြစ်ကင်းမဲ့သည့် ရုရှားလူမျိုး သက်ကြီးရွယ်အိုများနှင့်တကွ မွေးစကလေးငယ်များကိုပါ မကျန် ဂျာမန် ရုပ်နက်တပ်ဖွဲ့များက ရက်ရက်စက်စက် အစုလိုက်အပြုံ လိုက်သတ်ဖြတ်

နေကြသည်ကို ကိုယ်တိုင်မြင်တွေ့ရပြီးနောက် စတပ်ဖင်ဘတ်သည် ဟစ်တလာအား ဂျာမန် တစ်မျိုးသားလုံး၏ ရန်သူအဖြစ် မြင်လာခဲ့သည်။

ထိုအတောအတွင်း ဟစ်တလာ၏ အာဏာရှင်ပီပီ ငါတကောကောမှုများနှင့် စစ်ရေးစွန့်စားမှုများကို အကြီးအကျယ် မကျေမနပ်ဖြစ်နေကြသော ဟစ်တလာဆန့်ကျင်ရေးသမားများ ဖြစ်ကြသည့် ဗိုလ်ချုပ်ထရက်စ်ကောင်းနှင့် ချဲလာဘင်ဒေါ့ဖ်တို့၏ စည်းရုံးမှုကြောင့် စတပ်ဖင်ဘတ်သည် နေ့ချင်းညချင်းပင် ဟစ်တလာ ဆန့်ကျင်ရေး ဂိုဏ်းသားတစ်ယောက်ဖြစ်လာခဲ့သည်။ ထို့နောက် စတာလင်ဂရက် တိုက်ပွဲတွင် ဂျာမန်တပ်သားပေါင်း ၅ သိန်းနီးပါးမျှ သုတ်သင်ချေမှုန်းခြင်းခံလိုက်ရသည်ကို တွေ့ရပြန်သောအခါ စတပ်ဖင်ဘတ်သည် ခေါင်းဆောင်ကြီး ဟစ်တလာအား ခါးခါးသီးသီး မုန်းတီးမိခဲ့သည်။

စတပ်ဖင်ဘတ်သည် ဆိုဗီယက်ရုရှား နယ်မြေတွင် ဆက်လက်မနေလိုတော့သဖြင့် သူ့ဆန္ဒအလျောက် အာဖရိကမြောက်ပိုင်း ကျူးနစ်ရှားနိုင်ငံ စစ်မြေပြင်သို့ ၁၉၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ၌ ပြောင်းရွှေ့လာခဲ့ပြီး ထို





စစ်မျက်နှာတွင် အမှတ် ၁၀ ပန်ဇာတင့်ကား တပ်တော်၌ ဝင်ရောက်အမှုထမ်းခဲ့ပြန်သည်။

ဤအတောအတွင်း ၁၉၄၃ ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် စတပ်ဖင်ဘတ်သည် စစ်မြေပြင်တစ်နေရာ၌ ကားဖြင့်ခရီးသွားနေခိုက် သူစီးလာသောကား မြေမြှုပ်ဗုံးတစ်လုံးကို တက်နင်းမိရာမှ ကားရောလူပါ ပေါက်ကွဲပျက်စီးပြီး အကြီးအကျယ်ဒဏ်ရာရ၍ မသေရုံတမည် ကျန်ခဲ့သည်။ သူ၏ လက်ယာဘက်လက်မှာ လက်မောင်းရင်းမှနေ၍ ပြတ်သွားခဲ့ပြီး လက်ဝဲဘက်မျက်စိမှာလည်း မျက်လုံးကျွတ်ထွက်သွားခဲ့သည်။ လက်ဝဲဘက်လက်မှ လက်ချောင်းကလေးနှစ်ချောင်းလည်း အရင်းမှနေ၍ ပြတ်သွားခဲ့၍ လက်ဝဲဘက်နားရွက် လက်ယာဘက် ဒူးတို့မှာလည်း ဒဏ်ရာများ ရရှိခဲ့သည်။

စတပ်ဖင်ဘတ်သည် မိုင်းထိသည့် ဒဏ်ရာဖြင့် ဆေးရုံတွင်ရက်ပေါင်းများစွာ တက်ရောက်၍ ခွဲစိပ်ကုသခံရသည်။ ဤအတော်အတွင်း လက်တစ်ဖက်ပြတ်၍ မျက်လုံးတစ်လုံး ကျွတ်ထွက်သွားသည့်ပြင် တစ်ကိုယ်လုံး ဒဏ်ရာအနံ့အပြားရရှိခဲ့သဖြင့် အများကပင် အသက်ရှင်နိုင်စရာ

အကြောင်း မရှိဟု တစ်ထစ်ချ ယူဆခဲ့ကြသည်။ သို့သော် မြူးနစ်မြို့ဆေးရုံကြီးမှ ဆရာဝန်ကြီးများ၏ ကျွမ်းကျင်သော ခွဲစိပ်ကုသမှုများကြောင့် စတပ်ဖင်ဘတ် မှာ အသက်မသေး သေဘဲ လူပြည်တွင် ဆက်လက်နေခွင့်ရရှိခဲ့သည်။

တော်ရုံ တန်ရုံ စိတ်ဓာတ်မျိုးနှင့် တော်ရုံတန်ရုံ သတ္တိမျိုးဆိုပါက ယခုကဲ့သို့ လက်တစ်ဖက်ပြတ်ကာ မျက်လုံးတစ်ဖက် ပျက်သွားရသည့်အထိ မသေရုံတမည် ဒဏ်ရာပြင်းထန်စွာရပြီးနောက် စစ်တပ်မှ အငြိမ်းစား ယူ၍ ဒုက္ခိတဘဝနှင့်ပင် နေသွားရန်သာရှိတော့သည်။ သို့သော် စိတ်ဓာတ်ပြင်းပြသလောက် သတ္တိပြောင်မြောက်လှသော စတပ်ဖင်ဘတ်သည် စစ်တပ်မှ ထွက်ရန်လုံးဝစိတ်မကူးဘဲ ရှိခဲ့သည်။ သို့နှင့်ပင် သူသည် ဆေးရုံတွင် လပေါင်းများစွာ တက်ရောက်ကုသခဲ့ပြီးနောက် အနည်းငယ်သက်သာလာ သည်နှင့် တစ်ပြိုင်နက် လက်ဝဲဘက်လက်မှ ပတ်တီးများ စည်းထားဆဲဖြစ်သော လက်သုံးချောင်းဖြင့် စာရေးနိုင် အောင် ကြိုးစားခဲ့သည်။ စာရေးနိုင်သည် နှင့်တစ်ပြိုင်နက် ဆေးရုံမှ ဆင်းလျှင် ဆင်းချင်း တပ်မတော်တွင် ပြန်လည် တာဝန်ယူလိုကြောင်း ပြည်တွင်းတပ်မတော်စစ်ဦးစီးချုပ်





ဗိုလ်ချုပ်ကြီးအောလ်ဘရစ်ထံ စာရေးအကြောင်းကြားလိုက် သည်။

စတပ်ဖင်ဘတ်သည် မျက်စိတစ်ဖက် ပျက်၍ လက်တစ်ဖက်ပြတ်ကာ အင်္ဂါမစုံသည့် ဒုက္ခိတအဖြစ်ရောက် သော်လည်း ဟစ်တလာ ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် သူတတ်နိုင်သည့်ဘက်မှ ထိထိရောက်ရောက် တာဝန်ယူ ဆောင်ရွက်ရန် စိတ်ဓာတ်ပြင်းပြနေဆဲပင် ဖြစ်ခဲ့သည်။ "ဂျာမနီနိုင်ငံကြီးကို ကယ်တင်ဖို့အတွက် ငါတစ်ခုခုတော့ လုပ်မှဖြစ်မယ်ကွ၊ ငါတို့လို စစ်ဦးစီးအဖွဲ့ဝင်တွေအားလုံး တာဝန်ခွဲပြီးယူမှဖြစ်မယ်" ဟူ၍ပင် ဆေးရုံလာသည့် သူ့ဇနီး ဖြစ်သူအား တစ်နေ့တွင် သူက ပြောပြလိုက်သေးသည်။

သို့ဖြင့် စတပ်ဖင်ဘတ်သည် သေမင်းက လက်မခံ သဖြင့် သေကံမရောက် သက်မပျောက်ဘဲ ဆေးရုံမှ ဆင်းခွင့်ရခဲ့ပြီးနောက် ၁၉၄၃ ခုနှစ် စက်တင်ဘာလတွင် ဘာလင်မြို့တော်ရှိ ဗိုလ်ချုပ်ကြီးအောလ်ဘရစ်၏ ဌာနချုပ် ရုံး၌ ဗိုလ်မှူးကြီး ရာထူးဖြင့် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ မကြာမီ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် ဟစ်တလာ အား လုပ်ကြံရာတွင် အသုံးပြုမည့်ချိန်ကိုက်ဗုံးကို သူ၏

ကောင်းနေသည့် လက်ဝဲဘက်လက်မှ လက်ချောင်းသုံးချောင်းဖြင့် ဖြုတ်နည်း၊ တပ်နည်းများလေ့ကျင့်လာခဲ့သည်။ ထိုကဲ့သို့ ပြင်ဆင်ရင်း

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် လုပ်ကြံနိုင်မည့် အခွင့်အရေးအား စောင့်မျှော်နေခဲ့သည်။

များမကြာမီ သူသည် ဟစ်တလာ၏ ဂျာမန်စစ်ဌာနချုပ်ကို မကြာခဏ ဝင်ထွက်နိုင်သောနေရာ **Home Army** ၏ စစ်ဦးစီးဗိုလ်မှူးကြီး တာဝန်ပေးခံရ၏။ **Home Army** မှာ ဘာလင်မြို့နှင့်ဆင်ခြေဖုံးဒေသ လုံခြုံရေး တာဝန်ယူရသော စစ်ဌာနချုပ်ဖြစ်၏။ ဌာနချုပ်မှူးမှာ ဗိုလ်ချုပ်ကြီးဖရွမ်း ဖြစ်လေသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်က သူ့ဆရာဗိုလ်ချုပ်ဖရွမ်းအား အထိုက်အလျောက် အသိပေး ဆွေးနွေးခဲ့လေသည်။

**ဗုံးဖောက်ခွဲလုပ်ကြံကြပြီ**

အချိန်ကား ၁၉၄၄ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့ ဖြစ်၏။





နေရာကား ဂျာမနီနိုင်ငံ အရှေ့ပိုင်း ပရပ်ရှားပြည်နယ် ရက်စတင်းဘတ်မြို့အနီးမှ ခေါင်းဆောင်ကြီး ဟစ်တလာဌာနချုပ်စခန်း။

ဟစ်တလာသည် လွန်ခဲ့သည့် နှစ်များကစပြီး ဘာလင်မြို့ကြီးတွင်မနေဘဲ သူ၏ စစ်ဌာနချုပ်အား ဤနေရာ၌ ပြုလုပ်ထားရှိပြီး ထိုစခန်းများမှာ အလှည့်ကျ နေလေ့ရှိလေသည်။

ပထမဌာနချုပ်မှာ ရက်စတင်းမြို့ အနီးမှစခန်းဖြစ်၏။

ဒုတိယ ဌာနချုပ်မှာ ဂျာမနီတောင်ပိုင်း အိုဘာဆဲလ်ဘင်မြို့ အနီးတွင် တည်ရှိခဲ့ရာ ဘာလင်မြို့မှာ မိုင်ပေါင်း ၃၀၀. ကျော်ကွာဝေး၏။

ထိုနေ့က ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် သူဖောက်ရမည့် ချိန်ကိုက်ဗုံးအား သယ်ဆောင်၍ ဘာလင်မှ ရက်စတင်းဘတ်မြို့သို့ လေယာဉ်ဖြင့် လာခဲ့သည်။ သူ့လက်ဆွဲအိတ်ထဲ၌ ဗုံးနှင့်အတူ ယခုပြုလုပ်မည့် ဗိုလ်ချုပ်ကြီး များစစ်ဆင်ရေး အထူးအစည်းအဝေး၌ ဖတ်ကြားရမည့် စာရွက်စာတမ်းများ ပါလာခဲ့၏။

ဘာလင်မှ မနက် ၇ နာရီထွက်ခဲ့ရာ ၁၀ နာရီတွင် ရက်စတင်းမြို့သို့ ရောက်လာ၏။ သူနှင့်အတူ အရာရှိငယ်တစ်ဦးပါလာပြီး သူတို့နှစ်ဦးအား ဟစ်တလာ စစ်ဌာနချုပ်မှ အစောင့်များက တွေ့နေမြင်နေကျမို့ သိပ်ထူးထူးထွေထွေတွေ မစစ်ဆေးတော့ဘဲ ဌာနချုပ်အတွင်း ဝင်ခွင့်ပြုလိုက်သည်။ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်က အစည်းအဝေးခန်းမသို့ ဝင်လာခဲ့၏။ အစည်းအဝေးခန်းမှာ အလျားပေ ၃၀၊ အနံ ၁၅ ပေခန့်သာရှိ၏။ သိပ်ပြီး မကျယ်ဝန်းပေ။

ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်သည် ဗိုလ်ချုပ်ကိုင်တဲလ်နှင့်အတူ ခန်းမထဲသို့ ဝင်လိုက်သည်နှင့် အစည်းအဝေး တက်ရောက်မည့် ဗိုလ်ချုပ် ၂၅ ဦးခန့် အခန်းထဲ၌ ကြိုရောက်နေကြ၏။ ဟစ်တလာလည်း ရောက်ရှိနေပြီဖြစ်သည်။ စတပ်ဖင်ဘတ်က ပုံးထည့်လာသည့် သားရေအိတ်အား စားပွဲအောက်တွင် အသာချထားလိုက်၏။ ထိုနေရာသည် ဟစ်တလာနှင့် ငါးပေခြောက်ပေမျှသာ ကွာလေ၏။

မကြာမီ အစည်းအဝေး စတော့သည်။

အစည်းအဝေးတွင် ဗိုလ်ချုပ်ကြီးများက သူတို့၏





ဟစ်တလာဆန့်ကျင်ရေး အမာခံတပ်သားများ
အလယ်မှ ပုဂ္ဂိုလ်သည် ဟစ်တလာ၏ လေယာဉ်ပေါ်သို့ ချိန်ကိုက်ဗုံး
တင်၍ လုပ်ကြံရန် ကြိုးပမ်းခဲ့သော ဗိုလ်ချုပ် ဟန်နင်းဗွန်ထရက်စကောင်း ဖြစ်သည်။





ဟစ်တလာဆန့်ကျင်ရေး လုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဂျာမန်လူငယ်များ





အစီရင်ခံစာများကို အလှည့်ကျဖတ်ကြားတင်သွင်းကြ၏။ ရုရှား၏ စစ်မျက်နှာမှ ဗိုလ်ချုပ်ဟူးဆင်းကား အလှည့်ကျသည်။ သူသည် အစီရင်ခံစာများကို ဖတ်ကြားတင်သွင်း၏။

ထိုစဉ် ဟစ်တလာ၏ မနီးမဝေးရှိ ဗိုလ်မှူးကြီးဘရန့်သည် သူ့ခြေထောက်အောက်မှ သားရေအိတ်ကြီးတစ်လုံးကို ထိမိရာ ခြေထောက်နှင့် ခဏခဏတိုက်နေသဖြင့် ခပ်လှမ်းလှမ်းသို့ ရွှေ့လိုက်၏။ ထိုအိတ်မှာ ချိန်ကိုက်ဗုံး ပါသည်။ ဗိုလ်မှူးကြီးစတပ်ဖင်ဘတ် ထားခဲ့သောအိတ်ဖြစ်၏။

အချိန်က ၁၂ နာရီ ၇ မိနစ် နောက်ထပ် ၅ မိနစ်အကြာတွင် ဗုံးပေါက်ကွဲတော့မည်။ ထိုအခြင်းအရာကို ရိပ်ခနဲမြင်လိုက်သည့် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်က အပြင်သို့ ထွက်သွားလေတော့သည်။

ဗိုလ်ချုပ် ဟူးဆင်းကား အစီရင်ခံစာတင်သွင်းပြီးပြီးဆုံးချိန်၌ စားပွဲအောက်မှ ချိန်ကိုက်ဗုံးက အုန်း အုန်း အုန်း ... ဆိုပြီး ထပေါက်လေတော့သည်။

"ဟ ... အမြောက်ကျည်တွေ ကျလာတာလား"

ရုတ်တရက်မို့ အားလုံးက အမြောက်ကျည်တစ်လုံး

မြရတနာစာပေ

ကျပေါက်ကွဲသည် ထင်နေ၏။

ဗုံးပေါက်ကွဲသည်နှင့် အစည်းအဝေးခန်းနှင့် အဆောက်အဦကြီးတစ်ခုလုံး လေထဲ မြောက်တက်သွားပြီး မီးခိုးလုံးများ၊ မီးတောက်များနှင့် ဖုန်လုံးကြီးများ သစ်သားစများ ပွင့်တက်လာ၍ လူတွေလည်း လွင့်စင်ကုန်ကြ၏။

ဟစ်တလာကမူ ရန်သူ့ဗုံးဆန်တစ်ခုခု ထိမှန်သည်ဟုထင်၍ ခေတ္တကြက်သေသေသွား၏။ သူလည်း အမြောက်ဆန်တစ်ခုခုကျသည်ဟု ထင်နေ၏။

ချက်ချင်းပင် လုံခြုံရေးအစောင့်များ S.S တပ်များ ရောက်လာကြမှ ပေါက်ကွဲသည့်နေရာကိုကြည့်ပြီး ဗုံးပေါက်ကွဲမှန်း သိကြတော့၏။

ထိုအချိန်တွင် ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ကား သူစီးလာသည့် လေယာဉ်ဖြင့် ဘာလင်သို့ ပြန်လည်ထွက်သွားခဲ့ပြီဖြစ်သည်။

ခေါင်းဆောင်ကြီးဟစ်တလာက သူ့ကိုလုပ်ကြံမှန်း သိသွားသည်နှင့် မသင်္ကာသူမှန်သမျှ အားလုံး ဖမ်းဆီးရန် အမိန့်ထုတ်သည်။ ဗုံးပေါက်ခါနီးမှ အပြင်ထွက်သွားသူ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်ကိုလည်း ချက်ချင်း ဖမ်းဆီးရန်





ညွှန်ကြားတော့၏။

ထိုနေ့ညနေ၌ ဗိုလ်မှူးကြီး စတပ်ဖင်ဘတ်နှင့်အတူ ကြံရာပါဟု ဖော်ထုတ်ရရှိသည့် ဗိုလ်ချုပ်များအားလုံး ဘာလင်တွင် အဖမ်းခံကြရ၏။ ညတွင်းချင်းပင် သူတို့အား အထူးစစ်ခုံရုံးတင်ကာ သေနတ်ဖြင့် ပစ်သတ်၍ အဆုံးစီရင်လိုက်တော့၏။

သေဆုံးသွားသူများမှာ –

ဗိုလ်ချုပ်ကြီးဟောင်းဘတ်

ဗိုလ်ချုပ်ကြီးအောလ်ဘရစ်

ဗိုလ်မှူးကြီးစတပ်ဖင်ဘတ်

ဗိုလ်ချုပ်ဟို့ပ်နား တို့ဖြစ်ကြ၏။

**ပြင်းထန်သောအရေးယူမှုများ**

ဟစ်တလာအားလုပ်ကြံမှုကြီးမှာ နာဇီပိုင်းအတွင်းမှာပင် ရေဒီယိုမှ အသံလွှင့် ကြေညာချက်များကြောင့် တစ်နိုင်ငံလုံး ပျံ့နှံ့သွားတော့၏။

ဟစ်တလာကား အလွန်ရက်စက်သူဖြစ်၏။ သူ့ လုပ်ကြံခံရပြီး နာဇီပိုင်းအတွင်းမှာပင် ဂျာမန်တစ်နိုင်ငံလုံး

သို့ သူ လုပ်ကြံခံရကြောင်း၊ မသေဘဲ လွတ်မြောက်ခဲ့ကြောင်း၊ လုပ်ကြံသူများကို ပြတ်သားစွာ ချေမှုန်းသွားမှာဖြစ်ကြောင်း၊ ပါဝင်ပတ်သက်သူအားလုံးကို လိုက်လံဖမ်းဆီးလျက်ရှိကြောင်း ရေဒီယိုမှ အသိပေးပြောကြားလေတော့သည်။

ဒါသာမက သူဖိတ်ခေါ်ထားသဖြင့် သူ့ဆီ ရောက်လာသော သူ၏မဟာမိတ်ကြီး မူဆိုလီနီကိုလည်း သူ ဘယ်လိုမသေဘဲ လွတ်မြောက်ပုံကို ဝမ်းသာအားရ ခေါ်ပြခဲ့၏။

"ဒီကောင်တွေကို ကျုပ် အပြတ်ရှင်းမယ်" ဟုလည်း ကြုံးဝါးပြောဆိုခဲ့၏။

ဟစ်တလာ၏ ဂက်စတာပိုနှင့် S.S တပ်များက လုပ်ကြံမှုနှင့်ဆက်စပ်နေသူများ မသင်္ကာဖွယ်ရှိသူများအား နိုင်ငံအနှံ့ ချက်ချင်းဖမ်းဆီး၍ ထောင်သွင်းအကျဉ်းချထားပြီး ညှဉ်းပန်းနှိပ်စက်ကာ မေးမြန်းစစ်ဆေးခဲ့လေသည်။

ထိုစစ်ဆေးချက်အရ စာရွက်စာတမ်းများကိုပါ သိမ်းဆည်းရမိခဲ့ရာ အမည်စာရင်းပါသူများအား အလျင်အမြန် ဖမ်းဆီးကာ ဟစ်တလာ၏ ညွှန်ကြားချက်အတိုင်း

မြရတနာစာပေ



အဆုံးစီရင်ခဲ့ကြ၏။

"ဒီရာဇဝတ်ကောင်တွေကို အမြန်ဆုံးအပစ်ပေးရမယ်။ စစ်ခုံရုံးအစား ပြည်သူ့ခုံရုံးနဲ့ စစ်ရမယ်။ အမြန်ဆုံး စီရင်ချက်ချပြီး ၂ နာရီအတွင်း သေဒဏ်ပေးပစ်ရမယ်။ ကြိုးမိန့်ပေးရမယ်" ဟု ညွှန်ကြားခဲ့ခြင်းဖြစ်၏။

ဤညွှန်ကြားချက်အရ ပတ်သက်သူအားလုံး ကြိုးမိန့်ပေးခံကြရ၏။ အချို့ကား ကိုယ့်ကိုယ်ကိုယ် သတ်သေကြသည်။ အချို့က အဆိပ်စား၍လည်းကောင်း၊ အချို့က သေနတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် ပြန်ပစ်၍လည်းကောင်း အဆုံးစီရင်သွားကြ၏။

ဤနည်းဖြင့် ဟစ်တလာလုပ်ကြံမှုကြီးကြောင့် လူပေါင်း ၅၀၀၀ ခန့် အသက်ဆုံးရှုံးသွားကြတော့၏။

**ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကို အရေးယူပြီ**

၁၉၄၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့။ ဟစ်တလာ လုပ်ကြံခံခဲ့ရသည်မှာ သုံးလနီးပါးကြာမြင့်ခဲ့ချေပြီ။ ဤလုပ်ကြံမှုကြီးကို ဂက်စတာပို ဌာနချုပ်က ရေဆုံး မြေဆုံး မြေလှန်စစ်ဆေးတော့သည်။ ဤတွင်

မြရတနာစာပေ

ဖမ်းဆီးရမိ စာရွက်စာတမ်းများအရ ဤအမှုကြီး၌ ဗိုလ်ချုပ်ကြီးရှမ်းမဲလ်ပါဝင် ပတ်သက်နေကြောင်းကို ရက်အနည်းငယ်က တွေ့ရှိသွားကြလေတော့သည်။

ဂက်စတာပိုအကြီးအကဲ ဟင်းမလားက သူသိလျှင်သိခြင်း ဟစ်တလာထံ ချက်ချင်း အစီရင်ခံတင်ပြခဲ့၏။

"ဒီအတိုင်းအမှန်ပဲလား"

"အမှန်ပါပဲ ခေါင်းဆောင်ကြီး။ ကျွန်တော်ကိုယ်တိုင် အားလုံးကို ရေဆုံး မြေဆုံး အသေးစိတ် စစ်ဆေးပြီးပါပြီ"

ဟစ်တလာက ဒေါသပေါက်ကွဲသွား၏။ သူ အလွန်ယုံကြည်အားကိုးခဲ့သော ရှမ်းမဲလ် ဒီကိစ္စမှာ ပါသတဲ့လား။

ဟင်းမလား၏ တင်ပြချက်၌ လုပ်ကြံမှုနှင့်ပတ်သက်၍ အပ်ကျသည်ကအစ အသေးစိတ်အဖြစ်အပျက်များနှင့် အချက်အလက်များကို နည်းမျိုးစုံဖြင့် စုံစမ်းထောက်လှမ်းခဲ့ကြသော ဂက်စတာပိုနှင့် ဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင်များသည် အာဏာသိမ်းရေးသမားများနှင့် ဗိုလ်ချုပ်ကြီးရှမ်းမဲလ်တို့ မည်သည့်အချိန်မှစ၍ မည်သို့မည်ပုံအဆက်အသွယ် ပြုလုပ်သည်ကို ခရေစေ့ တွင်းကျ ထောက်လှမ်း





ရရှိခဲ့ကြသည်။ ဒေါက်တာစထရိုးလင်းမှ တစ်ဆင့် ရီးအာရဲလ်အား ဗိုလ်ချုပ်ဘတ်တို့နှင့် အဆက်အသွယ် ပြုလုပ်ခဲ့ပုံ၊ ဗိုလ်ချုပ်စပိုက်ဒဲလ်၊ ဗိုလ်ချုပ် ဟိန်းနရစ်တို့နှင့် တွေ့ဆုံ၍ ဟစ်တလာ ဆန့်ကျင်ရေးလှုပ်ရှားမှုများအတွက် ပြင်ဆင်ခဲ့ပုံများကိုပါ အပ်ကျ မတ်ကျ သိရှိခဲ့ကြသည်။

ဟင်းမလား၏ တင်ပြချက်ကို နားထောင်ပြီး ဟစ်တလာသည် မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်၏။ ထို့နောက်

"အခု ဒီကောင်ဘယ်မှာလဲ"

"ဆေးရုံကဆင်းပြီး သူ့အိမ်မှာအနားယူနေပါတယ်"

"အေး ... ကောင်းပြီ။ ဒီကောင့်လည်း ချက်ချင်းရှင်းမှရမယ်။ ဒါပေမဲ့ ဒီကောင့်ကိုတော့ တခြားကောင်တွေ သတ်သလို သေနတ်နဲ့ပစ်တာတို့၊ ကြိုးစင်တင်တာတို့ လုပ်လို့မရဘူး။ သူ့ချစ်နေတဲ့သူတွေက အများကြီး။ နောက်ကျ ငါ့အတွက် ပြောစရာဖြစ်မယ်"

"အဲဒီတော့ မင်းတို့ သူ့အိမ်သွား။ သူ့ကို ဒီအကြောင်း ပြောပြပြီး အဆိပ်စားသတ်သေဖို့ ပြောလိုက်။

မင်းတို့ အဆိပ်တစ်ခါတည်းယူသွား။ အဆိပ်စားသေရင် သူ့ကို နိုင်ငံတော်ရျာပနအနေနဲ့ ငါလုပ်ပေးမယ်။ သူ့ကလေးနဲ့ မိန်းမကိုလည်း ဘေးမဲ့ပေးမယ်။ အဲဒါ ငြင်းဆန်ရင်တော့ စစ်ခုံရုံးနဲ့ စစ်ဆေးပြီး သေဒဏ်အပေးခံရမယ်လို့ သတိပေးလိုက်''

''ကောင်းပါပြီ ခေါင်းဆောင်ကြီးခင်ဗျား''

''မင်း သူ့ကို နက်ဖြန်မနက်မှ သွားတွေ့ပါကွာ။ ဒီကောင် ဘာမှသိသေးမှာ မဟုတ်ပါဘူး''

ဟစ်တလာက ဘာစိတ်ကူးရသည်မသိ။ ဟင်းမလားအား အထက်ပါအတိုင်း မှာလိုက်၏။

**ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကွယ်လွန်ခြင်း**

အောက်တိုဘာလ ၁၄ ရက်နေ့ နံနက်ခင်းဖြစ်၏။

ရွှမ်းမဲလ်သည် ဟာလင်ဂျင်ရှိ သူ့အိမ်တွင် အနားယူနေသည်။ သားဖြစ်သူ မန်းဖရက်လည်း သူ့တပ်မှ ခေတ္တပြန်ရောက်လာ၏။ မန်းဖရက်မှာ အသက် ၁၅ နှစ်သာ ရှိသေးသော်လည်း ဟစ်တလာ၏ အမိန့်အရ မန်းဖရက်လို လူငယ်လူရွယ်လေးများ စစ်မှုထမ်းနေကြရသည်။

မြရတနာစာပေ





[illegible]





စစ်သူကြီး ရွမ်းမဲလ်၏အုတ်ဂူ

ဂျာမန်စစ်ဌာနချုပ်မှ ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်နှင့် ဗိုလ်ချုပ်မေဘာယ်တို့ လာရောက်မည်ဖြစ်ကြောင်း ဖုန်းလာသည်။

''ဘာကိစ္စလဲမသိဘူး''

မန်းဖရက်က သူ့ဖခင်ရွှမ်းမဲလ်အား မေး၏။

''ဖေဖေ့အတွက် တာဝန်တစ်ခုခုပေးဖို့ ထင်ပါတယ်''

ရွှမ်းမဲလ်သည် တွေဝေငေးရင်း တိုးတိတ်ညင်သာစွာ ပြော၏။

''ဘယ်အချိန်တဲ့လဲ ဖေဖေ''

''နေ့လယ် ၁၂ နာရီတဲ့''

ချိန်းဆိုထားသည့်အချိန်တွင် ဂျာမန်စစ်ဌာနချုပ်ရှပ်နက် S.S တပ်မှ စစ်ကားအစိမ်းလေးတစ်စီး ဟာလင်ဂျင်ရှိ ရွှမ်းမဲလ်၏ အိမ်သို့ ထိုးဆိုက်လိုက်၏။

ဗိုလ်ချုပ်ဘတ်ဒေါ့ဖ်က ရွှမ်းမဲလ်တို့မိသားစုအား တွေ့ဆုံနှုတ်ဆက်ပြီး ဇနီးနှင့်သားအား ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၌ သီးခြားတွေ့ဆုံခွင့်တောင်းလေသည်။

ဇနီးနှင့်သားက အိမ်အပေါ်ထပ် တက်သွားကြ၏။

ဗိုလ်ချုပ်နှစ်ဦးက ရှမ်းမဲလ်နှင့်တွေ့ဆုံကာ အောက်ထပ်ဧည့်ခန်း၌ ဟစ်တလာ၏ မှာကြားချက်များကို ပြောကြားလေတော့သည်။

သူတို့ပြောကြားသည်များကို ရှမ်းမဲလ်က တည်ငြိမ်စွာ နားထောင်လေသည်။

သူတို့သုံးဦး တွေ့ဆုံဆွေးနွေးပြီးနောက် ရှမ်းမဲလ်က အိမ်အပေါ်ထပ်သို့ တက်၍ ဇနီးနှင့်သားကို အကျိုးအကြောင်း တက်ပြီးပြောပြလေသည်။ ဇနီးသည် ဖရောရှမ်းမဲလ်က ဗိုလ်ချုပ်ကြီးအား ဖက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးတော့၏။

''မောင် ဘာလုပ်မှာလဲ''

''သူတို့ပြောတဲ့အတိုင်း သေရမှာပဲ''

''မောင့်မှာ ဘာအပြစ်မှရှိတာမဟုတ်ဘဲ မောင်ရယ်။ ပြည်သူ့ခုံရုံးမှာ အစစ်ခံပါလား''

''အေး . . . အဲဒီလိုလုပ်ရင်လည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကောင်တွေက ကိုယ့်ကို ဘာလင်ခေါ်သွားတော့မှာ။ ဘာလင်တောင်ရောက်မှာ မဟုတ်ဘူး။ လမ်းမှာပဲ အသက်ပျောက်မယ်ထင်တယ်။ သေတာတော့ သေရမှာပဲ။





ဂုဏ်ရှိရှိနဲ့သေပြီး မင်းတို့သားအမိ ကောင်းကောင်းမွန်မွန် ကျန်ခဲ့ဖို့ အရေးကြီးတယ်လေ''

ဗိုလ်ချုပ်ကြီး ရှမ်းမဲလ်သည် ဇနီးသည်က ခြေထောက်ဖက် တောင်းပန်နေသည့်ကြားမှ အိမ်အောက်ထပ်သို့ ပြန်ဆင်းခဲ့၏။ တိကျသောဆုံးဖြတ်ချက်ကို သူမပြင်တော့ပါ။ ထို့နောက် သူ၏ ကိုယ်ရေးအရာရှိကို မှာစရာရှိသည်များ ခေါ်ယူမှာကြားကာ လာခေါ်သည့် ကားပေါ်သို့ တက်လိုက်သွားတော့သည်။

ခဏအကြာ၌ ရှမ်းမဲလ်၏အိမ်တွင် တယ်လီဖုန်းမြည်လာ၏။

''ဗိုလ်ချုပ်ကြီးရှမ်းမဲလ် ကားပေါ်မှာ ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ပြီး ကွယ်လွန်သွားပါပြီ။ ဗိုလ်ချုပ်ကြီးရဲ့ မိသားစုကို အကြောင်းကြားပေးပါ'' ဟု သတင်းပို့ချက် ပေါ်ထွက်လာလေတော့သည်။

ရှမ်းမဲလ် ကွယ်လွန်ရှာလေပြီ။

ရှမ်းမဲလ်၏ အလောင်းအား လာခေါ်သူများက ဆေးရုံသို့သယ်ယူသွားခဲ့ပြီး ၁၉၄၄ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့၌ နိုင်ငံတော်ရာပနအနေဖြင့် ကျင်းပ

ပေးခဲ့၏။ ဟစ်တလာကိုယ်တိုင် တစ်နိုင်ငံလုံး ဝမ်းနည်းခြင်း အထိမ်းအမှတ်နေ့အဖြစ် သတ်မှတ်ပေးခဲ့၏။

ဖရောရှမ်းမဲလ်ထံသို့လည်း ဟစ်တလာက အောက်ပါအတိုင်း သဝဏ်လွှာ ပေးပို့ခဲ့၏။

**"သင်၏ ခင်ပွန်း ကွယ်လွန်သွားသည့်အတွက် ကျွန်ုပ် လှိုက်လှိုက်လှဲလှဲ ကြေကွဲဝမ်းနည်းရပါသည်။ စစ်သူကြီးရှမ်းမဲလ်၏ နာမည်သည် မြောက်အာဖရိကတွင် သူ သတ္တိရှိရှိ ဆင်နွှဲခဲ့သည့် တိုက်ပွဲများနှင့်အတူ ထာဝရ တည်ရှိနေမည်ဟု ကျွန်ုပ်ယုံကြည်ပါကြောင်း"**

ဤသို့အားဖြင့် ဒုတိယကမ္ဘာစစ်က အလွန်ထင်ရှားကျော်ကြားခဲ့သည့် ဂျာမန်စစ်သူကြီး ရှမ်းမဲလ်ကား ဂျာမန်ခေါင်းဆောင်ကြီး ဟစ်တလာ၏ ညွှန်ကြားချက်အရ အဆိပ်သောက်၍ ကြေကွဲဖွယ်ရာ ကွယ်လွန်ခဲ့ရရှာပါခင်ဗျား။

❖



အခန်း ( ၁၁ )

## ဗိုလ်ချုပ်ကြီးရှမ်းမဲလ်အပေါ် ရှုမြင်သုံးသပ်ချက်များ

**နိဒါန်း**

ဗိုလ်ချုပ်ကြီးရှမ်းမဲလ်ကား ရှားရှားပါးပါး ဒုတိယကမ္ဘာစစ်က ဂျာမန်ဗိုလ်ချုပ်များထဲ၌ မဟာမိတ်များကပါ လေးစားရသော စစ်သူကြီးတစ်ဦးဖြစ်၏။ သူ့အကြောင်းပြောကြရေးကြလျှင် အကောင်းပြောကြသည်ချည်းသာ။ ကြေကွဲဖွယ်ရာဘဝဇာတ်သိမ်းကြောင့်လည်း အများက ကရုဏာသက်ကြဟန်တူပါ၏။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်အပေါ် ရှုမြင်သုံးသပ်ချက်များအနက် စစ်သမိုင်းဆရာတစ်ဦး၏အမြင်ကို ဦးစွာတင်ပြပါမည်။

**စစ်သမိုင်းဆရာတစ်ဦး၏ ရှုမြင်သုံးသပ်ချက်**

**စစ်ရေးစွမ်းရည်။** ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်ကား **Adventurer** စွန့်ဦးသူဖြစ်သည်။ ရန်သူကို အငိုက်ဖမ်း နိုင်ရန် အမြဲကြိုးစားသည်။ ထောက်ပံ့ရေးနှင့် လေတပ်အကူအညီကို သိပ်ဂရုစိုက်လေ့မရှိ။ တိုက်စစ်တွင် ကဝိတစ်ဆူဖြစ်၏။ ခွာစစ်တွင် တစ်ဖက်ရန်သူကို အထင်ကြီးလေ့ မရှိဘဲ မဟာမိတ်ဗိုလ်ချုပ်ကြီးများကပင် လက်ဖျား ခါရအောင် တော်သည့် ပါရဂူမြောက်သူဖြစ်သည်။ သူ၏ ရုတ်ခြည်း တိုက်စစ်ကို လည်းကောင်း၊ ရုတ်ခြည်းခံစစ်ကိုလည်းကောင်း ပြောင်းလဲ စစ်ဆင်နိုင်စွမ်းအား အများက ချီးကျူး အံ့သြရသည်။ အကောင်းဆုံးခံစစ်သည် တိုက်စစ်သာ ဖြစ်သည်ဟု ခံယူသည်။ လူအင်အားကို အသုံးပြုသည့်အခါ စစ်အောင်နိုင်မှုကိုသာ ပဓာနထားသည်။ သို့ရာတွင် မလိုလားအပ်ဘဲ မိမိ စစ်သည်တစ်ဦးတစ်ယောက်မျှ





အချည်းနှီး မကျဆုံးစေရန် အမြဲဂရုစိုက်သည်။ သဲကန္တာရ တိုက်ပွဲများတွင် သံချပ်ကာ ကားများသည်သာ အခရာ ဖြစ်ကြောင်း စွဲမြဲစွာ ယုံကြည်သည်။ ခြေလျင်တင့် ပူးပေါင်း စစ်ဆင်ရေးကို အလွန်ကျွမ်းကျင်သူဖြစ်သည်။

**စိတ်နေသဘောထား။** ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကား အလွန်ရိုးသားဖြောင့်မတ်သူ ဖြစ်သည်။ မည်သည့်အခါကမှ ကောက်ကျစ်စဉ်းလဲသည့်အမှုကို မပြုခဲ့။ လူကြီးလူကောင်း ပီသသည့် သဘောထားရှိသူဖြစ်သည်။ သူ၏လက်အောက် ငယ်သားများကို ဆက်ဆံရာတွင် ရဲဘော်ရဲဘက်သဖွယ် ဆက်ဆံသည်။ မလိုလားအပ်ဘဲ စစ်သည်များ အသက် ဆုံးရှုံးရမည်ကို မနှစ်သက်သူ ဖြစ်သည်။ ဖမ်းဆီးရမိ သုံ့ပန်းများကိုလည်း သုံ့ပန်းပေါ်လစီအတိုင်း ကောင်းစွာ ဆက်ဆံသည်။ စကားလည်းနည်း၏။ မလိုလားအပ်ဘဲ စကားများများ ပြောလေ့မရှိ။ အားလပ် ချိန်များတွင် တစ်ဦးတည်းနေပြီး ဇနီးသည်ထံ စာများ ရေးလေ့ရှိသည်။ ထိုစာများသည် နောင်အခါတွင် **Rommel Papers** ဟု ကမ္ဘာကျော်ခဲ့၏။ လူမှုရေးဖောက်ပြန်မှု လုံးဝကင်းရှင်းသည်။

**မြန်မာ့တပ်မတော်မှ အဆင့်မြင့်တပ်မှူးကြီးတစ်ဦး၏ ရှုမြင်သုံးသပ်ချက်**

မြန်မာ့တပ်မတော်မှ စစ်စာပေများ လေ့လာလိုက်စားနေသည့် အဆင့်မြင့် တပ်မှူးကြီးတစ်ဦးကမူ အောက်ပါအတိုင်းရှုမြင်သုံးသပ်ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း အာဖရိကစစ်နယ်ဝန်းတွင် မဟာမိတ်တို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ရာ၌ ရှုပ်ရှုပ်ချွံချွံနှင့် ဥဒါန်းတွင် ကျန်ရစ်လောက်သည့် စစ်သူကြီးရွမ်းမဲလ်၏ တိုက်ပွဲများအနက် ၁၉၄၂ ခုနှစ် မေလ ၂၆ ရက်မှ ဇွန်လ ၂၀ ရက်ထိ တိုက်ခိုက်ခဲ့သော ဂါဇလာတိုဘရပ်တိုက်ပွဲသည် ရွမ်းမဲလ်၏ အထွတ်အထိပ်အောင်ပွဲ ဟု ဆိုရလောက်သည်။

စစ်မြေပြင်တပ်မှူးတစ်ယောက်အဖြစ် ၎င်း၏ကြံ့ခိုင်မှု ပျော့ညံ့မှု၊ အားသာချက်၊ အားနည်းချက်များ အပါအဝင် ရွမ်းမဲလ်၏ ကွပ်ကဲမှု အရည်အသွေး ပေါ်လွင် ထင်ရှားစေသည့် တိုက်ပွဲဟု ဆိုရမည်ဖြစ်သည်။

လျင်မြန်စွာ လှုပ်ရှားစစ်ကစားမှု၊ လှည့်စားမှုနှင့် အဓိက ဖမ်းမှုတို့အား ကိုယ်ပိုင်စစ်နည်းဗျူဟာဖြစ်သော





စစ်သူကြီးရွမ်းမဲလ်မကွယ်လွန်မီက





လျှပ်တစ်ပြက် ထိုးစစ်ဆင်နည်းဖြင့် ပေါင်းစပ်ကာ ရန်သူကို အောင်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ထိုသို့အောင်နိုင်ရေးအတွက် စစ်သူကြီးရှမ်းမဲလ်သည်တပ်ကို ကိုယ်တိုင် အနီးကပ်ကွပ်ကဲသည့်စနစ်ကို ကျင့်သုံးသော ခေါင်းဆောင်ဖြစ်သည်။ ရှမ်းမဲလ်၏ ကွပ်ကဲမှုမှာ စံနမူနာ ယူထိုက်ပေသည်။

စစ်သူကြီးရှမ်းမဲလ်သည် ခံနိုင်ရည်ရှိသည်။ ဖွံ့ကောင်းသည်။ သူရသတ္တိနှင့် ပြည့်စုံသည်။ ဝီရိယအလွန်ကောင်း၍ နပိုလီယံကဲ့သို့ပင် မိနစ်အနည်းငယ်မျှစက်ရုံ တစ်ငိုက်မျှ အိပ်ရရုံဖြင့် တင်းတိမ်လေ့ရှိသည်။ လိမ္မာပါးနပ်ပြီး ပရိယာယ်ကြွယ်သည်။ တင့်ကားနှင့် ခြေလျင်တပ်ကို ပေါင်းစပ်စစ်ကစားရာတွင် ဆရာတစ်ဆူ တင်လောက်အောင် လျင်မြန်ခြင်းနှင့် ရွေ့လျားခြင်း၊ အငိုက်ဖမ်းခြင်းများသုံးကာ စစ်နည်းဗျူဟာအသစ်ထွင်နိုင်ခဲ့သည်ဟု စစ်ပညာရှင် ဘီအိပ်ချ်လစ်ဒီယယ်လ်ဟတ်ကပင် ချီးကျူးရသည်။

စစ်သားကောင်းပီသစွာ စစ်ကို ရိုးရိုးသားသား တိုက်ခဲ့သောကြောင့် မဟာမိတ်များက မိတ်ဆွေကောင်း

တစ်ရာနှင့် မကွာခြားလှသော ရန်သူကောင်းတစ်ယောက်ဟုပင် တင်စားခံရသည်။

စစ်သူကြီးရွှမ်းမဲလ်သည် ကွပ်ကဲမှုကောင်းပြီး ထူးချွန်သည့် ဗိုလ်ချုပ်ကြီးတစ်ဦးအဖြစ် နေ့ချင်းညချင်း ရောက်ရှိလာသည်မဟုတ်ပါ။ ၎င်းဘဝတစ်လျှောက် တိုက်ခိုက်ခဲ့ရသော တိုက်ပွဲများ၊ လေ့လာသင်ကြားခဲ့ရသော စစ်ပညာရပ်များ၊ ၎င်းကိုယ်ပိုင်ခံယူထားသော ခံယူချက်များကို လေ့လာခြင်းဖြင့် သူ၏ကွပ်ကဲမှုပညာများကို အလွယ်တကူ ရရှိခဲ့သည်မဟုတ်ကြောင်း သိသာလှပါသည်။

စစ်သူကြီးရွှမ်းမဲလ်အနေဖြင့် အသက်အန္တရာယ်နှင့် အကြိမ်ကြိမ် ကြုံတွေ့ခဲ့ရသည်။ စံတင်လောက်သည့် တိုက်ပွဲများတွင် ကိုယ်တိုင်ကိုယ်ကျ ရှေ့တန်းမှပါဝင်ကာ စွမ်းရည်ဘွဲ့တံဆိပ်များ ချီးမြှင့်ခံရသည်ထိ ထူးချွန်စွာ ရဲရဲရင့်ရင့် တိုက်ပွဲဝင်ခဲ့သည်။ လက်တွေ့သက်သက်ချည်းရခဲ့သော စစ်ပညာများသာမက စစ်ကျောင်းတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်၍ လေ့လာလိုက်စား ဆည်းပူးခဲ့ရသည့် စစ်ပညာများလည်း သူ့တွင် ရှိ၏။ ကိုယ်တိုင်





လည်း စစ်ကျမ်းတစ်စောင်ကို ပြုစုခဲ့သူ ဖြစ်သည်။

ထိုအချက်များကြောင့်လည်း ရွှမ်းမဲလ်၏ ကွပ်ကဲမှုပညာမှာ စာတွေ့နှင့်လက်တွေ့ ချိန်ထိုးစမ်းသပ်ခံနိုင်ကာ မှတ်ကျောက်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၄၂ ခုနှစ် မေလ ၂၆ ရက်မှ စတင်ခဲ့သော ဂါဇလာတိုဘရုပ်တိုက်ပွဲစဉ်တွင် စီမံချက်ကို စနစ်တကျ ရေးဆွဲခဲ့သည်။ သူ၏လက်စွဲ ကိုယ်ပိုင်နည်းဗျူဟာတစ်ရပ်ဖြစ်သော ဘယ်တောင်ပံမှ အဓိကမဟုတ်သော စစ်ကြောင်းကို ရင်ဆိုင်ကာ တပ်ဖြန့်ခြိမ်းခြောက် တိုက်ထားပြီး ညာတောင်ပံမှ လျင်မြန်သောအရှိန်နှင့် ရန်သူအတွင်းပိုင်းသို့ အဓိကတိုက်ခိုက်ရေးစစ်ကြောင်းဖြင့် တိုက်ခိုက်ရန် စီမံခဲ့သည်။

စစ်ပညာလေ့လာသူများက ဤသို့ ကျယ်ပြန့်စွာ တပ်ဖြန့်လိုက်ခြင်းဖြင့် ၎င်း၏တပ်မများမှာ ပြန့်ကျဲနေပြီး ကွပ်ကဲရန် ခက်ခဲသည့်အခြေအနေသို့ ရောက်ရှိသွားနိုင်သည့်အနေအထား ဖြစ်သည်ဟု ဆိုကြ၏။

သို့သော်လည်း တိုက်ပွဲအစပိုင်း ဂါဇလာထိုးစစ်အပိုင်း (၁)မှာပင် ရန်သူကို ဇဝေဇဝါဖြစ်သွားသည်ထိ

တိုက်ပွဲကို ကျွမ်းကျင်ပိုင်နိုင်စွာ သူ ကွပ်ကဲနိုင်ခဲ့လေသည်။

စစ်သူကြီးရွှမ်းမဲလ်အား ကျယ်ပြန့်များပြောင်လှသော စစ်အခြေခံသဘောတရားများကို လျစ်လျူရှုသူ၊ ရန်သူကို အထင်သေးသူ၊ ပုံသေစစ်ဗျူဟာတစ်ရပ်ကို အကြိမ်ကြိမ်သုံးစွဲသူဟု စစ်ပညာဝေဖန်သူတချို့က ဝေဖန်ခဲ့သော်လည်း အမှန်စင်စစ် တိုက်ပွဲအသေးစိတ်ဖြစ်ပွားမှုကို လေ့လာပါက စစ်သူကြီးရွှမ်းမဲလ်၏ ကွပ်ကဲမှုများမှာ ပိုမိုပေါ်လွင်လာမည်ဖြစ်သည်။

အာဖရိက စစ်နယ်ဝန်းရှိ ဂျာမန်တပ်များအဖို့ စစ်သူကြီးရွှမ်းမဲလ်သည် ရှေ့တန်းမှနေ၍ ခေါင်းဆောင်မှုပေးနေသော တပ်မှူးတစ်ယောက်ဖြစ်သည်။ တိုက်ပွဲစဉ်တစ်လျှောက်လုံး၌ စစ်သူကြီးရွှမ်းမဲလ်၏ မြင့်မားပြောင်မြောက်သော ခေါင်းဆောင်မှုနှင့် တိုက်ပွဲကွပ်ကဲမှုမှာ ပေါ်လွင်နေပေသည်။

တိုက်ပွဲတိုင်း၌ သူ ကွပ်ကဲရသောတပ်များနှင့် သူ၏ ရင်းနှီးကျွမ်းဝင်မှုမှာ အလွန်ကြီးမားသည်။ သူ၏ ကွပ်ကဲမှုအောက်တွင်ရှိသော တပ်များရှိ အဆင့်အတန်းအားလုံးသည် စစ်ပွဲကိုနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ သရေကျ





သည်ဖြစ်စေ အလွန်အကျူးသစ္စာရှိကြပြီး မာနတရားနှင့်ယှဉ်သော တိုက်ခိုက်လိုစိတ် အပြည့်အဝ ရှိလေသည်။ စစ်သူကြီးရွှမ်းမဲလ် ပေးအပ်မည့် တာဝန်ကို မည်သည့်အခါမျှ သံသယမရှိခဲ့ပေ။

ရွှမ်းမဲလ်သည် ဂါဇလာတိုက်ပွဲတိုက်ပွဲစဉ်တွင် ရှေ့တန်းကျကျ ကွပ်ကဲတိုက်ပွဲဝင်ခဲ့သည်။ အခါအားလျော်စွာ လက်အောက်ငယ်သားများက ပေးသည့် လိမ္မာပါးနပ်သော အကြံဉာဏ်များမှနေ၍ အမြတ်ထုတ်နိုင်ခဲ့သည်များများစွာရှိသည်။

ဇွန်လ ၁၆ ရက် ဂါဇလာအား သိမ်းပိုက်ပြီးချိန် ရွှမ်းမဲလ်ကိုယ်တိုင် ရှေ့တန်းစခန်းများသို့ ဝင်ရောက်စစ်ဆေးခဲ့သည်။ ကွပ်ကဲမှုဌာနချုပ်သို့ ပြန်ရောက်သောအခါ တပ်မှူးများ ရှေ့တန်းကျကျကွပ်ကဲရန်၊ ရှေ့တန်းစခန်းများ သွားရောက်ရန်နှင့် မိမိဦးစီးအဖွဲ့၏တာဝန်များကို ကန့်သတ်မထားရန် တပ်မှူး၏တာဝန်များနှင့်ပတ်သက်၍ သူ၏အမြင်အား အောက်ပါအကြောင်းပြချက်များဖြင့် ဖော်ပြကာ ရေးသားမှတ်တမ်းတင်ခဲ့သည်။

(က) တပ်မှူးတစ်ဦး၏ စီမံချက်အား အသေးစိတ် အကောင်အထည်ဖော်ရန် အရေးကြီးဆုံးမှာ ၎င်း၏ စစ်ဦးစီးအဖွဲ့ဖြစ်သည်။ မှားယွင်းစွာ အဓိပ္ပာယ် ဖွင့်ဆို ညွှန်ကြားမိလျှင် အကောင်အထည်ဖော်ရမည့် လက်အောက်ခံတပ်မှူး၏ လုပ်ဆောင်မှုသည် တပ်မှူးဖြစ်စေလိုသော အခြေအနေနှင့် ကွဲလွဲသွားမည် ဖြစ်သည်။ တပ်မှူးသည် ကိုယ်ပိုင် ထိန်းချုပ်ကွပ်ကဲမှုဖြင့် ဦးစီးချုပ်ကိုင်သူ ဖြစ်ပြီး တပ်ဖွဲ့များမှ ၎င်းဖြစ်စေလိုသည့်အတိုင်း ရွေ့လျား ဆောင်ရွက်ရသူများ ဖြစ်သည်ကို အမြဲ ဂရုပြုရမည်။

(ခ) တပ်မှူးသည် ၎င်း၏တပ်ဖွဲ့အားလုံး နောက်ဆုံးဖြစ်ပေါ်နေသော နည်းဗျူဟာမြောက် အတွေ့အကြုံများ ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှနှင့် စဉ်ဆက်မပြတ် ထိတွေ့သိရှိပြီး လိုအပ်သော အသိပညာများ တိုးပွားနေစေရေးကို မပြစ်မနေ ဆောင်ရွက်ရမည်။ ထိုအချက်များကို လက်တွေ့ဘဝ၊ လက်တွေ့အဖြစ်အပျက်နှင့် ဆက်စပ်ပေးရမည်။





လက်အောက်တပ်ဖွဲ့အားလုံး နောက်ဆုံးလိုလားချက်များနှင့်အညီ လေ့ကျင့် ထားပြီး,မပြီး အမြဲလေ့လာကြည့်ရှုနေရမည်။ အကောင်းဆုံးသော အောင်မြင်နည်းမှာ တပ်ဖွဲ့များအား ပထမတန်းစား အဆင့်ရောက်ရှိအောင် လေ့ကျင့်ပေးရေးနှင့် ထိုအချက်သည်သာ အထိအခိုက် အကျအဆုံး နည်းအောင် ကာကွယ်နိုင်မည်ကို သတိချပ်ရမည်။

(ဂ) တပ်မှူးတိုင်းလည်း လက်အောက်တပ်ဖွဲ့များ ရင်ဆိုင်နေရသော ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးရန်နှင့် တစ်ဦးစီချင်း၏ ရှေ့တန်းတွင် ဖြစ်ပေါ်နေသော မျက်နှာသွင်ပြင်အနေအထားကို အမြဲတစေ စိတ်ဝင်တစားရှိနေရေးသည် အလွန်အရေးကြီးသည်။ ဤအချက်သည် နောက်ဆုံး အခြေအနေအထိ ၎င်း၏အယူအဆကို ထိန်းသိမ်းထားနိုင်မည်။ တပ်မှူးသည် စစ်တုရင်ကစားသလို စစ်ပွဲတစ်ပွဲကို တိုက်ခိုက်ခဲ့လျှင် သူသည် စာတွေ့ဘဝအယူအဆများကို တရားသေလက်ကိုင်ထားနေပေလိမ့်မည်။ သူ၏ ပတ်လည်တွင် ဝန်းရံနေ

သော အခြေအနေအဖြစ်အပျက် အရပ်ရပ်ကို ကျော်လွန်ကာ လွတ်လပ်စွာ ထိုးထွက်နိုင်ခဲ့ပြီး အကြောင်းအချက်တစ်ခု၏ ထိန်းချုပ်ထားမှုမှ လွတ်မြောက်အောင် ရှောင်ရှားနိုင်သော တပ်မှူးသည် အောင်မြင်မှုများ အလွယ်တကူ ရရှိမည်ဖြစ်သည်။

(ဃ) တပ်မှူးသည် ၎င်း၏တပ်ဖွဲ့ဝင်များနှင့် စဉ်ဆက်မပြတ် ထိတွေ့နေရမည်။ ၎င်းတို့၏ အတွေးအခေါ်နှင့် ခံစားချက်များကို မူတည်ကာ စွမ်းအားပြည့် အသုံးချနိုင်ရမည်။ စစ်သည်အားလုံး၏ယုံကြည်မှုကို အပြည့်အဝရရှိရသည်။ ဤဥပဒေသတစ်ချက်ကို အမြဲသတိရနေရမည်။ မည်သူတစ်ဦးတစ်ယောက် ရှေ့တွင်မှ မှားယွင်းသော စိတ်လှုပ်ရှားမှုမျိုး မဖော်ပြမိစေရေး ဂရုပြုရန် ဖြစ်သည်။ သာမန် စစ်သားလေးတစ်ဦးသည်ပင်လျှင် အမှားနှင့်အမှန်ကို ဝေဖန်ပိုင်းခြားတတ်သော ရတ်ခြည်းသိမြင်တတ်မှု ရှိတတ်သည်ကို ဂရုပြုရမည်။

မြရတနာစာပေ



စစ်သူကြီးရှမ်းမဲလ်သည် ကိုယ်တိုင်ကွပ်ကဲနိုင်ရုံတင်မက သူကွပ်ကဲရသော လက်အောက်အရာရှိနှင့် အကြပ်များအား ကွပ်ကဲမှုအရေးကြီးပုံကို အမြဲတစေ အထက်ပါအတိုင်း လမ်းညွှန်ပြခဲ့သည်။ တိုက်ပွဲတစ်ခုပြီးတိုင်းလည်း သင်ခန်းစာ ဖော်ထုတ်ကာ လိုအပ်ချက်များကို ပြန်လည်သုံးသပ်ရန် ညွှန်ကြားခဲ့သူဖြစ်သည်။ ဂါဇလာတိုဘရုပ်တိုက်ပွဲစဉ်များအတွင်း ထိုသို့ဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိနိုင်သည်။

၁၉၄၂ ခုနှစ် ဇွန်လ ၁၆ ရက်နှင့် ၁၇ ရက်တွင် အယ်လ်ဟာတိန်းစခန်းအား သိမ်းပိုက်ပြီးချိန်တွင် တိုဘရုပ်ခံတပ်အတွင်း မဟာမိတ်တပ်များ စစ်ကားများဖြင့် ရှေ့တန်းခံစစ်စခန်းများကို ရွှေ့ပြောင်းပို့ဆောင်ပေးနေကြောင်း သတင်းရရှိခဲ့သည်။ သတင်းရလျှင်ရခြင်း တိုဘရုပ် သိမ်းပိုက်ရေးအား အမြန်ဆုံး ဆောင်ရွက်ရန်လိုပုံကို ရှမ်းမဲလ်ကိုယ်တိုင် အောက်ပါအတိုင်း ရေးသားမှတ်တမ်းတင်ခဲ့ပါသည်။

(က) ကျွန်ုပ်၏ အတွေ့အကြုံများအရ အရေးကြီးဆုံးသင်ခန်းစာတစ်ခုအဖြစ် ကောက်ချက်ချနိုင်ခဲ့

မြရတနာစာပေ

သည်။ ထိုအချက်မှာ ယာဉ်တင်စစ်ဆင်ရေးများ၏ အဓိကသင်ခန်းစာမှာ လျင်မြန်စွာ စစ်ကစားမှုနှင့် တပ်မှူး၏ လျင်မြန်သည့် အဆုံးအဖြတ်ပေးမှု အမိန့်သည်သာလျှင် တိုက်ပွဲအနိုင်အရှုံးကို အဆုံးအဖြတ်ပေးသည်။

(ခ) တပ်ဖွဲ့ဝင်အားလုံးသည် ပြည့်စုံသော ပူးပေါင်းဆောင်ရွက်မှုနှင့် လျင်မြန်သောအရှိန်အဟုန်ဖြင့် စစ်ဆင် နိုင်သည့် အရည်အချင်းပြည့်ဝနေရမည်။ အသက်ကို စွန့်လွှတ်ရသည်အထိ စံထားကာ ကျေနပ်လောက်အောင်အထိ တိုက်နိုင်စွမ်း ရှိရမည်။ တစ်ဦးချင်းအနေဖြင့် အလျင်မြန်ဆုံး နှုန်းဖြင့် မိမိတာဝန်ကျရာ မျက်နှာစာအသီးသီးမှ အကောင်းဆုံးဖြစ်အောင် ပြုမူတိုက်ခိုက်ရမည်။ လျင်မြန်မှုအရှိန်အဟုန်သာ တိုက်ပွဲအောင်နိုင်ရေး သော့ချက်ဖြစ်သည်။ ဤအချက်ကိုပင် အရာရှိနှင့် အကြပ်အားလုံးက မိမိစစ်သည်များအား အဆက်မပြတ်လေ့ကျင့်ပေးနေရမည်ဖြစ်သည်။

ရွှမ်းမဲလ်က အထက်ပါအတိုင်း ရေးသားခဲ့သည်။





စစ်သူကြီးရွှမ်းမဲလ်၏ စစ်ဘက်ဆိုင်ရာခေါင်းဆောင်မှု ကိုယ်ရည်ကိုယ်သွေးကို လေ့လာကြည့်လျှင် သူသည် အန္တရာယ်ကြီးငယ်မဆို ရင်ဆိုင်ကာ သက်စွန့်ဆံဖျား စွန့်စားပြုမူတတ်ပေသည်။

ရွှမ်းမဲလ်သည် ၁၉၄၂ ခုနှစ် မေလ ၂၆ ရက်မှ ဇွန်လ ၂၀ ရက်နေ့ထိ ဂါဇလာနှင့် တိုဘရုပ်ဒေသရှိ အခိုင်အမာတပ်စွဲထားသည့် မဟာမိတ်တပ်စခန်းများအား တစ်ခုပြီးတစ်ခု သိမ်းပိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ရာတွင် ရက်အလိုက် ခံတပ်ကြီးများကိုသာ သိမ်းပိုက်ခဲ့ရသည် မဟုတ်ဘဲ မဟာမိတ်တပ်များ၏ အင်အား အလုံးအရင်းဖြင့် တန်ပြန်တိုက်စစ်ကိုလည်း ရင်ဆိုင်တိုက်ခိုက်ခဲ့ရသည်။

မည်သို့ပင် ရင်ဆိုင်တွေ့ကြုံရပါစေ ရွှမ်းမဲလ်သည် ၎င်းကွပ်ကဲရသောတပ်များကို ရှေ့တန်းကျကျ ဦးစီးကွပ်ကဲ ခေါင်းဆောင်ကာ အောင်နိုင်လိုစိတ်အပြည့်ဖြင့် တိုက်ပွဲဝင်ခဲ့သည်မှာမူ ပေါ်လွင်ထင်ရှားလှပေသည်။

စစ်သူကြီးရွှမ်းမဲလ် ဦးစီးတိုက်ခိုက်ခဲ့သည့် တိုက်ပွဲများအနက် အာဖရိက စစ်နယ်မြေအတွင်း ဂါဇာလာတိုဘရုပ်တိုက်ပွဲစဉ်မှာ အအောင်မြင်ဆုံးတိုက်ပွဲတစ်ပွဲ ဖြစ်ပါသည်။

ထိုတိုက်ပွဲကြောင့် ဂျာမန်တပ်မတော်၊ ဂျာမန်နိုင်ငံနှင့် နိုင်ငံသားများ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခဲ့ရုံမက ရှမ်းမဲလ်ကိုယ်တိုင်လည်း ဗိုလ်ချုပ်ကြီးဘဝမှ စစ်သူကြီးဘဝသို့ အဆင့်တိုးမြှင့် ဂုဏ်ပြုချီးမြှောက်ခြင်းကို ခံရပါသည်။

ဂါဇာလာတိုဘရုပ်တိုက်ပွဲများ အောင်မြင်မှုကို အသေးစိတ်လေ့လာသုံးသပ်ပါက စစ်သူကြီး ရှမ်းမဲလ်၏ ခေါင်းဆောင်မှု အရည်အချင်းနှင့် တိုက်ပွဲကွပ်ကဲမှု ထူးချွန်ပြောင်မြောက်မှုကြောင့် ဖြစ်သည်ကို မဟာမိတ် ရန်သူများဘက်ကပင် ချီးကျူးခဲ့ရလေသည်။

စစ်သူကြီးရှမ်းမဲလ်အနေဖြင့် ကွပ်ကဲကြီးကြပ်မှု အောင်မြင်ရန် ၎င်း၏တပ်ဖွဲ့များအား စနစ်တကျ တာဝန်ပေးအပ်ခြင်း၊ လေ့ကျင့်ခြင်းအပြင် ၎င်း၏ပင်ကို အရည်အသွေးဖြစ်သော စစ်မှုအတတ်ပညာနှင့် စစ်မှုအသိပညာကြွယ်ဝတတ်မြောက်ခြင်း၊ စစ်ပညာအခြေခံသဘောတရားများကို လိုက်နာကျင့်သုံးခြင်းနှင့် စစ်အောင်ရာသော အကြောင်းကြီးများနှင့် ကိုက်ညီအောင် စစ်ဥပဒေသများ အတိုင်း ကျင့်ကြံအားထုတ်မှုကောင်းခြင်းတို့ကြောင့် ဖြစ်သည်ကို သုံးသပ်တွေ့ရှိရမည်ဖြစ်ပါသတည်း။





**စာရေးသူ၏ရှုမြင်သုံးသပ်ချက်**

ဤစာအုပ်ငယ်ကို စာရေးသူ ကျွန်တော်၏ ရှုမြင်သုံးသပ်ချက်နဲ့ နိဂုံးချုပ်ပါမည်။

ကျွန်တော်သည် စစ်မှုရေးရာအဖြာဖြာကို အလုံးစုံတတ်ကျွမ်းနားလည်သူတစ်ယောက် မဟုတ်ပါ။ မဟုတ်ကြောင်းကို မကြာခဏ တင်ပြခဲ့ဖူးပါသည်။ ဝါသနာအရ လေ့လာဖတ်ရှုမှတ်သားပြီး ရေးသားနေသူ ဖြစ်ပါသည်။

ယခု ဤစာအုပ်ကို ရေးတော့ အခြားဗိုလ်ချုပ်ကြီးများနှင့် ရှမ်းမဲလ်မတူသည်မှာ သူသည် ရိုးရိုးတန်းတန်းကွယ်လွန်ရခြင်းမဟုတ်ဘဲ ခေါင်းဆောင်ကြီးဟစ်တလာ၏ အမျက်တော်ရှမှုကြောင့် အမိန့်အရ အဆိပ်စားကာ သတ်သေခဲ့ရရှာသူဖြစ်ပါသည်။ အာဏာရှင် ဟစ်တလာက ခိုင်းတုန်းက သေအောင်ခိုင်းခဲ့ပြီး သူ့အာဏာ ကုလားထိုင်ကို ထိပါးလာသောအခါတွင်မူ လုံးဝအထိမခံဘဲ ရှမ်းမဲလ်ကို အပြတ်ရှင်းခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် ရှမ်းမဲလ်အား တစ်တိုင်းပြည်လုံးက ချစ်ခင်နေကြသဖြင့် သေနတ်ဖြင့်ပစ်သတ်ခြင်း၊ ခုံရုံးတင်၍ ကြိုးပေးကွပ်မျက်ခြင်း မလုပ်ဘဲ တိတ်တဆိတ် အဆိပ်

သောက်စေကာ သတ်ခဲ့ခြင်း ဖြစ်ပေသည်။ လူတို့၏ သဘောသဘာဝ၌ အာဏာကုလားထိုင်ကို ထိပါးလာပါက အာဏာရှင်များသည် ရဲဘော်ရဲဘက် အချင်းချင်း၊ ညီအစ်ကို အချင်းချင်း၊ သားအဖအချင်းချင်း၊ သမက်နှင့်ယောက္ခမ၊ ဘယ်သူ့ကိုမှ မညှာပါ။ အပြတ်ရှင်းကြသည် သာ။

မြန်မာနိုင်ငံသမိုင်းတွင်လည်း ပဒေသရာဇ်ခေတ် ကာလက မွန်ဘုရင် ရာဇဓိရာဇ်သည် သားတော် ဗောလော ကျွန်းဒေါ်အား သူ့ထီးနန်းကို လုရန်ကြံရွယ်သည်ဟု စွပ်စွဲ ကာ အဆိပ်သောက်၍သတ်သေစေ၏။ တကယ်တော့ ရာဇဓိရာဇ်စွပ်စွဲမှုမှာ မမှန်ကန်ပါ။ ဘေးကမလိုသူများမှ ကုန်းချောကြခြင်းသာ ဖြစ်ပါသည်။ သားတော် ဗောလော ကျွန်းဒေါ်ကလည်း အဖေ့ကို စိတ်နာပြီး မြန်မာဘုရင်ထံ ဝင်စားပြီး အဖေ့ကို လက်စားချေရပါလို၏ ဟု သစ္စာဆို ကာ အဖေခိုင်းသည့်အတိုင်း အဆိပ်သောက်ကာ သတ်သေ ခဲ့လေသည်။

ယခုလည်း ဤနည်းနှင်နှင်ပါပေ။ ဟာစ်တလာက သူ အလွန်အားကိုးသော၊ ယုံကြည်သော ရွှမ်းမဲလ်အား ဂက်စတာပိုဗိုလ်ချုပ် ဟင်းမလားက လုပ်ကြံမှုတွင် ကြံရာ





ပါ ပါသည်ဟု သတင်းပို့လိုက်သည်နှင့် အပြတ်ရှင်းတော့ သည်။ အဆိပ်စားကာ သတ်သေခိုင်းသည်။ တကယ်တော့ ဟာစ်တလာကို ဖယ်ရှားရန်ကြံရွယ်သူများနှင့် ရွှမ်းမဲလ် တွေ့ဆုံခဲ့သည် မှန်သော်လည်း ဟာစ်တလာကို ဗုံးထောင် လုပ်ကြံသည့်ကိစ္စကား ရွှမ်းမဲလ်နှင့် ဘာမျှ မဆိုင်ပါချေ။ ရွှမ်းမဲလ် မသိခဲ့ရပါ။ ရွှမ်းမဲလ်အားလည်း ဘယ်သူမှအသိ မပေးပါ။ ဂျာမန်တပ်မတော်မှ အရာရှိကြီးတစ်စုက သူတို့ အစီအမံနှင့်သူတို့ လုပ်ခဲ့ကြခြင်းသာ ဖြစ်ပါသည်။ သို့ရာ တွင် ဟာစ်တလာ၏ ကျူပင်ခုတ် ကျူငုတ်မကျန် သုတ်သင် ရေးစီမံချက်အရ ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ခမျာမှာ **Innocent Victim** ဘဝကျရောက်ပြီး ဘုမသိဘမသိနှင့် ကွယ်လွန်ခဲ့ရ ရှာပါသည်။

ဤသည်မှာ ရွှမ်းမဲလ်နှင့်ပတ်သက်ပြီး ပထမဦးစွာ ကျွန်တော်တင်ပြလိုသည့်အချက် ဖြစ်ပါသည်။

ဆက်လက်၍ ရွှမ်းမဲလ်၏စစ်ရေးစွမ်းရည်အပေါ် ကျွန်တော် တွေ့မြင်မိသည့် သုံးသပ်ချက်ကို တင်ပြသွားပါ မည်။


**ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်၏စစ်ရေးစွမ်းရည်များ**

ရွှမ်းမဲလ်၏စစ်ရေးစွမ်းရည် အကောင်းဆုံးပြသနိုင်ခဲ့သည်မှာ ၁၉၄၁ ခုနှစ်မှ ၁၉၄၂ ခုနှစ်ထိ အာဖရိက မြောက်ပိုင်းစစ်မြေပြင်မှာ ဖြစ်၏။

ရွှမ်းမဲလ်အား ပန်ဇာတပ်မမှူး ဗိုလ်ချုပ်အဆင့်မှ ဗိုလ်ချုပ်ကြီးအဆင့် တိုးမြှင့်ပေးပြီး ဟစ်တလာက မူဆိုလီနီကို နှစ်သိမ့်ရုံ ဟန်ပြတပ်အနည်းငယ်နှင့် စေလွှတ်ပေးခဲ့ခြင်းဖြစ်သည်။


ရွှမ်းမဲလ်ကား သူလိုငါလို သာမန်စစ်သား မဟုတ်ပါ။ အရာရှိငယ်ဘဝကပင် စစ်ရေးစွမ်းရည်အမျိုးမျိုးပြကာ စွန့်စားရေးသမား၊ တိုက်စိတ်ခိုက်စိတ်ပြင်းပြသည့် Aggressive ဖြစ်သူပါပေ။ ဒုတိယကမ္ဘာစစ် ဖြစ်လာသောအခါ စစ်ဦးစီးဗိုလ်ချုပ်ဘဝမှ သူ၏ Own Request ကိုယ်တိုင်တောင်းဆိုချက်ဖြင့် ပန်ဇာတပ်မမှူး ဖြစ်လာသူဖြစ်၏။ ပြင်သစ်၏ စစ်မြေပြင်တွင် ပန်ဇာတပ်မမှူး သုံးလခန့်သာ လုပ်ခဲ့ရသော်လည်း ပန်ဇာတပ်များ၏ အားသာချက်၊ တင့်ကားများ၏အားသာချက်နှင့် ခြေလျင်တပ်ပူးပေါင်းစစ်ဆင်ရေးများကို အချိန်တိုအတွင်း တစ်ခဏနှင့်





ဟစ်တလာနှင့် သူ၏ဗိုလ်ချုပ်ကြီးများ

ရှမ်းမဲလ်၏ ရာပန အခမ်းအနား





ဟစ်တလာ၊ သူ၏ဇနီး နှင့် မွေးစားသားသမီးများ





ကောင်းစွာလေ့လာကျွမ်းကျင်လာခဲ့၏။ ဂျာမန်ဗိုလ်ချုပ်များတွင် ပန်ဇာသံချပ်ကာ တပ်တော်မှူးကြီး ဖြစ်ခဲ့သည့် **Blitz Krieg** စစ်ဆင်ရေးနည်းဗျူဟာကို အံကောင်းအထည်ဖော်ခဲ့သူ ဗိုလ်ချုပ်ကြီး ဂူဒါရီးယန်း ကလွဲ၍ ဗိုလ်ချုပ်ရွှမ်းမဲလ်အား တင့်ကားစစ်ဆင်ရေးတွင် အတော်ဆုံးဟု တစ်ကမ္ဘာလုံးက အသိအမှတ်ပြုကြ၏။

ဆက်လက်၍ ကျွန်တော်မြင်တွေ့သည်များကို တစ်ချက်ချင်း ရှင်းလင်းတင်ပြပါဦးမည်။

**ထိုးစစ်ကိုသာရှေ့ရှုခြင်း**

ရွှမ်းမဲလ်သည် ခံစစ်သမားမဟုတ်။ ထိုးစစ်သမားသာ ဖြစ်သည်။ ထို့ကြောင့် မမျှော်လင့်သော အောင်ပွဲများကို ရခဲ့၏။ အာဖရိကစစ်မြေပြင်သို့ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီ ပထမပတ် ၌ ရောက်ရှိခဲ့သည်။

''မင်း ဟိုရောက်ရင် အခြေအနေကို လေ့လာဦး။ မင်းပေးထားတဲ့ တပ်ကလေးနည်းနည်းနဲ့ ထိုးစစ်ဆင်ဖို့ မကြိုးစားနဲ့။ ဒို့ဆီက အမှတ်(၁၅)ပန်ဇာတပ်မကြီး ပို့ပေးမယ်။ အဲဒါရောက်မှ ပြန်တိုက်ဖို့ကြိုးစား။ မေ ၂၀ ရက်

အရောက် စီမံချက်တင်ပြ။ ဒီအချိန်မတိုင်ခင်တော့ အရှေ့ဘက်က ချီတက်လာတဲ့ ဝေဗယ်လ်ရဲ့တပ်တွေကို ထိန်းဟန့်ထားရင် ရပြီ''

ဟု ဂျာမန်စစ်ဦးစီးအဖွဲ့က ညွှန်ကြားခဲ့လေသည်။

ရွှမ်းမဲလ်က ထိုညွှန်ကြားချက်ကို မလိုက်နာခဲ့ပေ။ လိုက်နာပါက ရန်သူကို အချိန်ပေးရာရောက်ပေမည်။ အာဖရိကကိုရောက်သည်နှင့် မြေပြင်အခြေအနေ၊ ရာသီဥတုကန့်သတ်ချက်နှင့် ရန်သူ့အနေအထားကို အကဲခတ်ကာ သူ့တွင်ရှိသည့် တပ်အင်အားဖြင့်ပင် ရန်သူကို အငိုက်ဖမ်းကာ ထိုးစစ်ဆင်ခဲ့၏။ သူ့တွင် အမာခံ ဂျာမန်သံချပ်ကာတပ်မ နှစ်တပ်သာ ရှိလေသည်။

ထိုအချိန်တွင် သူ၏ပြိုင်ဘက် ဗြိတိသျှဗိုလ်ချုပ်ကြီးဝေဗယ်လ်က ဘင်ဂါဇီကိုသိမ်းပြီး ထရီပိုလီသို့ ဆက်လက်ချီတက်လာနေချိန်ဖြစ်၏။

ရွှမ်းမဲလ်သည် ဧပြီလဆန်းမှာပင် ထိုးစစ်ကို စတင်ဆင်နွှဲတော့၏။ အကောင်းဆုံးခံစစ်မှာ ထိုးစစ်သာဖြစ်သည်ကို ရွှမ်းမဲလ် နားလည်ပါသည်။ ထိုးစစ်စတင်ချိန်တွင် အပေါ်စီးယာဉ်တင် တပ်မ သုံးခု ရောက်ရှိလာ၍





ရွှမ်းမဲလ်က သူထိုးစစ်ကို တကယ့်အထွေထွေ ထိုးစစ်ကြီးသဏ္ဍာန်ဖြင့် စတင်လေသည်။

သူ၏ထိုးစစ်ကြီး စတင်လိုက်သည်နှင့် ''ဂျာမန်တွေ ရေမရှိလို့ ဒီနွေမှာတော့ စစ်တိုက်ဦးမှာမဟုတ်'' ဟူသော ဝေဗယ်လ်၏ သုံးသပ်ချက်မှာ လုံးဝမှားယွင်းသွားတော့၏။ စစ်မြေပြင်တွင် အေးအေးဆေးဆေး ချီတက်နေကြသည့် ဗြိတိသျှတပ်များမှာ အငိုက်မိသွားပြီး ခြေမကိုင်မိ လက်မကိုင်မိဖြင့် အရှုံးပွဲများ ကြုံတွေ့ရကာ ခွာစစ်ကိုသာ ဆင်နွှဲရတော့၏။ ရွှမ်းမဲလ်က ဆုတ်ခွာထွက်ပြေးသွားသော ဗြိတိသျှတပ်များနောက် သွေးနံ့ခံပြီး ထပ်ချပ်လိုက် စစ်ဆင်ရာ ဘင်ဂါဇီမြို့ကိုသာမက ဆိုင်ရင်နီကာဒေသကြီး တစ်ခုလုံးကိုပင် သိမ်းပိုက်မိတော့၏။

သူ၏ထိုးစစ်သည် မိုင်ပေါင်း ၇၀၀ မျှ ချီတက်သွားနိုင်ခဲ့ပြီး အီဂျစ်ပြည်တံခါးဝဖြစ်သော အလက်ဇန်းဒရီးယား ရောက်မှသာ ရပ်တန့်သွားပေတော့သည်။

ဤအောင်ပွဲကြောင့် ဗြိတိသျှတို့ရော ဂျာမန်များသာမက တစ်ကမ္ဘာလုံးကပါ အံ့သြကြရ၏။

ထိုးစစ်ကိုသာ ရှေ့ရှုခဲ့သည့်အတွက် ရွှမ်းမဲလ်

အောင်ပွဲခံခဲ့ရခြင်းပါပေ။

**အငိုက်ဖမ်းနိုင်ခြင်း**

စစ်အောင်ရာသောအကြောင်းတရားတွင် အငိုက်ဖမ်းနိုင်ခြင်းမှာ အလွန်အဓိကကျသော အကြောင်းတရားကြီးဖြစ်၏။ ရွှမ်းမဲလ်သည် အငိုက်ဖမ်းခြင်းအတတ်၌ သူမတူအောင် ထူးချွန်သူဖြစ်၏။ လက်ဦးမှုကို အရယူကာ ဗြိတိသျှတို့အား မမျှော်လင့်သောအချိန်၊ မမျှော်လင့်သော နေရာကို မမျှော်လင့်သော အင်အားဖြင့် အငိုက်ဖမ်းကာ တိုက်ခိုက်ခဲ့၏။ နွေတွင် ထိုးစစ်စမှာမဟုတ်သေးဟု အင်္ဂလိပ်တို့ယူဆချိန်၌ ထိုးစစ်ကို စတင်ခဲ့၍ ဘယ်လိုမှရောက်လာမှာ မဟုတ်ဟု ထင်ထားသော ရန်သူ့အတွင်းပိုင်း အီဂျစ်ပြည်တံခါးဝ အလက်ဇန်းဒရီးယား မြို့အထိ အရောက်ချီတက်သွားနိုင်ခဲ့လေသည်။ ဤသို့သော အငိုက်ဖမ်းတိုက်ခိုက်မှုကို ဂျပန်တို့ကလည်း ပုလဲဆိပ်ကမ်းတိုက်ပွဲ၌ ကျင့်သုံးခဲ့ရာ အမေရိကန်ပစိဖိတ် ရေတပ်ကြီး နလံမထူနိုင်အောင် အထိနာခဲ့သည့်သာဓက ရှိခဲ့ပါသည်။

ဤသို့သော အငိုက်ဖမ်းတိုက်ခိုက်မှုကို ဆောင်ရွက်





နိုင်သည့် ရဲရင့်သော စွမ်းရည်သတ္တိ ရွှမ်းမဲလ်တွင် ရှိခဲ့လေသည်။

**လှည့်စားတိုက်ခိုက်တတ်ခြင်း**

အာဖရိကမြောက်ပိုင်း စစ်မြေပြင်မှာ ဘာအပင်မှ ကောင်းစွာမရှိ၊ သဲပြင်ကြီးသာဖြစ်သည်။ ဘာဖုံးကွယ်မှုမရှိ။ ထို့ကြောင့် ရွှမ်းမဲလ်သည် သဲကန္တာရ၌ ရန်သူကို လှည့်စားရန် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့လေသည်။

ပထမထိုးစစ်အစ၌ သူ့တွင် တင့်ကားအများကြီး ရှိသည်ဟု ထင်ရအောင် တင့်ကားအတုများ ပြုလုပ်၍ တပ်ချရပ်နားပြထား၏။ ချီတက်သည့်အခါတွင် တပ်တွေ တင့်ကားတွေ သံချပ်ကာကားတွေ အများကြီး ချီတက်လာသည်ဟုထင်အောင် ကုန်တင်ကားများနောက်မြီးတွင် ပတ္တူပြားများချည်နှောင်စေပြီး တရွတ်တိုက်ဆွဲ၍ ဖုန်လုံးကြီးများ သဲမုန်တိုင်းများ ဖြစ်ပေါ်စေ၍ ရန်သူကို လှည့်စားခဲ့၏။ တိုက်ပွဲအစပိုင်းမှာပင် ရန်သူကို တွေဝေသွား စေခဲ့သည်။ ဗြိတိသျှကင်းထောက်လေယာဉ်များက ဂျာမန်သံချပ်ကာ တပ်မကြီးများ ချီတက်လာပြီဟု သတင်းပို့စေခဲ့သည်။

ဗြိတိသျှတို့ကို ဤနည်းဖြင့် ချောက်ချားစေခဲ့လေသည်။

သူ့ အင်အားနည်းနေချိန်၌ ယာဉ်အမျိုးစုံကို သဲပြင်ပေါ်တွင် ဘီးရာတွေအများကြီးဖြင့် ဖုန်တွေထပြီး ဘီးရာတွေထင်အောင် လှည့်ပတ်မောင်းစေ၏။ ဤနည်းဖြင့် အင်အားနည်းသည်ကို ရန်သူ ကင်းထောက် လေယာဉ်များက အင်အားများသည်ထင်အောင် သူ ဖန်တီးခဲ့လေသည်။

ဂါဇာလာ တိုဘရပ်တိုက်ပွဲ၌ တိုဘရပ်ခံစစ်ကြီးတွင် ရန်သူအင်အား တစ်သိန်းခန့် တပ်စွဲထားရာ သူ အကြိမ်ကြိမ်တိုက်ကြည့်သော်လည်း ခံစစ်က အလွန်ကောင်းမွန်နေသဖြင့် တိုက်၍မရခဲ့။ ထိုအခါ ရွမ်းမဲလ်က တိုဘရပ်ကို ချန်ပြီး မကြာခဏ တိုဘရပ်အနီးမှ သူ့စစ်ကြောင်းများ ဖြတ်သွား၍ တိုဘရပ်ကို မရ၍မတိုက်တော့ဘဲ လျစ်လျူရှုထားဟန်ဖြင့် လှည့်စားထားခဲ့၏။ နောက်ဆုံး သူ့တွင် တိုဘရပ်ကိုတိုက်ရန် အင်အားပြည့်စုံလုံလောက်မှ အင်အားကို တစ်စုတည်း သုံးပြီး သူကိုယ်တိုင် တိုက်ပွဲဝင်တပ်များကို ရှေ့မှဦးဆောင်ကာ တိုက်တော့ရာ လုံးဝကျသွားလိမ့်မည် မထင်ရသော တိုဘရပ်ခံစစ်ကြီး ရွမ်း





မဲလ်လက်တွင်း သက်ဆင်းရလေတော့ သည်။

ဤကား ရွမ်းမဲလ် လှည့်စားမှု၏ အထွတ်အထိပ်အောင်ပွဲပင်။

သူ၏စစ်ကြောင်းများအတွက် အုပ်ချုပ်ထောက်ပံ့မှုယာဉ်တန်းများ မကြာခဏ ရန်သူ့ပုံးကြဲ အဖျက်ဆီး ခံရချိန်တွင် ဂျာမန်စစ်ကားများအစား ဖမ်းဆီးရမိ ဗြိတိသျှစစ်ကားများကို အသုံးပြုကာ ဗြိတိသျှလေကြောင်းရန်မှ လွတ်မြောက်အောင် သူ စွမ်းဆောင်နိုင်ခဲ့သည်။ ဖမ်းဆီးရမိ ဗြိတိသျှတင့်ကား၊ သံချပ်ကာကားများကို အသုံးပြုကာ အလစ်အငိုက်တွင် ဗြိတိသျှခံစစ်စခန်းများကို အယောင်ဆောင်ခြင်း၊ လှည့်စားခြင်းများဖြင့် သူ သိမ်းနိုင်ခဲ့လေသည်။

ဤသို့ဖြင့် ရွမ်းမဲလ်သည် လှည့်စားခြင်း အတတ်ပညာကို အစွမ်းကုန်အသုံးချကာ ဗြိတိသျှတို့အပေါ်၌ အောင်ပွဲခံခဲ့လေသည်။

**ခဲရင်းစွန့်စားခြင်း**

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်သည် အခြားဗိုလ်ချုပ်ကြီးများလို စစ်ဌာနချုပ်ရှိ ကုလားထိုင်များပေါ်တွင် ထိုင်၍ မြေပုံကြည့် အမိန့်ပေးနေသည့် ဗိုလ်ချုပ်မဟုတ်ပါချေ။

စစ်မြေပြင်ကို ကိုယ်တိုင်ဆင်းသည်။ **Commander Well Forward** ဆိုသည့်စကားနှင့်အညီ တိုက်ပွဲဝင်တပ်များနှင့်အတူ ရှေ့တန်းမှ လိုက်ပါလေ့ရှိသည်။ ကင်းထောက်လျှင် ကိုယ်တိုင်ကင်းထောက်သည်။ တစ်ခါသော် သူ့ဦးစီးအရာရှိတစ်ဦးအား ကင်းထောက်ခိုင်းရာ သူ့ဦးစီးအရာရှိက ရန်သူတပ်နှင့် မလှမ်းမကမ်းမှ မှန်ပြောင်းဖြင့် ကြည့်၍ ပြန်လာခဲ့ရာ သူက လုံးဝမကျေနပ်။ ထို့ကြောင့် ဖမ်းဆီးရမိ ဗြိတိသျှတင့်ကားတစ်စီးကို ကိုယ်တိုင်မောင်းပြီး ရန်သူ့တပ်တွင်းဝင်ရောက်မွှေနှောက်ကင်းထောက်တော့ရာ သူ့အောက်မှအရာရှိများအားလုံး တုန်လှုပ်ချောက်ချားသွားတော့၏။

"ဟော့ကောင်တွေရေ ကင်းထောက်ရင် အဲဒီလိုကင်းထောက်ရတယ်ကွ။ ဒါမှ သူတို့အခြေအနေမှန်ကို သိမယ်"





ဟု ခပ်အေးအေးပင် ပြောခဲ့၏။

ထိုသို့ သူ စွန့်စားလွန်းသဖြင့်လည်း မကြာခဏ သေဘေးနှင့်ကြုံခဲ့ရလေသည်။ သေဘေးရန်လည်း သူ မမှုပါချေ။

**စစ်မြေပြင်တွင်အပင်ပန်းအဆင်းရဲခံနိုင်ခြင်း**

ရွှမ်းမဲလ်သည် စစ်မြေပြင်၌ အပင်ပန်းအဆင်းရဲအလွန်ခံနိုင်၏။ ရရာအစားအသောက်ကို စားပြီး နှစ်ရက်သုံးရက် နေ့မအိပ် ညမအိပ်ဘဲ နေနိုင်၏။ သံချပ်ကာကားကိုယ်တိုင်မောင်းကာ ကားပေါ်မှ နှစ်ရက် သုံးရက်မဆင်းဘဲ နေနိုင်၏။

တိုဘရပ်ကို စတင်လုပ်ကြံစဉ်က ဗြိတိသျှတို့မှ တပ်အင်အား အလုံးအရင်းသုံးကာ ခရူးဆိတ်ဒါးစစ်ဆင်ရေးဖြင့် တိုဘရပ် ဝိုင်းဝန်းပိတ်ဆို့မှုကို အဆုံးသတ်ကာ ဂါဇာလာခံစစ်ကြောင်းကို ပြန်သိမ်းမိခဲ့၏။ ရွှမ်းမဲလ်က အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့၏။ နောက်ဆုံးအခြေအနေမဟန်တော့မှ သူ ဆုတ်ခွာစစ်ဆင်ခဲ့တော့သည်။

ခွာစစ်၌ သူစီးသောတင့်ကားကို ဘုရင့်လေ

တပ်မတော်က ဗုံးကြဲစက်သေနတ်ဖြင့် ပစ်ပြီး ကျန်ဗြိတိသျှတင့်ကားများကလည်း အမြောက်ဖြင့်ပစ်၊ စက်သေနတ်ကြီးများဖြင့် ဝိုင်းပစ်၍ တိုက်ခိုက်ကြရာ ရှမ်းမဲလ်၏ တင့်ကားမှာ ကျွမ်းထိုးမှောက်ခုံဖြစ်ကာ သဲပြင်တွင် လိမ့်ထွက်လျက် မီးဟုန်းဟုန်း တောက်သွားတော့၏။ ထိုအခါ

''သဲကန္တာရမြေခွေးကြီး ရှမ်းမဲလ်သေလေပြီ''

ဗြိတိသျှတို့က ဝမ်းသာအားရ ကြွေးကြော်ကြ၏။

သို့ရာတွင် သိပ်မကြာပါချေ။ ဖုန်အလိမ်းလိမ်း မှတ်ဆိတ်မွေး ဗရပွ၊ နီရဲသောမျက်လုံးအစုံဖြင့် တစ်ကိုယ်လုံး သဲများဖြင့် ပေပွနေသော ဗိုလ်ချုပ်ကြီးရှမ်းမဲလ်သည် သူ့ဌာနချုပ်သို့ ဗြိတိသျှကုန်တင်ကားတစ်စီးအား စီးကာ သူ၏အသက်မသေကျန်ခဲ့သော ဦးစီးအရာရှိတစ်ဦးနှင့်အတူ ပြန်ရောက်လာ၏။ လမ်းတွင် သုံးရက်ခန့် သူတို့ အစာတော် ရေငတ်ဖြင့် ဗြိတိသျှစစ်ကြောင်းများကို ရှောင်ကွင်း မောင်းနှင်ခဲ့ရလေသည်။

ရှမ်းမဲလ်ကား ဤကဲ့သို့ အပင်ပန်းခံနိုင်သူပါပေ။





**စစ်နည်းဗျူဟာကျွမ်းကျင်ခြင်း**

ရှမ်းမဲလ်သည် ဤသို့သော တစ်ကိုယ်တော်စွန့်စားခန်းများကိုသာ လုပ်တတ်သူမဟုတ်ပါ။ စစ်နည်း ဗျူဟာများတွင်လည်း အလွန်ကျွမ်းကျင်သူဖြစ်၏။ ထိုးစစ်၊ ခံစစ်၊ ခွာစစ်၊ ချီစစ် လေးမျိုးလုံး ကျွမ်းကျင်၍ တွေးခေါ်ဆောင်ရွက်နိုင်သူဖြစ်ပါသည်။

ထိုးစစ်တွင် အင်အားစုစည်း၍ ဆောင်ရွက်သည်။ ခွာစစ်တွင် ရန်သူ ထင်မထားသည့်လမ်းကြောင်းမှ ဆုတ်ခွာတတ်သည်။ ရန်သူ ဘယ်လိုလုပ်ရမှန်းမသိအောင် ဆောင်ရွက်နိုင်သည်။ ရန်သူ့ထောင်ချောက်တွင်းမှ အကြိမ်ကြိမ်လွတ်မြောက်အောင် ဆောင်ရွက်နိုင်သည်။

ရန်သူအား ကျုံးသွင်း၍တိုက်နိုင်သည်။ တိုက်၍ရအောင် ကြံဖန်နိုင်သည်။ မိမိအင်အားများသည်ကို နည်းသည်ဟု ထင်အောင် လုပ်တတ်သည်။ နည်းသည်ကို များသည်ဟု ထင်အောင်လုပ်တတ်သည်။ ရန်သူ့ စစ်ခေါင်းဆောင်တို့ ဘာလုပ်မည်ကို ကြိုတင်တွက်ဆနိုင်သည်။ ထိုသို့ဆောင်ရွက်နိုင်အောင်လည်း မကြာခဏ လေကြောင်းကင်းထောက်ခြင်းအား သူကိုယ်တိုင် အီတလီ

လေယာဉ်ကလေးတစ်စီးကို အသုံးပြုကာ ဆောင်ရွက်သည်။

ထို့ကြောင့် သူ၏ထိုးစစ်များ အောင်မြင်ခဲ့သည်။ ခုခံစစ်တွင်လည်း ရန်သူ၏ ဝိုင်းပင်ပိတ်ဆို့မှုမှ အကြိမ်ကြိမ် လွတ်မြောက်ခဲ့သည်။

နောက်ဆုံး သူ အရေးနိမ့်ခဲ့ရသည်မှာ မဟာမိတ်တို့ဘက်မှ လူအင်အား၊ လက်နက်အင်အား အဆမတန်သာလွန်ပြီး သူ့ဘက်မှာမူ သူတောင်းထားသည့် တပ်အင်အားထပ်ဖြည့်မှု၊ အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများ၊ ဓာတ်ဆီစက်ဆီများ လုံလောက်အောင် မရရှိခဲ့ခြင်းသာမက သူတင်ပြချက်များကို ဟစ်တလာက လုံးဝ လျစ်လျူရှုခဲ့ခြင်းကြောင့်သာ ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

ဤသည်မှာ ရွမ်းမဲလ်၏ အံ့မခန်းစစ်ရေးစွမ်းရည်များပါ ခင်ဗျား။

ဤမျှစစ်ရေးကျွမ်းကျင်သူဖြစ်သဖြင့် ရွမ်းမဲလ်အားရန်သူဗြိတိသျှများမှ ဟိုနေရာကပေါ်လာလိုက် ဒီနေရာကပေါ်လာလိုက်ဖြစ်သဖြင့် အလွန်ထိတ်လန့်တုန်လှုပ်ကြပြီး အာဖရိကသဲကန္တာရထဲ၌ လွှားလွှားလွှားလွှားနှင့် သူတို့





မကြာခဏတွေ့နေရသည့် သဲကန္တာရမြေခွေးများနှင့် နှိုင်းကာ သဲကန္တာရမြေခွေးကြီး **Desert Fox** ဟု ခေါ်တွင်ကာ အလွန်အထင်ကြီးခဲ့ကြသည်။

တိုက်ပွဲကျဆုံးပြီးနောက် ဗြိတိသျှတို့ စိတ်ဓာတ်ကျဆင်းနေချိန်၌ ရွမ်းမဲလ်နှင့်ပတ်သက်ပြီး အောက်ပါအမိန့်ညွှန်ကြားချက်တစ်စောင်ကို ဗြိတိသျှဗိုလ်ချုပ်ကြီး အောချင်လက်က ထုတ်ပြန်ကြေညာရသည့် အခြေအနေသို့ ရောက်ခဲ့ပါသည်။

ထိုအမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါ၏။

သို့

တပ်မှူးအားလုံးနှင့်စစ်ဦးစီးအရာရှိချုပ်များ

မှ

စစ်ဌာနချုပ်
ဗြိတိသျှအမှတ် (၈) အရှေ့အလယ်ပိုင်းတပ်တော်

ယခုအခါတွင် ကျွန်ုပ်တို့တပ်သားများသည် ရန်သူခေါင်းဆောင် ရွမ်းမဲလ်အား တန်ခိုးရှင်လိုလို ပျောက်စေဆရာလိုလို၊ မျက်လှည့်လက်လှည့်ဆရာလိုလို ထင်မြင်နေကြသည်။ စကားပိုင်းတိုင်း၌ ရွမ်းမဲလ်အကြောင်းမပါလျှင် မပြီးဖြစ်နေ၏။ ဤလက္ခဏာသည် ကျွန်ုပ်တို့ တပ်များအတွက် အန္တရာယ် ရှိ၏။ ရွမ်းမဲလ်သည် လူစွမ်းကောင်းတစ်ယောက် မဟုတ်ပါ။ တန်ခိုးရှင်လည်း မဟုတ်ပါ။ ကြိုးစား အား

မြရတနာစာပေ



ထုတ်သော သူလို ငါလို လူသာဖြစ်ပါသည်။ ထက်မြက်သော တပ်မှူးဟုမူ ဆိုနိုင်ပါသည်။

ကျွန်ုပ်တို့၏ ရန်သူတပ်မှူးသည် လူစွမ်းကောင်းပင် ဖြစ်ပါစေဦး ကျွန်ုပ်တို့လူများက သူ့အား တန်ခိုးရှင်ကြီးအဖြစ် အမှမ်းမတင်သင့်ပါ။ ဤလွဲမှားသောအမြင်မှာ မလိုလားအပ်သော အမြင်ဖြစ်၏။ ဤအမြင်ကို ကျွန်ုပ်တို့တပ်အတွင်းမှ အမြန်ဆုံး ဖယ်ရှားရန် တပ်မှူးအားလုံး ကြိုးစား ဆောင်ရွက်သွားကြရမည်။

ကျွန်ုပ်တို့သည် လစ်ဗျားရှိ ရန်သူဂျာမန်တို့ကို ရည်ညွှန်းတိုင်း ရွမ်းမဲလ်ဟု ပြောမည့်အစား ရန်သူ သို့မဟုတ် ဂျာမန် သို့မဟုတ် ဝင်ရိုးတန်း အင်အားစုဟုသာ ရည်ညွှန်းပြောဆိုကြရမည်။

မြရတနာစာပေ

ဤသည်မှာ အမိန့်ဖြစ်၏။

ဤအမိန့်ကို ချက်ချင်းလိုက်နာကြပါ။ ဤကိစ္စသည် စိတ်ဓာတ်ရေးရာအရ အရေးအကြီးဆုံးအချက်ဖြစ်ကြောင်း တပ်မှူးများအားလုံး အလေးအနက် နားလည်ကြပါစေ။

ပုံ

စီဂျေအော့ချင်လက်

ဗိုလ်ချုပ်ကြီး

စစ်သေနာပတိ

အမှတ်(၈) အရှေ့အလယ်ပိုင်းတပ်တော်

မြရတနာစာပေ



ရှမ်းမဲလ်ကို အရေးနိမ့်ခဲ့ရသဖြင့် မောင်ဗိုမာရီနှင့် တာဝန်လဲခဲ့ရသူ
ဗိုလ်ချုပ်ကြီး အော့ချင်းလက်



ဥရောပစစ်မြေပြင်ရောက် ဗြိတိသျှဂျော့ဘုရင်နှင့် မောင်ဂိုမာရီ



**အထွေထွေသုံးသပ်ချက်များ**

အထွေထွေသုံးသပ်ချက်၌ ရွှမ်းမဲလ်၏ စိတ်နေစိတ်ထားနှင့် အမူအကျင့်များကို အဓိကသုံးသပ်တင်ပြပါမည်။

ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ်သည် ငယ်ရွယ်စဉ်ကပင် အေးဆေးတည်ငြိမ်၍ စကားနည်းသူဖြစ်၏။ တစ်ခုခုကို အပြောင်းအလဲမရှိ စိုက်လိုက်မတ်တတ် ကြိုးစားသူဖြစ်၏။ အင်ဂျင်နီယာမဖြစ်လာဘဲ ဖခင်ကြီး၏တိုက်တွန်း အားပေးမှုကြောင့် တပ်မတော်ထဲ ဝင်ရောက်ခဲ့ရာတွင် စစ်သားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့၏။ စစ်အတတ်ပညာများကို အဆက်မပြတ် လေ့လာဆည်းပူးခဲ့၏။ ထို့ကြောင့် 'သူစစ်ကျောင်းနည်းပြဆရာဘဝ၌ "**ခြေလျင်တပ် တိုက်နည်း**" စာအုပ်ကြီးကို ရေးခဲ့သလို အာဖရိက စစ်မြေပြင်သို့ ရောက်ရှိခဲ့ပြီး တင့်ကား၊ သံချပ်ကာကားများနှင့် တိုက်ပွဲဝင်ခဲ့ရသောအခါ "**သဲကန္တာရစစ်ပွဲတွင် လိုက်နာရန် အချက်များ**" ဟူသော စာတမ်းတစ်စောင်ကို ပြုစုရေးသား ခဲ့ပါသည်။

ရွှမ်းမဲလ်အား ဝင့်ဝါ၍ တစ်ဖွတ်ထိုးနိုင်သည်ဟု

မြရတနာစာပေ

ဆိုသူတို့က ဆိုကြပါသည်။ ကျွန်တော်ကတော့ ထိုသို့ မယူဆပါ။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိ၍ လုပ်ရဲကိုင်ရဲရှိပြီး ဘုရင်နောင်၏ နောင်ရိုးစိတ်ဓာတ်မျိုးရှိသူ ဖောင်ဖျက်၍စစ်တိုက်ရဲသူဟုသာ ထင်မြင်ယူဆပါသည်။ အချို့က ရွှမ်းမဲလ်သည် ဟိတ်ဟန်များ၍ မာနကြီးသူဟု ဆိုကြသည်။ ရွှမ်းမဲလ်သည် ဟိတ်ဟန်ကြီးသူ၊ မာနကြီးသူ မဟုတ်ပါ။ စစ်သည်များနှင့်အတူ လက်ရည်တစ်ပြင်တည်း အေးအတူပူမျှ နေနိုင်သူဖြစ်ပါသည်။ စစ်မြေပြင်တွင် ရသမျှနှင့် ရောင့်ရဲနိုင်သူ ဖြစ်ပါသည်။ မည်သူ့အပေါ်မဆို သနားကြင်နာတတ်၍ မလိုလားအပ်ဘဲ စစ်သည်များ၏အသက် မပြုန်းတီးရအောင် ဂရုစိုက်သူ ဖြစ်ပါသည်။ အုပ်ချုပ်ထောက်ပံ့မှု မပြည့်စုံ၍ စစ်ရှုံးတော့မည့်အရေးကို မြင်သောအခါ သုံးသပ်ချက်စာတမ်းများ ရေးကာ ဟစ်တလာထံ အချိန်မီတင်ပြနိုင်ခဲ့ပါသည်။ ဟစ်တလာ၏ ကိုယ့်ကိုယ်ကို အလွန်အထင်ကြီးပြီး ခေါင်းမာသော တစ်ဖွတ်ထိုးနိုင်မှုများကြောင့်သာ စစ်ရှုံးခဲ့ရခြင်းဖြစ်ပါသည်။ ရွှမ်းမဲလ်တွင် တာဝန်မရှိပါ။ ရွှမ်းမဲလ် လိုအပ်သည်များ အချိန်မီထောက်ပံ့နိုင်ခဲ့ပါက အီဂျစ်တစ်နိုင်ငံလုံးကိုသာမက အိန္ဒိယသို့တိုင်





ဂျာမန်များ ခြေဆန့်နိုင်ကြမည်ဟု သမိုင်းဆရာများက ရေးကြပြောကြပါသည်။

ရွှမ်းမဲလ်သည် လက်အောက်ငယ်သားများကိုသာ ညှာတာသူ မဟုတ်ပါ။ ဖမ်းဆီးရမိ မဟာမိတ်စစ်သုံ့ပန်းများကိုလည်း ကောင်းမွန်စွာ ဆက်ဆံသူဖြစ်၏။ သူတို့ရသင့်ရထိုက်သည့် အစားအစာ၊ ရေ၊ ဆေးဝါးကို ရနိုင်သလောက် ထောက်ပံ့ပေးခဲ့၏။ နှိပ်စက်ညှဉ်းပန်းမှု လုံးဝမရှိခဲ့။ ဟစ်တလာက သတ်မိန့်ပေးခဲ့သော်လည်း မည်သူကိုမျှ သတ်ဖြတ်ခြင်းမပြုခဲ့။ သုံ့ပန်းစခန်းမှ လွတ်မြောက်ရန်ကြိုးစားပြီး ပြန်လည် ဖမ်းမိသူများကိုပင် အရေးယူမှုမပြုခဲ့။ လွတ်မြောက်ရန်ကြိုးစားမှုကိုပင် ချီးကျူးခဲ့ပေသေးသည်။ အလွန် လူကြီးလူကောင်း ပီသသူဖြစ်သည်။ ထို့ကြောင့်လည်း မဟာမိတ်စစ်သားများကအစ ရွှမ်းမဲလ်ကို ချီးကျူးလေးစားကြခြင်း ဖြစ်ပါသည်။ ဗိုလ်ချုပ်ကြီး ဝေဗယ်လ်ကိုယ်တိုင်ကပင် ရွှမ်းမဲလ်သည် လေးစားအံ့သြဖွယ်ရာ ဂျာမန် ဗိုလ်ချုပ်ကြီးဖြစ်ကြောင်း ပြောဆိုခဲ့ပါ၏။ အယ်လ်အာလာမိန်းတွင် ရွှမ်းမဲလ်ကို အနိုင်တိုက်ခဲ့သည့် ဗိုလ်ချုပ်ကြီး မေ ်ငဂိုမာရီကလည်း သူ၏ထောင်ချောက်အတွင်းမှ

ရွှမ်း မဲလ် လွတ်မြောက်သွားသောအခါ သူ အသေအချာစီမံထားပါလျက် ရွှမ်းမဲလ် လွတ်မြောက်သွားခဲ့ခြင်းအား အံ့ဩသွားပြီး "ဒီလို ရေပက်မဝင်အောင် စီမံထားတဲ့ကြားက ရွှမ်းမဲလ်လွတ်သွားတာ ချီးကျူးပါတယ်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

ရွှမ်းမဲလ်အား စစ်ပြိုင်မဟာမိတ် ဗိုလ်ချုပ်ကြီးများကပင် အထက်ပါအတိုင်း ချီးကျူးခဲ့ကြပါသည်။

လူမှုရေးအနေနှင့် ရွှမ်းမဲလ်သည် တစ်လင် တစ်မယားစနစ်ဖြင့် ဇနီးသည်ကို အရာရှိငယ်ဘဝ သူလက်ထပ်ခဲ့သည်မှ စစ်သူကြီးဘဝ သူသေဆုံးချိန်အထိ ရိုးမြေကျပေါင်းသင်းခဲ့ပါသည်။ ဇနီးနှင့်သားကို အလွန်ချစ်ခင်တွယ်တာ၍ စစ်မြေပြင်မှနေပြီး စာများအဆက်မပြတ် ရေးသားပေးပို့ခဲ့ပါသည်။ လူမှုရေး ရှုပ်ထွေးမှု လုံးဝမရှိခဲ့သော တကယ့်လူကြီးလူကောင်း စစ်သားကြီးတစ်ဦး ဖြစ်ပါပေသည်။

သစ္စာ ရှိမှု၊ သတ္တိ ရှိမှုအနေဖြင့်လည်း ပြောစရာရှိပါသည်။ သူ့အား ဟစ်တလာက သတ်သေရန် ညွှန်ကြားသည့်အခါတွင် သူသည် လုံးဝမတုန်လှုပ်ဘဲ ချ[illegible] ချင်းပင်





သတ်သေရန် ဆုံးဖြတ်ခဲ့၍ ဟစ်တလာပေး လိုက်သည့် အဆိပ်ဆေးအား စားကာ ရဲဝံ့စွာပင် သေခဲ့၏။ ကြောက်ရွံ့နောက်တွန့်ခြင်း မရှိခဲ့ပါချေ။ SOLDIER ဆိုသည့်စာဆိုနှင့် အညီ သူ ဆောင်ရွက်ခဲ့ပါသည်။

မြန်မာ့သမိုင်းလာ စဉ့်ကိုင်ဆရာတော်၏ ရာဇဝင်ချုပ်၌ –

**ကာယသတ္တိသည် မိုက်မဲခြင်းဖြစ်၍ ဉာဏသတ္တိနှင့် တွဲဖက်မှသာ သူရဲကောင်းဖြစ်နိုင်၏။**

**ဉာဏသတ္တိသက်သက်သည်လည်း လိမ်ညာရန်ဖြစ်၍ ကာယသတ္တိနှင့်တွဲဖက်မှသာ သူရဲကောင်းဖြစ်နိုင်၏။**

ဟူ၍ ဖော်ပြခဲ့၏။

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်ကား ထိုစာမှာပါရှိသည့် ကာယသတ္တိရော၊ ဉာဏသတ္တိပါ ပြည့်စုံသည့် သူရဲကောင်းကြီးဟူ၍သာ ကျွန်တော် ဆိုပါရစေခင်ဗျား။

## နိဂုံး

ဗိုလ်ချုပ်ကြီးရွှမ်းမဲလ်နှင့်ပတ်သက်၍ သူသေသွားပြီး နောက် မဟာမိတ်တို့ကရော ဂျာမန်တို့ဘက်ကပါ စာအုပ် အမျိုးမျိုး ရေးသားခဲ့ကြပါသည်။ အားလုံးနီးပါး ရွှမ်းမဲလ်၏ တိုက်ပွဲများအကြောင်း။ သူ၏သံချပ်ကာ စစ်နည်းဗျူဟာများ အကြောင်းနှင့် သူ၏ရိုးသားဖြောင့်မတ်မှု၊ ရဲစွမ်းသတ္တိရှိမှု များကို အဓိကထားပြီး ရေးသားကြသူ များပါသည်။ အကောင်းဘက်က ရှုမြင်ရေးသားကြခြင်းဖြစ်ပါ၏။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ရွှမ်းမဲလ် အကြောင်းကို စာရေးဆရာအတော်များများက ရေးသားခဲ့ ကြပြီးဖြစ်ပါသည်။ အတော်များများမှာ ဘာသာပြန်ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ စာအုပ်ငယ်မှာ "ထင်ရှားကျော်ကြား ဗိုလ်ချုပ်ကြီးများနှင့် သူတို့၏တိုက်ပွဲကွပ်ကဲမှုများ" **Series** ဖြစ်ပါသဖြင့် ဗိုလ်ချုပ်ကြီးရွှမ်းမဲလ် အကြီးကျယ်ဆုံး အောင်ပွဲခံခဲ့သော ဂါဇာလာ တိုဘရပ်တိုက်ပွဲကြီးအား **Emphasize** လုပ်ထားသည့် စာအုပ်ဖြစ်ပါသည်။ ထို့ကြောင့် ထိုတိုက်ပွဲကြီးကို ဦးစားပေး အသားပေးကာ **Compile**





လုပ်၍ ရေးသားခဲ့ပါသည်။

သို့ရာတွင် တိုက်ပွဲဝင်ဗိုလ်ချုပ်ကြီး၏ တိုက်ပွဲ တစ်ပွဲတည်းဆိုပါက သူ့ဘဝကို စိတ်ဝင်စားကြသူများ အတွက် လိုအပ်ချက်များ ရှိနေဦးမည်ဖြစ်သဖြင့် ဗိုလ်ချုပ်ကြီး ရွှမ်းမဲလ် မွေးဖွားသည်မှ သေဆုံးသည်အထိ အတတ်နိုင်ဆုံး ကြိုးစားဖော်ပြပေးလိုက်ရာ စစ်စာပေနှင့် စစ်ခေါင်းဆောင် ကြီးများ၏ အတ္ထုပ္ပတ္တိများကို စိတ်ဝင်စားကြသူ စာဖတ် ပရိသတ်များအနေဖြင့် ကျေနပ်နှစ်သက်ကြလိမ့်မည်ဟု ယုံကြည်ယူဆမိကြောင်းပါခင်ဗျား။

**ရွှင်လန်းချမ်းမြေ့ကြပါစေ**
**သောင်းဝေဦး**

နေရာ - ရန်ကုန်မြို့
ရက်စွဲ - ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ( ၁၃ ) ရက်

## မှီငြမ်းကိုးကားသည့်စာအုပ်များစာရင်း


၁။ **Rommel: Desmond Young**

၂။ **They Sought Out Rommel: Hilary St.George Saunder.**

၃။ **Half-man, half-tank Rommel: Jules Archer.**

၄။ **The Rommel Papers: Edited by H. Liddell Hart.**

၅။ **A life of Field Marshal Erwin Rommel: David Fraser.**

၆။ **With Rommel in the desert: Heinz Werner Schmidt.**

၇။ **The Night of Generals: William L. Shirer.**

၈။ **Hitler : Alan Bullock.**




## သောင်းဝေဦး၏ ထွက်ရှိပြီးသော စာအုပ်များ


၁။ သူတို့ဆီတစ်ခေါက် ရောက်ခဲ့ရာဝယ်

၂။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သမိုင်း

၃။ စစ်သားဘဝအမှတ်တရများ အတွဲ(၁)

၄။ စစ်သားဘဝအမှတ်တရများ အတွဲ(၂)

၅။ စစ်သားဘဝအမှတ်တရများ အတွဲ(၃)

၆။ စစ်သားဘဝအမှတ်တရများ အတွဲ(၄)

၇။ သေကံမရောက် သက်မပျောက်

၈။ ဂုတ္တိယခေါ် မိန်းမတို့သည်

၉။ ယောက်ျားတို့အကြောင်း

၁၀။ ကျွန်တော်လယ်သမားကြီး

၁၁။ မြို့တော်စည်ပင် အခွန်အခများအကြောင်း သိကောင်းစရာများ

၁၂။ ငါ့သားများ စစ်ထဲဝင်ရင်လေ

၁၃။ ကြည်း ရေ လေ တပ်မတော်တွင်းက သူငယ်ချင်းတွေ

၁၄။ မူးမြစ်မှသည် ဧရာဝတီ

၁၅။ အတွေးပုံရိပ် အတိတ်ဟိုဆီ